
အိမ်တွင်းအကြမ်းဖက်မှု
သိကောင်းစရာများ

## အခန်း(၁)

- အိမ်တွင်းအကြမ်းဖက်မှုမိတ်ဆက်
- အိမ်တွင်းအကြမ်းဖက်မှုအပေါ် အမြင်ပြယ် ဖွင့်ဆိုချက်
- အိမ်တွင်းအကြမ်းဖက်မှု ဆိုင်ရာ အခြားပုံသဏ္ဌာန်များ
- မြန်မာတို့၏ အိမ်တွင်းအကြမ်းဖက်မှုပုံစံများ
- အိမ်တွင်းအကြမ်းဖက်မှုသည် အနောက်ယဉ်ကျေးမှုလော
- အိမ်တွင်းအကြမ်းဖက်မှုသည် လင်မယားပြဿနာသက်သက်မျှလော တနည်းအားဖြင့် ပုဂ္ဂလိက ကိစ္စလော
- အဆိုအမိန့်များနှင့် လူအများ လက်ခံယုံကြည် ကျင့်သုံးနေမှုများ
- အိမ်တွင်းအကြမ်းဖက်မှုဟူသည့် ဝေါဟာရကို သုံးစွဲခြင်းသည် သင့်မသင့် "အိမ်တွင်းအကြမ်းဖက်မှု" လား "အိမ်တွင်းရေးပြဿနာလား"
- မဟာဖိုဝါဒ 'မယား' 'လင်' အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် လိင်၊ လိင်အခြေပြု မိန်းမ ယောကျ်ားဘဝ
- အိမ်တွင်းအကြမ်းဖက်မှုများ နေရာတိုင်းတွင် ဖြစ်ပေါ်နေမှုများ
- တလင်တမယားစနစ်နှင့် အိမ်ထောင်ရေး သရုပ်သကန်
- သင်၏ ခင်ပွန်းသည် ဘယ်လိုလူမျိုးဖြစ်သလဲ
- အိမ်ထောင်ကွာရှင်းခြင်း
- ဆွေမျိုး ၊ ရပ်ရွာ နှင့် အာဏာပိုင်တို့၏ အခန်းကဏ္ဍ
- ကမ္ဘာ့နိုင်ငံအချို့မှ အမျိုးသမီးများ အကြမ်းဖက်ခံနေရသည့် အခြေအနေများကို ကောက်နုတ်တင်ပြချက်

## အခန်း(၂)

- အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်း ၂ ချက်

## အခန်း(၃)

- အိမ်တွင်းအကြမ်းဖက်မှုသံသရာ
  - ပြဿနာအစပျိုးခြင်း
  - အကြမ်းဖက်ခြင်း
  - နှစ်ဦးနှစ်ဖက်ပြန်လည်ကျေအေးခြင်း
  - အချစ်၊ မျှော်လင့်ချက်နှင့် ကြောက်ရွံ့ခြင်း

## အခန်း(၄)

- အကြမ်းဖက်ခံရသူများမှ တုန့်ပြန်မှုမရှိခြင်း၏ အကျိုးဆက်များ
- အကြမ်းဖက်သူ၏ အကျင့်စရိုက်နှင့် အမူအကျင့်

## အခန်း(၅)

- ဘာကြောင့်အမျိုးသားများ အကြမ်းဖက်မှုကျူးလွန်ကြသနည်း
- အကြမ်းဖက်ခံရမှု၏ နောက်ဆက်တွဲအခြေအနေများ

## အခန်း(၆)

- အကြမ်းဖက်ခံရသူများ နေအိမ်ကို စွန့်ခွာသွားရန် ဘာကြောင့် နှောင့်နှေးနေရသနည်း။
- အကြမ်းဖက်မှုစက်ဝန်းမှ ထွက်ခွာသွားရန် ဖြစ်နိုင်ချေရှိ၊ မရှိ ။
- အိမ်တွင်းအကြမ်းဖက်မှုသည် မိမိတစ်ယောက်တည်း အိမ်တွင်းအကြမ်းဖက်မှု ရင်ဆိုင်ကြုံတွေ့နေရတာလား ။

## အခန်း(၇)

- ထွက်ခွာသွားနိုင်ရန်လုပ်ဆောင်ရမည့် ပြင်ဆင်မှုများ
- လုံခြုံစိတ်ချရအောင် ဘာတွေလုပ်မလဲ။
- အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တဦးချင်းစီက ဘာတွေလုပ်မလဲ။
- မိမိရပ်ရွာအတွင်း အစုအဖွဲ့များဖွဲ့ရန် လိုအပ်ခြင်း။
- အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ရေး မဖြစ်မနေလိုအပ်ခြင်း။

## အခန်း(၈)

- အမိန့်နှင့် ဥပဒေစိုးမိုးရေး
- အမျိုးသမီးရေးဆိုင်ရာ ဥပဒေပြဌာန်းမှု
- ဥပဒေနှင့် အမျိုးသမီးများဘဝ
- အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ မြန်မာ့ဥပဒေများက မည်ကဲ့သို့ အကာအကွယ်ပေးထားသနည်း။
- လင်နှင့်မယားအကြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုရှိ၊ မရှိနှင့် ဥပဒေအရဆွေးနွေးချက်များ
- အိမ်တွင်းအကြမ်းဖက်မှုသည် ပြစ်မှုမြောက်မမြောက်

## အခန်း(၉)

- ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာညီလာခံ
- အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း

- ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးများ အကြမ်းဖက်မှုဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိ
- မြန်မာစစ်အစိုးရ၏ အမျိုးသမီးရေးရာ ဆောင်ရွက်မှုအခြေအနေများကို အထူးစုံစမ်းစစ်ဆေးရေး အရာရှိမှ တင်ပြသုံးသပ်ခြင်း

# အခန်း(၁၀)

အချပ်ပိုများ

- စာရေးဆရာ မောင်ညိုပြာနှင့် တွေ့ဆုံမေးမြန်းချက်
- အနှိပ်စက်ခံ အိမ်ထောင်ရေးထဲက ခါးသီးလှတဲ့အမှန်တရားများ (အတ္တကျော်)
- ဗုဒ္ဓဝါဒနှင့် အိမ်တွင်းအကြမ်းဖက်မှု ၊ကိုယ်တွေ့ဖြတ်သန်းမှုများ (Ouyporn Kuankaew)

# အခန်း(၁)

## အိမ်တွင်းအကြမ်းဖက်မှု မိတ်ဆက်

“အိမ်တွင်းအကြမ်းဖက်မှု” ဆိုသည့်စကားလုံးသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော “Domestic violence” ကို တိုက်ရိုက်ဘာသာပြန်ခြင်းဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုတခုအတွင်း ဖြစ်ပွားသည့် အကြမ်းဖက်မှု (ဝါ) မိသားစုတခုအတွင်း အတူနေထိုင်ကြသော မိသားစုဝင်တယောက်မှ အခြားမိသားစုဝင် တယောက်အား စိတ်ပိုင်း၊ ရုပ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာအရ နိုင်ထက်စီးနင်းပြုမူခြင်းကို အိမ်တွင်းအကြမ်းဖက်မှု ဟုခေါ်ဆိုသည်။ (မှတ်ချက်... တမိသားစုအတွင်း အတူနေထိုင်ကြသော တဦးနှင့်တဦးအကြားတွင် ဖြစ်သော အကြမ်းဖက်မှုပြဿနာများသည်လည်း အကြုံးဝင်ပေသည်။ တနည်းဆိုသော် သွေးသားတော်စပ်မှုအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ သွေးသား ရင်းနှီးမှုအရဖြစ်စေ၊ တော်စပ်နေသူများအကြားတွင် ဖြစ်ပွားသောအကြမ်းဖက်မှုကို အိမ်တွင်း အကြမ်းဖက်မှုဟု ခေါ်သည်။ တနည်းအားဖြင့်ဆိုသော် အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ အမျိုးသမီးများအပေါ် အမျိုးသားများမှ ကျူးလွန်သော ရာဇဝတ်မှုလည်းဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုသည် လူအများ လက်ခံယုံကြည် ကျင့်သုံးနေသော အခြေအနေများအရလည်း ကွဲပြားမှုရှိသည့်အတွက် အခြားသော အဓိပ္ပါယ်ဖွင့်ဆိုမှုများကိုလည်း ဖော်ပြလိုပါသည်။

(၁) အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ရိုက်နှက်ခြင်း၊ အဆက်မပြတ် ရိုက်နှက်ခြင်း၊ ဆိုးဝါးစွာထုနှက်ခြင်း၊ ဆိုးဆိုးဝါးဝါးနှောက်ယှက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအရခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ဆိုးဝါးကြောက် မက်ဖွယ် ရန်ပြုခြင်း၊ ချုပ်နှောင်ထားခြင်း၊ ပြန်ပေးဆွဲခြင်း (သို့) တမိုးထဲအောက်တွင် အတူနေထိုင်သူထဲမှ မိသား

စုဝင် တဦးဦးကို ရုပ်ပိုင်းဆိုင်ရာအရ ဒုက္ခရောက်သည်အထိ ကျူးလွန်မှုများကို ခေါ်ဆိုသည်။

***မှတ်ချက်။ ။ ဆိုးဝါးစွာ နှောက်ယှက်ခြင်း၊ ရိုက်နှက်ခြင်းနှင့် ခြောက်မက်ဖွယ်ရန်ပြုမှု များသည် ကြီးလေးသော ပြစ်မှုများဖြစ်သည်။ ထို့အပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးတဦးကို ကိုယ်ဝန်ရှိမှန်းသိရက်နှင့် ကိုယ်ထိလက်ရောက် အနိုင်ကျင့်မှုသည် ကြီးလေးသောပြစ်မှု ဖြစ်သည်။ ခြိမ်းခြောက်မှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုတို့သည် အသက် (၆၅) နှစ်နှင့် ယင်းအထက်ရှိသူများကို ကျူးလွန်လျှင် ကြီးလေးသောပြစ်မှုမျိုးဖြစ်သည်။ ထို့အပြင် (အိမ်တွင်းအကြမ်းဖက်မှု) ဖြစ်နေစဉ် လက်နက်သုံးစွဲခြင်းသည်လည်း ကြီးလေးသောပြစ်မှုအဖြစ် စွဲချက်တင်နိုင်သည်။***[၁]

(၂) အိမ်ထောင်စု တခုအတွင်းရှိ တယောက်ယောက်အား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများ ဖြစ်အောင် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့်အပြုအမူကို အိမ်တွင်းအကြမ်းဖက်မှုဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဤနေရာတွင် အိမ်ထောင်စုဝင် တယောက်ယောက်အား အန္တရာယ် ဖြစ်စေနိုင်သည့် မည်သို့သော အပြုအမူမျိုးဖြစ်စေ၊ အိမ်ထောင်စုဝင်တယောက်ယောက်အားဌ၏ အလိုဆန္ဒ မပါဘဲနှင့် တစုံတခုပြုလုပ်ရန် မတရားခိုင်းစေသည့် အပြုအမူမျိုးဖြစ်စေ အကြုံးဝင်သည်။

***မှတ်ချက်။ ။ မိဘများက သားသမီးများကို ကျောင်းသို့သွားရန်ဖြစ်စေ၊ ကျန်းမာရေးအတွက် ဆေးဝါးကုသရန်ဖြစ်စေ၊ ၎င်းတို့၏အလိုကို ဆန့်ကျင်ကာ အတင်းအကြပ်ခိုင်းစေရသည့် အခြေအနေမျိုးကိုမူ အိမ်တွင်းအကြမ်းဖက်မှုဟု အဓိပ္ပာယ် မဖွင့်နိုင်ပါ။)***[၂]

---

[၁] Domestic Violence by Vantage Pro Professional Education, Florida, USA.

[၂] ထိုင်းနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဥပဒေကြမ်း – ချိုးလင်းပြာ အမှတ် ၁၁၊၂၀၀၂

[၃] Violence Against Women Prevention Handbook – Breaking Free, UNICEF/1999

[၄] Violence Against Women by Special Repporteur's report – 6th February 1996

(၃) အိမ်တွင်းအကြမ်းဖက်မှုသည် ဇနီးအပေါ်အကြမ်းဖက်ခြင်း (သို့) ဇနီးအား၊ ရိုက်နှက်ခြင်းဟု အများအားဖြင့် သိထားကြပြီး ၎အပြင် လင်ယောကျ်ား သို့တည်းမဟုတ် အတူနေထိုင်သူက ရုပ်ပိုင်းဆိုင်ရာဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာအရ (သို့မဟုတ်) စိတ်ခံစားမှုဖြစ်ပေါ်သည့်အထိ ပြုမူခြင်းကို အကြမ်းဖက်ခြင်းဟုခေါ်သည်။ ၎အပြင် အိမ်တွင်းအကြမ်းဖက်မှုသည် မိသားစုအတွင်း ဖြစ်ပျက်နေသော အကြမ်းဖက်မှုပုံစံအားလုံးကို ခေါ်ဆိုနိုင်သည်။ [၃]

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုတခုအတွင်းဖြစ်ပွားသည့် အကြမ်းဖက်မှုများကို ဆိုလိုသည်။ တနည်းဆိုရသော် သွေးသားတော်စပ်မှုအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ၊ သွေးသားရင်းနှီးမှုအရဖြစ်စေ တည်ရှိနေသူများ တယောက်နှင့် တယောက်အကြားတွင် ဖြစ်ပွားသော အကြမ်းဖက်မှုကို အိမ်တွင်းအကြမ်းဖက်မှုဟုခေါ်သည်။ အိမ်တွင်းအကြမ်းဖက်မှုဆိုသောအသုံးအနှုန်းမှာ ဘက်လိုက်မှုမရှိသော အမျိုးသမီးများအပေါ် အမျိုးသားများမှ ကျူးလွန်သော ရာဇဝတ်မှု လည်းဖြစ်သည်။ အမျိုးသမီးများက အမျိုးသားများအပေါ် အကြမ်းဖက်ပါကလည်း အမျိုးသားများကျူးလွန်သော အချိုးနှင့် နှိုင်းယှဉ်ပါက ရှိသည်ဆိုရုံမျှလောက်သာဖြစ်ပွားသည်။ ၎မှာလည်း အမျိုးသားများက အမျိုးသမီးများကို ကိုယ်ထိလက်ရောက် ကျူးလွန်လာမှုကြောင့် မိမိကိုယ်မိမိ ခုခံကာကွယ်ရင်းဖြစ်ပေါ်ခြင်းသာဖြစ်သည်။ အမေရိကန်တရားရေး ဌာန၏အဆိုအရ အမျိုးသမီးများသည် အမျိုးသားများထက် ၁၁ ဆ ပိုမိုခံစားရဖွယ်ရှိသည်ဟု ဆိုပါသည်။ [၄]

## အိမ်တွင်းအကြမ်းဖက်မှု ပုံစံများ

အိမ်တွင်းအကြမ်းဖက်မှုပုံစံများကို အပိုင်း (၃) ပိုင်းခွဲ၍ တင်ပြသွားမည်ဖြစ်သည်။

(က) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

(ခ) ကိုယ်ထိလက်ရောက်အကြမ်းဖက်မှုကျူးလွန်ခြင်း (သို့မဟုတ်)
ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

(ဂ) လိင်ပိုင်းဆိုင်ရာအရအကြမ်းဖက် စော်ကားခြင်းတို့ဖြစ်သည်။

## (က) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း။

သံသယဖြင့် စွတ်စွဲခြင်း၊ အငယ်အနှောင်းထားပြခြင်း၊ လုပ်ချင်သော လုပ်ငန်းကိုလုပ်ခွင့် မပြုခြင်း၊ မိသားစု၊ သူငယ်ချင်း၊ ဆွေမျိုးများနှင့် ဆက်သွယ်ခွင့်မပြုခြင်း၊ လှောင်ပြောင်သရော်ခြင်း၊ မောက်မာစွာပြောဆိုခြင်း၊ ဟန့်တားခြိမ်းခြောက်ခြင်း၊ နှိမ့်ချဆက်ဆံခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ပြစ်တင်ရှုတ်ချခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ အိမ်တွင်းပစ္စည်းများအား ရိုက်ခွဲခြင်း၊ လွှင့်ပစ်ခြင်း၊ အပျော်သဘောအရ စနောက်၍သော်လည်းကောင်း၊ တဖက်သား



အား ခံစားချက်ဖြစ်ပေါ်စေသည်အထိ ပြုမူခြင်းကို စိတ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းဟုခေါ်သည်။ တခါတရံ ထိုမှတဆင့် အချေအတင်စကားများခြင်း၊ အော်ဟစ်ခြင်း၊ ငယ်ကျိုးငယ်နာများကိုဖော်ထုတ်၍ နာကြည်းစွာပြောဆိုကြခြင်းနှင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့သည်လည်း စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများဖြစ်သည်။

***မှတ်ချက်။ ။ အိမ်တွင်းအကြမ်းမှုကိစ္စရပ်များအား ပြောဆိုရာတွင် အများစုသောသူများသည် ကိုယ်ထိ လက်ရောက် ရိုက်နှက်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိစေခြင်းတို့ဟုသာ နားလည်ထားကြသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ပိုင်းရာအရ အကြမ်းဖက်သည့် အပြုအမူများသည် ပြဿနာဖြစ်သည်၊ အကြမ်းဖက်သည်ဟု လက်ဆုပ်လက်ကိုင်ပြရန် ခဲယဉ်းသောကြောင့်ဖြစ်သည်။ ၎အကြမ်းဖက်မှုမှာ လက်ဆုပ်လက်ကိုင်ပြရန် ခဲရင်းသော်လည်း ရရှိသောဒဏ်ရာသည် သေရာပါစွဲထင်နေမည်ဖြစ်သည်။ အများစုသော အိမ်ထောင်သည်အမျိုးသမီးများ၊ အတူနေ ချစ်သူရှိသောအမျိုးသမီးများ၊ ချစ်သူရည်းစားရှိသော အမျိုးသမီးများသည် ၎တို့၏ ဘဝတသက်တာတွင် ပုံစံမျိုးစုံဖြင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံကြရသည်။***

## (ခ) ကိုယ်ထိလက်ရောက်အကြမ်းဖက်ခြင်း (သို့မဟုတ်) ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း

အိမ်ထောင်ဖက်အား ပါးရိုက်ခြင်း၊ ဆံပင်ဆောင့်ဆွဲခြင်း၊ ကန်ကြောက်ထိုးကြိတ်ခြင်း၊ တွန်းလှဲခြင်း၊ ရေနွေးပူဖြင့် လောင်းခြင်း၊ ထုနှက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ ရိုက်နှက်ခြင်း အမျိုးမျိုးတို့အပြင် တခါတရံ ရန်ဖြစ်နေစဉ်အတွင်း သေနတ်၊ ဒုတ်၊ ဓား၊ ကတ်ကြေး၊ ကြိမ်လုံး၊ တံမြက်စည်း၊ ဖန်ခွက်၊ ပန်းကန်လုံးစသည်တို့ကို အသုံးပြုကာ ကိုယ်ထိလက်ရောက် (တနည်းအားဖြင့် ခွန်အားကို အသုံးပြု၍) နှိပ်စက်ခြင်းတို့သည် ကိုယ်ထိလက်ရောက်အကြမ်းဖက်ခြင်းများဖြစ်သည်။ ထို့အပြင် အခြားနီးစပ်ရာ အရာဝတ္ထုများကို အသုံးပြုခြင်းဖြင့် ပြင်းထန်သော ရန်ပွဲဖြစ်သည်အဆင့်ထိ အခြေအနေ



ဆိုးများကို ဖြစ်ပေါ်စေပြီး အိမ်ထောင်ဖက်အား ပြင်းထန်သော ဒဏ်ရာများ ရရှိစေနိုင်သလို၊ တခါတရံတွင် အကြမ်းဖက်ခံရသူမှာ ပွဲချင်းပြီးသေဆုံးသည်အထိ ဖြစ်ပေါ်ခြင်းများကိုလည်း ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း ဟုခေါ်ဆိုသည်။

***မှတ်ချက်။ ။ ကိုယ်ထိလက်ရောက်အကြမ်းဖက်ခြင်းသည် မြင်သာ ထင်သာရှိ၍ ပြဿနာဖြစ်သည်ဟုပြောရန် လွယ်ကူသည်။***

## (ဂ) လိင်ပိုင်းဆိုင်ရာအရအကြမ်းဖက်ခြင်း

အိမ်ထောင်ဖက်၏ သဘောတူညီမှုမရဘဲ တနည်းအားဖြင့် ဇနီးသည်၏ အလိုဆန္ဒမပါဘဲ အတင်းအဓမ္မ လိင်ဆက်ဆံခြင်းကို လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုဟုခေါ်သည်။ တနည်းအားဖြင့် လင်မယားအကြား မုဒိန်းကျင့်မှုဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်သည်။



*မှတ်ချက်။ ။ လင်နှင့် မယားအကြား မုဒိန်းမှု ဆိုသည့် စကားလုံးသည် ဥပဒေအရ ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ပြောဆိုမှုမရှိသေးပေ။*

## အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အခြားပုံသဏ္ဌာန်များ

### (က) ချုပ်ကိုင်လိုသော အပြုအမူများ ပြုမူခြင်း

ခင်ပွန်းသည်အနေဖြင့် ဇနီးအပေါ်တွင် အလွန်အမင်း စိုးရိမ်ပူပန်မှု

ပြခြင်း၊ လုံခြုံရေး အကြောင်းပြ၍ ထိန်းချုပ်ခြင်း၊ ဇနီး၏ လုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရသော အခြေအနေများတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် ဇနီး၏ သွားလာရေးကိစ္စများကို တားမြစ်ပိတ်ပင်ခြင်းများကို ချုပ်ကိုင်လိုသော အပြုအမူဟုခေါ်သည်။

## (ခ) ဖြစ်နိုင်ချေမရှိသော မျှော်လင့်ချက်များထားခြင်း

အများအားဖြင့် အကြမ်းဖက်သူများသည် ၎င်းတို့ဖြစ်ချင်သော ကိစ္စများ (သို့) လိုအပ်ချက်များကို ဇနီး ဖြစ်သူမှ ဖြည့်ဆည်းပေးနိုင်မည်ဟု တတ်အပ် ယုံကြည်တတ်သည်။ ထို့အပြင် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာခံစား ချက်များကိုလည်း ဇနီးသည်မှ ထပ်တူခံစားနားလည်နိုင်မည်ဟု မျှော်လင့်တတ်ကြခြင်းဖြင့် ဖြစ်နိုင်ချေမရှိသော မျှော်လင့်ချက်မျိုး ထားတတ်ကြသည်။

## (ဂ) အဆက်အသွယ်ဖြတ်တောက်ထားခြင်း

အကြမ်းဖက်သူခင်ပွန်းမှ ဇနီးဖြစ်သူအား နေအိမ်ပြင်ပသို့ မထွက်နိုင်အောင် ထားဆီးထားခြင်းဖြင့် ပြင်ပ အကူအညီများမရရှိနိုင် အောင်ပြုလုပ်တတ်သည်။ ထို့အပြင် ဇနီးအား ၎င်းတို့၏ မိဘ၊ ဆွေမျိုး၊ မောင်နှမ သူငယ်ချင်းများနှင့် အဆက် အသွယ်ပြုလုပ်ခြင်းကိုလည်း သဘောမကျဘဲ တားမြစ်ပိတ်ပင်ခြင်းများဖြင့်လည်း ထိန်းချုပ်တတ်ကြသည်။

## (ဃ) သဝန်တိုခြင်း (အူတိုခြင်း)

အချို့အကြမ်းဖက်သူခင်ပွန်းသည်များသည် ၎င်းတို့၏ဇနီးအား အလွန်ချစ်ကြင်နာဟန်ပြတတ်သလို ကိုယ်တိုင် လည်း ဇနီးကိုချစ်သည်ဟု ထင်နေတတ်ကြသည်။ ထို့ကြောင့် အခြေအနေအချိန်အခါမရွေး သဝန်တို (အူတို) နေတတ်ကာ ၎င်းတို့၏ ဇနီးသည် အခြားအမျိုးသားများနှင့် စကားပြောဆိုသည့်အခါ (သို့မဟုတ်) အတူသွားလာသည့်အချိန်တိုင်း သဝန်တိုမှုအား ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ဇနီးသည်အား စွတ်စွဲသော မေး

ခွန်းများ မေးတတ်သလို အခြားအမျိုးသားများနှင့် ဖောက်ပြန်နေသည်၊ ဆက်သွယ်နေသည် စသည့်တဖွတ်ထိုးဆန်သည့် စွတ်စွဲမှုမျိုးဖြင့် အမျိုးမျိုး စွတ်စွဲနေတတ်သည်၊ ပြစ်တင်သမုတ်နေတတ်သည်။

## (င) ပြဿနာဖြစ်ရခြင်းနှင့်ပတ်သက်၍ အခြားသူများအား အပြစ်ပုံချတတ်ခြင်း

အကြမ်းဖက်သူများသည် ၄င်းတို့၏ အားနည်းချက်အား အခြားသူများ၏ အားနည်းချက်အဖြစ် ပြုလုပ်တတ်ကြသည်။ ထို့အပြင် ဖြစ်ပြီးခဲ့သော အကြမ်းဖက်မှုသည် ဇနီး၏ အားနည်းချက်ကြောင့် (သို့မဟုတ်) အသုံးမကျမှု ကြောင့်သာဖြစ်သည်ဟု သူ့အပြစ်မှလွတ်အောင် ထပ်ခါထပ်ခါ ပြောဆိုတတ်သည်။

***မှတ်ချက်။ ။ ထိုအခါ အကြမ်းဖက်ခံရသူ ဇနီးသည်ကို ပြဿနာရှာသူ၊ အသုံးမကျသူအဖြစ် ဘေးပတ်ဝန်းကျင်မှ တဖြည်းဖြည်းနှင့် ယုံကြည်လက်ခံသွားတတ်ပေသည်။***

## (စ) အတင်း အဓမ္မလိင်ဆက်ဆံခြင်း၊ ကာမရယူခြင်း

အကြမ်းဖက်သူ ခင်ပွန်းသည်များသည် ၄င်းတို့လိင်ဆက်ဆံလိုသော အချိန်များတွင် ဇနီးသည်များအနေဖြင့် ရှောင်နေခြင်း၊ စိတ်မပါသော အပြုအမူပြခြင်း၊ ငြင်းပယ်ခြင်းတို့ကြောင့် စိတ်တိုလာတတ်သည်။ ထိုအခါမျိုးတွင် ဇနီးသည်အား ရုန်းလို့မရနိုင်အောင် အင်အားသုံး၍ အတင်းအကြပ်ပြုမူခြင်း ၊ အိပ်နေသောအချိန်အတွင်း အတင်းဆက်ဆံခြင်း၊ နေမကောင်းသောအချိန် (သို့မဟုတ်) မောပန်းနေသောအချိန်တွင် ကာမဆက်ဆံရန် တောင်းဆိုခြင်းတို့ရှိပြီး မရပါက အတင်းအဓမ္မ ဆက်ဆံခြင်းတို့အပြင် ရိုက်နှက်ကြိမ်းမောင်းခြင်း၊ ပြစ်တင်ဆဲဆိုခြင်း၊ အခြားသော ယောကျ်ားများနှင့် ယိုးစွတ်ခြင်းတို့ကို ပြုလုပ်တတ်ကြသည်။ အကယ်၍ ၎တို့ဆန္ဒပြင်းပြသောအချိန်တွင် ကာမဆက်ဆံခွင့်မရပါက တနေကုန်

သုန်မှုန်နေခြင်း၊ စိတ်တိုနေခြင်း၊ အကြောင်းမဲ့အပြစ်ရှာခြင်း၊ အလုပ်မလုပ်တော့ခြင်းမျိုးလည်း ရှိတတ်ပေသည်။ ထို့အပြင် အကျိုးဆက်အဖြစ် ဇနီးသည်အား အရွဲ့တိုက်၍ အခြားအမျိုးသမီးများ၊ ပြည့်တန်ဆာအမျိုးသမီးများနှင့် ဖောက်ပြန်သည့် အခြေအနေများအထိ ပြုလုပ်လာနိုင်သည်။

## (ဆ) နှုတ်ဖြင့် အကြမ်းဖက်ခြင်း၊

အကြမ်းဖက်သူအနေဖြင့် ဇနီးသည်အား ရိုင်းစိုင်းကြမ်းကြုတ်သော စကားများပြော၍ နာကျင်စေခြင်း အထင် သေးသော တနည်းအားဖြင့် နှိမ့်ချသောစကားများ ထပ်ခါထပ်ခါသုံးနှုန်းပြောဆိုခြင်း၊ လှောင်ပြောင်သရော်သောအပြုအမူများ ပြုလုပ်တတ်ကြသည်။ ထိုကဲ့သို့ ပြုမူခြင်းအားဖြင့် ဇနီးသည်အား ပတ်ဝန်းကျင်တွင် အရှက်ရစေခြင်း၊ စိတ်ဓာတ်ယိုယွင်းပျက်စီးစေခြင်း မိမိကိုယ်မိမိယုံကြည်မှုနည်းစေခြင်းတို့ ဖြစ်စေသည်။

## (ဇ) အိမ်တွင်းပစ္စည်းများအား ဖျက်ဆီးခြင်း

အချို့သော အကြမ်းဖက်သူများသည် အိမ်တွင်းပစ္စည်းများကို ဖျက်ဆီးပစ်တတ်ကြသည်။ အိမ်နံရံများနှင့် တံခါးများကို ထိုးခြင်း၊ ကန်ခြင်း၊ ဖျက်စီးခြင်းတို့အပြင် အိမ်တွင်းရှိ ပစ္စည်းများကိုရိုက်ခွဲခြင်း၊ ဇနီးသည်အား ၎ဖျက်ဆီးထားသော အပျက်အစီးများနှင့် ထားခဲ့ကာ နေအိမ်မှ ထွက်ခွာသွားခြင်းမျိုး ပြုလုပ်တတ်ကြသည်။

## (ဉ) စကားများစဉ်အတွင်း ပြုလုပ်သော အတင်းအကြပ်ပြုမှု မှုများ

အကြမ်းဖက်ခံရသူကို ထွက်မပြေးနိုင်စေရန် စကားများစဉ်အတွင်း လက်မောင်းနှစ်ဘက်ကိုင်၍ ထိန်းချုပ် ထားခြင်း၊ တွန်းလှဲခြင်း၊ အိမ်တံခါးများပိတ်ထားခြင်းနှင့် အကယ်၍ထွက်ပြေးမည်ဆိုပါက ရိုက်ပုတ်မည်ဟူသော ခြိမ်းခြောက် အကြပ်ကိုင်ခြင်းများကို ပြုလုပ်တတ်ကြသည်။

# မြန်မာတို့၏ အိမ်တွင်းအကြမ်းဖက်မှုပုံစံများ




မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အိမ်တွင်းအကြမ်းဖက်မှုပုံစံသည် ယေဘုယျအားဖြင့် လင်နှင့်မယားအကြားတွင် ဖြစ်လေ့ရှိသော ပြဿနာများဖြစ်ပြီး ရိုက်နှက်ခြင်း၊ အညိုအမဲစွဲသည်အထိ ထိုးကြိတ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ကန်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ကလေးငယ်များအား ဆူပူမာန်မဲကာ ဓါးစာခံသဖွယ် အပြစ်ပေးရိုက်နှက်ခြင်းစသည့် အပြုအမူများကို အများဆုံးတွေ့ရသည်။

ထိုင်းမြန်မာနယ်စပ်ရှိ ကရင်ဒုက္ခသည်စခန်းများတွင် (၁၅ နှစ်မှ ၄၉ နှစ်) အကြားရှိ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းချက်များပြုလုပ်ရာတွင် တွေ့ရှိချက်များအရ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းထက် နှုတ်ဖြင့် စော်ကားမှုများမှာ ပိုမိုဖြစ်ပေါ်လျက်ရှိသည်။ ထို့အပြင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုရှိသလို အကြမ်းဖက်မှုကြောင့် ဒဏ်ရာ အနာတရဖြစ်သူများလည်းရှိသည်ဟု ဆိုပါသည်။ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရခြင်းမှာ (၂၀) ရာခိုင်နှုန်းရှိပြီး (၁၇) ရာခိုင်နှုန်းမှာ ဒဏ်ရာအနာတရရရှိကြသော်လည်း အမျိုးသမီးအများစုမှာ ၎တို့ရင်ဆိုင်ရသောပြဿနာများကို ထုတ်ဖော် ပြောဆိုခြင်းမရှိပေ။ [၅]

---

၅ An Assessment of Reproductive Health Issues Among Karen and

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီ၏ ထုတ်ပြန် ချက်တွင် အကြမ်းဖက်မှုအမျိုးအစား (၂) မျိုးရှိပြီး ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟူ၍ ဖြစ်သည်။ အကြမ်းဖက်မှုကို ထပ်မံသရုပ်ခွဲလိုက်ပါက အိမ်တွင်း အကြမ်းဖက်မှုနှင့် လူမှုအသိုင်းဝိုင်းတွင်ဖြစ်သော အကြမ်းဖက်မှုဟူ၍ ထပ်မံဖော်ပြထားသည်။ ထို့အပြင် ယင်းအစီရင်ခံစာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအများအပြားသည် မိသားစုအတွင်း ဖြစ်ပွားလေ့ရှိသည်ဟုဆိုသည်။

## ဆွေမျိုးသားချင်းထဲမှ အကြမ်းဖက်မှုကျူးလွန်ခြင်းနှင့် စော်ကားခြင်း

တမိုးတည်းအောက်အတူနေသည့် ဆွေမျိုးသားချင်း တယောက်ယောက်မှ မိန်းကလေးငယ်၊ သို့မဟုတ် လင်ရှိဇနီးဖြစ် သူအား စော်ကားခြင်းကိုလည်း အကြမ်းဖက်မှုဟုသတ်မှတ်ပါသည်။ ယင်းစော်ကားပြုမူမှုသည် အိမ်တွင်းအကြမ်းဖက်မှုအောက်တွင် အကြုံးဝင်ပြီး အထူးသဖြင့် မိန်းကလေးငယ်များမှာ လုံခြုံမှုမရှိသလောက်ခံစားနေကြရသည်။ မြန်မာနိုင်ငံတွင် ယင်းအခြေအနေများကို တရားဝင်ထုတ်ဖော်ပြောဆိုခြင်းမရှိသေးသော်လည်း နိုင်ငံအတော်များများတွင် ပြောဆိုနေကြပြီ ဖြစ်သည်။

# အိမ်တွင်းအကြမ်းဖက်မှုသည် အနောက်ယဉ်ကျေးမှုလော

အိမ်တွင်း အကြမ်းဖက်မှုသည် အနောက်တိုင်းမှ ယူဆောင်လာသည့် အတွေးအခေါ်မဟုတ်ပေ။ ဤပြဿနာသည် နေရာတိုင်းတွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဓလေ့ထုံးတမ်းများကို အခြေခံလျက် အကြမ်းဖက်မှုပုံစံများသာ ကွဲပြားနေရခြင်းဖြစ်သည်။ အဓိကအားဖြင့် ဤပြဿနာသည် လူ့အဖွဲ့အစည်းတိုင်းတွင် ဖြစ်ပေါ်

---

Burmese Refugees Living in Thailand by Centers for Disease Control and Prevention Submitted by CDC/ARC/ MSF August 2002.



နေခြင်းဖြစ်သည်ကို သတိချပ်သင့်သည်။ ထို့အပြင် နိုင်ငံတိုင်းတွင်လည်း လူ့အဖွဲ့အစည်းတွင် အဓိကဖြစ်သည့် မိသားစုကိစ္စသည် လူတိုင်းအလေး ထားကြသော ကိစ္စဖြစ်ပေသည်။ မည်သူကမျှ ပေါ့ပေါ့ဆဆဖြင့် အိမ်ထောင် ပြုပြီးကွဲလိုသည့် သဘောမထားကြပေ။ အနောက်တိုင်းမှ အိမ်ထောင် သည် အမျိုးသမီးများသည် အရှေ့တိုင်းသူများကဲ့သို့မဟုတ်ဘဲ အိမ် ထောင်ရေးတွင် အလေးမထားဟူသည့် ကောက်ချက်များသည်လည်း မှားယွင်းနေသည် ဆိုသည်ကို ဤနေရာတွင် အလျဉ်းသင့်၍ ပြောချင်ပါ သည်။ လက်မထပ်ခင်အတူနေသည်ဆိုသည်မှာလည်း အိမ်ထောင်တခုပြီး တခု တည်ဆောက်လို၍မဟုတ်ဘဲ၊ မယူခင် စိတ်တူကိုယ်တူ ဖြစ်မဖြစ် တ ယောက်သဘောတယောက်လေ့လာခြင်းလည်းဖြစ်သည်။ အနောက်နှင့် ဥရောပနိုင်ငံများတွင် လက်မထပ်ခင် အတူနေခြင်းများကို ကျင့်သုံးမှုသည်

အရှေ့တိုင်းသို့လည်း ကူးစက်လာပြီး လက်ခံကျင့်သုံးမှုများလည်း ရှိနေပြီ ဖြစ်သည်။

လက်မထပ်ခင်အတူနေခြင်းနှင့်ပတ်သက်၍ လက်ခံကျင့်သုံးကြသူများ၏ ပြောဆိုချက်အရ 'လက်မထပ်ခင် အတူ နေခြင်းမှာ လိင်ကိစ္စတခုတည်းကို အခြေခံခြင်းမဟုတ်၊ တယောက်၏ စိတ်သဘောထား၊ အမူအကျင့် စသည်များကို အတွင်းကျကျ သိမြင်နားလည်ရေးအတွက်လည်း ရည်ရွယ်ကြခြင်းဖြစ်သလို အဆင်မပြေပါက ကွာတင်လမ်းခွဲခြင်းဖြင့် တဦးချင်းစီ၏ အိမ်ထောင်ရေးဘဝကို စိတ်ကြိုက်ရွေးချယ်သည့် ပုံစံတခုသာ ဖြစ်သည်' ဟု လေ့လာတွေ့ရှိရပါသည်။ ဆိုလိုသည်က လက်မထပ်ခင်အတူနေခြင်းသည် အိမ်ထောင်ဆက်များရန် သို့မဟုတ် အလွယ်တကူ လမ်းခွဲနိုင်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ အနာဂတ်အိမ်ထောင်ရေးအတွက် သေချာစေရန် ကြိုတင်ပြင်ဆင်သည့် စီမံကိန်းတခုအဖြစ် ယခုအခါလက်ခံ လာကြခြင်းဖြစ်သည့်အတွက် အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေမှုကို လျော့နည်းစေနိုင်သည့်နည်းလမ်းတခုလည်း ဖြစ်သည်။

## အိမ်တွင်းအကြမ်းဖက်မှုသည် လင်မယားပြဿနာသက်သက်မျှလော တနည်းအားဖြင့် ပုဂ္ဂလိက ကိစ္စလော



“လင်မယားကြားမဝင်ရဘူးဆိုသည့် အယူအဆတွေ၊ လင်မယားပြန်အဆင်ပြေသွားတော့ ကြားဝင်မိတဲ့သူတွေက အမုန်းခံရတာတွေ၊ ဒီအချက်တွေကြောင့် ပတ်ဝန်းကျင်ကသိပ်ဝင်မပါလို ကြပါဘူး၊ မိန်းမတယောက်ကိုဆံပင်မဆွဲရဘူး၊ ပါး မရိုက်ရဘူးဆိုတဲ့ ဓလေ့ထုံးတမ်းဥပဒေတွေ ရှိတယ်လို့တော့ ကြားဖူးပါတယ်။ ဒါပေမဲ့လည်း လင်မယားရန်ဖြစ်လို့ ဆံပင်ဆွဲပါတယ်၊ ပါးရိုက်ပါတယ်လို့ တိုင်တန်းတဲ့ဇနီးမယား ရှိတယ်လို့ တော့မကြားဖူးပါဘူး၊ လင်မယားရန်ဖြစ်လို့ မိန်းမက အရိုက်ခံရရင် ဒါဟာ ရှက် စရာလို့မိန်းမတွေက မြင်တတ်ပါတယ်။ ပတ်ဝန်းကျင်ကလည်း ဒီ မိန်းမက အသုံးမကျလို့ အရိုက်ခံရတာ လို့သာ အလွယ်တကူ ကောက်ချက် ချတတ်ကြပါတယ်။ **ဒါကလည်းအိမ်ထောင်မပြုခင်က သေချာစဉ်းစား**



**ပြုပြီးမှဆိုရင်တော့ ဖြစ်သမျှကို လည်စင်းသည်းခံပေတော့** ... ဆိုတဲ့ အယူအဆတွေကလာတဲ့ အမြင်တွေဖြစ်ပါတယ်။ ယောကျ်ားများကတော့ ရှက်စရာလို့ယူဆကြပုံမပေါ်ပါဘူး။ သူတို့ပိုင်တဲ့ ခြံ၊ မြေ၊ အိမ်ယာလိုဘဲ မိန်းမကိုလည်း သူပိုင်ပစ္စည်းအဖြစ် လုပ်ပိုင် ခွင့်ရှိတယ်လို့သာ ယူဆကြတာပါ။ "ငါ့မိန်းမငါရိုက်တာ ဘာဖြစ်လဲ၊ ဘယ်ကောင်မှဝင်ပါစရာမလိုဘူး" စသည်ဖြင့်လည်း သူတို့ပြောတတ်ဆိုတတ်တာကို ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။"[၆]

တမိုးအောက်တွင် နေထိုင်သောမိသားစုတခုအတွင်း ဖြစ်ပေါ်နေသော ပြဿနာသည် အိမ်တွင်းအကြမ်းဖက်မှု ဖြစ်မဖြစ်ဆိုသည်မှာ စဉ်းစားစရာတော့ဖြစ်သည်။ ဤနေရာတွင် ရှေးအခါက မိသားစုများနေထိုင်ခဲ့ကြသော ပုံစံများနှင့် ယနေ့အခြေအနေများမှာလည်း ကွာခြားကောင်းကွာခြားနိုင်သည်။ ယခင်က မိသားစုများသည် မိသားစုအကြီးကြီးထဲ

[၆] Interview 6

တွင် စုပေါင်းနေထိုင်ကြပြီး ဖခင်ကစီးပွားရေးအရ **စားဝတ်နေရေးအတွက်** ဦးဆောင်ပြီး အိမ်တွင်းရေးဆိုင်ရာကိစ္စများကို မိခင်များက ဦးဆောင်ဦး ရွက်ပြုခဲ့ကြသလို နာခံရမည်ဆိုသည့် ဩဇာညောင်းမှုနှင့် အသိသည်လည်း ကြီးမားခဲ့သည်။

အပြင်နှင့်ဆက်စပ်သည့် လုပ်ငန်းဆောင်တာကိုလည်း ဖခင်ကသာ ဦးဆောင်သည်ကများသလို အိမ်အလုပ်ဖြစ်သော အဝတ်လျှော်၊ အိမ် သန့်ရှင်းရေး၊ အဝတ်ဖာထေးရေးစသည့် အိမ်မှုကိစ္စအတော်များများကို အမျိုးသမီးတို့ကသာ လုပ်ဆောင်ခဲ့ကြသည်။ လင်ယောကျ်ားအတွက် အစစအရာရာတကိုယ်ရေ လုပ်ဆောင်ပေးမှုမှာ ယနေ့ခေတ်အထိ ရှိနေ သေးသော်လည်း ရှားခဲ့ပြီဖြစ်သည်။ မိခင်ဖြစ်သူနှင့် ဖခင်ဖြစ်သူတို့၏ အိမ် ထောင်ရေး ပြဿနာအဆင်မပြေမှုများမှာ ယခင်ခေတ်ကတည်းက ရှိခဲ့ ကြသော်လည်း ယခုခေတ်ထက်နည်းပါးသည်ဟု ဆိုနိုင်သည်။ ယခင်က မိခင်တယောက်၏ တာဝန်ယူမှုမျိုးသည်လည်း ယနေ့အချိန်အခါတွင် ပြောင်းလဲမှုဖြစ်စဉ်များအရ၊ အခြေအနေများ၏ တောင်းဆိုမှုအရ အတိုင်း အတာတခုအထိ ပြောင်းလဲခဲ့ပြီးဖြစ်လေသည်။

ယနေ့အချိန်အခါသည် ခေတ်မီဖွံ့ဖြိုးလာသည်နှင့်အမျှ လိုအပ်မှုများ က များလာသလို လူ့အဖွဲ့အစည်းအတွင်း ကျင့်သုံးမှုပုံစံများလည်း တမျိုး ပြောင်းလဲလာလျှက်ရှိပေသည်။ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ အတွေး အခေါ်အယူအဆများ၊ ကျင့်ထုံးကျင့်နည်းများသည်လည်း ပြောင်းလဲလာ နေသည်ကို တွေ့ရပေသည်။ အနည်းဆုံး လင်မယား ၂ ယောက်အကြား ယခင်ကလို ကလေးဦးရေများများယူမှုသည် နည်းပါးလာနိုင်သည်။ ကျန်း မာရေးကိစ္စကိုကြည့်မည်ဆိုပါက မိသားစု တခုအတွင်း ခလေး **၈ ယောက် ၉ ယောက်** ယူခဲ့ကြပြီး လူဖြစ်အောင်မွေးနိုင်သည်ဆိုသော်လည်း ယခု အခါတွင် မိသားစု စီမံကိန်းဆိုသည့် သန္ဓေတားဆီးရေး အတွေးအခေါ်များ ကို မဖြစ်မနေစဉ်းစားလာရသောကြောင့် ကွန်ဒုံးနှင့် အခြားသော ခေတ်မီ ဆေးနည်း အသုံးပြုခြင်းများကိုလည်း လက်ခံလုပ်ဆောင်လာကြသည်။

ပညာရေးကိစ္စတွင်လည်း ထိုနည်းတူစွာပင်ဖြစ်သည်။ ကလေးများကို

လူလားမြောက်ကြီးပြင်းစေရန် သေစာ ရှင်စာ အဆင့်ထက်ပိုသည့် ပညာတတ်မြောက်အောင် သင်ကြားခြင်းမျိုးကို လက်ခံလာကြသည့်အတွက် ယခင်ကဲ့သို့ ကလေးများများယူနေခြင်းသည် ပညာတတ်များအဖြစ် မွေးထုတ်ပေးရန် အခက်အခဲတခုဖြစ်ကြောင်းကို သိမြင်လာပြီး ကျန်းမာရေးနှင့် ပညာရေးကို ဆက်စပ်စဉ်းစားလာကြရခြင်းဖြစ်သည်။ ထိုနည်းတူစွာ ယခင်က သားများအတွက် အိမ်ထောင်ဘက်ရွေးချယ်ရာတွင် ဇရုတ်သီးညက်အောင် ထောင်းနိုင်သူကိုမှ ချွေးမအဖြစ်ရွေးချယ်ကာ အိမ်ထောင်ချပေးသည့် အခြေအနေများ မဟုတ်တော့ဘဲ လူငယ်များအနေနှင့် မိမိတို့စိတ်ကြိုက်ရွေးချယ်ကာ အိမ်ထောင်ပြုသည့် အလေ့အထများ ခေတ်စားလာပြီဖြစ်သည်။

ထို့အပြင် ကမ္ဘာ့အသီးသီးတွင် လိုအပ်ချက်များအရ အခြားသောပြောင်းလဲမှုများသည် ရှိလာခဲ့ပြီဖြစ်သည်။ ယနေ့အချိန်သည် စပ်ကူး မတ်ကူးကာလဖြစ်နေသည်။ ဆိုလိုသည်က ရှေးအယူအဆများလည်း ကျန်နေသေးသလို မွေးစားမှုပုံစံအသစ်များလည်း စတင်ကျင့်သုံးလာပြီဆိုသည်ကို သတိပြုမိစေလိုခြင်းဖြစ်သည်။ ထိုသို့ ပြောင်းလဲမှု အကြားတွင် လင်မယားနှစ်ယောက်အတွင်း အတွေးအခေါ်မတူညီမှု၊ သဘောထား မတိုက်ဆိုင်မှု၊ အကျင့်စရိုက် မတူညီမှု များလည်း များပြားလာနိုင်သည်။ ထိုဖြစ်ပေါ်တည်ရှိနေမှုသည်လည်း မဆန်း၊ သဘာဝနိယာမ တခုသာလျှင် ဖြစ်သည်။ အရာရာကို တရားသေဖက်တွယ်တတ်တဲ့ သဘောမထားဘဲ ပြောင်းလွယ်ပြင်လွယ် သိမြင်နိုင်ခြင်းသည် အရေးကြီးလာပေသည်။ ယင်းဖြစ်စဉ် ပြောင်းလဲမှုအပေါ် ဘက်နှစ်ဘက်စလုံးမှ မသုံးသပ်ပဲ တဖက်သတ်အနိုင်ယူလိုမှုများနှင့် မိမိတွင် ခွန်အားပိုကြီး၍ လုပ်ပိုင်ခွင့်အာဏာပိုရှိသည်၊ အမျိုးသားသည် အမျိုးသမီးထက် ပို၍မြင့်မြတ်သည်ဟု ယူဆထားသောသူများတွင် အိမ်တွင်းအကြမ်းဖက်မှုပြဿနာသည် ပို၍ပေါ်ပေါက်လာနိုင်သည်။

လူမှုသိပ္ပံနယ်ပယ်က "အိမ်ထောင်စုသည် လူ့အဖွဲ့အစည်း၏အဓိကအကျဆုံး၊ အခြေခံအကျဆုံး" ဟုဆိုသည်။ လူ့အဖွဲ့အစည်း၏ အဓိကကျ

သော မိသားစုတခုအတွင်းတွင် လူတယောက်မှ အခြားလူတယောက် အပေါ် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်နေခြင်းသည် ခွင့်လွှတ်နိုင်စရာ ကိစ္စမ ဟုတ်သလို လူတဦးဒုက္ခရောက်နေသည့် ဤအခြေအနေသည်လည်း လူ တယောက်မှ အခြားလူတယောက်ကို နှောင့်ယှက်စော်ကားနေခြင်းသာ မဟုတ်တော့ဘဲ ပတ်ဝန်းကျင်ရှိအခြားသူများကိုပါ မထေမဲ့မြင်ပြုနေသည့် သဘောပင်ဖြစ်သည်။ လူတယောက်အား ကိုယ်ပိုင်ပစ္စည်းသဖွယ် လုပ်ချင် သလို ပြုလုပ်ခွင့်ရှိ နေသည်မှာ မှန်ကန်သော လုပ်ရပ်မဟုတ်သည့်အတွက် ကြားလူတယောက်ယောက် သို့မဟုတ် အဖွဲ့အစည်းတခုမှ အသိစိတ်ဓါတ် ဖြင့် အပြုသဘောဆောင်၍ ဝင်ရောက်ဖြန်ဖြေရှင်းပေးမှုမျိုး မဖြစ်မနေလုပ် ဆောင်ရမည်ဖြစ်သည်။

အမျိုးသမီးတဦးသည် စိတ်ပိုင်းဆိုင်ရာအရ ချွတ်ခြုံကျနေသည့် အချိန်တွင် သူမ၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်နိုင်သည့် အခွင့် အရေးသည်လည်း ဆုတ်ယုတ်သွားမည်ဖြစ်သလို အရေးကြီးဆုံးဖြစ်သည့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှမှုနှင့် ငြိမ်းချမ်းရေးဆိုသည်မှာလည်း ဖော်ဆောင်ရခက်သည့် ကိစ္စရပ်တခုဖြစ်သွားပေမည်။ ထို့အပြင် သာယာ သည့် လူ့ဘောင်တခု တည်ဆောက်ရန်လည်း ခက်ခဲသွားပေလိမ့်မည်။ ထို့ကြောင့် အမျိုးသမီးတယောက်ကို အကြမ်းဖက်ခြင်းသည် လူ့အဖွဲ့ အစည်းအတွင်း ပြဿနာများကို သယ်ဆောင်လာခြင်းဖြစ်ပြီး ယင်း ပြဿ နာမှာ “ပုဂ္ဂလိက” ကိစ္စသက်သက်မဟုတ်တော့ဘဲ “ပြည်သူ့ရေးရာ” တနည်းအားဖြင့် လူ့အဖွဲ့အစည်းတခုလုံးဆိုင်ရာ ကိစ္စဖြစ်လာသည် ဆို သည်မှာ ယုံမှားသံသယရှိစရာ မဟုတ်ပေ။

**ဤနေရာတွင် စာရေးဆရာမ (Kamla Bhasin) ၏ အတွေးအခေါ်ကို တင်ပြပါမည်။**

“နိုင်ငံရေးသမားနဲ့ သူ့ရဲ့နောက်လိုက်တွေကတော့ ပုဂ္ဂလိကရေးရာ ကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူးဆိုပြီး ပြောဆိုငြင်းခုန်နေခဲ့ ကြတာပါ။ အိမ်တွင်းရေးကိစ္စတွေမှာလည်း အစိုးရရဲ့ဥပဒေဘောင်ထဲကနေ ကင်းလွတ်ခွင့်ရသင့်တယ်လို့ဆိုပါတယ်။ နံရံလေးဘက်ကြားထဲမှာ ဖြစ်

ပေါ်နေတဲ့ကိစ္စတိုင်းဟာ ပုဂ္ဂလိက ကိစ္စသက်သက်ဖြစ်ပြီး ပြင်ပကြားဝင်ဖြန်ဖြေမှုတွေကို အားမပေးပါဘူးလို့ပြောဆိုမှုမျိုးဟာ သိသာထင်ရှားသော မညီမျှမှုများ၊ စော်ကားမှုများကို ဆက်လက်ဖြစ်ပေါ်စေဖို့ တွန်းအားပေးနေခြင်းဖြစ်ပါတယ်။ (ဇနီး) ဖြစ်သူကို ရိုက်နှက်ခြင်း၊ အတူနေသော ဇနီးသည်အား မုဒိမ်းကျင့်မှု၊ အမျိုးသမီးငယ်များကို ဖခင် သို့မဟုတ် သွေးသားတော်စပ်သူ အမျိုးသားတဦးဦးက စော်ကားမှု၊ အမျိုးသမီးငယ်များကို စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်အပြစ်ပေးခြင်း ဘက်ပေါင်းစုံမှ ထိခိုက်နစ်နာမှုများခံစားနေရခြင်း စတဲ့ကိစ္စတွေဟာ ယနေ့အချိန်အထိ လူ့အသိုင်းအဝိုင်းထဲမှာ အလေးထားဆွေးနွေးလာတဲ့အထိ ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုလာတဲ့အထိ မရောက်ရှိသေးပါဘူး။

ဒီလို ပုဂ္ဂလိကဘဝနဲ့ အများပြည်သူရေးရာကိစ္စများဆိုပြီး ခွဲခြားထားတာနဲ့ပတ်သက်ပြီး အမျိုးသမီးရေးဝါဒီများက ဝေဖန်နေကြပါသည်။ အကြောင်းမှာ ယင်းသို့ခွဲခြားထားမှုသည် အမျိုးသားကြီးစိုးမှုနှင့် မညီမျှမှုများကို ပိုမို ဖြစ်ပေါ်စေရန် တွန်းအားပေးနေသောကြောင့် ဖြစ်သည်ဟုဆိုပြီး "The personal is the political" "ပုဂ္ဂလိက အရေးသည် နိုင်ငံရေးဖြစ်သည်" ဟုဆိုပါသည်။[၇]

မည်သို့ပင်ဖြစ်စေကာမူ လူမသိသူမသိ အကြမ်းဖက်ခံနေရသည့် အမျိုးသမီးများသည် အကူညီလိုနေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် သူတို့ဘဝတလျှောက်လုံးတွင် လေ့လာသင်ယူခဲ့ရသော အယူအဆများ၊ လက်ခံကျင့်သုံးနေသော အခြေအနေများနှင့် အကျိုးသက်ရောက်မှုများကလည်း ထိုအမျိုးသမီးများကို မလှုပ်သာ မယှက်သာ ဖြစ်အောင် ဖန်တီးပေးနေပေသည်။ ယင်းအတွေးအခေါ်အယူအဆများကို ရုတ်ခြည်းပြောင်းလဲရန် မလွယ်ကူသလို ရေးသား ပြဋ္ဌာန်းထားသော ဥပဒေများလည်းရှိနေသေးသည်။ ထို့အပြင် အမျိုးသမီးများကိုယ်တိုင် ကိုယ်ကျိုးစွန့်လိုသော မိခင်စိတ် အတွေးအခေါ်များကို တလွဲအသုံးပြုနေတတ်ခြင်းတို့လည်းဖြစ်

[၇] Kamla Bhasin, "Understanding the Gender"

[၈] မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ

ပေါ်နေတတ်ပါသည်။ ဤသည်ကို ဆရာ အတ္တကျော်ရေးသားသော 'ထိမ်းမြားပေါင်းဖက်ရန်ဖြစ်လျက်ပင် ချစ်ကြင်နေနည်း' စာအုပ်တွင် အောက်ပါအတိုင်း ပြောဆိုထားပါသည်။

***"တကယ်တော့ အမျိုးသမီးတွေဟာ အကူညီလိုနေတာပါ။ သည်ကြားထဲကပဲ အကူညီလိုတယ်လို့ ယောင်ပြီး တောင်မတွေးမိတတ်ကြတဲ့ ခင်ပွန်းသည် အကြမ်းဖက်သမားကို ကယ်ဖို့ကြိုးစားတာလည်း ဒီအမျိုးသမီးတွေပါပဲ။" (အတ္တကျော်)***

***"အိမ်ထောင်ရေးသည် လူမှုရေးကိစ္စဖြစ်သည့်အားလျော်စွာ အိမ်ရာထူထောင်ရာနိုင်ငံ၊ ဒေသများတွင် နေထိုင်ကြသည့် လူအများစုက လက်ခံကျင့်သုံးမှသာ ဓလေ့ထုံးတမ်းဥပဒေအဖြစ် ယင်းအိမ်ထောင်၏ အရေးကိစ္စအဝဝကို ဆုံးဖြတ်သင့်သည်။ သို့မှသာလျှင် အိမ်ထောင်သည်များအဖို့လည်းမျှတ၊ ရပ်ရွာကလည်း နားလည်လက်ခံနိုင်ပေသည်။" ဟုဆိုထားသည်။ (မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ – လူမှုရေးကိစ္စနှင့် ပတ်သက်၍ ကောက်နုတ်တင်ပြချက်)*** [၈]

မျိုးဆက်တခုနှင့် တခုအကြား သင်ကြားလေ့လာရမှုမှာ ကွဲပြားမှုမရှိလှချေ။ မဟာဖိုဝါဒကိုအခြေခံ၍ ပြဋ္ဌာန်းထားသော ပုံသေကျမှုများသည် နှစ်ပေါင်းများစွာ ကိန်းဝပ်နေခဲ့ကြရာ အတူနေရပ်ရွာ၏ နားလည်မှု၊ လက်ခံမှုတို့အပြင် လိုလားစွာ ဖြေရှင်းမှုများမှာ အမျိုးသမီးတယောက်အတွက် တရားမျှတမှန်ကန်မှု ရှိမရှိဆိုသည်မှာ စဉ်းစားစရာအချက်ပင်ဖြစ်သည်။ သို့သော်လည်း ယင်းမြန်မာ့ဓလေ့ ထုံးတမ်းဥပဒေတွင် အိမ်ထောင်ရေးအပေါ် "သိမ်မွေ့၍ ဤလင်မယား ပြဿနာသည် လူမှုရေးကိစ္စသက်သက် မဟုတ်ကြောင်းကို ယဉ်ကျေးသော မည်သည့်နိုင်ငံတွင်မဆို ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင်တည်ထောင်ခြင်း စသည်တို့ကို ကုန်ရောင်း ကုန်ဝယ် ဆက်ဆံကူးလူးခြင်းများနှင့် အတူမထားကြချေ။ သိမ်မွေ့၍ အရေးကြီးသော လူမှုရေးကိစ္စတရပ်ဟူ၍ လက်ခံသဘောထားကြသည်။ ဤကိစ္စမျိုးသည် ထိမ်းမြားလက်ထပ် အိမ်ထောင်တည်ဆောက်ကြသူများနှင့် အဓိကအားဖြင့် သက်ဆိုင်သည်မှန်သော်လည်း ဧတို့

နေထိုင်ကြသော လူမှုအဆောက်အအုံနှင့်လည်း ပတ်သက်သည်။ ထို့ကြောင့် ပုဂ္ဂလိကရေးရာ သက်သက်မျှသာမဟုတ် လူ့အဆောက်အအုံနှင့် ပတ်သက်နေသော ကိစ္စလည်းဖြစ်သည်ဟု လက်ခံကြသည်'' ဟုဆိုထားပြန်ပါသည်။

ဥပဒေများတွင် အားနည်းချက်နှင့် အားသာချက်များ အစဉ်ဒွန်တွဲနေတတ်သည်။ ပထမအပိုဒ်တွင် ဖော်ပြထားသလို ရပ်ရွာမှနားလည်ရန်ဆိုသည့်ကိစ္စမှာ အမှန်တကယ်လက်တွေ့တွင် ခက်ခဲသောအလုပ်ဖြစ်သည်။ အမျိုးသမီးတဦး အရိုက်ခံရခြင်းသည်ပင် သူ၏အမှားဆိုသည့် အခြေအနေမျိုးကိုသာ လက်ခံထားသည့် ယဉ်ကျေးမှုက နှစ်ပေါင်းများစွာ လွှမ်းမိုးနေသည့်အတွက် အိမ်တွင်းပြဿနာတက်လျှင် အမျိုးသမီးအပြောအဆိုမတတ်သောကြောင့် အနေအထိုင် မတတ်သောကြောင့် ဖြစ်ရသည်စသည်ဖြင့်သာ အပြစ်ဖို့ကြသည်။ အိမ်ထောင်ပြဿနာသည်လည်း ဖြစ်ရိုးဖြစ်စဉ် ကိစ္စဖြစ်သည့်အတွက် မဆန်းဟုထင်တတ်ကြသည်။ အိမ်တွင်းကိစ္စကို အိမ်ပြင်မထုတ်ကောင်းဟု စည်းခြားထားခဲ့သော ယဉ်ကျေးမှုတရပ်သည် အမျိုးသမီးများအပေါ် နိုင်လိုမင်းထက် ပြုမူလိုသည့် အမျိုးသားကြီးစိုးရေး အယူအဆမှ ဆင်းသက် လာပြီး ယင်းကိုလက်ခံနေသမျှကာလပတ်လုံး၊ ကျင့်သုံးနေမှုများမပြောင်းလဲသေးသမျှ ဥပဒေများတွင် မည်သို့ပင်ညွှန်းနေ စေကာမူ အိမ်တွင်းအကြမ်းဖက်မှုကို လင်မယားပြဿနာအဖြစ်ထက် ပို၍သိမြင်လက်ခံလာကြမည်မဟုတ်သည်မှာ အမှန်ပင်ဖြစ်ပေသည်။ [၉]

[၉] မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ

## အဆိုအမိန့်များနှင့် လူအများ လက်ခံယုံကြည် ကျင့်သုံးနေမှုများ



**လင့်ဝတ္တရားငါးပါး**

ဇနီးမယားအပေါ်သစ္စာရှိခြင်း

ဝင်ငွေများကို ဇနီးထံအပ်နှံခြင်း။

မကောင်းမှုကိုရှောင်ကျဉ်ခြင်း။

သင့်တင့်လျောက်ပတ်သည့် အဆင်တန်ဆာများကိုဆင်ယင်ပေးခြင်း။

ချစ်ခင်မြတ်နိုးထားခြင်း။

**မယား ဝတ္တရားငါးပါး**

အိမ်မှုကိစ္စကိုကောင်းစွာထိမ်းသိမ်းခြင်း၊

ပစ္စည်းများကို ကောင်းစွာထိမ်းသိမ်းစောင့်ရှောက်ခြင်း။

အကျင့်သီလကောင်းမွန်ခြင်း။

မိသားစုနှင့်ဆွေမျိုးသားချင်းများအပေါ် မခွဲခြားပဲတန်းတူဆက်ဆံခြင်း။
မပျင်းမရိပဲ လုံ့လဝီရိယရှိခြင်း။

## အိမ်ထောင်ရေးနှင့်ပတ်သက်သော အဆိုအမိန့်များမှာ

မယားနေစ၊ ကြောင်သေမှ
အရိုးကွဲအောင်ရိုက်မှ အသဲစွဲအောင်ချစ်သတဲ့
လင်နဲ့မယားလျှာနဲ့သွား
သျှောင်နောက်ဆံထုံးပါ
ကြား (၃) ကြားမဝင်ကောင်း
သားကိုသခင် လင်ကိုဘုရား
မယားနဲ့နွား မသနားနဲ့
တံခွန်မရှိတဲ့ ဘုရား ၊ အလံမရှိတဲ့ ရထား ၊ လင်မရှိတဲ့ မယား မတင့်တယ်
အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ
ယောကျ်ားကောင်းမောင်းမတထောင်
မိန်းမကောင်းပန်းပန် တပွင့်တည်း
စလယ်ဝင် ဖင်မမဲခင်ကကွဲ

"အရိုးကွဲအောင်ရိုက်မှ အသဲစွဲအောင်ချစ်တယ်" ဆိုတဲ့မြောက်ပင့် စကားမျိုးတွေ "မယားနေစ၊ ကြောင်သေမှ" "မယားနဲ့နွားမသနားနဲ့" ဆိုတဲ့စကားလုံးတွေဟာ နဂိုက အမျိုးသမီးကို ပိုင်ဆိုင်စရာပစ္စည်းအဖြစ် မြင်နေတဲ့ အမျိုးသားတွေကို သွေးထိုးပေးရာရောက်ပါသည်။"သားကို သခင်၊ လင်ကိုဘုရား" လို ဆက်ဆံရမယ်ဆိုတဲ့ ဘာသာရေးအပေါ် အသုံး ချထားတဲ့ အဆုံးအမတွေကရော ယောကျ်ားတွေကို ဘယ်လိုစိတ်မျိုးရှိစေ ဖို့ လုပ်ဆောင်ပေးနေသလဲဆိုတာ သေသေချာချာပဲ စဉ်းစားကြည့်ဖို့လိုပါ သည်။ အိမ်ထောင်ဦးစီးဆိုတဲ့ဂုဏ်၊ ဝင်ငွေရှာပြီးကျွေးထားရတယ်ဆိုတဲ့ အမြင်မျိုး ရှိလာတဲ့ နောက်ပိုင်းမှာလည်း ငါလုပ်ကျွေးထားတာပဲ လုပ်ချင် တာလုပ်လို့ရတယ်ဆိုတဲ့ စိတ်တွေ ပေါက်ဖွားလာစေပြန်ပါသည်။

"ဒီလိုအဆိုအမိန့်တွေက စေ့ဆော်ထားတဲ့နောက်မှာတော့ အိမ်ထောင်ရှင်မဆိုတဲ့ အမည်လှလှလေးနဲ့ ကင်ပွန်း တပ်ခံရတဲ့ အမျိုးသမီးတွေဟာ 'အိမ်' ဆိုတဲ့ 'ထောင်' ထဲမှာ ရှင်နေရတဲ့မိန်း 'မ' ဘဝမျိုးရောက်လာခဲ့ရတဲ့အပြင် အိမ်တွင်း အာဏာရှင်တွေက အကြမ်းဖက်မယ့်အန္တရာယ်အချိန်မရွေးကျရောက်ခံနိုင်ရတဲ့ သူတယောက်အနေနဲ့ ရှင်သန်နေရပါတော့တယ်။" ဟု လူ့အခွင့်အရေးပညာပေးဌာန ဒါရိုက်တာ ကိုအောင်မျိုးမင်းမှ ဆိုပါသည်။ [၁၀]

မှန်ပေ၏။ မြန်မာစကားပုံများစွာရှိသည့်အနက် အိမ်ထောင်ရေးနှင့်သက်ဆိုင်သော အဆိုအမိန့်များကို ယနေ့ အချိန်အထိ သက်ဝင်ယုံကြည်နေသေးသည်ကိုလည်း တွေ့ရသည်။ ယင်းအတွေး အခေါ်များသည်လည်း အင်အားကြီးမား၍ လူတို့အပေါ်တွင် ဩဇာညောင်းလှသည်။ ရှေးကသတ်မှတ်ပြဋ္ဌာန်းထားခဲ့သော ထုံးစံစည်းကမ်းများကို လက်ခံရန်မှာ စောဒကတက်စရာလုံးဝမလိုအပ်ဟု တွေးထင်သူများလည်းရှိကြသည်။ ဤနေရာတွင် တင်ပြဆွေးနွေးခြင်သည်မှာ ရှေး ခေတ်အခါက လူနေမှု၊ ယဉ်ကျေးမှုများနှင့် ယနေ့ခေတ်အခါ အခြေအနေပင်ဖြစ်သည်။ ဥပမာအားဖြင့် ရှေးခေတ်အခါက ဇနီးသည်များသည် ကျွန်ပြုခြင်းအထိခံကြရပြီး သားသမီးများသည် မိဘလုပ်သူမှ သင့်တော်သည်ဟု ယူဆထားသူနှင့်သာ လက်ထပ်ရသည်။ ငြင်းပိုင်ခွင့်မရှိ။ ယနေ့အချိန်တွင်တော့ ထိုသို့မဟုတ်ပြန်တော့။ မိဘလုပ်သူက ရွေးချယ်ပေးခြင်းထက် ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်ကြသည်က များလာသည်။ တနည်းအားဖြင့်လည်း ခေတ်က ယဉ်ကျေးလာခြင်းဖြစ်သည်။

မိမိအိမ်ထောင်ဖက်ကို မိမိတို့ကိုယ်တိုင်ရွေးချယ်ကြခြင်းဖြစ်ပြီး မည်သူကမျှ ကြိုးကိုင်၍မရတော့ပေ။ ဆိုလိုသည်မှာ လူတို့ယခင်ချမှတ်ထားခဲ့သောပုံစံများသည် ယနေ့ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် အံဝင်သည်များရှိသလို ဟောင်းနွမ်း၍ အသုံးမဝင်တော့သည်များလည်းရှိသည်။ ယခင်က မိသားစုထဲတွင်ပင် ဖခင်က တည်တည်တန့်တန့်နှင့် တကယ့် အိမ်ဦး

[၁၀] မြန်မာ့အမျိုးသမီးသမဂ္ဂ ချိုးလင်းပြာအမှတ် (၁၂၂၀၀၃)

နတ်ကြီးသဖွယ် ပြုမူနေထိုင်၍ရသော အခြေအနေမျိုးရှိခဲ့သော်လည်း ယနေ့အခါ အခြားအိမ်အလုပ်များကို ဝင်ရောက်လုပ်ကိုင်လာကြပေသည်။ အိမ့်သခင်ဆိုပြီး မိန့်မိန့်ကြီးထိုင်ကာ လုပ်စရာရှိသည်များကို ကွေ့ပတ်ရှောင်ကွင်း၍ မရနိုင်သည့် ခေတ်သို့ တဖြည်းဖြည်း ပြောင်းလဲလာနေသည်။ ထိုသို့အိမ်မှုတာဝန်ကို မျက်စိစုံမှိတ်၍ ရှောင်ကွင်းနေပါကလည်း ပတ်ဝန်းကျင်၏ ရှုတ်ချဝေဖန်မှုများကို ခံရမည်မှာ အသေအချာပင်ဖြစ်သည်။

ထိုသို့အပြောင်းအလဲများ ပြုလုပ်လာရသည်မှာ မြန်မာတနိုင်ငံထဲတွင်သာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ထိုင်း၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယား စသည့်နိုင်ငံများကလည်း ထိုနည်းတူစွာပင် ပြုပြင်ပြောင်းလဲမှုများကို တဖြည်းဖြည်းချင်း ပြုလုပ်လာရသည်။ မလုပ်၍လည်းမရ။ ၎တို့တွင်လည်း မြန်မာပြည်နှင့် မခြားလှသော အဆိုအမိန့်များစွာတို့ကို ဆောင်ပုဒ်သဖွယ် သုံးခဲ့နေကြသည်ကို တွေ့ရပါသည်။

- ယောက်ျားသည်ဆင်၏ ရှေ့လက်ဖြစ်ပြီး မိန်းမသည် ဆင်၏နောက်လက်ဖြစ်သည်။ (ထိုင်းစကားပုံ)
- သမီးမိန်းကလေးက အဖေ၏နောက်လိုက်ဖြစ်ပြီး မိန်းမကတော့ ယောက်ျား၏ နောက်လိုက်ဖြစ်တယ်။ မုဆိုးမကတော့ သား၏နောက်လိုက်ဖြစ်တယ်။ (ဗီယက်နမ်စကားပုံ)
- အမျိုးသားတွေက ရွှေလိုတန်ဖိုးရှိပြီး အမျိုးသမီးတွေကတော့ အဝတ်စလေးတစလိုပါပဲတဲ့။ (ကမ္ဘောဒီးယားစကားပုံ)

ယဉ်ကျေးမှုနှင့် လူမှုရေးသဘောတို့မှာ အစဉ်ပြောင်းလဲတိုးတက်နိုင်သည်။ အနီးဆုံးနိုင်ငံများဆီမှ မသိမသာ သယ်ဆောင်လာကြပြီး တနိုင်ငံနှင့်တနိုင်ငံ၊ တနေရာနှင့်တနေရာ ကူးလူးဆက်ဆံနေကြသည့်အတွက် မပြောင်းလဲချင်၍ မရသောအခြေအနေများပင် ဖြစ်ပေါ်နေသည်ကို မိမိတို့တွေ့မြင်နိုင်ပေသည်။ ယခင်ကဆိုလျှင် ဆံပင်ကောက်၊ ဘောင်းဘီရှည်ဝတ်လျှင် 'မိန်းမပျက်' 'မိန်းမရှင်'ဟု သမုတ်သော်လည်း ယနေ့အခါ

ဘောင်းဘီတို၊ စကတ်တိုများပင်လုပ်ငန်းခွင်ကြောင့်သော်လည်းကောင်း၊ ရာသီဥတုနှင့် ကိုက်ညီစေရန်အရသော်လည်းကောင်း ဝတ်ဆင်လာရသည်လည်း ရှိလာသည်။ ဆိုလိုသည်က စားမှုသောက်မှုမှအစ အခြားသော ဝတ်စားဆင်ယဉ်မှု၊ အပြင်အဆင်များပါ ပြောင်းလဲလာပြီး အတွေးအခေါ် အယူအဆများလည်း ပြောင်းလဲလာရပေသည်။ အများစု လေ့ကျင့်မှုသည် ယခင်အဟောင်းများကို မသိမသာ ပစ်ပယ်လာကြပြီး အသစ်သစ်သောပုံစံများကို အကြားအမြင်များမှတဆင့် မသိမသာ အတုခိုး ပြောင်းလဲ ကျင့်သုံးလာကြခြင်းဖြစ်သည်။

ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်နှင့်အမျှ စွန့်ပစ်သင့်သည်ကို စွန့်ပစ်ရမည်။ "ဟိုတုန်းက ဒီလိုမဟုတ်ဘူး၊ ဒါကြောင့်လက်မခံဘူး" ဟူ၍ မျက်စိမှိတ်ကာ တရားသေဆုပ်ကိုင်ထားလျှင် လူအများ၏ ရယ်မောလှောင်ပြောင်စရာ ဖြစ်ပေတော့မည်။ တစုံတရာပြောင်းလဲမှု တိုးတက်လာသည့်အခြေအနေတရပ်တွင် ပြင်ဆင်စရာရှိသည့်များကို ရဲရင့်စွာ တော်လှန်ပြောင်းလဲလိုသည့် သတ္တိတော့ရှိရမည်ဖြစ်သည်။ ခေတ်၏ တောင်းဆိုချက်အရ လိုက်လျောညီထွေစွာ နေကြရ တော့မည်ဖြစ်သည်။ သို့မှသာ အမျိုးသမီးများအပေါ် တောက်လျှောက်ခွဲခြားဖိနှိပ်မှုများအောက်မှ တစုံတရာကင်းလွတ်သော ဖွံ့ဖြိုးတိုးတက်မှုကို တွေ့ကြရမည်ဖြစ်သည်။

မြန်ဆန်သော လူမှုရေးပြောင်းလဲမှုဖြစ်စဉ်အရ လူမှုအဖွဲ့အစည်းအတွင်း နေထိုင်မှုသည် ထူးခြားသောသွင်ပြင် လက္ခဏာဆောင်နေပါသည်။ ယခင်မျိုးဆက်ဟောင်းများ၏ ဓလေ့ထုံးတမ်းအပေါ်အခြေခံ၍ တန်ဖိုးထားမှုနှင့် မျှော်လင့် ချက်များ လက်ဆင့်ကမ်းမှုသည် ယခုမျိုးဆက်သစ်များထံသို့ ပါမလာနိုင်တော့ပြီဖြစ်သလို ခန္ဓာဗေဒအရ ခွဲခြားစည်းနှောင်ထားမှုအောက်တွင် သာတူညီမျှမှုနှင့် သည်းခံခြင်းဆိုသည့် နှစ်ဦးနှစ်ဘက် ယှဉ်တွဲနေထိုင်ရေးဝါဒမျိုးလည်း လူ့အဖွဲ့အစည်းထဲတွင် မတည်ဆောက်နိုင်သေးပေ။

"ပြောင်းလဲမှုသည် အစစ်အမှန်ဖြစ်ပေမယ့် အိမ်ထောင်သည် အမျိုးသမီးတဦးဟာ သူမရဲ့အချိန်များကို အားလပ်ချိန်တွေမှာ အိမ်အလုပ်များ

နှင့် ကုန်ဆုံးကောင်းကုန်ဆုံးမှာဖြစ်ပါတယ်။ ဒါမှမဟုတ်လည်း အိမ်အလုပ်နဲ့ဝင်ငွေရတဲ့ လုပ်ငန်းများကို တပြိုင်နက်တည်း လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ်လည်း အိမ်ထောင်မပြု ဘဲ ပုံစံကျယောကျ်ားတယောက်ရဲ့ အတွေးအခေါ်အတိုင်း သူမရဲ့အချိန်တွေကို မြှုပ်နှံဖို့ ရွေးချယ်ပါလိမ့်မယ်။ ဒီလို မတူကွဲပြားမှုတွေကြောင့် တခုလပ်၊ တလင်ကွာ၊ မုဆိုးမဖြစ်မှုဆိုသည့် အခြေအနေများကို ဆက်လက်ဖြစ်ပေါ်နေခြင်းကိုလည်း အမျိုးသမီးများအနေနဲ့ သူတို့ရဲ့အချိန်တွေကို သူတို့ဘာသာကုန်ဆုံးစေခြင်းသာ ဖြစ်တယ်ဆိုတာကို ဖော်ပြလာကြမှာဖြစ်ပါတယ်။ ဒီလိုအမြင် ရွေးချယ်မှုများအပေါ် နားလည်လာမှုဟာလည်း တိုးတက်လာနေပြီး ဒီနည်းလမ်းဟာ ရဲရင့်တဲ့ကမ္ဘာသစ်ဆီသို့ ကူးပြောင်းရန်အတွက် ငြင်သာတဲ့ နည်းလမ်းတခုဖြစ်ကြောင်းပြဆိုနေပါတယ်" [၁၁] ဟုဆိုပါသည်။

ရှေးအခါက လင်မယားကြားတွင် မပါသင့်၊ မပါကောင်းဟူ၍ ဆိုခဲ့ကြသည်။ ဝင်ပါလျှင် မိမိသာလျှင် အမုန်းပွားခံ ရမည်၊ ရုံးရောက် ဂတ်ရောက်လျှင် အချိန်ကုန်သည်၊ အလုပ်ရှုပ်သည်၊ အရှက်ရသည် စသည်ဖြင့် ပြောကြသည်။ သို့သော် ယနေ့အခါတွင် လူ့အခွင့်အရေးကို ကျယ်ကျယ်လောင်လောင် ပြောဆိုလာကြသည့်အတွက် လူတယောက်ကို ကိုယ်ပိုင်ပစ္စည်းသဖွယ် သဘောထားပြုမူခြင်းကို တတ်နိုင်သလောက် တားဆီးကာကွယ်မှုများ ပြုလုပ်လာကြရသည်။ ဥပဒေများကို တိတိပပ နားမလည်ချင်သာနေရမည် လူတယောက်အတွက် ပြောဆိုကာကွယ်ရမည့် အသိတရား ရှိလာကြသည့် ယဉ်ကျေးမှုတခု ထွန်းကားသင့်သလောက် ထွန်းကားနေပြီဖြစ်သည်။ ထို့ကြောင့်ပင် လူတဦးအား စော်ကားချင်တိုင်း စော်ကားနေသည့် အချိန်တွင် "ကြားသုံးကြားမဝင်ကောင်း" ဆိုသည့် အတွေးအခေါ်သည် မည်သည့်နည်းနှင့်မျှ ဆက်လက်မကျင့်သုံး သင့်တော့ချေ။ ဝင်ရောက် ဖြန်ဖြေခြင်း သို့တည်းမဟုတ် အကာအကွယ်ပေးခြင်းများကို တဦးတယောက်

[၁၁] Juanita H. Williams, "Psychology of Women-women's lives: Tradition and change, Selected Readings," Universtiy of South Florida, 1985.

က တစုံတရာပြေလည်မှု ရရှိရေးအတွက် ကြားကနေ၍ အပြုသဘော ဆောင်ကာ ဝင်ရောက် ဖြန်ဖြေပေးသင့်သည်။ လင်မယားချင်း ကြမ်းတမ်းစွာ ရန်ဖြစ်နေမှုတွင် ကိုယ့်ကိစ္စမဟုတ်ဘူးဆိုသည့် အပျက်သဘော ဆောင်သည့် အတွေးအခေါ်သဘောထားများ မရှိသင့်တော့ပေ။ အနည်းဆုံးဖြန်ဖြေပေးရန် အခက်အခဲရှိနေပါက မိမိအနေဖြင့် သက်ဆိုင်သည့်သူသို့တည်းမဟုတ် ၎တို့အပေါ် ဩဇာသက်ရောက်မည့်သူ တဦးဦးကို အကြောင်းကြား အသိပေးသင့်ပေသည်။

လင်နှင့်မယား စကားများရန်ဖြစ်သည်တွင် အရိုက်ခံရသူအများစုမှာ မိန်းမများသာဖြစ်သည်။ အချို့ယောကျ်ားများသည် ခွင့်မလွှတ်နိုင်ဖွယ်ရာ အပြစ်ကြီးကြီးမားမားရှိသည့် တရားခံသဖွယ် ကြမ်းတမ်းစွာဖြင့် ဒုတ်ခဲများအသုံးပြုကာ ရိုက်မောင်းပုတ်မောင်ပြုတတ်ကြသည်။ ဒါသည်ကိုပင်လျှင် လူအများက ဟာသသဖွယ်ပြက်ရယ်ပြု၍ အသားနာအောင် ရိုက်မှ မှတ်လောက်သားလောက်ရှိမည်။ နောက်တခါဆိုလျှင် ဒီလိုလုပ်ရဲပြောရဲ မည်မဟုတ် စသည်ဖြင့် ပြောတတ်ကြပြီး ရက်စက်ကြမ်းကြုတ်မှုကို အားပေးရာရောက်သည့် အခြေအနေမျိုးကို မသိမသာ တွန်းပို့တတ်ကြသည်။ သိရက်နှင့် ရိုက်မှ မှတ်သည်ဟူ၍ ပြောသည်လည်းရှိသည်။ အရိုက်ခံရသည့် အမျိုးသမီးသည် ထိုသို့ အရိုက်ခံရသည့်အတွက် နာကြည်းမည်သာဖြစ်သည်။ ရက်ရက်စက်စက် (အရိုးကွဲအောင်) ရိုက်မှတော့ မည်သည့်နည်းနှင့်မျှ အသဲထဲကစွဲ၍ ချစ်နိုင်မည် မဟုတ်ပေ။ ထိုသို့ အကြမ်းဖက်ခံရသည့် အမျိုးသမီးများသည် သူတို့၏ခံစားချက်များကို နှုတ်ဖြင့်ထုတ်မပြောသည့်တိုင်အောင် ရင်ထဲတွင်နက်နဲစွာ ခံစားနေကြရမည်ဖြစ်သည်။ အသားနာအောင် အရိုက်ခံရသဖြင့် ကြည်နူးပျော်ရွှင်ဝမ်းမြောက်လျက် လင်ဖြစ်သူကိုပို၍ ချစ်ခင်မြတ်နိုးရပါသည်ဟူသည့် အမျိုးသမီးမျိုး ရှိနိုင်ပါဦးမည်လော။

အကျဉ်းချုပ် တင်ပြရလျှင် အထက်တွင် ကောက်နှုတ်တင်ပြထားသော အဆိုအမိန့်စကားပုံများကို အခြေပြု၍ ကျင့်သုံးနေကြသော ပုံစံများသည် အမျိုးသမီးများကို နစ်နာစေပြီး အမျိုးသမီးများအပေါ် အကြမ်း

ဖက်ခြင်းကို ပို၍ အားပေးသည့် ‘နင်ပဲငဆ’ အတွေးအခေါ်မျိုးကိုသာပေးသည့် အပျက်သဘောဆောင်သည့် ဥပဒေများကို လက်လှမ်းမီသလောက် တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ရှေးထုံးအားလုံးကို ပယ်ရန် အားမပေးသော်လည်း အခြေအနေနှင့် အချိန်အခါကို ကြည့်၍ ပယ်သင့်သည်များကို ပယ်ဖျက်ရန် လိုအပ်ပေသည်။ ရှေးက ခေတ်၏တောင်းဆိုမှုအရ ယင်းအဆိုအမိန့်များကို ထားခဲ့ကြသည်ဆိုလျှင်လည်း ထိုခေတ်၏တောင်းဆိုမှုအပေါ် ထိုခေတ်ကလူတို့၏ စဉ်းစားမှုများဖြင့် ပုံဖော်လေ့ကျင့်ခဲ့ခြင်းသာဖြစ်သည်ဟု ထိုးထွင်းသိမြင်နိုင်ရပေမည်။

## အိမ်တွင်းအကြမ်းဖက်မှု ဟူသည့် ဝေါဟာရကို သုံးစွဲသင့် မသင့်

စစ်တမ်းနှင့် သုတေသနပြုချက်များအရ အမျိုးသမီးအများစုမှာ အကြမ်းဖက်ခံနေသလို အမျိုးသားများနှင့် အကြမ်းဖက်ခြင်းတည်း ဟူသော စကားလုံးကို ယှဉ်တွဲလျက်ရှိသည်မှာ ငြင်းစရာအချက် မဟုတ်ကြောင်းကို ပထမဦးစွာ ပြောချင်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်သည့်အခါ လင်ယောကျ်ားက ဇနီးဖြစ်သူအားရိုက်နှက်ခြင်း (သို့တည်းမဟုတ်) နာကျင်အောင် ပြုမူခြင်းများသည် အကြမ်းဖက်သည့် ပုံစံတမျိုးပင်ဖြစ်သည်။ သို့သော် အမျိုးသား အများစုနှင့် အမျိုးသမီးအများစုကြီးက “အကြမ်းဖက်ခြင်း” ဟူ၍ သုံးစွဲခြင်းကိုမကြိုက်၊ လင်နှင့်မယားအကြားဖြစ်ပေါ် သောကိစ္စရပ်အား “အိမ်ထောင်ရေးပြဿနာ” “မိသားစုပြဿနာ၊ အိမ်တွင်းရေးကိစ္စ” အဖြစ်သာ သတ်မှတ်စေလိုပြီး သာမာန်ကိစ္စရပ်အဖြစ်သာ ပြီးဆုံးစေလိုသည့် ဆန္ဒရှိကြသည်။ “အကြမ်းဖက်ခြင်း”ဆိုသည့် စကားလုံးသည် ကြမ်းတမ်းသည်၊ အပြစ်ပိုကြီးသည်ဟု အတွန့်တက်သည်လည်းရှိသည်။ တချို့ကြပြန်တော့လည်း လင်နှင့်မယား အခန့်မသင့်၍ ဖြစ်သည့်အတွက် ဖြစ်ရိုးဖြစ်စဉ် သဘောသဘာဝတခုအဖြစ်သာ လက်ခံလိုဟန်ရှိသည်။

ထို့ကြောင့်မိမိတို့ပတ်ဝန်းကျင်တွင် မိသားစုအရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှုဆိုသည့် စကားလုံးကို နားမယဉ်နိုင်ဘဲရှိကြသည်။ အမှန်

တကယ်တွင် အကြမ်းဖက်ခြင်းဆိုသည့် ဝေါဟာရထက်ကြမ်းသည့် အသုံးအနှုန်းများကို အချို့နေရာများတွင် သုံးနှုန်းကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ပစိဖိတ်ဒေသတွင် "နေအိမ်အတွင်း အမျိုးသမီးများအပေါ် ပြစ်မှုမြောက်နှိပ်စက်ညှင်းပန်းမှု" ဟူ၍ပင်ပြောဆိုကြသည်။ ဆိုလိုသည်က အိမ်တွင်းအကြမ်းဖက်မှုသည် ဥပဒေ ကြောင်းအရကို ပြစ်မှုမြောက်သည်ဟု ပြောဆိုထားပြီး ဖြစ်ပေသည်။ အကြမ်းဖက်သည်ဆိုသည့် စကားလုံးသုံးပြီး ပြစ်မှု ကျူးလွန်သူကို ကြိုးစင်တင်လို၍မဟုတ်။ အပြစ်ရှိသူကို လူ့အဖွဲ့အစည်းမှ ဒဏ်ခတ်ခြင်းဖြစ်ပြီး လူမှုအသိုင်းအဝိုင်းတွင် ယင်းသို့သော အပြုအမူများကို ခွင့်မပြုဆိုသည်ကို နားလည်ရန်လိုအပ်ကြောင်း ပြသခြင်းသာဖြစ်သည်။ တပြိုင်နက်တည်းတွင် အမျိုးသမီးတယောက်သည် လူသားတဦးဖြစ်သည်နှင့်အညီ သူ့ကိုလူအချင်းချင်းဆက်ဆံကြသလို ပြုမူဆက်ဆံရန်လို သည်။ ကြမ်းတမ်းသည့်အပြုအမူမျိုး ဆက်ဆံမှုမျိုးကို လူပီသသည့် လူအများကသော်လည်းကောင်း၊ သဘာဝတရားက သော်လည်းကောင်း၊ ခွင့်မပြုသည်ကို နားလည်ကြရမည်ဖြစ်သည်။ ဤနေရာတွင် "အိမ်တွင်းအကြမ်းဖက်မှုလား" "အိမ်တွင်းပြဿနာလား" ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ရန် လိုလာသည်။

## 'အိမ်တွင်း အကြမ်းဖက်မှုလား' 'အိမ်တွင်းရေး ပြဿနာလား'

ပြဿနာဆိုသည်မှာ လူတဦးနှင့် လူတဦးအကြား သို့တည်းမဟုတ် လူအုပ်စုတစုနှင့်တစုအကြား စသည်ဖြင့် အကြောင်းမျိုးမျိုးကြောင့် သဘောထားမတိုက်ဆိုင်၊ မညီညွတ်၊ မတူညီကြဘဲ တည်ရှိနေသော အခြေအနေတခုကို ပြဿနာဟူ၍ ခေါ်ဆိုနိုင်ပြီး အကြမ်းဖက်မှုဆိုသည်မှာ ယင်းပြဿနာ တနည်းအားဖြင့် ပဋိပက္ခအပေါ်အခြေခံပြီး လူတယောက် သို့တည်းမဟုတ် အုပ်စုတစုအပေါ် ရည်ရွယ်ချက်ဖြင့် ဒုက္ခရောက်အောင်ပြုလုပ်ခြင်းဟု ယေဘုယျ ခေါ်ဆိုနိုင်သည်။

## မဟာဖိုဝါဒ၊ ‘မယား’ ‘လင်’ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လိင်နှင့် လိင်အခြေပြု မိန်းမ၊ ယောကျ်ားဘဝ

မဟာဖိုဝါဒဆိုသည်မှာ အိမ်ထောင်တခုတွင်ဖြစ်စေ၊ အခြားသော လူ့အဖွဲ့အစည်းများ၏ ခေါင်းဆောင်နေရာများတွင် ထိပ်ပိုင်းမှခေါင်း ဆောင်နေရာများကို ယောကျ်ားများသာ တာဝန်ယူထားလိုသည့် အယူ အဆကို မဟာဖိုဝါဒဟု ခေါ်သည်။ ယင်းအပြင် အခြားသောနေရာနှင့် အခြေအနေများတွင် အမျိုးသားများသာ လုပ်ပိုင်ခွင့်ရှိသည်။ သူတို့သည် သာ အဓိကကျသည်ဟု စွဲမြဲစွာယုံကြည်၍ ယင်းအတွေးအခေါ်များကို အကောင်အထည်ဖော်ရန် ကြိုးစားရင်း အမျိုးသမီးများကို ဒုတိယတန်း စား လူတန်းစားတရပ်အဖြစ် သတ်မှတ်ကာ အာဏာပြခြင်းဖြင့် လုပ်ပိုင် ခွင့်ကို ကျော်လွန် အသုံးပြုခြင်းကို မဟာဖိုဝါဒဟုခေါ်သည်။

အခြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ မဟာဖိုဝါဒဆိုသည်မှာ ဖခင် များ၏ အာဏာဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး ယင်းအဓိပ္ပာယ်မှာ အမျိုး သမီးများအား လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်မှုမရှိအောင် အမျိုး သားများကသာလျှင် ဆုံးဖြတ်သည်ကို ခေါ်ဆိုသည်။[၁၂]

## ‘မယား’ ‘လင်’ အဓိပ္ပါယ်ဖွင့်ဆိုချက်

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အမျိုးသား၊ အမျိုးသမီးတို့သည် တရားဝင်လက်ထပ်ပြီးသောအခါ အကြင်လင်မယားဖြစ်လာကြ၍ “လင်မယား” ဟူသော ဝေါဟာရကို သုံးစွဲကြသည်။ လင်ဆိုသည်မှာ သားမယားကို ကြည်လင်စေတတ်၊ အစစအရာရာကို ပြည့်စုံလုံလောက် အောင် စောင့်ရှောက်ပေးတတ်၊ ရှာဖွေပေးတတ်သောကြောင့် ‘လင်’ ဟု ခေါ်သည်။

‘မယား’ ဆိုသည်မှာ လင်ကို ချစ်ခင်စေတတ်၊ မြတ်နိုးစေတတ်သော ကြောင့် “မယား” ယောကျ်ားတဦး၏ မယား ဖြစ်သွားလျှင် အခြားသော

[၁၂] Law for Pacific Women

ယောက်ျားများနှင့် သွားလာခွင့်မရှိသောကြောင့် 'မယား' ဟူ၍ ဘိသိက် မင်္ဂလာကျမ်းတွင် ဖွင့်ဆိုထားသည်။

## လိင်

လိင်ဟူသည် လူသားတို့တွင် မိမိတို့မိခင်များမှ မွေးဖွားပေးလိုက်သည့်အတိုင်း မွေးရာပါပါရှိလာသော သဘာဝ တရားဖြစ်သည်။ တနည်းအားဖြင့် လိင်ဆိုသည်မှာ မျိုးဆက်နှင့်ဆိုင်သော ကိစ္စများအတွက် လူသားတို့တွင် သဘာဝ အလျောက် အသီးသီး ပိုင်ဆိုင်သော ကိုယ်ပိုင်စွမ်းရည်လည်းဖြစ်သည်။ မွေးရာပါ သဘာဝအင်္ဂါရပ်အပေါ် မူတည်၍ 'မသတ္တဝါ' နှင့် 'ဖိုသတ္တဝါ'ဟူသော လူသားနှစ်မျိုးကို သတ်မှတ်ခြင်းဖြစ်သည်။[၃၃]

## လိင်အခြေပြု ယောက်ျား၊ မိန်းမဘာဝ

မွေးရာပါ ခန္ဓာဗေဒတည်ဆောက်မှုအရ အဖိုနှင့်အမ ဟူ၍ လိင်ကွဲပြားခြားနားခြင်းသည် ရုပ်သဘောအရ ပြုပြင်ပြောင်းလဲ၍မရသော ကမ္ဘာ့နိယာမတရားဖြစ်ပါသည်။ သို့သော် လိင်အခြေပြုမိန်းမ၊ ယောက်ျားဘာဝသည် မိမိကိုယ်ကို မသတ္တဝါ သို့မဟုတ် ဖိုသတ္တဝါ ဖြစ်သည်ဟူသော အဆက်မပြတ် စေ့ဆော်ခြင်းခံရမှုအပေါ်မူတည်၍ ဤစေ့ဆော်မှုအတိုင်း ပြုမူနေထိုင်ကျင့်ကြံခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် မိန်းမဘာဝသို့တည်းမဟုတ် ယောက်ျားဘာဝဆိုသည်မှာ လူ့ပတ်ဝန်းကျင်မှာ လိင်ကွဲပြားမှုအပေါ်အခြေခံ၍ ယောက်ျားမိန်းမဟူသော လူသားနှစ်မျိုးအတွက် သတ်မှတ်မျှော်လင့်ထားသော ဘောင်နှင့် ပုံစံအတွင်း ထိုလူသားနှစ်မျိုးပြုမူနေထိုင်ကျင့်ကြံခြင်းဖြစ်ပါသည်။ ထိုမိန်းမ၊ ယောက်ျားဘာဝဆိုသည်မှာ ပုံစံတခုတည်းအဖြစ် ရပ်တည်နေခြင်းမရှိပဲ ၎င်းလူသားနှစ်မျိုးနေထိုင်ရာ ပတ်ဝန်းကျင်နှင့် အချိန်ကာလ အပိုင်းအခြားအပေါ်မူတည်၍ ပြောင်းလဲမှုရှိသည်။[၃၄]

---

[၃၃] မြန်မာ့အမျိုးသမီးသမဂ္ဂ အမျိုးသမီးအခွင့်အရေးလက်စွဲ – ၂၀၀၂
[၃၄] မြန်မာ့အမျိုးသမီးသမဂ္ဂ အမျိုးသမီးအခွင့်အရေးလက်စွဲ – ၂၀၀၂




## အိမ်တွင်းအကြမ်းဖက်မှုများ နေရာတိုင်းတွင် ဖြစ်ပေါ်နေမှုများ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မဟာဖိုဝါဒသည် အမျိုးသမီးများအပေါ် နိုင်ထက်စီးနင်း ခွဲခြားဖိနှိပ်ထားမှုများကို လုပ်ပိုင်ခွင့်ပေးထားသ

လို ရှိနေသည်။ ယင်းကြောင့်ပင် အမှာ့အရှေ့၊ အနောက်၊ တောင်မြောက် မရွေး နေရာအတော်များများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု မျိုးစုံကို မြင်တွေ့ရပြီး အိမ်တွင်း အကြမ်းဖက်မှု များသည်လည်း ပုံစံအမျိုး မျိုးဖြင့် ဖြစ်ပေါ်နေလျက်ရှိသည်။ ဤနေရာတွင် နိုင်ငံအချို့မှ ဖြစ်ပေါ်နေ သည့် အခြေအနေအချို့ကို ကောက်နုတ်တင်ပြပါမည်။

## တောင်အာဖရိက

"ကျမအမျိုးသားက ကျမကို အမြဲတမ်းနှိပ်စက်နေကျပါ။ သူက မူး ယစ်ဆေးဝါးနဲ့ အရက်သုံးစွဲနေတာမို့ ကျန်းမာရေးလည်းမကောင်းဘူး၊ ကျမက ကက်သလစ်ဘာသာဝင်တယောက်ဖြစ်နေတာရယ် နောက်ပြီး တော့ ကျမတို့ရဲ့သားသမီး (၆) ယောက်ကို ငဲ့ညှာရတာတွေကြောင့် ကျမကို အိမ်ပေါ်ကမောင်းချတာတောင် ဆင်းမသွားခဲ့ဘူး။ ဘယ်ကိုမှသွားလို့မရ အောင်လည်း ကျမကို ကုတင်တိုင်မှာ ချည်လားချည်ရဲ့၊ နောက်ပြီး ဖုန်း လည်းပေးမဆက်ဘူး။ တခါကဆို ကျမကို တော် တော်လေး ဆိုးဆိုးဝါးဝါး ရိုက်တယ်။ ရိုက်တာမှ ခေါင်းကွဲအောင်၊ လက်ချောင်းတချောင်းကျိုးသွား အောင်ကိုရိုက်တာ။ ရေနွေးနဲ့လောင်းတယ်။ လျှပ်စစ်နဲ့တို့တာတွေလည်း ပါသေးတယ်။ ကျမတို့ မင်္ဂလာဆောင်တုန်းက ကျမယောကျ်ားကိုအ ကြမ်းမဖက်ဖို့၊ သဟဇာတဖြစ်အောင်နေဖို့ ရေးထားတဲ့စာတစောင်ကို တရားရုံးကနေ ကျမရခဲ့ပါတယ်။

ဒါပေမယ့်လည်း ခုလိုအကြမ်းဖက်မှုတွေဖြစ်လာတော့ ရဲတွေက ကျမ ယောကျ်ားကို သတိပေးတာလောက်ပဲ လုပ်ပေးနိုင်တယ်လို့ပြောတယ်။ ကျမ တို့ လင်မယားကွာရှင်းပြတ်စဲခဲ့တာ ၄ နှစ်ရှိပြီ။ ဒါပေမယ့် သူက ကျမ နောက်ကနေ တကောက်ကောက်လိုက်ပြီး နှောက်ယှက်တုန်းပဲ။ အိမ်ထဲ လာပြီး ကျမရဲ့ပစ္စည်းတွေ၊ ကလေးတွေရဲ့အဝတ်အစားတွေကို ခိုးယူတာ၊ ညဥ့်သန်းခေါင်ဆိုရင် လာပြီးအနှောင့်အယှက်ပေးတာတွေလေ။ ဒါနဲ့ ရဲက သူ့ကို နှစ်ခါသုံးခါဖမ်းတယ်။ ဒါပေမယ့် အခုဖမ်း အခုပြန်လွှတ်လာတာဘဲ။ ရဲကပြောတာကတော့ ကွာရှင်းပြတ်စဲပြီးသားဆိုတော့ သူတို့အနေနဲ့

များများစားစား မလုပ်ပေးနိုင်ဘူးတဲ့လေး။ ဒါနဲ့ ကျမလည်း ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလမှာ တရားရုံးကိုသွားပြီး ဒီလိုအနှောင့်အယှက်ပေးနေတာကို တရားရုံးက အမိန့်ထုတ် တားဆီးပေးဖို့ ပြောတယ်။

တရားရုံးစာရေးက သူတို့မလုပ်ပေးနိုင်ဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ အများသူငါလိုပဲ လွတ်လွတ်လပ် လပ်သွားလာနိုင်တယ်။ လောကကြီးမှာ လွတ်လွတ်လပ်လပ်နေထိုင်ပိုင်ခွင့်ရှိတယ်လို့ ပြန်ပြောခဲ့တယ်။ မကြာပါဘူး သူက မျက်နှာသုတ်ပါဝါတထည်ကို မီးရှို့ပြီး ပြတင်းပေါက်ကနေ ကျမအိမ်ထဲကိုပစ်ထည့်လိုက်တာ ခန်းစီးစကိုမီးစွဲပြီး အိမ်မီးလောင်တော့တာပါဘဲ။ အခုတော့ ပစ္စည်းဉစ္စာဖျက်ဆီးမှုနဲ့ သူထောင် ၂ လကျခံနေရပါပြီ။ [၁၅]

**မြန်မာ**

ကျန်ခဲ့တဲ့အပတ်မှာ တာချီလိတ်ကို ကျမရောက်ခဲ့တုန်းက ကျမ သူငယ်ချင်းကို သူ့ယောကျ်ားက သတ်လို့ သေသွားတဲ့ အမှုတခုဖြစ်ခဲ့တယ်။ သူ့ရဲ့ယောကျ်ားက သူ့ကိုမချစ်တော့ဘူး။ သူ့မှာလည်း ကိုယ်ဝန်ကြီးနဲ့၊ မကြာမကြာ သူတို့ ရန်ဖြစ်တတ်ကြတယ်။ ကျန်ခဲ့တဲ့ အပတ်တုန်းက သူ့ကိုရိုက်လည်းရိုက်တယ်၊ ဗိုက်ကိုလည်းကန်တယ်၊ အထဲကကလေး သေသွားပြီး သူလည်းသွေးတွေအများကြီးဆင်းတယ်။ နောက်သိပ်မကြာဘူး၊ ကျမသူငယ်ချင်း သေသွားတယ်။ ကျမသူငယ်ချင်းဟာ သူ့ယောကျ်ား သတ်လို့သေတယ်ဆိုတာက လူတိုင်းသိတယ်။ ဒါပေမဲ့ ဆရာဝန်ကိုပြောတာက အိမ်သာမှာ လဲကျပြီး သွေးတွေဆင်းတယ်လို့ ပြောခဲ့တယ်။ ဒါကြောင့် သေရတယ်လို့ပဲ ပြောခဲ့တယ်။ [၁၆]

---

[၁၅] Human rights Watch/Africa, Women Rights Project, "Violence Against Women in south Africa: State Response to Domestic Violence and Rape," November 1995.

[၁၆] Brenda Belak, "Gathering Strength: women from Burma on their Rights," Images Asia, Thailand, 2002.



### ဆိုလမွန်ကျွန်းစု

သူ့ရဲ့ရက်စက်မှုကို လက်ထပ်ပြီးတာနဲ့ ကျမစတင်ခံစားရပါတယ်။ ကျမက မိတ်ဆွေတွေနဲ့သွားလာလည်ပတ်ပြီး ဖော်ဖော်ရွေရွေ နေတတ်ပေမယ့် သူကပြန်မပြောနားမထောင်၊ ပြဿနာက သူများတွေနဲ့စကားပြောရင် မကြိုက်တာပါပဲ။ ပျော်ပွဲရွှင်ပွဲတွေ သွားရင်လည်း သူက ခွင့်မပြုဘူး။ အခြားလူသူတွေရှေ့မှာဆိုရင် စိတ်ရှိလက်ရှိ ရိုက်တတ်ပါတယ်။ ဒါပေမယ့် ကလေးတွေရှေ့မှာတော့ ဘာမှမလုပ်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူက အဖေကောင်းတယောက်အဖြစ် အမြင်ခံချင်တယ်လေ။ ရဲကလည်း ကျမတို့အခြေအနေကို ကူညီမပေးနိုင်ပါဘူး။ (၅) နှစ်လောက် ရိုက်နှက်လာခဲ့တာ တနေ့မှာ လူတွေရှုပ်ယှက်ခတ်နေတဲ့ သင်္ဘောတံတားရှေ့မှာ ကားကိုသစ်ပင်နဲ့ တိုက်ပစ်တဲ့အထိ နှစ်ယောက်စလုံးသေအောင် လုပ်ခဲ့ပါတယ်။ ကျမတော်တော်လေး လန့်သွားပြီး ကားပေါ်ကနေ ခုန်ချခဲ့ရတယ်။

အဲဒီတုန်းက ခုန်သာမချရင် ကျမသေသွားနိုင်တယ်။

ကျမလည်းမိသားစုအတွက် ပိုက်ဆံရှာဖွေစုဆောင်းခဲ့ရတာပါဘဲ။ ဒါပေမဲ့ ကျမတောင်းခွင့်မရှိဘူးလို့ထင်တာနဲ့ မတောင်းပဲ ပစ္စည်းတချို့ပဲ ယူပြီး အိမ်ကထွက်လာခဲ့ပါတယ်။ အရင်ကလည်း ဒီလိုမျိုးအကြိမ်များစွာ အိမ်ကဆင်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူကလည်းလိုက်ချော့ခေါ် ကျမကလည်း ဘယ်မှသွားစရာမရှိတာနဲ့ ပြန်လိုက်သွားခဲ့တယ်။ ကျမအနေနဲ့ ဒီမြို့မှာ ကိုယ့်ဟာကိုယ် ဘယ်လိုမှ အိမ်တလုံးဝယ်နေနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီကားနဲ့ သစ်ပင်ကို ဝင်တိုက်တဲ့ ပြဿနာဖြစ်ပြီးချိန်မှာ ကျမအိမ်ပေါ်က အပြီးအပိုင်ဆင်းလာခဲ့တယ်။

ပညာသင်ဆုရဖို့လျှောက်ခဲ့ပါတယ်။ ပြဿနာက ရက်စရာလို့ထင်တာမို့ ခဏလေးပဲဖြစ်ဖြစ် ဝေးဝေးမှာ သွားနေချင်ပါတယ်။ ကလေးတွေကို ကျမနဲ့မထည့်ပါဘူး၊ ကလေးတွေကိုခေါ်ဖို့ ကျမကြိုးစားခဲ့ပါတယ်။ သူက ကလေးတွေကို ခေါ်ပြီး ဝှက်ထားလိုက်တယ်လေ။ အတော်လေးကြာတော့မှ လူမှုစောင့်ရှောက်ရေးအဖွဲ့ရဲအကူအညီနဲ့ ကလေးတွေကို လေယဉ်ကွင်းကို ပို့ပေးခဲ့ပါတယ်။ လူမှုစောင့်ရှောက်ရေးအဖွဲ့ကို ရဲတွေက သေချာစောင့်ကြပ်ပေးခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျမလိုအမှုမျိုးမရှိဘူး။ များသောအားဖြင့် ဆိုလမွန်ယောက်ျားတွေက မိန်းမတွေကိုထားသွားတာပဲများတယ်။ အခုလိုမျိုးမရှိဘူး။

ကျမစာသင်ပြီး ပြန်လာတယ်။ ဒါပေမဲ့ ကိုယ့်ဘာသာကိုယ် မရပ်တည် နိုင်သေးပါဘူး။ ကျမအခုသူများနဲ့ နေပါတယ်။ တကယ်လို့ကလေးတွေကို တွေ့ချင်ရင် သူလာတွေ့လို့ရပါတယ်။ ကလေးတွေအတွက်တော့ ဘာမှမတောင်းခဲ့ပါဘူး။ နို့မို့ဆိုရင် ကလေးထိန်းသိမ်းရေးကိစ္စတွေ ဘာတွေ ဖြစ်နေမှာစိုးလို့။ ဒါပေမဲ့ တနေ့ကျရင်တော့ ကျမပြောမယ်၊ ဒါမှ သူမှာ တာဝန်ရှိတယ်ဆိုတာကို သူသိမှာ။ ကျမအခု အဖွဲ့တဖွဲ့မှာ အလုပ်လုပ်နေတယ်။ အိမ်တွင်းပြစ်မှုဆိုင်ရာ အကြမ်းဖက်တဲ့ကိစ္စရယ် မုဒိမ်းမှုနှင့်ဆိုင်တဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့ကို ကျမတို့စီစဉ်နေပါတယ်။ အမျိုးသမီးကိစ္စတွေကို ကျမစိတ်ဝင်စားတယ်။ သိပ်လည်းလုပ်ချင်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီဆိုလမွန်မှာ ကျမလိုပဲ အမျိုးသမီးတွေ ခံစားနေကြရလို့ပါ။ [၁၇]

## ထိုင်း

အသက်(၄၂) အရွယ် ပန်စရီသည် ဘန်ကောက်မြို့တွင် အသီးအနှံရောင်းသည့် လမ်းဘေးဈေးသည်တယောက် ဖြစ်သည်။ သူ၏ ပထမယောကျ်ားသည် သူမအသက် (၃၀) တွင် သေဆုံးခဲ့သည်။ သူမတွင်ကလေး ၃ ယောက်ကျန်ခဲ့ပြီး ကလေးများကို ဖခင်မရှိဘဲ မကြီးပြင်းစေချင်သည့်အတွက် သူ့ထက် အသက် (၁၈) နှစ်ကြီးသော စွန်ချိုင်းနှင့် အိမ်ထောင်ပြုခဲ့သည်။ ထိုအချိန်တွင် စွန်ချိုင်းသည် အိမ်ထောင် ၂ ခါကျဖူးပြီး သူ၏ အရင်အိမ်ထောင်အမျိုးသမီးတို့သည် သူ၏ အကြမ်းဖက်မှုဒဏ်ကိုမခံနိုင်တော့တဲ့အတွက်ကြောင့် ထွက်ပြေးသွားကြပြီဖြစ်သည်။ ပန်စရီနှင့်လက်ထပ်ပြီး (၁) နှစ် လောက်အကြာတွင် မျက်နှာကိုထိုးကြိတ်သည်။ နောက်ပိုင်းတွင်လည်း သူမကို တပတ်အတွင်း သုံးလေးကြိမ်ထိုးကြိတ်တတ်ပေသည်။

ဒုတိယမြောက် ကိုယ်ဝန်ရှိစဉ်တွင်ပင် ထိုးကြိတ်သည်။ သူမသည် စွန်ချိုင်းမူးလာတိုင်း နှိပ်စက်ခြင်းကိုခံရပြီး အခြားယောကျ်ားလေးများကို စကားပြောတယ်ဆိုတာနဲ့လည်း မနာလိုဖြစ်ကာ အစဉ်ရိုက်နှက်တတ်ပေသည်။ အိမ်နီး နားချင်းများက တွေ့မြင်သော်လည်း ဘာမှဝင်ရောက်ပြောဆိုခြင်းမရှိပေ။ ကလေးများမျက်နှာကို ငဲ့ကာ သူမသည် (၁၀) နှစ်လုံးလုံး ပေါင်းသင်းနေထိုင်ခဲ့ပေသည်။ သူမသည် သီးသန့်နေထိုင်ရန် ဆုံးဖြတ်ကာ ပြောင်းရွှေ့သည့်အခါ ပြန်မလာပါက လက်ကိုဖြတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။ သူငယ်ချင်းများနှင့် ဆွေမျိုးများ၏ တိုက်တွန်းချက်အရ သူမသည် လုံခြုံစိတ်ချရပြီး အခြားလူများလည်း ရှိနိုင်မည့်ဟု ထင်မှတ်သည့် သူ၏ အလုပ်နေရာတွင် တွေ့ဆုံရန်သဘောတူခဲ့ပါသည်။ ပန်စရီသည်

[၁၇] P.Imrana Jalal, "Lawfor Pacific Women: A Legal Rights Handbook," Fiji Women's Rights Movement, Suva, Fiji, 1998.

သူ၏ အလုပ်ခန်းသို့ ဝင်လိုက်သည်နှင့် စတင်၍ အကြမ်းဖက်ခြင်းကိုခံလိုက်ရသည်။ သူ့မိတ်ဆွေများက တွေ့သော်ငြားလည်း မိသားစုကိစ္စဟု သတ်မှတ်ကာ ဝင်ရောက်ပြောဆိုမှုမပြုကြပေ။ နောက်ဆုံးတော့ ပန်စရီသည် သူ၏ ယောက်ျားကို ဓါးသေးသေးဖြင့် ပြန်၍ ခုခံပေသည်။ စွန်ချိုင်းသည် ဒဏ်ရာရရှိကာ ထိုဒဏ်ရာ ဖြင့်ပင် မကြာခင် သေဆုံးသွားသည်။ ပန်စရီသည်လည်း ခဏထိန်းသိမ်းခံလိုက်ရသည်။ အရွယ်ရောက်လာသည့် သူမ၏ သားမှ သတင်းဌာနနှင့် အစိုးရထံ သနားခံစာများကို ရေးပို့ခဲ့သည့်အခါ သူမ၏အမှုသည် အိမ်တွင်းအကြမ်းဖက်မှု၏ အမှတ်အသားတခု ဖြစ်ခဲ့ပေသည်။ ပန်စရီသည် ရက်ပေါင်း (၇၀) အချုပ်ခံရပြီး နောက်ပိုင်းတွင် ကွင်းလုံးကျွတ်လွတ်လာခဲ့ကာ ယခုအခါတွင် အိမ်တွင်းအကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ကူညီသည့်အနေဖြင့် အကြံဉာဏ်များပေးနေပြီး အကြမ်းဖက်ခြင်းမှ ကင်းဝေးစေရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်နေပြီ ဖြစ်သည်။ [၁၈]

## အမေရိကန်

ကျမကိုနှိပ်စက်မယ့်သူနဲ့ စတွေ့တုန်းကတော့ အဆင်ပြေချောလို့မောလို့ပါပဲ။ အချိန်အတော်ကြာတဲ့အထိ ကျမတို့တွေ အတူနေခဲ့ကြတာ သိပ်မဆိုးပါဘူး။ အစပထမပိုင်းမှာ ကျမသူ့ကို ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ သူက ကျမကိုစပြီး ချုပ်ကိုင်ထိန်းချုပ်ဖို့လုပ်လာတဲ့အခါ ကျမစိတ်ဓါတ်တွေ ကျလာတော့တာပါပဲ။ ကျမလေ အကူအညီမဲ့နေတဲ့ ဓါးစာခံ တယောက်လို အထီးကျန်ဆန်ဆန်ခံစားခဲ့ရတယ်။ ကျမသိလိုက်တာက ကျမဟာ ဒုက္ခဝဲဂယက်ထဲမှာ ရောက်နေပြီဆိုတာပါပဲ။ အကြမ်းဖက်မှုလည်း မျိုးစုံပဲ။ နည်းနည်းချင်းကနေပြီး တိုးတိုးနှိပ်စက်လာတယ်။ ကလေးတွေလည်း အဲဒီဒုက္ခတွေကို မြင်တွေ့ခံစားခဲ့ကြတာပေါ့။

ကျမရဲ့နိုင်ငံသားကဒ်ကိုလည်း သိမ်းလိုက်ပြီး အတောမသတ်နိုင်တဲ့

---

[၁၈] Isabel Hortreiter, "Women's Human Rights in Southeast Asia," December 2001.

ခြိမ်းခြောက်မှုတွေကိုလည်း ထပ်ကာထပ်ကာ လုပ်လာတယ်။ နှိပ်စက်တာ ကြာလာတာနဲ့အမျှ ကျမလည်းကိုယ့်ကိုယ်ကို ယုံကြည်မှုတွေလျော့ပြီး လူတောမတိုးရဲ သလိုဖြစ်လာတယ်။ သူနဲ့မတွေ့ခင်က လုပ်နိုင်ကိုင်နိုင်တဲ့ ကိစ္စတွေတောင် ကျမမှာလုပ်နိုင်တဲ့အခြေအနေမျိုး မရှိတော့ဘူး။ ချက်ရေးပြုတ်ရေး၊ အိမ်သန့်ရှင်းရေးကိစ္စတွေမှာတောင် ကျမဟာ အသုံးမကျဖြစ်လာသလိုမျိုး သူကထပ်ခါ ထပ်ခါပြောလာတယ်။ ကျမရဲ့အထက်အရာရှိကို ကျမအလုပ်ချိန်ပြောင်းပေးဖို့ပြောရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူအိမ်မှာရှိနေတဲ့ အချိန်မှာ ကျမလည်း အိမ်မှာရှိနေပေးဖို့လိုတယ်လေ။ ပြောရရင် ကျမဟာ ကိုယ့်ကိုယ်ကို တိုးတက်အောင် သူ့အတွက် ကြိုးစားပေးနေရလို့ပါပဲ။ [၁၉]

## တလင်တမယားစနစ်နှင့် အိမ်ထောင်ရေး သရုပ်သဏ္ဌာန်



တလင်တမယားဆိုသည်မှာ ယောကျ်ားနှင့် မိန်းမရိုးမြေကျသေသည် အထိ ပေါင်းသင်းနေထိုင်ခြင်း (သို့မဟုတ်) လင်နှင့်မယား တယောက်ယောက် သေသွားသည့်အတွက် နောက်အိမ်ထောင်ပြုခြင်းသည်လည်း တလင်တမယား ပေါင်းသင်းခြင်းဟု မြန်မာ့အသိုင်းအဝိုင်းက လက်ခံနားလည်ထားသည်။

မြန်မာနိုင်ငံ၏ မိသားစုများ လက်ခံကျင့်သုံးလိုသော အိမ်ထောင်ရေး

---

[၁၉] US Department of Justice, "Understanding Domestic Violence."

ပုံသဏ္ဍာန်မှာ "တလင်တမယား" ပုံစံဖြစ်သည်။ ထို့ကြောင့်ပင် ဆိုရိုးစကားတခွန်းရှိခဲ့သည်။ အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး ဟူ၍ဖြစ်သည်။ မလုပ်နှင့် လုပ်ပြီးပါက ပြင်ရန်ခက်သည်ဟူ၍ ဖြစ်သည်။ သို့သော် ဤစနစ်တွင် အားသာချက်များ၊ အားနည်းချက်များရှိနေသည်။ အားသာချက်ဆိုသည်မှာ ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါကူးစက်ခြင်းအပြင် စိတ်၏ကျန်းမာရေး၊ ကိုယ်၏ကျန်းမာရေး နှစ်မျိုးလုံးကောင်းမွန်နိုင်သည်။ လူမှုရေးဘဝတွင်လည်း ပတ်ဝန်းကျင်၏ ကဲ့ရဲ့ရှုတ်ချမှုမှကင်းဝေးပြီး လူဘုံအလယ်တွင် မျက်နှာငယ်စရာမလိုဟု လက်ခံခဲ့ကြသည်။ ထိုသို့သော အားသာချက်များရှိသည်ကို ဒေါက်တာကျော်သက်ခိုင်က ...

"တလင်တမယား စနစ်ဟာ တရားမျှတတယ်။ ကိုယ့်ညီမ ကိုယ့်သမီး သူများအငယ်အနှောင်းဖြစ်နေတယ်ဆိုရင် ကိုယ်သဘောကျပါ့မလား၊ ဘယ်ဖြစ်စေချင်ပါ့မလဲ၊ ဒါရှင်းပါတယ်။ ကိုယ်မဖြစ်စေချင်တဲ့အတွက် ကိုယ်ချင်းစာတတ်ဖို့လိုတယ်။ တခါ ယောကျ်ားတယောက်မှာ မိန်းမတယောက်ရှိခြင်းသည် သဘာဝအရ လုံလောက်တယ်၊ မျှမျှတတရှိတယ်။ သားသမီးတွေကို လူတလုံးသူတလုံးဖြစ်ဖို့က မိဘဖြစ်တဲ့ဒီယောကျ်ားနဲ့ ဒီမိန်းမမှာ တာဝန်ရှိတယ်။ သားသမီးတွေကို ပြုစုစောင့်ရှောက်ဖို့ဆိုတာလည်း မိခင်ရင်း၊ ဖခင်ရင်းဘဲဖြစ်ဖို့လိုတယ်။ ဒီနှစ်ယောက်ပဲလိုတယ်။ သုံးယောက်မလိုဘူး။ နောက်မိခင်တယောက်ရှိဖို့ဆိုတာ မလိုအပ်ဘူး"[၂၀] ဆိုသည့်အမြင်ရှိသလို ယင်းအယူအဆအပေါ် ငြင်းချက်ထုတ်လိုသူများ လည်းရှိသည်။

"လင်နဲ့မယား လျှာနဲ့သွား" ဟူသည်မှာ လျှာနဲ့သွားကဲ့သို့ လင်မယား ၂ ယောက် တယောက်နှင့်တယောက် သဘောထားချင်း မတိုက်ဆိုင်ချိန်တွင် ပဋိပက္ခဖြစ်တတ်သည်ကို ဆိုလိုခြင်းသာဖြစ်သည်။ ဤသည်မှာ ကြုံတတ်မြဲ သဘာဝဖြစ်ပြီး ဤစကားပုံသည် လူသားတဦးမှ တခြားတဦးအပေါ် ကိုယ်ထိလက်ရောက် အနိုင်ကျင့် အကြမ်းဖက်ရန် အားပေး

---

[၂၀] ရွှေလက်မြဲမြဲတွဲနိုင်စေ (ကျော်သက်ခိုင်–ဆေးတက္ကသိုလ်)

သည့် စကားပုံမဟုတ်ပါ။ ဤသို့ ကြံ့ရမြဲဓမ္မတာကိုအခြေခံ၍ လူသား တဦးမှ အခြားလူသားတဦးကို အကြမ်းဖက် ရန်မလိုပါ။ သဘောထားချင်း မတိုက်ဆိုင်၍ ပဋိပက္ခဖြစ်လာသည့်အပေါ် လင်မယားကို(သို့မဟုတ်)လူ ယောက်ျားမှ လူမိန်း မကို ရိုက်နှက်ဆုံးမခြင်းအမှုမှာ လူသားဆန်သည့် ကိစ္စမဟုတ်သလို လူ့အဖွဲ့အစည်းမှ လစ်လျူရှုခွင့် သင့်သည့်ကိစ္စ မဟုတ်ပါ။ ဇနီးသည်ဆိုသည်မှာ ခင်ပွန်းသည်လူတယောက်၏ ပိုင်ဆိုင်မှု ရုပ်ဝတ္ထုမဟုတ်ပါ။ အရွယ်ရောက် လူသားမိန်း မသာလျှင်ဖြစ်၍ အဘယ် အကြောင်းကြောင့်နှင့်မှ လူယောက်ျားသားခင်ပွန်း၏ ရိုက်နှက်ဆုံးမခြင်း ကို ခံရစရာအကြောင်း မရှိပါ။ ရိုက်နှက်ဆုံးမခြင်းဆိုသည်မှာ (မည်သည့်အ ကြောင်းကြောင့်မဟူ) အကြမ်းဖက်ခြင်းသာဖြစ်ပြီး ရက်စက်ကြမ်းကြုတ် မှုမည် (အထမြောက်)ပါသည်။ ဥပဒေအရ ဤလူသားယောက်ျား၊ တနည်းဆိုသော် ခင်ပွန်းသည်အား အရေးယူနိုင်ရပါမည်။

မြန်မာနိုင်ငံရှိ အချို့ဥပဒေ ပုဒ်မများမှာ အမှန်တွင် အိုဟောင်းပြီး ခေတ်နှင့်မလျော်ညီတော့သလို အမျိုးသမီးများအား အကာအကွယ်ပေး ထားသည့် ဥပဒေသစ်များ ပြဋ္ဌာန်းသင့်ကြောင်းနှင့် ထိုသို့ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းစဉ်တွင် အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရေးဆွဲသင့် ကြောင်းကိုလည်း မြန်မာ့အမျိုးသမီးသမဂ္ဂမှ ခေါင်းဆောင်တဦးဖြစ်သူ မခင်ဥမ္မာက ဤသို့ ထောက်ပြပြောဆိုထားသည်။

“ဥပဒေဟာ သံလျှက်လိုအသွား ၂ ဖက်နဲ့မို့ ကျမတို့ အမျိုးသမီးတွေ ဟာ ကိုယ့်ကို ကာကွယ်ပေးမဲ့ ဥပဒေတွေကို ပြုစုရေးသား အဓိပ္ပါယ်ဖွင့်ဆို တဲ့ လုပ်ငန်းစဉ်တွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြဖို့ ကြိုးစားကြဖို့ အထူး အရေးတကြီး လိုအပ်ပါတယ်။ အထူးသဖြင့် မိမိတို့ဘဝတွေအတွက် အရေးကြီးတဲ့ ဥပဒေတွေကို အမျိုးသမီးဥပဒေပညာရှင်တွေ အမျိုးသမီး ရေးကို ထောက်ခံပံ့ပိုးတဲ့ ဥပဒေပညာရှင်တွေ၊ အမျိုးသမီးရေးလှုံ့ဆော် လှုပ်ရှားသူ ကျမတို့ အမျိုးသမီးအဖွဲ့အစည်း တွေနဲ့ လူထု လူတန်းစား အသီးသီးက အမျိုးသမီးတွေကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ပြီး ရေးဆွဲ နိုင်တဲ့ လုပ်ငန်းစဉ်တခုကို အနာဂတ်၊ လူ့အဖွဲ့အစည်းမှာ ကျမတို့တွေ

ကြူးစားပုံဖော်ဖို့ အရေးကြီးပါတယ်”။

သာယာနေသည့်အိမ်ထောင်ရေးတွင် ယင်းစနစ်သည် ကောင်းမွန်သလို အားသာချက်လည်းဖြစ်သည်ကို တွေ့မြင်ရနိုင်သည်။ “တလင်တမယားစနစ်သည် ပြဿနာနည်းသောမိသားစုတွင် ကန့်သတ်မှုမရှိသော်လည်း ပြဿနာ များသော မိသားစုအတွက် ကန့်သတ်မှုကိုဖြစ်စေပါသည်။ အိမ်တွင်းအကြမ်းဖက်ခံရသော အမျိုးသမီးတွင် မိမိသဘောဆန္ဒအလျောက် အိမ်မှ ထွက်သွားလိုလျှင်သော်လည်းကောင်း၊ အမျိုးသားနှင့်ကွာရှင်းလိုလျှင်သော်လည်းကောင်း၊ စိတ်နှောင့်အယှက်အမျိုးမျိုး ကိုချိုးနှိမ်၍ တလင်တမယားစနစ်ကို ဟန်ဆောင်ဂုဏ်တင်သမှုပြုနေရသော ကန့်သတ်မှုမျိုးကို ဖြစ်စေသည်ဟု မြင်မိသည်။” [၂၁]

ထို့အပြင် တချိန်လုံး ဆူပူရန်ဖြစ်ရိုက်နှက်မှုဖြစ်နေသည့် မိရင်းဖရင်းမိဘ ၂ ပါးနှင့်နေရခြင်းထက် အကြောက် အလန့်ကင်းဝေး၍အေးချမ်းတည်ငြိမ်သော မိသားစုဘဝမျိုးကသာ သားသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါသည်။ အမြဲတစေ စကားများပြဿနာတက်နေသော မိရင်းဖရင်းမိဘ ၂ ပါးကြား တထိတ်ထိတ်တလန့်လန့်နှင့် ကြီးလန့်စာစားနေရသကဲ့သို့ နေထိုင်ရသော သားသမီးများ၏ ဘဝကိုကြည့်ခြင်းအားဖြင့်လည်း တလင်တမယားစနစ်၏ အားနည်းချက်ကိုတွေ့မြင်နိုင်ပါသည်။

အချို့အိမ်ထောင်များတွင် ကွာရှင်းကြပါရန် သားသမီးများဖက်မှ တောင်းဆိုမှုများပင်တွေ့ရပါသည်။ မိဘက စိတ်မပျော်ရွှင်ဘဲ နေရသည့် အခြေအနေတွင် မည်သည့်ကလေးမှ ပျော်ရွှင်နေနိုင်မည်မဟုတ်ပေ။ ယောကျ်ားများသည် ဇတို့ လုပ်ကျွေးနိုင်ပါက မိန်းမကြိုက်သလောက်ယူခွင့်ရှိသလို၊ အိမ်တွင်းတွင် အနိုင်ကျင့် အကြမ်းဖက်ခံရသည့်သူတို့မှာ အမျိုးသမီးအများစုဖြစ်သည့်အတွက် ရေရှည်အိမ်ထောင်ရေးတည်မြဲနိုင်ပြီး လိုလားစွာ ပေါင်းသင်းနိုင်ရေးမှာ စဉ်းစားစရာ ဖြစ်လာသည်ကို တွေ့ရပေသည်။ မသာယာနိုင်တော့သည့် အိမ်ထောင်ရေးများအတွက် ဤစနစ်

[၂၁] Interview 3

က အလွှန်ပင် အကန့် သတ်ဖြစ်နေသည်ကို တွေ့ရသည်။

ထို့အပြင် လူနှစ်ယောက်တွင် နှစ်ကိုယ့်တစိတ် ဖြစ်ဖို့ဆိုသည်မှာ ခဲယဉ်းလှသည်။ မယူခင်က အဆင်ပြေမှုများသည် ယူပြီးသည့်အခါတွင် နားလည်မှု၊ သည်းခံမှုများ ပျောက်ဆုံးသွားသဖြင့်လည်း ဤသို့တယောက်နှင့်တယောက် ကိုယ်ထိလက်ရောက် ရန်ပြုကြခြင်းဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် တလင်တမယားပုံစံကို ကျင့်သုံးခွင့်မရရှိခြင်းကိုလည်း မိမိတို့ကြုံရသည်များရှိသည်ဟု ဆိုသူများလည်းရှိသည်။ “တလင်တမယားစနစ်ဟာ အိမ်ထောင်စုတိုင်း လိုက်နာကျင့်သုံးသင့်တဲ့ စနစ်တခုလို့ထင်ပါတယ်။ တလင်တမယားစနစ်ဟာ အမျိုးသမီးတွေကို ကန့်သတ်ထားသလို အမျိုး သားတွေကိုလည်း ကန့်သတ်ထားပါတယ်။ တလင်တမယားစနစ်ကို ဥပဒေနဲ့ပြဋ္ဌာန်းထားတာ မရှိပါဘူး။

မိသားစုဘဝ၊ အိမ်ထောင်ရေးဘဝတွေ ပိုမိုခိုင်မြဲစေဖို့ လူတွေရဲ့ အသိတရားနဲ့ထိန်းသိမ်းထားတဲ့ အထိန်းအကွပ် တခုဖြစ်ပါတယ်။ တလင်တမယားစနစ်ကို မြတ်နိုးတန်ဖိုးထားပြီး ကျင့်သုံးနေထိုင်နေတဲ့ မိသားစုများစွာ ရှိပါတယ်။ မိသားစု အတွင်းအကြမ်းဖက်မှုတွေကြောင့်ဖြစ်စေ အိမ်ထောင်ရေးမပြေလည်မှုကြောင့်ဖြစ်စေ၊ အခြေအနေအမျိုးမျိုးကြောင့် တလင်တမယားစနစ်ကို ကျင့်သုံးချင်ပေမယ့် ကျင့်သုံးခွင့်မရသူတွေလည်း ရှိပါ တယ်။”၂၂

မည်သို့ပင်ဖြစ်စေကာမူ တလင်တမယားပုံစံကို ကျော်လွှန်လိုသူများသည် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုဒဏ်ကို ခံရပေသည်။ အထူးသဖြင့် အမျိုးသမီးများမှာ လင်ယောက်ျားဖြစ်သူနှင့် ကွဲလိုသော် ပို၍ပြစ်တင်ပြောဆိုခံကြရသည်။ အကြောင်းမှာရှင်း၏။ ယင်းစနစ်ကို လူ့အသိုင်းအဝိုင်းက ကြိုက်နှစ်သက်လက်ခံလိုသည်ဖြစ်သော်လည်း ယနေ့လက်ခံကျင့်သုံးနေသည့်ပုံစံအရ အမျိုးသားများအတွက်မူ ချွင်းချက်များအဖြစ်ထားရှိသည့်ပုံစံဖြစ်ပြီး အမျိုးသမီးများကသာလျှင် ဤစနစ်ကို လက်ခံရမည်၊ အကောင်အထည်ဖော်ရမည်ဟု ဆိုသကဲ့သို့ ဖြစ်သည်။ ဆိုလိုသည်

---

၂၂ Interview 5

က အမျိုးသမီးများသည် လူ့အသိုင်းအဝိုင်းမှ လိုအပ်သည်ထက် ပိုမိုမျှော်လင့်ထားခြင်းခံကြရသောကြောင့်ဖြစ်သည်။

အနှိပ်စက်ခံရသော်လည်း အမျိုးသမီးများသာ သည်းခံပေါင်းသင်းရန်လိုအပ်သည်။ လင်မယားကွဲခြင်းကို မည်သူကမျှ လက်ခံလိုသည့်သဘောမရှိပေ။ ထို့ကြောင့် ဤစနစ်သည် ကောင်းသည်မှန်သော်လည်း အမျိုးသမီးများအတွက် ဖိနှိပ်လိုသော ယုံကြည်မှုပုံစံစနစ်များဖြင့် ချည်နှောင်ထားသော နှောင်ကြိုးတချောင်းသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးအများစုမှာ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံကြရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ယင်းစနစ်သည် အမျိုးသမီးများအတွက် အမြဲတမ်းမှန်ကန်ပါ၏လော၊ တရားပါ၏လောဆိုသည်မှာ မေးခွန်းတခုဖြစ်လာသည်။ လင်မယားတို့၏ ထုံးစံအတိုင်း စကားများရန်ဖြစ်သည်မှာ မဆန်း။ သို့သော် ရန်ဖြစ်နေစဉ်အတွင်း လင်ယောက်ျား၏အပြုအမူနှင့် အခြားသော နှိပ်စက်မှုများသည် မယားအတွက် တလင်တမယားစနစ်က ရုန်းမထွက်နိုင်အောင် ချည်နှောင်ထားသည်ကို မစုနှင့် ကိုစိုး၏အမှုကိုကြည့်ခြင်းအားဖြင့်လည်း သိနိုင်သည်။

မစုသည် ကိုစိုးနှင့် ၁၀ တန်းတက်နေရင်းနှင့် အိမ်ထောင်ကျသည်။ မစုက ရိုးအေးပြီးစိတ်ထားနူးညံ့သည်။ အေးအေးဆေးဆေးနေတတ်ပြီး အိမ်အလုပ်ကို တကုပ်ကုပ်လုပ်တတ်သည်။ စကားပြောလျှင် လေသံဖြင့် ညင်ညင်သာသာပြောသည်။ အော်ကြီးဟစ်ကျယ်ဆိုသည်မှာ ရှက်စရာဟု မှတ်ယူသူ။ ကြောက်လည်းအလွန်ကြောက်တတ်သူ။ ကိုစိုးကတော့ သူနှင့် ဆန့်ကျင်ဘက်၊ စိတ်ကဒေါသကြီး၍ အိမ်ဦးနတ်ပုံစံမျိုး အစဉ်ဖြစ်ချင်၏။ သူသည် မကြာခဏဆိုသလို ရန်ဖြစ်တတ်၏။ ရန်ဖြစ်သည်မှာ ရိုးရိုးမဟုတ်။ အစဉ် ဒုတ်၊ ဓါးပါခြင်းဖြစ်၍ သွေးထွက်သံယို အမြဲကြုံရတတ်၏။ ထို့အပြင် မိန်းမတယောက်နှင့်လည်း ရှုပ်မိ၍ မစုသိသွားပြီးပြဿနာဖြစ်ဖူး၏။ ကိုစိုးသည် မယားနှင့်ကျီစယ်နေရင်းကပင် စိတ်ဆိုးလာတတ်ကာ ထရိုက်တတ်၏။ တွေ့ရာနှင့်ပေါက်၏။ ဆံပင်ကို ဓာတ်ဆီဖြင့်လောင်း၏။

သေနတ်နှင့်ပစ်ရန်ပင် လုပ်ဖူး၏။ သတ်ရန်လည်း အကြိမ်ကြိမ်ခြိမ်းခြောက်၏။ မစုမှာ ကြောက်လွန်း၍ ဘာလုပ်ရမှန်းမသိ။ ဘေးလူတွေကိုလည်း မပြောရဲ။ ပြဿနာဖြစ်တိုင်း ခံနေရသော မစုသည် တကြိမ်တခါတွင်တော့ အော်ဟစ်ဆဲဆိုသည်အထိ ဖြစ်ခဲ့ဖူးသည်။ ကွဲရန်လည်းဆိုသည်။ နောင်ပြဿနာဖြစ်တိုင်းတွင် ကွဲရန်ပြောသည်။ လူကြီးများကမကွာပေး။ သည်းခံ ပေါင်းသင်းရန်သာဆို၏။ မစုသည် ယနေ့အချိန်အထိ သူ့ယောကျ်ားနှင့် ပေါင်းသင်းနေရသော်လည်း စိတ်ဆင်းရဲခြင်းဖြင့်သာ နေနေရပေသည်။ ဤနေရာတွင် မစု၏အခြေအနေကို တင်ပြနေခြင်းသည်လင်ကိုကွဲပြီး နောက် အိမ်ထောင်ယူရန် ပြောနေခြင်းမဟုတ်ပေ။ ဆိုလိုသည်က သူမအနေဖြင့် အေးဆေးစွာ မိဘများနှင့်ပြန်နေလိုသော်လည်း နေခွင့်မရဘဲ စိတ်ဆင်းရဲခြင်းဖြင့် ပေါင်းသင်းနေရသည်ကို တင်ပြခြင်းဖြစ်သည်။

## သင်၏ ခင်ပွန်းသည် ဘယ်လိုလူစားမျိုးလဲ

မသာမယာဖြစ်နေသည့် အိမ်ထောင်တခုတွင် လင်ယောကျ်ားဖြစ်သူသည် ဇနီးသည်အပေါ်တွင် အမူအယာဖြင့် ကြောက်လန့်အောင်ဖြစ်စေ၊ တစုံတခုကို ဖျက်ဆီးသည့်နည်းဖြင့်ဖြစ်စေ၊ ဇနီး၏ ကိုယ်ပိုင်ပစ္စည်းကို ဖျက်စီးခြင်းဖြင့် ဖြစ်စေ၊ တိရစ္ဆာန်သဖွယ် အနိုင်ကျင့်ခြင်း၊ လက်နက်တခုခုပြသခြင်း၊ နှိမ်၍ဆက်ဆံခြင်း၊ ဇနီးကို အသုံးမကျသည့် ပုံစံမျိုးဖြစ်အောင် အများရှေ့တွင်ပြောဆိုခြင်း၊ အရူးတယောက်သဖွယ် ပြုမူဆက်ဆံခြင်း၊ စိတ်အနှောင့်အယှက် အမျိုးမျိုးပေးခြင်း၊ အရက်တကွဲဖြစ်အောင် ပြုလုပ်ခြင်း၊ အပြစ်ရှိသည့် ပုံစံဆက်ဆံခြင်း၊ ဘယ်သွားသွား၊ ဘာလုပ်လုပ် လိုက်ထိန်းချုပ်ခြင်း၊ လူမှုနယ်ပယ်တွင် ပါဝင်ဆောင်ရွက်မှုကို ကန့်သတ်ခြင်း မနာလို ဝန်တိုခြင်း၊ တဖက်၏ စဉ်းစားချက်များကို အလေးမထားခြင်း၊ အကြမ်းဖက်မှုမလုပ်ဖူးပါဘူးဟု ငြင်းပယ်ခြင်း၊ အကြမ်းဖက်မှုကျူးလွန်ခဲ့သည့်အတွက် တာဝန်ယူလိုစိတ်မရှိခြင်းနှင့် မိန်းမကသာ ပြဿနာကိုဖန်တီးသည်ဟု ဆိုတတ်ခြင်း၊ ကလေးများနှင့်ပတ်သက်၍လည်း ဇနီးသည်ကိုသာ အပြစ်ဖို့တတ်ခြင်း၊ ကလေးများကို မဟုတ်မမှန်သည့် အပြောမျိုး

ပြောဆိုခြင်းတို့ ပြုလုပ်နေလျှင် ဇနီးသည်အနေဖြင့် သာယာသော အိမ်ထောင် တခုတည်ဆောက်နိုင်ရန် ဆိုသည့်မျော်လင့်ချက်မျိုးဖြင့် တဖက်သတ်ကြိုးစားရန် အခက်အခဲများစွာ ဖြစ်သွားတတ်သည်။

ကလေးများကို အဝေးသို့ခေါ်ဆောင်သွားရန် ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ အလုပ်မရအောင်တားမြစ်ခြင်း၊ အများထံတွင်ငွေတောင်းခိုင်းခြင်း၊ သုံးစွဲရန်ငွေကို နည်းနည်းချင်းသာပေးခြင်း၊ မိန်းမ၏ငွေကို ယူဆောင်သိမ်းဆည်းထားခြင်း၊ ဇနီးဖြစ်သူကို ငွေနှင့်ပတ်သက်၍ အသိမပေးခြင်း၊ ကျွန်တယောက်သဖွယ် ပြုမူဆက်ဆံခြင်း၊ အရေးကြီးသည့် ဆုံးဖြတ်ချက်ကို ဒဘာသာချခြင်း၊ အိမ်ဦးနတ်သဖွယ်ပြုမူ၍ ထင်ရာစိုင်းခြင်း၊ ယောကျ်ားအလုပ် မိန်းမအလုပ် စသည်ဖြင့် သတ်မှတ် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ နေအိမ်မှ ထွက်ခွာသွားအောင်ပြုလုပ်ခြင်း၊ တရားမဝင်အလုပ်များကို လုပ်ခိုင်းခြင်း စသည်တို့ကို သင်၏ ယောကျ်ားအနေဖြင့် ပြုလုပ်ပါက သင်၏အိမ်ထောင်ရေးတွင် လင်ယောကျ်ားဖြစ်သူသည် အာဏာကို အသုံးပြု၍ နေရာတကာတွင် ထိန်းချုပ်သူ ဖြစ်သည်ကို သိသင့်ပေသည်။

သာယာနေသည့် အိမ်ထောင်တွင် လင်ယောကျ်ားဖြစ်သူသည် ပြဿနာတခုခုဖြစ်လာပါက နှစ်ဦးနှစ်ဖက်စလုံး စိတ်ကျေနပ်နိုင်သည့် ဆုံးဖြတ်ချက်မျိုးကို ရှာဖွေခြင်း၊ ပြောင်းလဲမှုကို လိုလားခြင်း၊ ညှိနှိုင်းဖြေရှင်းမှုကို လက်ခံလိုစိတ်ရှိခြင်း၊ စကားလက်ဆုံပြောခြင်းနှင့် နားလည်အောင် ရှင်းပြပြောဆိုခြင်းဖြင့် တဖက်သားအပေါ်တွင် သက်တောင့်သက်သာဖြစ်စေပြီး လုံခြုံမှုကိုရရှိစေကာ စိတ်ချလက်ချနှင့် အလုပ်လုပ်ကိုင်နိုင်စေ ခြင်းမျိုး၊ တဘက်သားအပေါ်တွင် နားလည်ပေးတတ်ခြင်း၊ မတူညီသည့် သဘောထားအမြင်များအပေါ် အလေးထားတတ်ခြင်း၊ ရည်မှန်းချက်အတွက် အထောက်အကူပြု ကူညီခြင်း၊ အခွင့်အရေးများဖြစ်သည့် ကိစ္စ များကို လေးစားတန်းဖိုးထားခြင်း၊ (ဥပမာ သင်၏လုပ်ဆောင်မှုများ) တာဝန်ယူလုပ်ရမည့် ကိစ္စမျိုးကို လက်ခံလိုစိတ်ရှိခြင်း၊ အကြမ်းဖက်မှုပြုခဲ့သည်ကို ဝန်ခံလိုခြင်း၊ အမှားကိုဝန်ခံခြင်း၊ ပွင့်ပွင့်လင်းလင်း အဆက်သွယ်ပြုလုပ်ခြင်းနှင့် တဖက်သားအပေါ် ယုံကြည်မှုထားရှိခြင်း၊ အလုပ်

လုပ်ရာတွင် ခွဲဝေလုပ်ကိုင်ခြင်း၊ မိသားစုရေးရာကိစ္စကို အတူတကွဆုံး ဖြတ်ချက်ချခြင်း၊ ငွေကိုအတူတကွ ဆုံးဖြတ်၍ ခွဲဝေသုံးစွဲခြင်း၊ ခွဲဝေသုံးစွဲမှု မှ နှစ်ဦးစလုံး သုံးစွဲ ခွင့်ရနေသည်ကို သေသေချာချာပြုလုပ်ခြင်း စသည့် အပြုအမူများကို ပြုလုပ်ပါက သင်၏အိမ်ထောင်ရေးသည် တန်းတူညီမျှမှု ဆိုသည့် အခြေခံအပေါ်တွင် တည်ဆောက်ထားသဖြင့် အိမ်ထောင်သာ ယာ နေသည်ဆိုသည်ကို သတိပြုသင့်ပေသည်။ ဤသို့သော အိမ်ထောင် ရေးများတွင် စိတ်ပျော်ရွှင်မှုများဖြင့် နေနိုင်ကြမည်မှာ အမှန်ဖြစ်သည်။

## အိမ်ထောင်ကွာ ရှင်းခြင်း

အိမ်ထောင်ပြုရန်ခက်သလို အိမ်ထောင်ပြုပြီးကွဲရန်ဆိုသည်မှာ ပိုမို ခက်ခဲသည်ဆိုလျှင် မမှားနိုင်ပေ။ ထို့ကြောင့်ပင် စလေဦးပုညက ဒွေးချိုး စပ်ရာတွင် "အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး မပိုင်လျှင် နောင်ပြင် ရန်ခက်သည့်အမျိုး" ဟူ၍ဆို၏။ ဆိုလိုသည်က ဤ သုံးမျိုးသည် ပြုလုပ်ပြီးဖြစ်ပါက နောင်အခါ ပြင်ရန် အလွန်ခက်သည့် သဘောကို ဆိုလိုသည်။ အိမ်ထောင် တည်ပြီးပါကလည်း ဈေးမှဟင်းရွက်၊ ကန်စွန်းရွက်ဝယ်လာသလိုမျိုး သဘောထား၍မရပေ။ ညှိကြရသည်။ တ ယောက်သဘောထား တယောက်တီးခေါက်၍ မိမိတို့လိုချင်သည့်ပုံစံမျိုး ပြုလုပ်ကြရသည်။ သမမျှတအောင်ပြုကြရသည်။ ကိုယ်ပိုင်ဆိုင်သော သက်မဲ့ပစ္စည်းသဖွယ် တယောက်နှင့်တယောက် ပြုမူကျင့်ကြံ၍မရ၊ တော် ရုံတန်ရုံ ပြဿနာများသည် လင်နှင့်မယားစကားများပြီး ပြီးဆုံးသွား သည့် ပုံစံဖြစ်နိုင်သော်လည်း အချို့သော အခြေအနေများတွင် ကိုယ်ထိ လက်ရောက်ဖြစ်လာနိုင်သလို စိတ်ခံစားမှုများ မွန်းကြပ်ပြီး အကြမ်းဖက် ခြင်း အဆင့်ထိရောက်သွားတတ်သည်။ တခါတရံတွင် ယောကျ်ားများ အနေဖြင့် လက်ဖြင့်နှိပ်စက်ယုံနှင့် အားမရသေး၊ နှုတ်မှလည်း "ယောကျ်ား ပဲလေ့ကားသုံးထစ်ဆင်းရင် လူပျိုဖြစ်တာပဲကွ" ဟူ၍ ကြေးကျော်တတ် ကြသေးသည်။

အကြမ်းဖက်မှုပြဿနာသည် အိမ်ပြင်ပထက် အိမ်တွင်းတွင် ပို၍

အဖြစ်များသည်ကိုလည်း စစ်တမ်းများအရ သိရသည်။ ဆိုလိုသည်က လူမသိနိုင်သည့် နေရာများတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ယင်းကိုလည်း လူတို့က သိသာထင်ရှားသည့်ပြဿနာတရပ်အဖြစ် မသိနိုင်ပေ။ လုံခြုံမှုရှိမည်ဟု မှတ်ယူသော အိမ်တွင်းစည်းဝိုင်းအတွင်းတွင် အတူပေါင်းသင်းနေရသည့် တစိမ်းတယောက် ဒါမှမဟုတ် မိမိ၏အနီးစပ်ဆုံး အိမ်ထောင်ဖက်တို့၏ ခြောက်လှန့်မှုများကို အမျိုးသမီးများ အစဉ်သဖြင့် ခံစားနေကြရသည်။ အိမ်ထောင်ရေး ပြဿနာတိုင်းတွင် အမျိုးသမီးများ (ဇနီးများသည် အရိုက်အနှက်ခံရသည်ကများသည်။ ပြဿနာဖြစ်သည့်အချိန်တွင်သော်လည်းကောင်း၊ ဖြစ်ပြီးသည့်အချိန်တွင်သော်လည်းကောင်း၊ အိမ်တွင်းကိစ္စဟူသည့် စည်းခြားခြင်းခံရသည့်အတွက် တိုင်ပင်စရာ၊ ရင်ဖွင့်စရာ အားကိုးစရာများ မရှိသလောက်လည်းဖြစ်နေကြသည်။

အထက်တွင် တင်ပြခဲ့သလို မသင့်မြတ်ကြ၍ အိမ်ထောင်ကွဲချင်သော်လည်း အိမ်ထောင်ကွဲရန်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် မဖြစ်နိုင်ပေ။ အကြောင်းမှာ ဇနီးသည်တို့တွင် လုံလောက်သော ငွေကြေးမရှိခြင်း၊ ဖေးမ ကူညီမည့်သူ မရှိခြင်း၊ ဝန်းကျင်တွင် ဤသို့သောကိစ္စရပ်များကို မည်သူကမျှ လူသိရှင်ကြားပြောဆိုမှုမရှိခြင်း၊ ကွဲပါက အမျိုးသမီးကသာလျှင် မှားသည့်ပုံစံဖြင့် သိက္ခာကျအောင် တဖက်သတ်ပြောဆိုခံရခြင်း၊ ကလေးများမိဘမဲ့ မကြီးပြင်းစေလိုခြင်း၊ လူမှုအသိုင်းအဝိုင်း၏ ပစ်ပယ်ခြင်းခံရမည်ကို ကြောက်ရွံ့ခြင်းအစရှိသည်တို့သည် အကြမ်းဖက်ခံ အမျိုးသမီးများစွာအား အိမ်ထောင် မကွဲစေနိုင်သော အကြောင်းများပင် ဖြစ်သည်။ စိတ်ဖိစီးမှုများ နှစ်ရှည်လများ ဖြစ်လာသောအခါ ဇနီးသည်များ၏ သည်းခံနိုင်မှုသည် လျော့နည်းလာပြီး ကွဲလိုသည့် ဆန္ဒဖြစ်လာလေ့ရှိတတ်ကြသည်။ ထိုအခါမျိုးတွင် မိမိဝန်းကျင်တွင် အိမ်ထောင်ရေးပြဿနာကြောင့် ကွဲကြသည့်အိမ်ထောင်သည်ဟူသည်မှာ မရှိသလောက် နည်းပါးသဖြင့်လည်း ရုံးရောက်ဂတ်ရောက် ဟိုလေးတကျော် ဖြစ်ရန်လည်း ဝန်လေးတတ်ကြသည်။

ချစ်၍ကြိုက်၍ လက်တွဲခဲ့ပြီးမှ အကြောင်းမတိုက်ဆိုင်၍ လက်တွဲဖြုတ်

ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်သည်ကို အိမ်ထောင်ရေးပြဿနာရှိသည့် အမျိုးသမီးတိုင်း နားလည်ခံစားတတ်ကြသည်။ ထို့ကြောင့်လည်း မိမိတို့ သူငယ်ချင်း၊ မိတ်ဆွေများထဲမှ တစုံတဦးသည် ထိုသို့ခံစားနေရပြီဆိုလျှင် သည်းခံပေါင်းဖို့သာ တိုက်တွန်းတတ်ကြသည်။ ဤပြဿနာသည် သေလောက်သည့် ပြဿနာမဟုတ်၊ အားလုံး ဒီလိုချည်းပါဘဲဟုသာ နှစ်သိမ့်ကြစမြဲ။ စစ်တမ်းများအရ အမေရိကန်တွင် လူမှုရေးနှင့် စီးပွားရေးပြဿနာအဖြစ် အိမ်ထောင်ကွာရှင်းခြင်းသည် နံပါတ် (၁)နေရာတွင် တည်ရှိနေခဲ့ပြီး ကလေး ၄ ပုံ ၁ ပုံမှာ မိခင်များ၏ ထိန်းချုပ်မှုဖြင့်သာ ကြီးပြင်းလာရသည်ဟုဆိုပါသည်။

ဤသို့ပြောဆို၍ အမေရိကန်အမျိုးသမီးများ နောက်အိမ်ထောင်ပြုလိုကြ၍ ဖြစ်မည်ဟု မမှတ်ယူစေလို၊ ၎တို့နိုင်ငံတွင် အရှေ့နိုင်ငံများထက် လိုအပ်မှုများကပိုသလို အခွင့်အရေးကိစ္စများကိုလည်း ပိုမိုအလေးထားကြသည်။ ဥပမာ အားဖြင့်ပြောရလျှင် မယူခင်အတူနေထိုင်မှု ကိစ္စမျိုးဆိုသည် အနောက်နှင့် ဥရောပနိုင်ငံများတွင် အဆန်းမဟုတ်ပေ။

မယူခင်က ၎တို့ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်၍ မိမိကိုယ်ပိုင်လွတ်လပ်ခွင့်ဖြင့် နေထိုင်ခြင်းကို မည်သူကမျှ ပြစ်တင်ရှုတ်ချမည်မဟုတ်သလို လူတယောက်၏အခွင့်အရေးကို လေးစားသောအားဖြင့် မည်သူကမှလည်း ဝင်ရောက် စွက်ဖက်မည်မဟုတ်ပေ။ ရံဖန်ရံခါတွင် အိမ်ထောင်ကွာရှင်းလိုခြင်းကို ပြစ်မှုကြီးသဖွယ် ပတ်ဝန်းကျင်မှ ပြောဆိုဝေဖန်တတ် ကြသည်။ နှိပ်စက်နေသည့် လင်ယောက်ျားကို ပြစ်မှုမြောက်ရက်စက်နေသည်ဟု မည်သူကမျှ မမြင်တွေ့နိုင်သလို နားလည်နိုင်မည်လည်းမဟုတ်သဖြင့် ပြန်လည်ပေါင်းသင်းရေးကိုသာလျှင် အဓိကဦးတည်၍ ဖိအားပေးရမည့် လှုံ့ဆော်မှု တခုအဖြစ် လက်ခံနေတတ်ကြသည်။

'လင်နှင့်မယား လျှာနှင့်သွား' ဟု အဆိုရှိသည်မှန်သော်လည်း လင်က မယားအားရိုက်ခြင်းမှာ ရက်စက်ကြမ်းကြုတ်ရာ ရောက်မရောက်ဆိုသည့်ကိစ္စကို ဥပဒေပညာရှင် ဦးကျော်ဇေယျက ပြောကြားရာတွင် "ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှုဆိုသည်မှာ ကိုယ်ခန္ဓာကိုသော်လည်း

ကောင်း၊ ကျန်းမာရေးကိုသော်လည်းကောင်း သို့တည်းမဟုတ် အန္တရာယ် ဖြစ်စေလိမ့်မည်ဟု စိုးရိမ်မကင်းဖြစ်စေသည့် ပြုမူချက်ကိုဆိုလိုသည်။ တခါ တရံ သဘောထားခြင်းမတိုက်ဆိုင်သဖြင့် ပဋိပက္ခဖြစ်ကာ စိတ်လိုက်မာန် ပါ လင်ကမယားကို ရိုက်နှက်ဆုံးမခြင်းမျိုးကို ဥပဒေအရရက်စက်ကြမ်း ကြုတ်မှု ကျူးလွန်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်သော်လည်း မကြာခဏ လင်က မယားအား ရိုက်နှက်ခြင်း၊ ဆံပင်ဆွဲခြင်း စသည့် ပြုမူချက်များကို ပြုလုပ်ခဲ့ပါလျှင် လင်ဖြစ်သူသည် ဥပဒေအရ ရက်စက်ကြမ်းကြုတ်မှု ကျူး လွန်ခဲ့သည်ဟု မှတ်ယူနိုင်သည် ဟုဆိုသည်။ [၂၉]

ထိုအပြင် ဥပဒေအရလည်း အိမ်ထောင်ကွာရှင်းရန်အတွက် အခက် အခဲများစွာရှိနေတတ်ပြီး ကွာရှင်းရန် အဓိကအကြောင်းရင်း သုံးမျိုးရှိရ မည် ဆိုထားပါသည်။

(၁) နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း
(၂) လင်ဖြစ်သူ ရဟန်းပြုခြင်း
(၃) အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းတို့ဖြစ်သည်။

ဥပဒေတွင် ပါဝင်ပြဋ္ဌာန်းထားခြင်းမရှိသော အခြားအခြေအနေများ တွင်လည်း အိမ်ထောင်ကွာရှင်းခြင်းသည် အတားအဆီးဖြစ်နေတတ်ပြန် သည်။ မည်သို့ပင်ဆိုစေကာမူ အိမ်ထောင်ကွာရှင်းလိုခြင်းကို မှားသည်ဟု မယူဆနိုင်သော်လည်း အိမ်ထောင်ပြုကွဲခြင်းသည် ကောင်းသောအကျိုး ဆက်တော့ မဖြစ်နိုင်ပေ။ အိမ်ထောင်မှုကို တန်းဖိုးထားသော မည်သည့် အိမ်ထောင်သည်မဆို အကြမ်းဖက်ခြင်းကို မကျူးလွန်ကြသည့်အတွက် အိမ်ထောင်ကွာရှင်းရန် လည်း အကြောင်းမရှိပေ။ အိမ်ထောင်ပြုကွဲခြင်း ကြောင့်လည်း တဦးချင်းစီ၏ ဘဝများတွင် အနာတရဖြစ် ကျန်ခဲ့မည်သာ ဖြစ်သည်။

---

[၂၉] ချစ်သူအိမ်ထောင်ဖက်များဆိုင်ရာ ဥပဒေ (ဦးကျော်ဇေယျ)

## ဆွေမျိုး၊ ရပ်ရွာနှင့် အာဏာပိုင်တို့၏ အခန်းကဏ္ဍ



အထက်တွင် တင်ပြခဲ့သလိုပင် မိမိတို့ဝန်းကျင်ရှိ ယခင်မျိုးဆက်မှ လူအများစုသည် ပုံသေယုံကြည်မှု (တရားသေ ယုံကြည်မှု) စနစ်များဖြင့်သာ ကြီးပြင်းလူလားမြောက်ခဲ့ရသည်က များသည်။ အမျိုးသမီးတဦးသည် လင် ယောကျ်ား၏ နှိပ်စက်ခြင်းကို ခံနေရစေကာမူ ကွာရှင်းစေရန်အတွက် ခေါ်ယူဆွေးနွေးခြင်းမျိုးကို မည်သူကမျှ ထိထိရောက်ရောက် ပြုလုပ်ပေးလေ့မရှိပေ။ ပြန်လည်သင့်မြတ်ရေးကိုသာ အဓိက ဆွေးနွေးတတ်ကြသည်။ ခေါ်ယူဆွေးနွေးသည့် အခါများတွင်လည်း 'မကြာပါဘူး ဒီလိုဘဲပြီးသွားမှာပဲ' ဟူသော အလေးအနက်မထားပဲ ပေါ့ပေါ့ပါးပါးသာ တွေးတတ်ကြသည်။ အမျိုးသမီးဖြစ်သူက ကွဲလိုလျှင်လည်း "တို့အမျိုးမှာ တခု လတ်တလင်ကွာ မရှိဘူး၊ ဒီလိုပဲ သည်းခံပေါင်းကြရတာပဲ" ဟူသော စကားကိုသာ မိဘဆွေမျိုးများက သမရိုးကျပြောတတ်ကြသည်။

အမှန်တကယ်မှာ ခေတ်နှင့်အညီလိုက်၍ လူတို့၏ လူနေမှုပုံစံများလည်း တဖြည်းဖြည်း ပြောင်းလဲလာသည်ကို သတိမပြုမိခြင်းလည်းပါသည်။ ယခင်က ရိုက်နှက်နေသည့် အခြေအနေတွင် အမျိုးသမီးတယောက်သည် သည်းခံနိုင်မည် ဖြစ်သော်လည်း ယနေ့ခေတ်ကာလတွင် သတင်းအချက်အလက်များ သိနေပြီဖြစ်သည့်အတွက် တခုခုကို လုပ်ကောင်း လုပ်လိမ့်မည် ဖြစ်သည်။ ယခင်ကလို ဆွေမျိုးသားချင်းများက ဩဇာညောင်းချင်၍လည်း မရတော့ပေ။ လူတဦးချင်းစီ၏ လွတ်လပ်မှုနှင့် အခွင့်အရေးကိုအလေးထားလာကြရသည်။

အာဏာပိုင်များသည်လည်း ထို့အတူပင်ဖြစ်သည်။ သွားရောက်တိုင်ကြားသည့် အမျိုးသမီးအမှုကို ထိရောက်သော အရေးယူဆောင်ရွက်မှုမျိုး မဆိုထားနှင့် လေးစားစွာနားထောင်လိုခြင်းပင်မရှိပေ။ ပြဿနာကိုရှင်းပြီဆိုလျှင် သက်ဆိုင်ရာလူကြီးတို့ကလည်း ပါဝင်ပတ်သက်နေရပြန်သည်။ ကွဲကွာသည့်အဆင့် မဟုတ်သည့်တိုင် ရုံးရောက်ရသည့် ကိစ္စမျိုးလည်း ရှိတတ်သည်။ ထိုအခါတွင် ရဲ၊ ကောင်စီ အစရှိသော သူတို့အနေနှင့် လည်း ယခင်လို 'အေး ပြီးတော့လည်း ပြီးတာပဲ' ဟူ၍ ချွေးသိပ်ရုံဖြင့် မရတော့ပေ။ ထိုသူတို့အနေဖြင့်လည်း "ညည်းကလိုတာပါ" ဟူ၍ အပြစ်သဖွယ်ပြောဆို၍ သည်းခံပေါင်းသင်းရန် တိုက်တွန်းသည့် အဆင့်ထက်ပို၍ အလေးထားဆက်ဆံသင့် ကြပေသည်။

အမှန်တွင် သက်ဆိုင်ရာအာဏာပိုင် အဆင့်ဆင့်တို့ကလည်း ယနေ့ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် လူ့အခွင့်အရေး၊ နိုင်ငံတကာဥပဒေများကို သိထားရတော့မည်ဖြစ်သည်။ သို့မှသာလျှင် မတရားပြုကျင့်ခံနေရသည့် အမျိုးသမီးများကို ထိရောက်စွာ ကူညီနိုင်မည်ဖြစ်သည်။

# ကမ္ဘာ့နိုင်ငံအချို့မှ အမျိုးသမီးများ အကြမ်းဖက်ခံနေရသည့် အခြေအနေစာရင်းများကို ကောက်နုတ်တင်ပြချက်

## စက်မှုထွန်းကားပြီးနိုင်ငံများ

**ကနေဒါ –** အသက် (၁၆) နှစ်နှင့်အထက် အမျိုးသမီး ၂၉ ရာခိုင်နှုန်းသည် ၎တို့လက်ရှိ အိမ်ထောင်ဘက် (သို့မဟုတ်) ပထမအိမ်ထောင်၏ ကိုယ်ထိလက်ရောက် စော်ကားခြင်းကို ခံကြရသည်။

**ဂျပန် –** ၁၉၉၃ ခုနှစ်တွင် အမျိုးသမီး (၇၉၆) ယောက်ကို စုံစမ်းမေးမြန်းရာတွင် ဇနီးသည် ၅၉ ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူတို့၏ ကိုယ်ထိလက်ရောက်ပြုကျင့် ခြင်းကို ခံရသည်ဟု ဆိုပါသည်။

**နယူးဇီလန် –** အမျိုးသမီး (၃၁၄) ယောက်ကို မေးမြန်းရာတွင် အမျိုးသမီး (၂၀) ရာခိုင်နှုန်းမှာ လင်ယောကျ်ားများ၏ ကိုယ်ထိလက်ရောက်စော်ကားခြင်း (သို့မဟုတ်) ရိုက်နှက်ခြင်းကို ခံကြရသည်။

**ဆွစ်ဇာလန် –** ၁၉၉၇၊ အမျိုးသမီး(၁၅၀၀) ကို စစ်တမ်းကောက်ချက်များအရ အမျိုးသမီး (၂၀) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက်ပြုကျင့်ခြင်းကို ခံကြရသည်။

**အင်္ဂလန် –** အမျိုးသမီး (၂၅) ရာခိုင်နှုန်းမှာ ၎တို့၏ ဘဝတွင် လင်ယောကျ်ား သို့မဟုတ် ယခင်ရည်းစား၊ လင်ယောကျ်ား၏ ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်းများကို ခံကြရသည်။

**အမေရိကန် –** အမျိုးသမီး (၂၈) ရာခိုင်နှုန်းမှာ လင်ယောကျ်ား သို့မဟုတ် ရည်းစားဖြစ်သူ၏ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းကို အနည်းဆုံး

(၁) ကြိမ်ခံစားကြရသည်။

## အာရှနှင့် ပစိဖိတ်

**ကမ္ဘောဒီးယား –** အမျိုးသမီး(၁၆) ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူ၏ ကိုယ်ထိလက်ရောက်စော်ကားခြင်းကို ခံရပြီး (၈) ရာခိုင်နှုန်းမှာ ဒဏ်ရာအနာတရ ဖြစ်ကြသည်ဟု ဆိုပါသည်။

**အန္ဒိယ –** ၁၉၉၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တခုတွင် အမျိုးသား (၉၆၀၂)ယောက်ကို စစ်တမ်းကောက်ချက်အရ (၄၅) ရာခိုင်နှုန်းမှာ ၎င်းတို့၏ မိန်းမများအား ကိုယ်ထိလက်ရောက် အကြမ်းဖက်ကြကြောင်းကို ဝန်ခံပြောဆိုကြသည်။

**ကိုးရီးယား –** အမျိုးသမီး များကို စစ်တမ်းကောက်ချက်အရ (၃၈) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း ခံကြရကြောင်း တိုင်ကြားထားသည်ကို တွေ့ရှိရသည်။

## အရှေ့အလယ်ပိုင်း

**အီဂျစ် –** အမျိုးသမီး (၃၅) ရာခိုင်နှုန်းမှာ ၎င်းတို့၏ အိမ်ထောင်သက်တမ်းအတွင်း တကြိမ်တော့ အရိုက်ခံရသည် ဟုဆိုပါသည်။

**အစ္စရေး –** ၁၉၉၇ ခုနှစ်တွင် အာရပ်အမျိုးသမီးပေါင်း (၁၈,၂၆၉) ယောက်အား လေ့လာစစ်တမ်းပြုထားသည့် စာရင်းအရ အမျိုးသမီး (၃၂) ရာခိုင်နှုန်းမှာ သူတို့၏ အိမ်ထောင်ဖက် အမျိုးသားများ၏ နှိပ်စက်မှုများအနက် အနည်းဆုံးတကြိမ် ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်မှုကိုခံရပြီး (၃၀) ရာခိုင်နှုန်းမှာ လင်ယောကျ်ားဖြစ်သူ၏ အတင်းအကြပ် လိင်ဆက်ဆံမှုများကို

ခံကြရသည်။

## အာဖရိက

**ကင်ညာ –** မြို့နယ်တခုတွင် အမျိုးသမီးပေါင်း (၆၁၂) ယောက်ကို စစ်တမ်းကောက်ချက်အရ (၄၂) ရာခိုင်နှုန်းမှာ ၎င်းတို့ အိမ်ထောင်ဖက်များ၏ ရိုက်နှက်ခြင်းကို ခံရကြောင်း သတင်းပေးပို့ပြီး (၅၈) ရာခိုင်နှုန်းမှာ ရံဖန်ရံခါတွင် အရိုက်ခံရကြောင်းဆိုပါသည်။

**ယူဂန်ဒါ –** မြို့နယ်နှစ်ခု စစ်တမ်းကောက်ချက်အရ အမျိုးသမီး (၃၂) ရာခိုင်နှုန်းမှာ အိမ်ထောင်ဖက်များ၏ ရိုက်နှက်ခြင်းကို ခံကြရပြီး၊ အမျိုးသား (၄၁) ရာခိုင်နှုန်းမှာ ၎င်းတို့၏ အိမ်ထောင်ဖက်ကို ရိုက်နှက်ကြောင်း ပြောဆိုဝန်ခံကြသည်။

**ဇင်ဘာဘွေ –** အမျိုးသမီးပေါင်း (၉၆၆) ယောက်ကို စစ်တမ်းကောက်ချက်အရ (၃၂) ရာခိုင်နှုန်းမှာ အသက် (၁၆) နှစ်အရွယ် ကတည်းက မိသားစုဝင်တဦးဦး သို့တည်းမဟုတ် မိသားစု၏ အကြမ်းဖက်မှုကို ခံရသည်ဟု ၁၉၉၆ ခုနှစ်တွင် ကောက်ခဲ့သော စစ်တမ်းအရ သိရသည်။

## လက်တင်အမေရိက နှင့် ကာရစ်ဘီယန်

**ကိုလန်ဘီယာ –** အမျိုးသမီးပေါင်း (၆,၀၉၇) ယောက်ကို စစ်တမ်းကောက်ချက်အရ (၁၉) ရာခိုင်နှုန်းမှာ ၎င်းတို့ဘဝတွင် ၎င်းတို့အိမ်ထောင်ဖက်၏ ရုပ်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းကို ခံကြရသည်။

**မက္ကဆီကို –** ပြည်နယ်တခုတွင် အမျိုးသမီးပေါင်း (၆၅၀) ယောက်ကို စစ်တမ်းကောက်ချက်အရ (၃၀) ရာခိုင်နှုန်းမှာ ၎င်းတို့ဘဝတွင် အိမ်ထောင်ဖက်၏ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုကို အနည်းဆုံးတကြိမ် ခံကြရ

သည်ဟု တိုင်ကြားပြီး (၁၃) ရာခိုင်နှုန်းမှာ ယခင်နှစ်အတွင်း ကိုယ်ထိလက်ရောက် အကြမ်းဖက်ခံရသည်ဟု ၁၉၉၇ ခုနှစ် အစီရင်ခံစာကဆိုပါသည်။

**နီကာရာဂွာ –** အမျိုးသမီး (၅၂) ရာခိုင်နှုန်းမှာ အိမ်ထောင်ဖက်၏အကြမ်းဖက်မှုကို အနည်းဆုံးတကြိမ် ခံရသည်ဟု သတင်းပေးပို့ပြီး (၂၇) ရာခိုင်နှုန်းမှာလည်း ကိုယ်ထိလက်ရောက်ပြုခြင်းကို ခံကြရသည်ဟု ၁၉၉၆ ခုနှစ် အစီရင်ခံစာကဆိုပါသည်။

## အလယ်ပိုင်း အရှေ့ဥရောပနှင့် ဘော်လတစ်နိုင်ငံများ

**အယ်စတိုနီးယား –** အသက် ၆၅ နှစ်နှင့် အထက်များ၊ အသက် ၁၈ နှစ်နှင့် ၂၄ နှစ်အကြား အမျိုးသမီးများသည် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြနေရသည်ဟု ၁၉၉၄ ခုနှစ်တွင် အမျိုးသမီးပေါင်း (၂,၃၁၅) ယောက်ကို ကောက်ယူခဲ့သော စာရင်းအရသိရသည်။

**ပိုလန် –** ၁၉၉၃ ခုနှစ်တွင် အိမ်ထောင်ကွဲ အမျိုးသမီးများကို လေ့လာချက်အရ အမျိုးသမီးပေါင်း (၆၀) ရာခိုင်နှုန်းမှာ ပထမအိမ်ထောင်၏ ထုရိုက်ခြင်း ကို ခံကြရပြီး (၂၅) ရာခိုင်နှုန်းမှာ အကြိမ်ကြိမ် အကြမ်းဖက်ခြင်းကို ခံရသည်ဟု ဆိုပါသည်။

**ရုရှ –** အသက် ၁၄ နှစ်မှ ၁၇ နှစ် မိန်းကလေး (၁၇၄) နှင့် ယောကျ်ားလေး (၁၇၄) ယောက်ကို စစ်တမ်းကောက်ခံရာ မိန်းကလေး (၂၅) ရာခိုင်နှုန်းနှင့် ယောကျ်ားလေး (၁၁) ရာခိုင်နှုန်းတို့မှာ လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ခြင်းကို ခံနေရသည်ဟု အစီရင်ခံထားသည်။

**ထာဂျစ်ကစ်စတန် –** အသက် ၁၈ နှစ်မှ ၄၀ အကြား အမျိုးသမီးပေါင်း (၅၅၀) ကို စစ်တမ်းကောက်ခံရာ (၂၃) ရာခိုင်နှုန်းမှာ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်းကို ခံရသည်။ [၂၆]

[၂၆] Adapted from "Violence Against Women", WHO/WHD/97-8, "Women in Transition" Regional Monitoring Report, UNICEF 1999 and A Study by Domestic Violence Research Center, Japan.

# အခန်း(၂)

## အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပေါ်စေသည့် အခြေခံအကြောင်းရင်း ၂ ချက်

အမျိုးသမီး၊ အမျိုးသား လိင်မတူညီကွဲပြားမှုများကြောင့် အမျိုးသမီးများ အကြမ်းဖက်မှုများ ခံစားရလျှက်ရှိရာ အိမ်တွင်းအကြမ်းဖက်မှုသည်လည်း အဖြစ်များဆုံးသော အကြမ်းဖက်မှု ပုံစံတခုဖြစ်သည်။ အမျိုးသမီးများသည် စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့်လိင်ပိုင်းဆိုင်ရာအရသော်လည်းကောင်း နေ့စဉ်နှင့်အမျှ အိမ်တွင်းအကြမ်းဖက်မှု ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းရင်းများကို စူးစမ်းကြည့်မည်ဆိုပါက အောက်ပါ အခြေခံအချက် (၂) ချက်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ အမျိုးသမီးများသည် အမျိုးသားများထက် နိမ့်ကျသည် တနည်းအားဖြင့် တဆင့်နိမ့်လူသားဖြစ်သည်ဟု လက်ခံထားသည့်ပုံစံများကို လက်ခံအသုံးပြုပြောဆိုနေခြင်းကြောင့် ဖြစ်ပေါ်နေရသော အကြမ်းဖက်မှုများကို အခန်း (၁) တွင်ဖော်ပြထားပြီးဖြစ်သည်။ ယင်းလက်ခံကျင့်သုံးနေမှုများကြောင့် သိသာသောကွာဟချက်များကို ဖြစ်ပေါ်စေခြင်းလည်းဖြစ်သည်။ မြန်မာ့လူ့အသိုင်းအဝိုင်းတွင် အမျိုးသားများသည် အိမ့်အရှင်သခင် (အိမ်ဦးနတ်)၊ ပထမဦးဆုံးကလေးသည် မိန်းကလေးဖြစ်ပါက ထိုကလေးမွေးသောမိန်းမကို မိန်းမမြတ်မဟုတ်ဟု သတ်မှတ်ခြင်းနှင့် သမီးများကိုသာမွေးပါကလည်း မိန်းမမြတ်မဖြစ်ခြင်းဟု လက်ခံယုံကြည်ကြသည်။ လင်ကိုဘုရား သားကိုသခင်သဖွယ် ဆက်ဆံရမည်ဟူသော စာဆိုများသည် လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများပါဝင် မှုကို အထင်သေး၊ သေးသိမ်စေသည့် အတွေးအခေါ် အယူအဆများဖြစ်သည့်အတွက် အမျိုးသားများကို အကြမ်းဖက်မှုဖြစ်အောင် ပိုမိုတွန်းအားပေးနေသည့် ပုံစံများဖြစ်သည်။

ဘာသာရေးကိုခုတုံးလုပ်ပြီး ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များ

ကြောင့်လည်း အမျိုးသမီးများကို အိမ်တွင်းတွင် အစစအရာရာ မျှော်လင့်သင့်သည်ထက် ပိုမိုမျှော်လင့်ခြင်းခံရခြင်းသည်လည်း အိမ်တွင်းအကြမ်းဖက်မှုဖြစ်စေသည့် အကြောင်းရင်းဖြစ်သည်။ ဥပမာအားဖြင့် အိမ်အတွင်းမီးကို အပြင်သို့မထုတ်အပ်။ ယောက္ခမ မိဘ၊ လင်သားတို့၏ ဂုဏ်ကျေးဇူးမဲ့ အပြစ်တို့ကိုမြင်လျှင် အပြင်ဖြစ်သော အခြားအိမ်များတွင် သွား၍မပြောဆိုအပ်ဟု ဆိုပါသည်။ အကယ်၍ မိသားစုတွင်းပြဿနာကို အပြင်ကို ထုတ်ပြောလျှင် ဤအဆိုအမိန့်ကို နှစ်သက်လက်ခံသည့် လင်ယောကျ်ား အနေဖြင့် အပြစ်သဖွယ် ဆူပူကြိမ်းမောင်းပြောဆိုသည်ဆိုလျှင်အိမ်ထောင်ရေးတွင် ပြဿနာတက်လာနိုင်သည်။ ထို့ကြောင့် ယင်းသို့သော ပြဋ္ဌာန်းချက်များသည် အမျိုးသမီးများ အကြမ်းဖက်ခံရအောင် တမင် ဖန်တီးခဲ့သော စကားများဟု သတ်မှတ်၍ ရနိုင်ပေသည်။

အမျိုးသမီးများနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာတွင် မြတ်စွာဘုရားက ရဟန်းသံဃာတော်များကို ဆုံးမသွန်သင် သည့်အခါတွင် မိန်းမများသည် အလွန်တရာကြောက်စရာကောင်းကြောင်း၊ လျှို့ဝှက်သောသဘောနှင့် ယုတ်ညံ့သော သဘောများရှိကြောင်း ဟောပြောခဲ့သည်ကို ဖတ်သားရပါသည်။ မြတ်စွာဘုရား၏တရားတွင် အနတ္တသာဖြစ်သည့်အတွက် ယောကျ်ား၊ မိန်းမဆိုသည့် ခွဲခြားဖိနှိပ်မှုမျိုးရှိနေသည် ဆိုသည်မှာ လုံးဝမဖြစ်နိုင်သော အချက်အလက်များသာဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ **"အမျိုးအားဖြင့် ယုတ်ညံ့သူမရှိ၊ အမည်ပညတ်သာရှိသည်"** ဟူ၍ မြတ်စွာဘုရားဟောကြားခဲ့ခြင်းသာဖြစ်သည်။

အမှန်တကယ်တွင် မည်သည့်ဘာသာရေး၌မဆို လူကိုလူအဖြစ်သာမြင်သည့် အခြေခံသဘောတရားများ ရှိမည်သာဖြစ် သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘုရားရှင်က မလိကာ မိဖုရားကြီးမှ သမီးရတနာဖွားမြင်သည်ကို ကောသလမင်းကြီး ကြားသိရ၍ စိတ်မချမ်းမသာ ဖြစ်နေသဖြင့် ဘုရားရှင်က **"မင်းကြီး ပညာမဲ့သော သားယောကျ်ားကို မွေးဖွားရခြင်းထက် ပညာနှင့်ပြည့်စုံသော သမီးမိန်းမကို ဖွားရခြင်းက ပို၍မြတ်သည်။ ထို့အပြင် သတို့သမီးများသည် ပညာရှိသော သားယောကျ်ားကို မွေးဖွားတတ်**

**ကြသည်။”** ဟုကောသဝဂ်သံယုတ်၊ သဂါထာဝဂ်၊ မလိကာသုတ်၌ ဟော ကြားထားပေသည်။

အစ္စလာမ်ဘာသာတွင်လည်း ထို့အတူပင်၊ ဤကိစ္စနှင့် ပတ်သက်၍ အမျိုးသမီးများအပေါ် မည်သို့မှားယွင်းစွာ ခွဲခြားဖိနှိပ်ထားသည်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာအဖွဲ့မှ ဒေါ်မော်လီက “အစ္စလာမ်ဘာသာဝင် အမျိုးသမီးခေါင်းဆောင်တဦးအနေနဲ့ အစ္စလာမ်ဘာသာနဲ့ အမျိုးသမီးအခွင့်အရေးအကြောင်း ပြောရမယ်ဆိုရင် အဓိက တရားတော်က ညွှန်ကြားပြသချက်တွေကို မွတ်ဆလင်အမည် ခံသူတွေ သေချာသိရှိလေ့လာ ကျင့်သုံးခြင်းမရှိဘဲ အစ္စလာမ်ရဲ့ စည်းမျဉ်းစည်းဘောင်ကို မိမိတို့လိုသလို အကျဉ်းအကျယ်ပြု လက်ခံသုံးစွဲလာခဲ့တဲ့အပေါ်မှာ အယူအဆတွေဟာ ဓလေ့ထုံးစံလိုမျိုးဖြစ်ပြီး အမျိုးသမီးအခွင့်အရေးကို ထိခိုက်စေပါသည်။

***ဥပမာ... တမန်တော် မိုဟာမက်သခင်က လူတိုင်းလူတိုင်း ပုခက်အတွင်းမှ သင်္ချိုင်းထိတိုင် ပညာရှာရမည်လို့မိန့်ဆို ထားပါတယ်။***

မိန်းကလေး ပညာမသင်ရဘူးလို့ မဆိုထားပါဘူး။ ပညာဟာ နိုင်ငံရေး ဘာသာ သာသနာအတွက်ပါ အရေးကြီးကြောင်း မိန့်ဆိုထားပါတယ်။ ဒါကြောင့် အချို့မွတ်ဆလင်နိုင်ငံက အမျိုးသမီးတွေရဲ့ ပညာသင်ကြားခွင့်ကို ပိတ်ပင်ထားတာဟာ မိုဟာမက်သခင်ရဲ့ မိန့်ဆိုချက်နဲ့မကိုက်ညီပါဘူး။ မိုဟာမက်သခင်က အမျိုးသမီးတွေနဲ့ ပတ်သက်ပြီး **အမျိုးသမီးတွေရဲ့ အခွင့်အရေးကို မထိခိုက်စေနဲ့ အမျိုးသမီးအခွင့်အရေးကို အပြည့်အဝ ပေးကြပါ။ အမျိုးသမီးတွေဟာ အနာဂါတ်နိုင်ငံ အာဇာနည်တွေကို ပြုစုပျိုးထောင်သူတွေဖြစ်တယ်** လို့ အလေးအနက် မိန့်ဆိုထားတာ တွေ့ရှိပါတယ်။

သားသမီးတွေကိုလည်း မိခင်ကိုအလေးထားစေဖို့ **မိခင်ရဲ့ခြေဖဝါးအောက်မှာ နိဗ္ဗာန်ရှိတယ်** လို့လည်း ဆိုထားပြန်ပါ သေးတယ်။ မွတ်ဆလင်ဘာသာဝင် အမျိုးသမီးများဟာ မိန်းမ (၄) ယောက်ယူလို့ရတယ်ဆိုပြီး မိမိလိုချင်တဲ့ အပိုင်းကိုယူပြီး ပြောနေကြတဲ့ မွတ်ဆလင်အမည်ခံပြီး

အစ္စလာမ်ဘာသာရဲ့ အနှစ်သာရကို အသေ အချာလေ့လာမှု၊ လိုက်နာမှု မရှိသူတွေရဲ့စကားကြောင့် အမျိုးသမီးအခွင့်အရေးကို အစ္စလာမ်ဘာသာက ဖိနှိပ်တဲ့ ပုံစံဖြစ်နေတဲ့ အပေါ်မှာလည်း ဘာသာတူရော၊ ဘာသာခြားရောအားလုံးက အဖြစ်မှန်သိစေရန် ရှင်းပြချင်ပါတယ်။

တမန်တော်မိုဟာမက်သခင်က အာရပ်နိုင်ငံမှာ သာသနာပြုစဉ် အခါက အဲဒီလူမှုအသိုင်းအဝိုင်းက လက်ခံကျင့်သုံးနေတဲ့ပုံစံက ချမ်းသာသူက မိမိထက်နိမ့်ကျသူများရဲ့ ဇနီး၊ သမီးအစရှိသည်ဖြင့် မည်သို့သော ကာမပိုင်မိန်းမကိုမဆို မိမိတို့ကြိုက်သလောက်ယူပိုင်ခွင့်ရှိတဲ့ပုံစံဖြစ်ခဲ့ပါတယ်။ အဲဒီလို ကြိုက်သလောက် မိန်းမယူပိုင်ခွင့်သဘောမျိုး လက်ခံကျင့်သုံးမှုတွေကိုရော၊ အပျော်အပါးလိုက်စားမှုတွေကိုပါ တားမြစ်လိုတဲ့အတွက် လွတ်လပ်တဲ့မိန်းမ ၄ ဦးကို ဇနီး အဖြစ်ယူခွင့်ရှိတယ်။ ဒီထက် ပိုပြီး ယူလို့မရသလို အပျော်အပါးလုံးဝမထားရ၊ အပျော်အပါး လိုက်စားသူတွေနဲ့ အပျော်အပါးအဖြစ် နေသူတို့ကို မြေကြီးခါးတစ်ဝက်အထိ မြှုပ်ပြီး ခဲနဲ့ပေါက်အပြစ်ပေးရမယ်။ မွတ်ဆလင်အမျိုးသားများ မိန်းမ (၄) ယောက်မ



ယူမနေရလို့ ပြဌာန်းချက်များမရှိသလို တကယ်လို့ မိန်းမ (၄) ယောက် ယူမယ်ဆိုရင်လည်း အဲဒီအမျိုးသမီးတွေ အားလုံးရဲ့ စိတ်ချမ်းသာမှုကို ညီတူညီမျှပေးနိုင်မှ ယူရမယ်လို့ပြောထားပါတယ်။

အသေးဆုံး ဥပမာ တခုကိုပြောရရင် ဇနီး ၄ ဦးကို ဖရဲသီးကျွေးမယ် ဆိုရင် ဖရဲသီး ၄ လုံးကို တလုံးစီ ဝေပေးလိုက်ရုံနဲ့ ညီမျှပြီလို့ ပြောလို့မရပါဘူး။ ချိုတဲ့ ဖရဲသီးနဲ့ မချိုတဲ့ ဖရဲသီးကွဲပြားမှုတွေရှိပါတယ်။ ဒါကြောင့် ဖရဲသီး ၄ လုံးစလုံးကို ၄ စိတ်ခွဲပြီး ၄ လုံးစလုံးရဲ့ အစိတ်အပိုင်းတွေပါအောင် အလေးချိန်ကအစ အညီအမျှဖြစ်အောင် စီစဉ်ပြီးကျွေးမှ ညီတူညီမျှဖြစ်တယ်လို့ ဆိုထားပါတယ်။ အဲဒီလို သေးငယ်တဲ့ကိစ္စမှာတောင် ဒီလောက်တိကျဖို့လိုအပ်တယ်ဆိုရင် အခြားအိမ်ထောင်ရေးကိစ္စတွေမှာ အညီအမျှဖြစ်ဖို့ အတော်ခဲယဉ်းတာမို့ အဲဒီလိုမဖြစ်နိုင်ရင် မယူဖို့ စည်းကမ်းပေးထားပြီး မယူနိုင်အောင် ဘာသာရေးက ကန့်သတ်ထားပေးတာဖြစ်ပါတယ်။

ဒီအပေါ်တလွဲ အသုံးချသူတွေကြောင့် အစ္စလာမ်ဘာသာဟာ အမျိုးသမီးအခွင့်အရေးကို ချိုးဖောက်တယ် ဆိုတဲ့ အထင်အမြင်လွဲမှားမှုတွေ ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။ ပြီးတော့ **အမျိုးသားတွေရဲ့ ပထမဆုံး ရင်းနှီးသူတွေဟာ ဇနီးသည်ဖြစ်တယ်။ မိမိတို့ ဇနီးသည်များကို စိတ်ချမ်းသာအောင်ထားရမယ်** လို့ ပြန်ဆိုထားတာတွေလည်းရှိပါတယ်။ ကျမတို့ အစ္စလာမ်ဘာသာတွေရဲ့ ကုရ်အာန်ဟာ ပြီးပြည့်စုံပြီးသာ ကျမ်းမြတ်ဖြစ်တာကြောင့် ဘာသာတရားအပေါ်မှာ လုံးဝထောက်ပြစရာမရှိဘဲ အချို့ အစ္စလာမ်ဘာသာဝင် မွတ်ဆလင်လူမျိုးများရဲ့ ကိုယ်ချင်းစာနာမှုကင်းတဲ့ လုပ်ရပ်တွေကြောင့် အချို့ဘာသာတူများရော၊ ဘာသာခြား လူမျိုးခြားတို့ကပါ ဘာသာရေးအရ အမျိုးသမီးတွေအပေါ် ဖိနှိပ်ထားတဲ့ အမြင်ကို ဖြစ်ပေါ်စေတာပါ။ ဒါကြောင့် အစ္စလာမ်အနှစ်သာရကို အခြေခံတဲ့ စိတ်ဓါတ်နဲ့ ပြုမူနေထိုင်မှုရှိမှသာ အစ္စလာမ်ဘာသာဝင် ပီသပြီးတော့မှ ငြိမ်းချမ်းသာယာတဲ့ဘဝ၊ ငြိမ်းချမ်းသာယာတဲ့ အိမ်ထောင်ကို ရရှိနိုင်မှာပါ”လို့ ထောက်ပြပြောဆိုပါတယ်။

သို့သော်လည်း ဘာသာရေးကို အဆင့်ဆင့်သယ်ဆောင်လာသူများ

က အမျိုးသမီးများကို လူတယောက်အဖြစ် သတ်မှတ်မှုမျိုးကို လက်ခံလို ဟန်မရှိဘဲ ဘုရားဟောများကို ကပြောင်းကပြန်ဖြစ်စေသည့် အဓိပ္ပာယ် မျိုးကို တဆင့်ပြန်လည် ဟောပြောခြင်းဖြင့် အမျိုးသမီးတို့၏ လူသားဖြစ် တည်မှုသည် တဆင့်နိမ့်နေရခြင်းဖြစ်သည်။ မိန်းမဘဝကို ရရှိခြင်းသည် ယုတ်ညံ့သည့်အတွက် လင်ကိုကျွန်သဖွယ် အလုပ်ကျွေးပြုစုပါမှ နောင်ဘဝ တွင် ယောကျ်ားပြန်ဖြစ်နိုင်၍ ကောင်းသော ဘဝများကို ရရှိခံစားနိုင်မည့် ပုံစံမျိုးရေးသားခြင်းများသည်လည်း မှားယွင်းမှုများသာဖြစ်သည်။

အချုပ်ဆိုရသော် အိမ်တွင်းအကြမ်းဖက်မှုအား အဓိကဖြစ်ပေါ်စေ သည့် အကြောင်းအရင်းများထဲတွင် အမျိုးသမီးများကို ချိုးနှိမ်ထားသော ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများကို ကိုင်စွဲထားလိုခြင်းနှင့် ဘာသာရေး ပြဋ္ဌာန်းချက်များကို လွဲမှားစွာကောက်ယူ သုံးစွဲမှုကြောင့် အမျိုးသမီးများ တန်းတူညီမျှမှုမရှိဘဲ အကြမ်းဖက်ခံရမှုမျိုးကို ဖြစ်ပေါ်စေခြင်းဖြစ်သည် ဟု ကောက်ချက်ချနိုင်ပေသည်။

# အခန်း(၃)

## အိမ်တွင်းအကြမ်းဖက်မှု သံသရာ




### ပြဿနာအစပျိုးခြင်း

ပြဿနာအစပျိုးချိန်တွင် တဦးကဖြစ်စေ (သို့မဟုတ်) တဦးနှင့်တဦး စိတ်တိုသည့်အမူအရာပြခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာ အပြုအမူများပြုလုပ်ခြင်း၊ အန္တရာယ်ပြုမည့်အမူအရာများပြုလုပ်ခြင်း တို့ဖြစ်ပေါ်တတ်ပြီး ထိုအပြုအမူများသည် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အကြမ်းဖက်မှုအတွက် အစပျိုးလိုက်ခြင်းနှင့်အတူ ကာယကံရှင် ၂ ဦး၊ သားသမီးများနှင့် အခြားအတူနေသူများ၏စိတ်တွင် စိတ်အနှောင့်အယှက်များလည်း ခံစားဖြစ်ပေါ်နေပြီဖြစ်သည်။ အထူးသဖြင့်

အထက်ပါအပြုအမူများကြောင့် အပြုခံရသူ၏ စိတ်တွင်လည်း နာကျင်ခံစား မှုများ စတင်ဖြစ်ပေါ်နေပြီဖြစ်သည်။ အကြမ်းဖက်ခံရမည့် ဇနီးသည် အနေဖြင့် အကြမ်းဖက်မည့် လင်ယောကျ်ားကို ချန်ရစ် ၍ထွက်သွားမည် (သို့မဟုတ်) ထွက်ပြေးသွားမည်၊ တခုခုတော့ခံပြောတော့မည် အစရှိသဖြင့် သူတို့ဘာသာထင်မြင်လာကာ ထိုသို့ဖြစ်မည်ကိုလည်း လက်မခံနိုင်ဘဲ နှိပ်စက်မှုတခုခုကို ပြုလုပ်ရန်အတွက် တာစူနေပြီဖြစ်သည်။

## အကြမ်းဖက်ခြင်း

တယောက်နှင့်တယောက် အပြန်အလှန်ပြောဆိုရာမှ သို့တည်းမဟုတ် တဖက်ဖက်မှ စတင်၍ ဒေါသဖြင့် စတင်သည့်အခါတွင် ပြဿနာ၏ အပြင်းထန်ဆုံး အခြေအနေဖြစ်သည့် ရိုက်နှက်ကန်ကြောက်ခြင်း၊ ဆံပင်ဆောင့်ဆွဲခြင်း၊ ပါးရိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း၊ တွန်းလှဲ၍ လက်သီးနှင့်ထိုးခြင်း၊ လက်နက်တမျိုးမျိုးအသုံးပြု၍ သွေးထွက်သံယို အပြုအမူများပြုလုပ်ခြင်း၊ အတင်းအဓမ္မလိင်ဆက်ဆံခြင်းတို့ကို ပြုလုပ်ခံရသည့် အခြေအနေများသို့ ရောက်ရှိသွားတတ်သည်။ သူတို့၏အပြုအမူမှာ မှားနေသည်ကို သိသော်လည်း ဒေါသဖြစ်လာချိန်တွင် ဆက်၍သာအမှားကို ကျူးလွန်တတ်ကြသည်။ အချို့အကြမ်းဖက်သူများသည် ဇ၏အိမ်ထောင်ဖက်အား ကိုယ်ထိလက်ရောက် ရိုက်ပုတ်ခြင်း မပြုလုပ်ဘဲ အိမ်တွင်းရှိပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးခြင်း၊ နေအိမ်မှထွက်ခွာသွားခြင်း၊ မူးယစ်သောက်စားကာ မြည်တွန်တောက်တီး၍ ပြောချင်ရာပြောနေခြင်း၊ ပတ်ဝန်းကျင်ကို လှည့်စားခြင်းမျိုး စသည့်နည်းများဖြင့် တဖက်သတ် မခံနိုင်အောင် လုပ်ပြတတ် သည်လည်းရှိသည်။

ပြဿနာဖြစ်ချိန်တွင် အမျိုးသမီးများစွာတို့သည် သူတို့အနေဖြင့် ပြန်၍ခုခံဖြစ်ပါက ပို၍ဆိုးဝါးသည့် အခြေ အနေကိုသာ ရင်ဆိုင်ကြရမည်ကို စိုးရိမ်သဖြင့် ငြိမ်၍ သည်းခံသူများလည်းရှိသည်။ မိခင်အများစုမှာ သားသမီးများအား ရန်ဖြစ်သည့်မြင်ကွင်းကို မတွေ့စေလို၊ မကြားစေလိုကြပေ။ ဤအခြေအနေတွင်ခံရသည့် အမျိုးသမီးများစွာသည် သူတို့အနေဖြင့်

ထိုသို့ပြဿနာမျိုး အချိန်မရွေး ထပ်ဖြစ်နိုင်သည်ကိုသိနေပြီး အနာတရဖြစ် သွားခဲ့ပါကလည်း ဘာမှမဖြစ်လောက် ဟူ၍ သဘောထားလိုက်တတ်ကြသည်။

## နှစ်ဦးနှစ်ဖက် ပြန်လည်ကျေအေးခြင်း

ထိုကဲ့သို့ ရန်ပွဲများပြီးသွားသောအခါတွင် အကြမ်းဖက်သူဖက်မှ ပြန်လည်တောင်းပန်တတ်ပါသည်။ နောက်နောင် မဖြစ်စေရအစရှိသော ကတိများပေးခြင်း၊ ငိုပြခြင်း၊ အိမ်ထောင်ဖက်ကြိုက်နှစ်သက်သောစကား၊ လက်ဆောင်များပေးပြီး ပြန်လည်ကျေအေးခြင်း၊ ချော့နည်းမျိုးစုံသုံးပြ၍ တောင်းပန်တတ်သည်။ ပြန်လည်ကျေအေးခါစတွင် အကြမ်းဖက်သူ အတော်များများသည် ဇနီး၏ယုံကြည်မှုကို ပြန်လည်ရရှိရန်အတွက် အရက်လျှော့သောက်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် ကြင်နာမှုများလည်း ပိုမိုပြတတ်ကြသည်။

ထိုကဲ့သို့ တွေ့ကြုံခံစားကြရသော ဇနီးသည်များမှာလည်း ခင်ပွန်းအပေါ်တွင် ပို၍မျှော်လင့်ချက် ထားရှိလာကြသည်။ ထို့ပြင် ၎င်းတို့တွေ့ကြုံခံစားခဲ့ရသော အိမ်မက်ဆိုးမှ အမှန်တကယ်လွတ်မြောက်သကဲ့သို့ လက်ခံယုံကြည်လာတတ်ကြပါသည်။ သို့သော် ထိုကဲ့သို့ပြောင်းလဲမှုမှာ အချိန်အတိုင်းအတာ တခုသာဖြစ်သည်ကို သိနေသော်ငြားလည်း မသိသလိုမေ့ဖျောက်၍ နေလိုက်သလို တချိန်ချိန်တွင် အကြောင်းအရာ တခုခုကြောင့် စိတ်အခန့် မသင့်လျှင် ပြဿနာပြန်ဖြစ်နိုင်သည်ကို သိလျက်နှင့် မသိဟန်ဆောင်ခြင်းဖြင့် ဖုံးကွယ်ထားလိုက်သည်။

အချို့သောလင်မယားများအကြားတွင်ကား အထက်ပါကဲ့သို့ပြန်လည်တောင်းပန်ခြင်းမရှိပါ။ ရက်အတော်ကြာ စကားမပြောဘဲနေခြင်း၊ တဦးဦးသည် အိမ်ပေါ်မှ ခဏတာဆင်းသွားခြင်းတို့ ပြုလုပ်တတ်ပါသည်။ များသောအားဖြင့် မိဘနှင့်အနေနီးသော အမျိုးသမီးများသည် အိမ်ပေါ်မှ ဆင်းသွားပြီး မိဘအိမ်တွင် ပြန်လည်နေထိုင်လေ့ရှိသည်။ သို့သော် ၎င်းတို့မှာ ကြာရှည်နေထိုင်ခွင့် မရှိကြပါ။ မိဘအများစုမှာ လင်မယားချင်း

ရေရှည်ကွဲသွားမည်ကို မလိုလားသည့်အတွက် သမီးများကို ပြန်လည်နားချ၍ အတင်းပြန်ခိုင်းတတ်ကြပြန်သည်။

ဤသည်မှာလည်း အမျိုးသမီးများ အကြမ်းဖက်မှုစက်ကွင်းမှ ရုန်းထွက်ခွင့်မရခြင်း၏ အရေးကြီးသော အချက်တချက်ပင်ဖြစ်သည်။ အချိန်အတော်ကြာလာသောအခါ စိတ်ဆိုးမှုများပြေလျော့သွားကာ နဂိုဘဝသို့ ပြန်လည်ရောက်ရှိနေထိုင်ခြင်းဖြင့် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိသွားပါသည်။

## အချစ်၊ မျှော်လင့်ချက်နှင့် ကြောက်ရွံ့ခြင်း

လင်မယားကြား အကြမ်းဖက်မှုသံသရာ ရှည်နေခြင်းမှာ အချစ်မျှော်လင့်ချက်နှင့် ကြောက်ရွံ့မှုများကြောင့်လည်း ဖြစ်နိုင်ပါသည်။ မိမိအိမ်ထောင်ဖက်အပေါ်တွင် အချစ်ရှိနေသေးသည်ဟု ထင်နေသောကြောင့် တနေ့နေ့တချိန်ချိန်တွင် ပြန်လည်ပြုပြင်လာမည်၊ ကောင်းမွန်လာမည်စသော မျှော်လင့်ချက်များ ရှိနေသေးသောကြောင့်ပင်ဖြစ်သည်။ အမှန်တကယ်တွင် ထင်ယောင်ထင်မှားဖြစ်နေသောကိစ္စမှာ အကြမ်းဖက်ခံရသူအပေါ် ချစ်၍ အကြမ်းဖက်ခြင်းမဟုတ်ဘဲ ၎င်းတို့၏ အတ္တကြောင့် နှိပ်စက်ခြင်းသာဖြစ်သည်။ တဖက်တွင်လည်း ဇနီးသည်များသည် မိမိတို့အား အကြမ်းဖက်မှု ကျူးလွန်ထားသော ခင်ပွန်းသည်ထံမှ **"ချစ်လို့"** ပါဟူသော နှုတ်ထွက်စကားကို မျှော်လင့်နေတတ်ကြသလို သူတို့ကိုယ်တိုင်လည်း ယောကျ်ားဖြစ်သူကို ချစ်နေသေးသည်ဟု ထင်မြင်နေသောကြောင့်လည်း ဖြစ်သည်။

အခြားတနည်းမှာ အကြမ်းဖက်သူ အိမ်ထောင်ဖက်အား ကြောက်ရွံ့သောကြောင့် ရုန်းမထွက် နိုင်သည့် အခြေ အနေများလည်းရှိနေတတ်သည်။ ဤကဲ့သို့ဖြင့် အကြမ်းဖက်မှုသံသရာသည် **"နေသည် အရှေ့ဘက်မှထွက်၍ အနောက်ဘက်သို့ဝင်သည်"** ဆိုသည့်အတိုင်း ဖြစ်ရိုးဖြစ်စဉ်ဟုခံယူလျက် ဆက်လက်တည်ရှိနေပါတော့သည်။ အထက်ပါဖော်ပြခဲ့သောဖြစ်စဉ် များသည် အိမ်ထောင်သည်များအကြား ကြိမ်ဖန်များစွာ ဖြစ်တတ်

သော မထူးဆန်းသည့် ဖြစ်ရိုးဖြစ်စဉ် တခုဖြစ်နေခြင်းမှာ အကြမ်းဖက်ခြင်း သံသရာလည်နေစေရန် ပံ့ပိုးပေးနေလေသည်။ စွာဖြစ်တတ်သော မထူးဆန်းသည့် ဖြစ်ရိုးဖြစ်စဉ် တခုဖြစ်နေခြင်းမှာ အကြမ်းဖက်ခြင်း သံသရာလည်နေစေရန် ပံ့ပိုးပေးနေလေသည်။

# အခန်း (၄)

## အကြမ်းဖက်ခံရသူမှ တုန့်ပြန်မှုမရှိခြင်း၏ အကျိုးဆက်များ

အမျိုးသမီးအများစုမှာ အကြမ်းဖက်ခံရခြင်းနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်၍ နေတတ်ကြသည်။ အကြောင်းမှာကား သူတို့၏ သိက္ခာထက် လင်ယောကျ်ား၏ သိက္ခာကျဆင်းမည်ကို စိုးရိမ်ပူပန်သောကြောင့်ဖြစ်သည်။ အခြား အကြောင်းတခုမှာကား လင်ဖြစ်သူက သူ့အကြောင်းကို အခြားသူများအားပြောပြသည်ကို ပြန်လည် သိရှိသွားပါက ပိုမို၍ အနှိပ်စက်ခံရမည်ကို စိုးရိမ်သောကြောင့်လည်းဖြစ်သည်။ ထိုအခါ အကြမ်းဖက်ခြင်းကို ပြန်လည်တုံ့ပြန်ခြင်းမပြုပဲ ခေါင်းငုံ့ခံနေတတ်ကြသည်။ ၎အကျိုးဆက်အနေဖြင့် လင်ယောကျ်ားများမှ ပိုမိုအကြမ်းဖက်လာတတ်ကာ သူ့ကို မှီခိုလာစေရန် ဖန်တီးတတ်ကြသည်။ အမျိုးသမီးများမှာမူ စိတ်ထွက်ပေါက်မရှိ မွန်းကြပ်ကာ အထီးကျန်ခံစားကြရပြီး သေကြောင်း ကြံစည်မှုမျိုး ဖြစ်လာသည်အထိ မိမိအသက်အန္တရာယ်ကိုပါ ရန်ရှာလာတတ်ကြသည်။

## အကြမ်းဖက်သူ၏ အကျင့်စရိုက်နှင့် အမူအကျင့်

အကြမ်းဖက်သူများသည် အခြားသူများကဲ့သို့ပင် ချစ်စရာကောင်းသော အပြုအမူများရှိကြပြီး ၎တို့ ကိုယ်တိုင်သည်လည်း အခြားသူတဦးလိုပင် ချစ်ခင်ကြင်နာသည့်အမူအယာများရှိသည်။ အချို့အကြမ်းဖက်သူများသည် ဇနီးအပေါ်တွင်သာ အကြမ်းဖက်တတ်ပြီး အခြားမိသားစုဝင် သို့မဟုတ် အပေါင်းအသင်းများနှင့် ဆက်ဆံရာတွင် ပုံမှန်ရှိနေတတ်သည်။ အကြမ်းဖက်သူများသည် တပါးသူအပေါ် ယုံကြည်စိတ်ချရန် မလွယ်ကူခြင်းနှင့် ရင်းနှီးမှုတည်ဆောက်ရာတွင် အခက်အခဲရှိတတ်သည်။ ဇနီးအပေါ်တွင် အပျက်သဘောဆောင်၍ အမြဲတမ်း ဆန်းစစ်ဝေဖန်နေတတ်

ပြီး မနာလိုဝန်တိုမှုလည်း ဖြစ်နေတတ်သည်။ ၎တို့အပြုအမူများ၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ တာဝန်ယူရန် ငြင်းပယ်ခြင်းနှင့် လက်မခံနိုင်ခြင်းတို့လည်း ရှိနေတတ်သည်။

ထို့ပြင် ၎တို့၏အပြစ်ကို ဇနီးသည်၏ အပြစ်အဖြစ်ပုံချတတ်သည်။ အကြမ်းဖက် ကျူးလွန်သူများအနေဖြင့် ၎တို့၏စိတ်ခံစားမှုကို ထိန်းချုပ်နိုင်ရန်အတွက်လည်း ဇနီးဖြစ်သူအား အကြမ်းဖက်ခြင်းမျိုး ပြုလုပ်တတ်ကြသလို ဇနီးသည်အနေဖြင့် ၎တို့အား ခြင်းချက်မရှိ နားလည်ပေးနိုင်လိမ့်မည်ဟူသည့် အလွန်အမင်း မျှော်လင့်ချက်မျိုးလည်း ထားတတ်ကြပြန်သည်။

## အခန်း(၅)

## ဘာကြောင့် အမျိုးသားများ အကြမ်းဖက်မှု ကျူးလွန်ရသနည်း



အမျိုးသားများအကြမ်းဖက်မှု ကျူးလွန်ကြသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်။ အချို့သော အမျိုးသားများသည် ၎င်းတို့ကြီးပြင်းခဲ့သော ပတ်ဝန်းကျင်နှင့် မိသားစုကြောင့်ဖြစ်သလို ဖြစ်နိုင်ချေရှိသည့်အချက်မှာ ထိုအမျိုးသားများသည် ၎င်းတို့ငယ်ရွယ်စဉ်အတွင်း ဖခင် (သို့မဟုတ်) ဦးလေး၊ ဆရာ စသည့်သူများမှ အခြားသူ တဦးဦးကိုအကြမ်းဖက်မှုပြုသည်ကို မျက်မြင်ကိုယ်တွေ့ဖြင့် နေထိုင်ကြီးပြင်းခဲ့ရသောကြောင့်လည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ ကလေးများသည် ၎င်းတို့ ဖခင် အပါအဝင် အခြားသူများ၏ လုပ်ရပ်နှင့်အပြုအမူအပေါ် စိတ်ပျက် နာကြည်း နေတတ်သည်။ ၎င်းတို့ကြီးပြင်း၍ အိမ်ထောင်ပြုသောအချိန်တွင် ယင်းနာကြည်းမှုများသည် ပြဿနာဖြစ်လာချိန်တွင် မှားသည်ဆိုသည့် အတုယူခြင်းမျိုး

ထက် သူမြင်တွေ့ခဲ့ရသည့်အတိုင်း ပြန်လည်အကြမ်းဖက်တတ်ကြသည်။

အချို့သော အမျိုးသားများ အကြမ်းဖက်သည်မှာ အခြားအကြောင်းများကြောင့်လည်းဖြစ်နိုင်သည်။ အများအားဖြင့် အမျိုးသားများသည် အပေါင်းအသင်းများနှင့် အခြေအတင်ဖြစ်၍ စိတ်ညစ်စိတ်တိုသောအခါ (သို့မဟုတ်) စီးပွားရေးအဆင်မပြေ၍ စိတ်ဓာတ်ကျနေသောအခါ (သို့မဟုတ်) လုပ်ငန်းခွင်တွင် အဆင်မပြေသောအခါ ဇနီး (သို့မဟုတ်) ခလေးများ၏ အပြစ်သေးသေးလေးကိုပင် ပုံကြီးချဲ့ကာ အပြစ်တင်ခြင်း၊ ဆဲဆိုခြင်း အကြမ်းဖက်ခြင်းတို့ကို ပြုလုပ်တတ်သည်။ တခါတရံ တဦးတယောက်ကိုမှ အပြစ်ရှာမရသော်လည်း ၎တို့ဘာသာ စိတ်အလိုမကျမှု တခုခုဖြစ်လာလျှင် ပြဿနာရှာ၍ ကိုယ်ထိလက်ရောက် အကြမ်းဖက်တတ်သည်။

အရက်သေစာ သောက်စားမှုယစ်လာသောအခါတွင်လည်း မမူးခင်က ဖြေရှင်းရန်ရှိသည့် ပြဿနာများကို အစပြန်ဖော်ကာ ဇနီးသည်အပေါ် အမျိုးမျိုးစွတ်စွဲ၍ ပြဿနာရှာခြင်းများလည်း ပြုလုပ်တတ်ကြသည်။ အချို့သော အမူးသမားများသည် ၎တို့ထမင်းစားသောအချိန်တွင် ဟင်းမကောင်းလျှင်သော်လည်းကောင်း၊ မိန်းမမှ ထမင်းဝိုင်း အဆင့်သင့် ပြင်ဆင်မထားလျှင်သော်လည်းကောင်း ပြဿနာရှာ၍ ကိုယ်ထိလက်ရောက် စော်ကားခြင်းမျိုးလည်း ရှိတတ်သည်။ ဆိုလိုသည်မှာ မူးခြင်းကို အကြောင်းပြ၍ အကြမ်းဖက်မှုကို ကျူးလွန်တတ်ခြင်းဖြစ်သည်။

အချို့သောအခြေအနေများတွင် အမျိုးသားများ အကြမ်းဖက်မှုကျူးလွန်ရသည်မှာ ၎တို့သည် မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေတတ်ပြီး ၎တို့အရည်အချင်းတစုံတရာမရှိသလို ခံစားနေရခြင်း၊ ၎တို့ဘာသာ အလိုမကျဖြစ်နေခြင်းတို့ကြောင့်လည်း အကြမ်းဖက်တတ်ကြသည်။ တချို့ကျပြန်တော့လည်း ၎တို့၏ဇနီးအား အလွန်ချစ်သည်ဟု မသိစိတ်က ထင်တတ်ပြီး အလွန်အမင်းသဝန်တိုကာ အနိုင်ယူလိုခြင်း၊ ပိုင်ဆိုင်လိုခြင်းများဖြစ်ပြီး ဒေါသကြီး၊ စိတ်တိုလွယ်ကာ ၎တို့၏ ဒေါသအား မထိန်းချုပ်နိုင်သောကြောင့်လည်း အကြမ်းဖက်မှုကို ကျူးလွန်တတ်ကြသည်။

# အကြမ်းဖက်ခံရမှု၏ နောက်ဆက်တွဲအခြေအနေများ

## (က) ရုပ်ပိုင်းဆိုင်ရာထိခိုက်ခြင်း



ကိုယ်ထိလက်ရောက် စော်ကားမှုကြောင့် အမျိုးသမီးများသည် စိတ်ရောကိုယ်နှစ်ပါးစလုံးနှင့် ဆိုင်သောရောဂါ အမျိုးမျိုးကို ခံစားကြရသည်။ အမျိုးသမီးများသည် ရရှိထားသော ဒဏ်ရာများကြောင့် တကိုယ်လုံး နာကျင်မှုဝေဒနာကို အဆက်မပြတ်ပြင်းထန်စွာ ခံစားနေရသည်လည်းရှိသည်။ ထို့အပြင် အစားပျက်ခြင်း၊ အိပ်၍မရခြင်းနှင့်အိမ်တွင်းရေး အလုပ်များတွင်လည်း ပျက်ကွက်ခြင်းမျိုးဖြစ်တတ်ကြသည်။ အကယ်၍ အကြမ်းဖက်ခံရသော အမျိုးသမီးများသည် အိမ်တွင်း စီးပွားရေးအတွက် အလုပ်လုပ်နေလျှင် သော်လည်းကောင်း၊ လူမှုရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေလျှင် သော်လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှားမှုတွင် ဝါဝင်နေလျှင်သော်လည်းကောင်း ရရှိထားသော ဒဏ်ရာများကြောင့် အလုပ်မသွားနိုင်ခြင်း၊ အိမ်ပြင်မထွက်ဝံ့ခြင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် မတွေ့ဝံ့ခြင်းများ ခံစားရတတ်သည်။

ထိုအချက်များ၏ နောက်ဆက်တွဲအဖြစ် အိမ်တွင်းစီးပွားရေး၊ လုပ်ငန်းခွင်နှင့် လူမှုဆက်ဆံရေးနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေများကို ထိခိုက်လာနိုင်ပါသည်။ ထိုကဲ့သို့ မကြာခဏ အကြမ်းဖက်ခံရသော အမျိုးသမီးများမှာ အလွန်အမင်းစိတ်ဓာတ်ကျဆင်းနေပြီး ပျော်ရွှင်တက်ကြွမှုမျိုးလည်းတွေ့ရခဲသည်။ သူမကိုကြည့်လျှင် တစုံတခုကို ကြောက်ရွံ့နေသည့်ပုံဖြစ်နေပြီး မလုံမခြုံလည်း ဖြစ်နေတတ်သည်။ အချို့မှာမူ ပြင်ပမှကြည့်လျှင် ဘာမှ မခံစားရပါဘူးဟု ထင်ရသော်လည်း သူတို့

၏ ခါးသီးသော ခံစားမှုများကို ကျိတ်မှိတ်ဖုံးကွယ်နေခြင်းသာဖြစ်ပြီး ထို ဟန်ဆောင်မှုကြောင့် ပို၍ပင် စိတ်ပင်ပန်းရသော အခြေအနေမျိုးတွင် ရှိ နေတတ်ပါသည်။

## (ခ) လုပ်ငန်းများတွင် ထိခိုက်မှုရှိခြင်း

ယနေ့ခေတ်ကာလသည် အိမ်ထောင်ဦးစီးတယောက်တည်း၏ ဝင်ငွေနှင့် မိသားစု၏ စားဝတ်နေရေးအတွက် အဆင်မပြေနိုင်တော့သည့် အတွက် အမျိုးသမီးများ၏ လုပ်အားပါ အသုံးပြုလာရသည့် အခြေအနေ ကို ရောက်ရှိလာနေသည်မှာ ကြာပြီဖြစ်သည်ကို သတိပြုမိကြမည်ဖြစ် သည်။ အမျိုးသမီးများသည် ခင်ပွန်း၏ အကြမ်းဖက်မှု ခံရပါကစိတ်အ နှောင့်အယှက်ဖြစ်၍ စိတ်လက်မပေါ့မပါးရှိကာ အလုပ်မလုပ်နိုင်ခြင်းမျိုး အပြင် အချို့သော အခြေအနေတွင် ယောကျ်ားဖြစ်သူမှ အလုပ်မှ ရပ်နား ခိုင်းကာ နောက်ဆုံးအလုပ်ထွက်ခိုင်းသည်အထိ ပြုလုပ်တတ်ကြသည်။



ဥပမာဆိုရသော် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကောက်နုတ်တင်ပြချက်အရ အိမ်တွင်းအကြမ်းဖက်မှုသည် လူမှုအသိုင်း

အပိုင်းတခုလုံးအား တိုက်ရိုက်မဟုတ်သော်လည်း သွယ်ဝိုက်သော နည်းဖြင့် ထိခိုက်နစ်နာစေသည်ဟု ဖော်ပြထားပြီး ကနေဒါနိုင်ငံ၏ အိမ်တွင်းအကြမ်းဖက်မှု စစ်တမ်းကောက်ချက်များအရ အရိုက်ခံရသော အမျိုးသမီးများ ၃၀ ရာခိုင်နှုန်းမှာ ပုံမှန်ပြုလုပ်နေကျ အလုပ်များကိုရပ်နားထားရပြီး ၅၀ ရာခိုင်နှုန်းမှာ အကြမ်းဖက်မှုမှ ရရှိသောဒဏ်ရာများကြောင့် အလုပ်မှခွင့်ယူနေကြရသည်။ အကြမ်းဖက်ခံရသော အမျိုးသမီးများ၏ ဝင်ငွေနှုန်းမှာ အကြမ်းဖက်မခံရသော အမျိုးသမီးများ၏ ဝင်ငွေထက် ၄၆ ရာခိုင်နှုန်းနည်းပါးသည်။ UNICEF ၏ အစီရင်ခံစာတွင် စန်တီဂို (santigo)၊ ချီးလီး(Chili) နိုင်ငံများတွင် လေ့လာတွေ့ရှိချက်အရ ကိုယ်ထိလက်ရောက် စော်ကားခံရသော အမျိုးသမီးများ၏ ဝင်ငွေမှာ အိမ်တွင်းအကြမ်းဖက်မခံရသော အမျိုးသမီးများ၏ ဝင်ငွေထက် ထက်ဝက်ကျော်နည်းနေကြောင်း ဖော်ပြထားသည်။

## (ဂ) စိတ်ပိုင်းဆိုင်ရာထိခိုက်မှုရှိခြင်း



စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော အမျိုးသမီးများမှာ မိမိခင်ပွန်း၏ လှောင်ပြောင်သရော်သော ပြုမူဆက်ဆံမှုများကြောင့် မိမိကိုယ်မိမိ ယုံကြည်မှုပို၍နည်းနေတတ်ကာ အားမလိုအားမရလည်း ဖြစ်နေတတ်သည်။ ထို့အပြင် စိုးရိမ် ကြောင့်ကျမှု ဝေဒနာများလည်း ခံစားကြရသည်။ စိတ်သောကဖိစီးမှုကြောင့် စိတ်ဂဏှာမငြိမ်ခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း တို့ဖြစ်တတ်သည်။ အထက်ပါကဲ့သို့ စိတ်ခံစားမှုများကြောင့် ထိုအမျိုးသမီးများ၏ တွေးခေါ်မှု၊ ပြောဆိုဆက်ဆံမှုများတွင် ပုံမှန်မဖြစ်ဘဲ ရှိနေတတ်သည်။

## (ဃ) အတင်းအဓမ္မလိင်ဆက်ဆံခြင်း၏ အကျိုးသက်ရောက်မှု

အချို့အိမ်ထောင်သည် အမျိုးသားများသည် ၎တို့စိတ်ဆန္ဒပြင်းပြလာသော အချိန်များတွင် ဇနီးသည်နှင့် ကာမဆက်ဆံရန် ကြိုးစားတတ်ကြသည်။ ထိုအခါမျိုးတွင် အချို့သော အမျိုးသမီးများသည် စိတ်မပါသောကြောင့် ငြင်းဆိုသည့်အခါ ငါပိုင်သည်ဟုဆိုကာ အင်အားသုံး၍ အတင်းအဓမ္မလိင်ဆက်ဆံတတ်ကြသည်။

ထို့ကြောင့် အိမ်ထောင်ဖက်အမျိုးသမီးများ၏ သဘောတူညီချက်မပါဘဲ လိင်ဆက်ဆံသောကြောင့် မရည်ရွယ်ဘဲ ကိုယ်ဝန်ရရှိတတ်ခြင်းနှင့် လိင်မှတဆင့် ကူးစက်တတ်သော ကူးစက်ရောဂါများလည်း ရရှိနိုင်သည့်အတွက် အမျိုးသမီးများသည် အချိန်မရွေး အသက်အန္တရာယ်နှင့် နီးစပ်နိုင်သည့်အခြေအနေတွင်ရှိသည်။

## (င) လူမှုရေးနယ်ပယ်နှင့် ဝေးကွာသွားခြင်း

အကြမ်းဖက်ခံရသော အမျိုးသမီးအများစုသည် လူမှုရေးကိစ္စရပ်များတွင် ပါဝင်မှုမရှိတော့ခြင်း၊ လူတောမတိုး၊ မဝင်ဆံ့တော့သည့်ခံစားမှုမျိုး ဖြစ်တတ်ပါသည်။ အမျိုးသမီးများသည် အထီးကျန်သော စိတ်ပိုင်းဆိုင်ရာအရ ခံစားရသည့် ဝေဒနာတမျိုးမျိုး ခံစားကြရပြီး ဘဝကိုခြောက်သွေ့စွာ ဖြတ်သန်းကြရသည်။ အချို့သော အမျိုးသမီးများမှာ စိတ်အလိုလိုက်



၍ ထင်ရာစိုင်းနေတတ်ပြီး လောကကြီးကို အရွဲ့တိုက်၍ဖြစ်ချင်ရာဖြစ် ဆိုသည့်လမ်းကြောင်းသို့ လိုက်သွားတတ်သည်လည်း ရှိသည်။

အကြမ်းဖက်ခံရသော မြန်မာ အမျိုးသမီးများသည် ဖြစ်ပျက်ခဲ့သော အခြေအနေ (သို့မဟုတ်) ခင်ပွန်းသည်၏ ညှင်းပန်းနှိပ်စက်မှုများကို လျှို့ ဝှက်ထားတတ်ကြသည်။ အကြောင်းရင်းမှာ အများအားဖြင့် အမျိုးသမီး များ သည် အရှက် ကြီးကြသောကြောင့်ဖြစ်သည်။ ၎တို့အရှက်နှင့် ခင်ပွန်းသည်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် ခံစားချက် များကို ရင်ထဲတွင် သိမ်းထားတတ်ကြသည်။ ထို့အပြင် ၎တို့၏ မိသား စုနှင့် အပေါင်းအသင်းများကို ရင်ဖွင့်သောအခါ များသောအားဖြင့် အား ပေးနှစ်သိမ့်မှုများ ရသင့်သလောက် မရရှိတတ်သောကြောင့်လည်းဖြစ် သည်။

ထို့အပြင် တရားရုံး (သို့မဟုတ်) ရပ်ကွက်လူကြီးများကို တိုင်ကြား သောအခါ အိမ်တွင်းရေး ပြဿနာသည် ဖြစ်နေကျဖြစ်၍ ကြားလူမ ဝင်သင့်ဟူသော ယုံကြည်မှုများကြောင့် ပံ့ပိုးကူညီဖြေရှင်းပေးသည့် အခြေ အနေမပေးနိုင်ကြသလို ထိုအမျိုးသမီး၏ လုံခြုံရေးအား ထိရောက်စွာ ကာကွယ်စောင့်ရှောက်ပေးနိုင်မှုမျိုးမှာလည်း ရှားပါးသည်။ ထို့ကြောင့်

အမျိုး သမီးများသည် ခိုကိုးရာမဲ့၍ စိတ်ဆင်းရဲမှုဒဏ်ကို ခံနေရသောကြောင့် စိတ်ကျရောဂါများရလာတတ်ပြီး တခါတရံ မိမိကိုယ်မိမိသေကြောင်းကြံ စည်ခြင်းများပင် ပြုလုပ်သည်ကို တွေ့ရတတ်သည်။

## (စ) အိမ်တွင်းအကြမ်းဖက်မှုကြောင့် ခလေးများအပေါ်အကျိုးသက်ရောက်မှု

ကလေးအများစုမှာ မိဘနှစ်ပါးရန်ဖြစ်စဉ်တွင် တဦးက တဦးကိုရိုက်သည်ကို ကိုယ်တိုင်ကိုယ်ကျ မြင်ကြသည်။ တဦးဦး နာကျင်ခံစားရလျှင် မျက်ရည်ကျကြပြီး မိဘဖြစ်သူကို ပြန်လဲမပြောရဲ၊ ပြောရန်လည်း ခွန်အားမရှိဖြစ်တတ်ကြသည်။ သိတတ်နားလည်သောအရွယ် ကလေးများသည် ၎တို့၏ ဖခင်ဖြစ်သူက မိခင်ကို ရိုက်သည်မြင်လျှင် ဖခင်အား ကြောက်ရွံ့သွားတတ်သလို နာကြည်းမုန်းတီးသွားတတ်သည်လည်းရှိသည်။ အချို့ရန်ပွဲများတွင် လင်ဖြစ်သူသည် ဇနီးအား ရိုက်နှက်သည်ကို အားမရဘဲ ကလေးများကိုပါလှည့်၍ ရန်ရှာကာရိုက်မောင်းပုတ်မောင်း လုပ်တတ်ကြသည်။ မိခင်အချို့သည်လည်း ခင်ပွန်းအား ပြန်လည်မတုန့်ပြန်နိုင်သော



အခါ ကလေးများကို ရိုက်ပုတ်တတ်သည့် ပုံစံမျိုးဖြင့် လက်တုန့်ပြန်သည် လည်းရှိသည်။ ကလေးများအား ရိုက်ခြင်းသည် အကြမ်းဖက်သော ခင်ပွန်းအား အစွဲ့တိုက်၍ ရိုက်ခြင်းဖြစ်သောကြောင့် ကလေးများမှာ မိဘနှစ်ပါး၏ နှိပ်စက်ခြင်းကိုခံရသကဲ့သို့ ဖြစ်နေပေသည်။

ထိုသို့ ပြဿနာဖြစ်သော အိမ်ထောင်စုမှ ကြီးပြင်းလာကြသော ကလေးများမှာ အများတကာကလေးများကဲ့သို့ ပျော်ရွှင်မှု၊ ဖြတ်လတ်မှုများမရှိတော့ပါ။ ကလေးတို့ဘဝ လန်းဆန်းတက်ကြွမှုများ ပျောက်နေတတ်သည်။ အမြဲလို ငေးငိုင်နေတတ်ပြီး အခြားသောကလေးများနှင့်လည်း အရောတဝင်မရှိတတ်ပေ။ စာသင်သော အရွယ်ကလေးများသည်လည်း စာသင်လိုခြင်း စိတ်ဆန္ဒများလျော့နည်းလာကြသည်။ စာသင်နေစဉ် အတွင်း ကလေး၏ စိတ်အာရုံသည် အဝေးသို့ ရောက်နေတတ်သလို ဖခင်၏ ရက်စက်မှုများကိုလည်း ပြန်လည်မြင်ယောင်ပြီး ကြောက်ရွံ့တုန်လှုပ် နေတတ်သည်။

အကြမ်းဖက်မှုပြဿနာရှိသော မိသားစုမှ ကြီးပြင်းလာကြသော ကလေးများမှာ ၎င်းတို့ကိုယ်တိုင် အပေါင်းအသင်း သူငယ်ချင်းများအပေါ်တွင် ရန်လိုတတ်ခြင်း၊ အားငယ် ကြောက်ရွံ့တတ်ခြင်းတို့ ဖြစ်ပေါ်တတ်သည်။ သူတပါးနှင့် ရန်ဖြစ်ထိုးကြိတ်ရမည်လည်း မကြောက်တတ်ဖြစ်နေတတ်သည်။ ထို့အပြင် ၎င်းတို့ ကြီးပြင်းလာသော အချိန်တွင် ရက်စက်ကြမ်းကြုတ်သော အမူအရာများရှိတတ်ပြီး ၎င်းတို့ အိမ်ထောင် ကျသော အချိန်တွင်လည်း ဇနီးအား အကြမ်းဖက်တတ်သည်။ ဤသည်မှာလည်း ၎င်းတို့ ငယ်စဉ် ကလေးဘဝအတွေ့အကြုံများကြောင့် ဖြစ်သည်။

# အကြမ်းဖက်မှုရှိသည့် မိသားစုမှ ကလေးများ၏ ဖြစ်လေ့ဖြစ်ထရှိသည့် အခြေအနေများ




ရည်ညွှန်း ...

Inspired and adapter from the "Power and Control and Equality Wheels". Developed by Domestic Abuse Intervention Projects.


1. " When Abusers Choke Their Victims, Violence Against Women' 22-5 (Joan Zorza ed., 2002)
2. Barbara Johnson, " Reducing Intimate Partner Abuse: ALook at National, State, and local strategies for the prevention of domestic violence" (2002)
3. The Women's Rural Advocacy Program
4. Metropolitan king country council's," Dating Violence Handbook" USA, and September 1999
5. Adapted from an interview with one of the karenni woman currently living in Thailand, 2003

# အခန်း(၆)

## အကြမ်းဖက်ခံရသူများ နေအိမ်ကို စွန့်ခွာသွားရန် ဘာကြောင့် နှောင့်နှေးနေရသနည်း။



အကြမ်းဖက်ခံရသူများသည် များသောအားဖြင့် နေအိမ်မှထွက်ခွာရန်မလွယ်ကူချေ။ ဇနီးသည်များမှာ များသောအားဖြင့် မိခင်စိတ်များဖြင့် ရပ်တည်နေရသည်ဖြစ်ရကား ၎င်းတို့၏ မိသားစုကို ဥပက္ခာပြု၍ ဖြစ်ချင်ရာဖြစ် မထားလိုချေ။ သားသမီးမျက်နှာသည် အရေးကြီး၏။ မိဘမရှိဘဲ ကလေးများ လူလားမြောက်ကြီးပြင်းရန်မှာ မလွယ်သလို တွေးပင်တွေးရဲစရာ အကြောင်းမဟုတ်ဟု ယူဆသူများစွာ ရှိနေပေသည်။ သားသမီးများနှင့် အနီးစပ်ဆုံး အရင်းနှီးဆုံး မိခင်တို့၏ ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်၊ ပူပန်မှုနှင့် စိုးရိမ်စိတ်တို့သည် ဖခင်များထက် ပိုသည်ဆိုလျှင် မမှားနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် မိခင်များမှာ နေ့စဉ်နှင့်အမျှ ပိုမို နီးနီးကပ်ကပ် နေကြရသည့်အပြင် ကလေးများအနေဖြင့် စိတ်ညစ်စရာ၊ ပျော်စရာများသည်လည်း မိခင်များထံမှ ရရှိခံစားရသောကြောင့်ဖြစ်သည်။

မိစုံဖစုံဖြင့် ကလေးများ ကြီးပြင်းလာရေးသည် မိသားစုတိုင်းအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ကိစ္စဖြစ်သည်။ မိဘမစုံဘဲ ကြီးပြင်းလာသော ကလေးများအဖြစ် မည်သူမျှမမြင်ချင်ကြပေ။ မိဘမစုံဘဲ ကြီးပြင်းလာသော ကလေးတယောက်သည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအရ အားငယ်ခြင်း၊ လူတောမတိုးရဲခြင်း၊ သိမ်ငယ်ခြင်း၊ ပြောရဲဆိုရဲမရှိခြင်း စသည့် လူ့ဘဝတွင် အညွန့်ချိုးခံလိုက်ရသည့် ပုံစံများဖြစ်ပေါ်တတ်သည့် အတွက် မိဘများက တော်ရုံ၊ တန်ရုံ လင်မယားအကြား ပြဿနာဖြစ်ရုံမျှဖြင့်တော့ မကွဲလိုကြပေ။ ဇနီးသည်အများစုသည် သည်းခံခြင်း၊ ဖေးမခြင်းဖြင့်သာ အိမ်ထောင် ရေးကို တည်ဆောက်သွားလိုကြသည်။ တခါ လင်မရှိဘဲ မိန်းမတယောက်အနေဖြင့် ပတ်ဝန်းကျင်တွင် နေသွားရန်မှာ တော်ရုံတန်ရုံ သတ္တိဖြင့် မဖြစ်နိုင်ပေ။

**"တံခွန်မရှိသည့်ဘုရား၊ အလံမရှိသည့်ရထား"**ဆိုသည့် အတွေးအခေါ်များသည် ကျမတို့ဝန်းကျင်တွင် ပြောနေကျ၊ ကြားနေကျ စကားဖြစ်သလို အမှန်တကယ်တွင်လည်း လင်မရှိဘဲ ရပ်တည်ရသည်မှာ မလွယ်ကူချေ။ လူတကာ၏ စော်ကားခြင်းကို ခံရနိုင်သလို လေးစားမှုတန်ဖိုးသည်လည်း အိမ်ထောင်ရှိမိန်းမတယောက်နှင့်မတူ စော်ကားချင်တိုင်း စော်ကားခံကြရသောကြောင့်ဖြစ်သည်။ သို့သော်လည်း နေအိမ်ကို စွန့်ရန် မဖြစ်နိုင်ပါဟု ပြောသူအမျိုးသမီးများတွင် တကွက်ချန်တော့ ရှိနေသည်ဟုလည်း စာရေးဆရာ အတ္တကျော်က ဆိုပါသည်။

"လူဆိုတာ ကိုယ့်အတွက်တော့ တကွက်ချန်ထားစမြဲပါ။ ကိုယ့်ဘာသာ လင့်လုပ်စာနဲ့ ဇိမ်ကျကျနေ၊ စားနေ၊ သုံးနေ၊ စီးနေရတာကိုမက်လို့ အဲဒီလင်ကို အောက်ကျခံပေါင်းနေရတယ်လို့ ဘယ်မိန်းမကမှ အတိအလင်းဝန်ခံမှာ မဟုတ်ဘူးလို့ ထင်ပါတယ်။" အမှန်တကယ်တွင် စီးပွားရေးအရ ယောကျာ်းအပေါ်တွင် မှီခိုနေရခြင်းဆိုသည်မှာ အထက်တွင် ပြောဆိုခဲ့သည့် ယောကျာ်းလွှမ်းမိုးရေး အတွေးအခေါ်ကြောင့်ဖြစ်ပြီး အမျိုးသမီးများသည် ဘဝတွင် သူတို့ဘာသာ ရပ်တည်ရမလွယ်ကူခြင်းမှာ ရှာမစားနိုင်၍မဟုတ်၊ ဘဝလုံခြုံမှုများ မရှိသောကြောင့် ဖြစ်သည်ကို

မမေ့သင့်ပေ။ ဤနေရာတွင် အလျဉ်းသင့်၍ စာရေးဆရာမကြီး ခင်နှင်းယု၏ စကားစုတခုကို ထည့်သွင်းဖော်ပြချင်ပါသည်။ အတိအကျ မမှတ်မိသော်လည်း ဆိုလိုသည်မှာ "တခုလပ်ဖြစ်ဖြစ်၊ မုဆိုးမပဲဖြစ်ဖြစ်၊ အပျိုပဲဖြစ်ဖြစ် ဘဝတွင် ရှာဖွေစားသောက်ရန် ဘယ်တော့မှ မမောပမ်းနိုင်ကြပဲ ဘဝလုံခြုံမှုရှိခြင်းအတွက်သာ အမြဲရင်မောနေကြရသည်။"ဟုဆိုထားပါသည်။ မှန်၏။

အမျိုးသမီးများသည် လင်မရှိတော့ပဲ ၎င်းတို့၏ဘဝတွင် သွားရသည့်နေရာတိုင်းတွင် မျက်နှာငယ်ရသလို ကိုယ့် ဘာသာ လင်မယားကွဲရခြင်းကိုပင် ကိုယ်ကမကောင်း၍ ကိုယ်ကညံ့၍ ကွဲရသည့်ပမာ အပြောခံရတတ်ကြသည်။ မိန်းမတယောက်အပေါ် အကောင်းပြောဆို ဝေဖန်ခြင်းထက် အဆိုးကိုသာ ဝေဖန်လိုကြသည်။ ယောကျ်ားများအတွက်မူ စသလို နောက်သလိုနှင့် အိမ်ပေါ်ကဆင်းသွားလျှင် လူပျိုပြန်ဖြစ်သယောင် အားပေးမြောက်ပင့်သည့် အပြောအဆိုမျိုးကို ပြောတတ်ကြသည်မှာ အမှန်တကယ် မရှိသင့်တော့ပေ။

အမျိုးသမီးများနေအိမ်ကို ပစ်ပယ်ရန် ခက်ခဲသည့် အကြောင်းများထဲတွင် စီးပွားရေးအရ မပြည့်စုံမှုနှင့် ငွေကြေးကို အမျိုးသားများက ထိန်းချုပ်ထားခြင်းသည်လည်း အကြောင်းရင်းတရပ်ဖြစ်သည်။ အမျိုးသမီးများသည် များသောအားဖြင့် ငွေရေးကြေးရေးအရ မှီခိုနေကြရသည့် အတွက် အကြောင်းကြောင်းကြောင့် ခေတ္တခဏ စိတ်အေးလက်အေး နေချင်သော်မှ ငွေသည်အဓိကဖြစ်နေတတ်သည်။

## အကြမ်းဖက်မှုစက်ဝန်းမှ ထွက်ခွာသွားရန် ဖြစ်နိုင်ချေရှိ၊ မရှိ

အိမ်တွင်းအကြမ်းဖက်မှု အဆိုးဝါးဆုံးဖြစ်နေသည့်အချိန် တနည်းအားဖြင့် အဆိုးဆုံးသော အခြေအနေတွင် အိမ်မှထွက်ခွာသွားရန်လိုအပ်ပေသည်။ အပြီးအပိုင် ထွက်ခွာသွားခြင်းမျိုးမဟုတ်သည့်တိုင်အောင် မိမိကိုနားလည် နိုင်သော ကိုယ်ချင်းစာနာ၍ တယောက်အကြောင်းတယောက်သိနေသော သူငယ်ချင်းမိတ်ဆွေတယောက်ယောက်၏ နေအိမ်၊ မိမိလုံခြုံ

စိတ်ချရသည်ဟု ထင်သောနေရာ တခုခု သို့မဟုတ် နားခိုစရာနေရာ ဥပမာ (အမျိုးသမီးကယ်ဆယ် စောင့်ရှောက်ရေးအသင်းအဖွဲ့၊ ဌာန) သို့ ခေတ္တခဏဖြစ်စေ သွားရောက်သင့်ပေသည်။ သို့မှသာ အကြမ်းဖက်ခံရသည့် အခြေအနေမှ ကင်းဝေးပြီး လုံခြုံမှုတစုံတရာရှိပေသည်။

ထွက်ခွာသွားခြင်းသည် စိတ်ကိုတင်းကြပ်နေမှုမှ ဖြေလျှော့ပေးနိုင်သလို အန္တရာယ် အနာတရဖြစ်မှုမှလည်း ရှောင်ကျဉ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိသားစုအတွင်း အဆိုးဆုံးသော အကြမ်းဖက်မှုဖြစ်ပေါ်နေပါက အန္တရာယ်မှ ကင်းလွတ်ရာသို့ အမြန်ဆုံးထွက်ခွာသင့်ပေသည်။ သို့မဟုတ်ပါက အနှိပ်စက်ခံရသည့်အမျိုးသမီးသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ် ရှိနိုင်သောကြောင့်ဖြစ်သည်။

## မိမိတယောက်တည်း အိမ်တွင်းအကြမ်းဖက်မှု ရင်ဆိုင်ကြုံတွေ့နေရတာလား

အကြမ်းဖက်ခံရသည့် အမျိုးသမီးတယောက်အနေဖြင့် မမေ့သင့်သည့်အချက်မှာ အကြမ်းဖက်ခံရခြင်းကို ရင်ဆိုင်နေရသည်မှာ မိမိတယောက်တည်းလားဆိုခြင်းပင်၊ ဤပြဿနာများသည် နေရာတိုင်းတွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်နေပြီး အချိန်တိုင်း မိနစ်တိုင်းတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဆိုလိုသည်က မိမိနှင့်ဘဝတူ အမျိုးသမီးများစွာရှိနေသည်ဆိုခြင်းကို မမေ့ရန်ဖြစ်သည်။ အကြမ်းဖက်ခံရသည့်အတွက် ရှက်စရာဟု မှတ်ယူစရာမလိုပဲ အကြမ်းဖက်သူသာလျှင် အမှားပြုလုပ်သူ၊ ရှက်ရမည့်သူဖြစ်ပြီး မိမိ ခင်မင် ယုံကြည်စိတ်ချရမည့်သူများကို စိတ်လက်ပေါ့ပါးသွားအောင် တိုင်ပင်ပြောဆိုခြင်း၊ ရင်ဖွင့်ခြင်း၊ သို့မဟုတ် အခြား မိမိနှစ်သက်ရာ ကိစ္စတခုကို အစားထိုး၍ စိတ်လက်ပေါ့ပါးသွားအောင် လုပ်ဆောင် ခြင်းဖြင့် မိမိနှင့်ဘဝတူ ခံစားနေရသော အမျိုးသမီးများရှိနေသည်ကို မမေ့သင့်ပေ။

ရည်ညွှန်း ...

Oakland Country Coordinating Council Against Domestic Violence, "Domestic Violence Handbook" USA.

# အခန်း(၇)

## ထွက်ခွာသွားနိုင်ရန် လုပ်ဆောင်ရမည့်ပြင်ဆင်မှုများ

မိမိအနေဖြင့် ကိုယ့်အတွက် လုံခြုံမှုမရှိဟု ခံစားလာရပါက တစုံတရာထွက်ပေါက်ကိုစဉ်းစား၍ ပြင်ဆင်စရာ ရှိသည်ကို ပြင်ဆင်ပါ။ အကြောင်းမှာ မိမိအတွက် လုံခြုံမှုသည် အရေးအကြီးဆုံး ကိစ္စဖြစ်သည်။ ထို့ ကြောင့် မိမိလိုအပ်သည့် အကူအညီအတွက် အောက်တွင်ဖော်ပြထားသကဲ့သို့ မိမိစဉ်းစားချက်များကို သေသေချာချာရေးချ ပြင်ဆင်မှု လုပ် နိုင်ပါက အကောင်းဆုံးဖြစ်သည်။ မိမိအနေဖြင့် အကြမ်းဖက်ခံနေရသည့် အခြေအနေနှင့် ရင်ဆိုင်လာရပါက ...

(၁) အရေးအကြီးသော ဖုန်းနံပါတ်များကို မိမိနှင့်အနီးကပ် သို့မဟုတ် ကလေးရှိပါက ကလေးနားတွင်ထားပါ။ ဖုန်းနံပါတ်များမှာ ဥပမာ အားဖြင့် ရဲဌာန၊ အကူအညီပေးရေးဌာနနှင့် သူငယ်ချင်းတယောက် ယောက်၏ နံပါတ်မျိုး။

(၂) မိမိ၏ သူငယ်ချင်း သို့မဟုတ် အိမ်နီးချင်းများကို မိမိ အကြမ်းဖက်ခံရသည်ကိုပြောပြပါ။ အကယ်၍ သူတို့ အနေဖြင့် အကြမ်းဖက်မှုကို ကြားသိရပါက ရဲ၊ ရပ်ကွက်လူကြီး၊ ရွာသူကြီး သို့မဟုတ် တာဝန်ရှိသူများကို အကြောင်းကြားပေးရန် အကူအညီတောင်းပါ။ မိမိ၏ ကလေးများကို ရဲ သို့မဟုတ် တာဝန်ရှိသူများကို မည်သို့ ခေါ်ရမည်ကို သင်ထားပေးပါ။ ဥပမာ ... တယ်လီဖုန်းမည်သည့်နံပါတ်ကို ဘယ်လို နှိပ်ရမည်စသည့်ဖြင့် ၁၁၉ ကိုနှိပ်လျှင် ရဲချက်ခြင်းရောက်သည်။

(၃) ကလေးများကို မိမိအကူညီလိုပါက မည်ကဲ့သို့ဆက်သွယ်ရမည်ဆိုသည်ကို သင်္ကေတ တခုခု ထားပေးထားပါ။

(၄) မိမိနေအိမ်ကနေ အန္တရာယ်မရှိအောင် မည်သို့ ထွက်ရမည်ဆိုသည်ကို ကိုလေ့ကျင့်ပါ။

(၅) အကယ်၍ ပြဿနာတက်တော့မည်ကို သိပါက မိမိအနေဖြင့် နေအိမ်အတွင်း အန္တရာယ်မရှိနိုင်သော နေရာသို့ ရောက်အောင်သွား၍ ပြဿနာဖြေရှင်းပါ။

(၆) အကယ်၍ မိမိကို အသက်အန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်တခုခု မိမိနေအိမ်တွင်ရှိနေပါက အိမ်ပြင်သို့ ရောက်အောင် မည်သို့လုပ်ဆောင်ရမည် ဆိုသည့်နည်းလမ်းကို စဉ်းစားပါ။

(၇) မိမိအနေဖြင့် ထွက်သွားမည်ဟု မစဉ်းစားထားသော်လည်း မိမိသွား၍ရနိုင်သည့် နေရာကိုစဉ်းစားထားပါ။

(၈) မိမိနေအိမ်အပြင်ကိုထွက်နိုင်သည့် အကြောင်းပြချက်ကိုရအောင်ရှာပါ။ ဥပမာအားဖြင့် ဈေးဝယ်ထွက်ခြင်း၊ အမှိုက်သွားပစ်ခြင်းနှင့် အခြားကိစ္စတခုတခု။

(၉) လုံခြုံစိတ်ချရသည့် အစီအစဉ်ကို စဉ်းစားပါ။

ထွက်ခွာသွားချိန်တွင် မိမိအနေဖြင့် ရနိုင်သမျှ မိမိတကိုယ်ရေ အသုံးအဆောင်ပစ္စည်းများကို ယူဆောင်နိုင်ခြင်း သည် အကောင်းဆုံးဖြစ်သည်။ သို့သော် အခြေအနေအတော်တော်များများတွင် အမျိုးသမီးများသည် ၎တို့နှင့်အတူ မည်သည့်ပစ္စည်းမှ မယူဆောင်နိုင်ကြပေ။ ကလေးရှိသော မိခင်များသည် ကလေးများကို လက်ဆွဲခေါ်ကာ အိမ်မှ ဆင်းသွားသည်လည်း ရှိသည်။ မိမိ၏ အစဉ်လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို တတ်နိုင်လျှင် တနေရာရာတွင် သိမ်းဆည်း ထားခြင်းဖြင့် အချိန်မရွေးယူဆောင်သွားနိုင်သည်။ ယူဆောင်ရလွယ်ကူသည့် နေရာတွင်လည်း အိတ်တအိတ် ဖြင့်ထည့် ကာ သေချာစွာသိမ်းဆည်းထားသင့်သည်။ ထို့ပြင် တတ်နိုင်လျှင် ကလေးများကို မိမိနှင့်အတူခေါ်နိုင်အောင် ကြိုးစားပါ။ ဖြစ်နိုင်ပါက မိမိနှင့်အတူသယ်ဆောင်ရမည့် ပစ္စည်းများမှာ...

- ပိုက်ဆံ
- ကားရှိပါက ၎င်းနှင့်သက်ဆိုင်သော သော့များ

- အဝတ်ပို
- ဆေးဝါး
- မိမိနှင့် ကလေးများအတွက် အရေးကြီးသော စာရွက်စာတမ်းများ
- မွေးစာရင်း
- လူမှုဖူလုံရေးကဒ်ပြား
- ကျောင်းနှင့် ဆေးမှတ်ချက်ဆိုင်ရာ ကဒ်ပြား
- ဘဏ်နှင့် ငွေထုတ်ကဒ်ပြား
- ကားလိုင်စင်၊ ဆိုင်ကယ်လိုင်စင်
- ကားမှတ်တမ်း ကဒ်ပြား
- လူမှုစောင့်ရှောက်ရေးဆိုင်ရာမှတ်တမ်း
- အလုပ်သမားကဒ်ပြား သို့တည်းမဟုတ် နိုင်ငံကူးလက်မှတ် နိုင်ငံသားကဒ်
- အိမ်ရှင်အိမ်ငှားစာချုပ်
- အသက်အာမခံစာရွက်စာတမ်း
- အိမ်ထောင်ကွဲလက်မှတ် သို့တည်းမဟုတ် ကလေးထားရှိရန် အမိန့်ရလက်မှတ် (ရဲ၊ တရားရုံးထံမှ အမိန့်ရလက်မှတ်ကို ဆိုလိုခြင်းဖြစ်သည်)
- နေရပ်လိပ်စာများ၊ ဖုန်းနံပါတ်များ
- မိမိအတွက် တန်ဖိုးရှိသောပစ္စည်းများ
- မိမိကလေးအတွက် လိုအပ်သောပစ္စည်းများ (ဥပမာ ... ကျောင်းလွယ်အိတ်၊ ကလေးကစားစရာ၊ စောင်)

မိမိသည် အိမ်မှ ထွက်ခွာသွားသည့်တိုင်အောင် မိမိတွင် အချိန်မရွေး အန္တရာယ်ရှိနေနိုင်သည်ကို မမေ့ပါနှင့်။ ဖုန်းဖြင့် အဆက်အသွယ်လုပ်နိုင်ပါက ပိုကောင်းသည်၊ အနည်းဆုံးရဲဌာနကို ခေါ်နိုင်အောင် ကြိုးစားပါ။

- မိမိကို ကူညီသူတွေ၏ အဆက်အသွယ်များကို မိမိနှင့် အမြဲမကွာ သိမ်းထားပါ။

- မိမိနေသည့်အိမ်တွင် အမြဲလုံခြုံအောင်ထားပါ။
- မိမိ၏သူငယ်ချင်း၊ အိမ်နီးနားချင်းများကို မိမိထိုသူနှင့် ကွာရှင်းပြီး ကြောင်း ပြောပြပါ။ အကယ်၍ သူ့ကို မိမိနေအိမ် အနီးတွင်တွေ့ပါက ရဲကိုအကြောင်းကြားပေးရန် ပြောထားပါ။
- မိမိ၏ကလေးများကို သွားကြိုမည့်သူများ၏ အမည် (ဥပမာ ... ရဲ) ကို လက်ခံထားသူအား အကြောင်းကြားထားပါ။
- မိမိသွားလာနေကျ နေရာများကို တတ်နိုင်သမျှ မသွားပါနှင့်။
- မိမိအနေဖြင့် နေရထိုင်ရသည်မှာ လုံခြုံမှုမရှိဟု ယူဆပါက မိမိကို ကူညီနိုင်မည့်သူကို အကြောင်းကြားပါ။

အစဉ်သတိရသင့်သည့်အချက်မှာ မိမိကို အကြမ်းဖက်သူသည် မိမိကိုလွှမ်းမိုးနိုင်ရန် ပုံစံမျိုးစုံဖြင့် ကြိုးစားနေတတ်သည် ဆိုခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အကြမ်းဖက်ခံရသူသည် အကြမ်းဖက်သူအား ထားသွားမည်ကို သိပါက ပို၍ပင် အခြေအနေဆိုးဝါးသည့် ပြဿနာမျိုးဖန်တီးတတ်ကြသည်။ ဥပမာအားဖြင့် သူ၏မျက်စိထဲတွင် ဘာမှမတွေ့တော့ပဲ ဖြစ်ချင်ရာဖြစ် သဘောမျိုး အန္တရာယ်တခုခုပေးတတ်ခြင်း မျိုးဖြစ်သည်။ မိမိထွက်ခွာမည်ဆိုပါက အထူးအကူအညီရယူပါ။ မိမိထွက်ခွာသွားသည့်တိုင်အောင် စေ့စပ်သေချာစွာနေထိုင်ပါ။

## လုံခြုံစိတ်ချရအောင် ဘာတွေလုပ်မလဲ

မိမိအနေဖြင့် အိမ်မှထွက်ခွာသွားရန် ဆုံးဖြတ်ထားပြီးဖြစ်ပါက မိမိအနေဖြင့် ပထမဦးဆုံး လုပ်သင့်သောအလုပ်မှာ မိမိ၏သူငယ်ချင်း သို့မဟုတ် မိသားစုထံမှ အကူညီရယူမှုပင်ဖြစ်သည်။ ၎င်းတို့အား မိမိရင် ဆိုင်နေရသော ပြဿနာကို ပြောပြပါ။ မိမိအနေဖြင့် ရှေ့ရေးအတွက် ဘာလုပ်မည် ဘယ်လိုစီစဉ်ထားသည်ကို ပြောပြပါ။ ဆိုလိုသည်က မိမိကိစ္စအတွက် မိမိဆုံးဖြတ်ချက်ချပြီးသားကိစ္စကို အသိပေးခြင်းမျိုးပင်ဖြစ်သည်။ မိမိအနေဖြင့် နေအိမ်မှ ထွက်ခွာသွားခြင်းသည် မှန်ကန်သော လုပ်ရပ်

သို့မဟုတ် မျှတမှန်ကန်သော လုပ်ရပ်တော့ဖြစ်ချင်မှဖြစ်မည်။ သို့သော် ဖြစ်စဉ်တို့တွင် နေအိမ်မှ ဆင်းသွားခြင်းသည်သာလျှင် အန္တရာယ်မှအကင်းဆုံးဖြစ်သည့် သာဓကများစွာ ရှိခဲ့ပြီးဖြစ်သောကြောင့် အမျိုးသမီးတို့သည့် ယင်းနည်းလမ်းကိုသာ ရွေးချယ်သင့်သည်။

အကယ်၍မိမိသည် အကြမ်းဖက်ခံရသည့်အချိန်တွင် ဒဏ်ရာအနာတရဖြစ်ထားပါက နီးစပ်ရာဆရာဝန်သို့ ဆေးမှူး (ဆေးအကြောင်းတစုံတရာနားလည်သည့်သူ တယောက်ယောက်အား) ပြောဆိုရှင်းပြ၍ ဒဏ်ရာကိုပြသပါ။ ကိုယ်တိုင်ပြုလုပ်ရန်အခက်ခဲရှိပါက အကြမ်းဖက်ခံရသူများအတွက် အကာအကွယ်ပေးနေသည့်သူများအား သွားရောက်၍ဆေးရုံမှ အကူအညီရရန် အကူအညီတောင်းပေးပါ။

မိမိကို ကူညီနိုင်မည့်သူများစွာရှိနေသည်ကို မမေ့သင့်၊ အကယ်၍ဆေးရုံကိုသွားရောက်ခဲ့လျှင် ဆေးရုံမှ ဆေးရုံ မှတ်တမ်းသည် မိမိအတွက်အထောက်အကူပြုသည့် မှတ်တမ်းဖြစ်၍ မိမိအမှုအား တရားရုံးအထိသွားလိုသည့် သူများသည် ယင်းမှတ်တမ်းမှတ်ရာများကို သေသေချာချာသိမ်းဆည်းထားသင့်သည်။ ဤနေရာတွင် ဆေးမှတ်တမ်း အရေးကြီးသည်ဆိုခြင်းမှာ တခါတရံတွင် မိမိတို့အနေဖြင့် ရိုးရိုးပဲတွေး၍ ဒဏ်ရာအပေါ် ဘာမှမဖြစ်လောက်ပါဘူးဟု ထင်ကောင်း ထင်နိုင်သော်လည်း ယင်းသေး သေးလေးသည် ဘဝတလျှောက်လုံးအတွက် အန္တရာယ်ရှိစေမည့် ဒဏ်ရာမျိုးလည်း ဖြစ်နေတတ်သည်။

တချို့ဆိုလျှင်မည့်သည့်နေရာကို ထိခိုက်မှန်းတောင် မသိကြပေ။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ဗိုက်ကို ခိုက်မိပါက ဆရာဝန်အား သေချာစွာပြသ၍ ဖြစ်စဉ်ကို အမှန်အတိုင်း ရှင်းလင်းပြောပြရန်လိုသည်။ သို့မဟုတ်ပါက ဆရာဝန်အနေဖြင့် အမှန်အတိုင်းမသိပါက ရိုးရိုးပဲတွေး၍ ကုသခြင်းအားဖြင့် အန္တရာယ်ကို သိချင်မှသိမည်။ အကြောင်းမှာ အကြမ်းဖက်ခံရသူအမျိုးသမီး၏ သန္ဓေသားအား မကြာခဏဆိုသလို ထိခိုက်မှုမျိုးဖြစ်တတ်ပြီး မိခင်ရောခလေးပါ အသက်ဘေးနှင့် ကြုံကြရသောကြောင့်ဖြစ်သည်။ တခါတရံတွင် ခေါင်းကိုအရိုက်ခံရသည်လည်း ရှိသည်။

ထို့ကြောင့် ဆရာဝန်နှင့် ချက်ချင်းပြသင့်သည်။ အကြောင်းမှာ အရိုက်ခံရသူသည် ...

- မှတ်ဉာဏ်အားနည်းသွားတတ်ခြင်း (သတိမေ့သွားခြင်း)
- ခေါင်းမူးခြင်း
- မျက်စိအမြင်မကြည်လင်ဖြစ်လာခြင်း
- အော့အန်ခြင်း
- ခေါင်းကိုက်ဝေဒနာအစဉ်ခံစားနေရခြင်း စသည်တို့လည်းဖြစ်တတ်သည်။

## အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တဦးချင်းစီက ဘာတွေလုပ်မလဲ

အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ တဦးချင်း လုပ်ဆောင်နိုင်သော အလုပ်များမှာ ...

- အိမ်တွင်းအကြမ်းဖက်မှု ပြဿနာကို ပို၍နားလည်အောင်လေ့လာခြင်းဖြစ်ပြီး ဥပဒေအကြောင်းအရဖြစ်စေ၊ အခြားအကူအညီရနိုင်သည့် နည်းအရဖြစ်စေ အကြမ်းဖက်ခံရသူကို ကူညီနိုင်အောင် အတတ်နိုင်ဆုံးကြိုးစားပါ။
- အကယ်၍ အမျိုးသမီးတဦးဦးက သူမသည် အကြမ်းဖက်ခံရသည်ဟု ပြောလာပါက သူမကို ယုံကြည်မှုပေးပါ။ မိမိတွင်လည်း အလားတူပြဿနာမျိုးရှိသည်ဆိုသည်ကို အသိပေးပါ။ အမျိုးသမီးများသည် အကြမ်းဖက်ခံနေရသည်ဟု ထုတ်ဖော်ပြောဆိုလာခြင်းသည် အရေးကြီးဆုံးအချက် ဖြစ်သည်။ (သူမပြောဆိုမှုများကို တတ်နိုင်သမျှအခြားတဦးဦးကို ပြန်မပြောပါနှင့်။)
- သူမ၏စိုးရိမ်မှုကို အလေးအနက်ထားပြီး မိမိဘယ်လို ကူညီနိုင်သည်ကို ပြောပြပါ။ သို့သော်သူမ၏ ဆုံးဖြတ်ချက်သည်သာ အရေးကြီးဆုံး

ဖြစ်သည်ကိုလေးစားပါ။

- အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ မိမိရှေ့တွင် ရယ်စရာဟာသလုပ်နေခြင်းကို ခွင့်မပြုပါနှင့်။ ဇကိစ္စ သည်ရယ်စရာလှောင်ပြောင်စရာကိစ္စမဟုတ် ဆိုသည်ကို အစဉ်သတိရပါ။
- ယင်းပြဿနာနှင့်ပတ်သက်၍ လုပ်ကိုင်နေသောသူများနှင့် တတ်နိုင်သလောက် ပူးပေါင်း၍ အကောင်းဆုံးဖြစ် အောင်ပံ့ပိုးပါ။
- အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ပညာပေးမှုသင်တန်းများတွင် ကူညီ၍ အကြံဉာဏ်များပေးပါ။
- အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်သော ကိစ္စများကိုဟောပြောရန် ၄င်းအကြောင်းအရာနှင့်ပတ်သက်၍ နားလည်တတ်ကျွမ်းသည့် ဩဝါဒသည်တော်များကို ဖိတ်ကြား၍ဟောပြောမှုပြုလုပ်ပေးပါ။
- မိမိသည် ဆေးဖက်ဆိုင်ရာတခုခုတွင် တာဝန်ထမ်းဆောင်သူမျိုးဖြစ်ပါက အမျိုးသမီးတယောက်ယောက် ဝေဒနာခံစားနေရလျှင် အိမ်တွင်းအကြမ်းဖက်မှုကြောင့် ဟုတ်မဟုတ်ဆိုသည်ကို လေ့လာပြီး သူမကို အတတ်နိုင်ဆုံး ကူညီမှုပေးပါ။
- မိမိသည် တရားရေးဌာန သို့မဟုတ် ရဲဌာန စသည်တို့နှင့် ဆက်စပ်ပတ်သက်မှုရှိသူဖြစ်လျှင် အိမ်တွင်း အကြမ်းဖက်မှုဆိုင်ရာ ဥပဒေများကိုနားလည်အောင် လေ့လာထား၍ အမျိုးသမီးများကို အကာကွယ်ပေးပါ။
- မိမိသည် ဘုရားကျောင်းတွင် အလုပ်လုပ်သူဖြစ်ပါကလည်း အကြမ်းဖက်ခံရသူကို ကူညီနိုင်သည့် သတင်း အချက်အလက်များ၊ ကူညီမှုများ ကာကွယ်မှုများကို ပြုလုပ်ပေးနိုင်ပါသည်။ သူမ၏ လက်ထပ်ထားမှုကို ကာကွယ်ခြင်းထက် သူမ၏ အကြမ်းဖက်ခံစားနေရသည့်အခြေအနေက ပို၍အရေးကြီးသည်ကို သတိရပါ။
- မိမိကိုယ်တိုင်သည် အကြမ်းဖက်ခံရသူဖြစ်ပါက အဖြစ်မနေအကူညီရယူပါ။

# မိမိရပ်ရွာအတွင်း အစုအဖွဲ့များ ဖွဲ့ရန်လိုအပ်ခြင်း

ရပ်ရွာအတွင်းတွင် အိမ်တွင်းအကြမ်းဖက်မှုအတွက် အကာအကွယ်ပေးနိုင်သည့်အဖွဲ့ (ကော်မတီ) ကို ဖွဲ့စည်းခြင်း သည် အကောင်းဆုံးဖြစ်သည်။ ဤသို့ ဖွဲ့စည်းထားခြင်းဖြင့် တစုံတခုဖြစ်လာပါက ချက်ချင်းအကူအညီပေးနိုင်သလို ရပ်ရွာတခုနှင့်တခုအကြားတွင်လည်း ပေါင်းကူး၍ ပြဿနာများကို လျော့နည်းအောင် လုပ်နိုင်ပေသည်။ မိမိသည် ပြဿနာများလျော့နည်းသွားအောင် လုပ်နိုင်သည့်သူဖြစ်သည်ကို သတိရခြင်းဖြင့် အဖွဲ့အစုအတွင်း ဝင်ရောက်ပူးပေါင်း လုပ်ကိုင်ခြင်းသည် ပိုမိုထိရောက်ပေသည်။

**အမျိုးသမီးစွမ်းရည် မြှင့်တင်ရေး မဖြစ်မနေလိုအပ်ခြင်း**

အမျိုးသမီးများ၏ စွမ်းအားဖြင့် ကဏ္ဍအသီးသီးတွင် ပိုမို၍ ပါဝင်ပတ်သက်လာနိုင်ရေးသည် အရေးကြီးသော အကြောင်းအချက်ဖြစ်သည်။ ရှိပြီးသားစွမ်းအားများကိုအသုံးပြုကာ နေအိမ်အတွင်း အကြမ်းဖက်ခံရသည့် အကြမ်းဖက်မှုကို လူသိရှင်ကြားတိုင်တန်းသည့် ကိစ္စမှအစပြု၍ ပါလီမန်လို ဆုံးဖြတ်ချက်ချရာတွင် တာဝန်ယူရသည့် ထိပ်ပိုင်း နေရာများတွင် ပါဝင်ပတ်သက်လာနိုင်ရန် ရည်မှန်းချက်များ ဦးတည်ချက်များချမှတ်ကာ စနစ်တကျ ပညာပေးမှုများကို လုပ်ဆောင်ပေးရန်လိုအပ်နေပြီဖြစ်သည်။ အမျိုးသမီးများကို စွမ်းအားမြှင့်ရာတွင် အပိုင်း ၃ ပိုင်းခွဲ၍ လုပ်ဆောင်ရန်လိုအပ်သည်။

၁။ မိမိကိုယ်ကို သိမြင်လာအောင်ပြုလုပ်ခြင်း … အမျိုးသမီးကိုယ်တိုင်က မိမိကိုယ်ကို မိမိစွမ်းအားကို သိမြင်လာ အောင်ပြုလုပ်ပါ။ မိမိကိုယ်ကို လုပ်နိုင်သည့်စွမ်းအားများ မြှင့်တက်လာအောင် ပြုလုပ်ခြင်းမျိုးကို အခြားသူ တယောက်က လုပ်ပေး၍မရ၊ အမျိုးသမီးများ ကိုယ်တိုင်က ပြုလုပ်မှသာရနိုင်သည့်ကိစ္စဖြစ်သည်။ အခြားသူမှ လုပ်ပေးနိုင်သည့် ကိစ္စမှာ အမျိုးသမီးများ၏ ဖန်းတီးမှုဉာဏ်ရည်ဉာဏ်သွေး၊ မိမိကိုယ်

ကို ယုံကြည်မှုနှင့် မိမိ၏တန်ဖိုးများကို သိမြင်လာအောင် ပြုလုပ်ပေးသည့် အခြေအနေတခုကို ဖန်တီးပေးခြင်းသာဖြစ်သည်။

၂။ အပြင်မှတွန်းအားပေးခြင်း... အမျိုးသားများအနေဖြင့် အမျိုးသမီးအခွင့်အရေးကို တန်းတူဖြစ်သည် ဆိုသည်ကို အသိအမှတ်ပြု လေးစား တန်ဖိုးထားခြင်းမျိုး ဖြစ်သင့်သည်။

၃။ လူ့ဘောင်အဖွဲ့အစည်းအခုလုံးမှ ပြုလုပ်ပေးခြင်း ... အမျိုးသားရော အမျိုးသမီးပါ တန်းတူညီမျှ ပါဝင်ပတ်သက်နိုင်သည့် အခြေအနေတခုကို ဖန်တီးပေးရန်လိုအပ်ပေသည်။ အချုပ်ဆိုရသော် အမျိုးသမီးနှင့် အမျိုးသားများပါ ပါဝင်လုပ်ဆောင်နိုင်သည့် လုပ်ငန်းမျိုး မရှိမဖြစ်လိုအပ်သည်။ ဥပမာအားဖြင့် အမျိုးသမီးများသည် မိခင်၊ သမီးနှင့် ဇနီးဖြစ်ခြင်းနှင့် တပြိုင်နက် အခြားသောလုပ်ငန်းတာဝန်များကို တပြိုင်တည်း တာဝန်ယူလုပ်ဆောင်ရန်မှာ အမျိုးသားနှင့် အမျိုးသမီးကြား မတူကွဲပြားမှုအပေါ်မူတည်၍ မလွယ်ကူနိုင်သည်ကို အမျိုးသမီးအများစု သဘောပေါက်ကြသလိုမျိုး အမျိုးသားများပါ နားလည်ကြရန်လိုအပ်သည်။

ရည်ညွှန်း ...

Domestic Violence Handbook by Oakland country coordinating council against domestic violence.

# အခန်း(၈)

## အမိန့်နှင့် ဥပဒေစိုးမိုးရေး ...



ဥပဒေစိုးမိုးရေးသည် လူ့အဖွဲ့အစည်းတရပ်အဖြစ်ရှိသော နိုင်ငံတခုတွင် အေးချမ်းငြိမ်သက်စွာ တည်ရှိနေရန်အတွက် ရာဇဝတ်ကြောင်းဆိုင်ရာနှင့် တရားမကြောင်းဆိုင်ရာ ပုံမှန်လုပ်ထုံးလုပ်နည်းများရှိပြီး ရဲဝန်ထမ်းများကဲ့သို့သော ခိုင်မာသည့် အဖွဲ့အစည်းများက တာဝန်ယူ ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

ပြောင်းအလဲကို မလိုလားသည့် ရှေးရိုးစွဲဝါဒီ ကွန်ဆာဗေးတစ်အများစုနှင့် အမြင်ကျယ်သည့် လစ်ဘရယ်ဝါဒီများတို့သည်ပင်လျှင် ဥပဒေစိုးမိုးရေးကို နိုင်ငံတော်၏ အခြေခံလိုအပ်ချက်ဟု ထင်ကြသည်။ သို့မှသာ လူထုကိုယ်စားပြု အဖွဲ့အစည်း၊ နိုင်ငံရေးလွတ်လပ်ခွင့်နှင့် ပြည်သူ့လွတ်

လပ်ခွင့် အခွင့်အရေးများရှိနိုင်သည်ဟု မြင်ကြသည်။ ဥပဒေစိုးမိုးရေးကို အများပြောဆိုနေကြသည့်စကားအဖြစ် ပြောရသော် အင်အားတောင့်တင်းသော ရဲတပ်ဖွဲ့တစ်ရပ်တည်ရှိရေးနှင့် ရာဇဝတ်မှုများ လျော့နည်းရေး၊ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ပစ္စည်းများအား ဖျက်ဆီးခြင်းခံရမှုနည်းပါးစေရန် ဆောင်ရွက်ခြင်းဟု အဓိပ္ပါယ်ထွက်ရှိလာသည်။ သို့ဖြစ်၍ ရာဇဝတ်မှုဖြစ်ပွါးနှုန်းတိုးမြင့်လာနေခြင်းအပေါ် ဒီမိုကရေစီနိုင်ငံတို့တွင် ရွေးကောက်ပွဲမဲဆွယ်ရာ၌ပင် ဥပဒေစိုးမိုးရေးသည် အဓိကအကြောင်းကိစ္စတခုဖြစ်လာသည်။ [၂၅]

## အမျိုးသမီးရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှု ...

နိုင်ငံတနိုင်ငံတွင် အရေးကြီးဆုံးနှင့် အထွက်အမြတ်ထားရသောအရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်၍ ယင်းကိုလူတိုင်းကလေးစားလိုက်နာရန်လိုသည်။ အချို့သောနိုင်ငံတော်ဥပဒေများတွင် အမျိုးသမီးများအတွက် တိုက်ရိုက်အာမခံပေးထားသော စကားလုံးများကိုသုံးနှုန်းထားသော်လည်း များသောအားဖြင့် အမျိုးသမီးအစား ‘လိင်’ ‘မည်သူမဆို’ စသည့်စကားလုံးဖြင့်သာ ဖော်ပြသည်ကများပြီး အမျိုးသားများက အမျိုးသမီးများထက် ပို၍သြဇာရှိသည့် ပုံစံမျိုးကို တကွက်ချန်ရေးကြစမြဲဖြစ်သည်။

ယနေ့အခါတွင် အမျိုးသမီးရေးနှင့် တိုက်ရိုက်ပတ်သက်သော ဥပဒေသများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိအောင် ရေးဆွဲပြဋ္ဌာန်းကြရသည်။ များသောအားဖြင့် တိုင်းပြည်တော်တော်များများတွင် ယခင်ကိုလိုနီလုပ်ခဲ့သော နိုင်ငံများမှ ဥပဒေများကို အသုံးပြုကြပြီး အမျိုးသမီးများအတွက် တင်းကြပ်သောစည်းနှောင်မှုများဖြင့် ချုပ် နှောင်ထားတတ်ကြသည်။ ထို့အပြင် နှစ်ပေါင်းများစွာက အမျိုးသားကြီးစိုးရေးအတွေးအခေါ်အရ ရေးသားပြဋ္ဌာန်းမှုများသည်လည်း ကြင်းကျန်နေရကား

[၂၅] နိုင်ငံရေးအဘိဓါန် – ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ

အမျိုးသမီးများအတွက် ခွဲခြားဖိနှိပ်လိုမှုနှင့် အကြမ်းဖက်မှုကို ပပျောက်စေသော ပြဋ္ဌာန်းမှုများ အားနည်းနေသည်ကိုတွေ့ရသည်။

အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီးများ အဖြစ်များဆုံး ရင်ဆိုင် ကြုံတွေ့နေရသော အကြမ်းဖက်မှု ပုံစံတမျိုး ဖြစ်ပြီး ယင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တုန့်ပြန်ရန် နည်းလမ်းများစွာရှိသည့်အထဲတွင် ဥပဒေသည် နည်းလမ်းတခုဖြစ်သည်။ ယနေ့အခါတွင် ဥပဒေများတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ သီးသန့်ဖော်ပြထားရှိရန် လိုအပ်သည်ဟု ယုံကြည်မှုများ တိုးလာနေသလို ယင်းဥပဒေပြဋ္ဌာန်းမှုသည် ခေတ်၏ တောင်းဆိုမှု ပုံစံတခုလည်း ဖြစ်လာသည်။ ယင်းဥပဒေကို ပြဋ္ဌာန်းရန် အဟန့်အတားတခုကား ယင်းပြဿနာတွင် အဓိက မျက်မြင်သက်သေဖြစ်သူ ၂ ယောက်ထဲမှ တယောက်မှာ လင်ယောကျ်ားဖြစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြဿနာဖြစ်ပြီးပါက ဖိအားကြောင့်ဖြစ်စေ၊ အခြားသောအခြေအနေများကြောင့်ဖြစ်စေ အမျိုးသမီးများသည် အမှုများကို ရုတ် သိမ်းသွားတတ်ကြသည်။

၎င်းသို့မဖြစ်စေရန်အတွက် ရဲ၊ တရားသူကြီးများကို အချို့သော အခြေအနေများတွင် အမျိုးသမီးများမှ အမှုရုတ်သိမ်းသွားခြင်း မရှိစေရေးအတွက် ဥပဒေတွင် အမျိုးသမီး ဇနီးသည်ကိုယ်တိုင်သည် "မဖြစ်မနေ သက်သေ" ဖြစ်ကြောင်းကို စတင်၍လုပ်ဆောင်ရန် ပြောဆိုနေပြီဖြစ်သည်။ (မဖြစ်မနေသက်သေဆိုသည်မှာ အကြမ်းဖက်မှု တမျိုးမျိုးကို ခံစားနေရပြီး မကျေမနပ်ဖြစ်သောကြောင့် လင်ယောကျ်ားဖြစ်သူအား အရေးယူရန် ရဲကိုတိုင်ကြားထားပြီး သက်သေအဖြစ် ကိုယ်တိုင် တိုင်ချက်ဖွင့်၍ တရားစွဲပြုလုပ်ရန်လိုအပ်သောကြောင့် အကြမ်းဖက်ခြင်းကို တိုင်ကြားထားသော "မဖြစ်မနေ သက်သေ" ဖြစ်သည်။)

အချို့နိုင်ငံများတွင် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့် အမျိုးသမီးများအတွက် အာမခံ ပေးထားသော်လည်း နိုင်ငံအများစုမှာ လုပ်ဆောင်မှုမရှိသေးပေ။

## ဥပဒေနှင့် အမျိုးသမီးဘဝ ...



အခန်း (၁) တွင်ဖော်ပြထားသလို မဟာဖိုဝါဒသည် အမျိုးသားများက နေရာတိုင်းတွင် လွှမ်းမိုးရေးအတွေးအခေါ် ဖြစ်သည်။ ယင်းအတွေးအခေါ်ပေါ်တွင်အခြေခံ၍ ဥပဒေများကို အမျိုးသားများက ရေးဆွဲခဲ့ကြသည်။ ယခင်က ဥပဒေတွင် ပြောလိုသော 'လူ' ဆိုသည်မှာ အမျိုးသားများကိုသာ ရည်ညွှန်းပြောဆိုခဲ့သည့်အတွက် အမျိုးသမီးများကို ထည့်သွင်းစဉ်းစားမှု အလျဉ်းမရှိခဲ့သောကြောင့် ပြဿနာများဖြစ်လာသည့် အခြေအနေတွင် ဖြေရှင်းရခက်လာကြသည်။

ယနေ့အချိန်အထိလည်း ဥပဒေရေးရာ ကျွမ်းကျင်သူအများစုမှာ အမျိုးသားများသာဖြစ်နေသေးသည်။ ဥပဒေများတွင် အမျိုးသမီးများအပေါ် ဖိနှိပ်ခွဲခြားထားမှုများ ပုံစံမျိုးစုံဖြစ်တည်ရှိနေပြီး ယခင်ကဆိုလျှင် အမျိုးသမီးများ မဲထည့်ခွင့်ပင် မရရှိခဲ့ကြပေ။ မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို ဩဇာရှိသည့်လူတန်းစား (ဝါ) အမျိုးသားများကသာ လွှမ်းမိုးထားခြင်းမျိုးဖြစ်သည်။ ချွင်းချက်အနေဖြင့် ဌနေရာတွင် အမျိုးသမီးအနည်းငယ် ပါဝင်ပတ်သက်နေသည် ဆိုသော်ငြားလည်း ဌအမျိုးသမီး

များသည်လည်း ဥပမာအားဖြင့် စီးပွားရေးအရ လုပ်နိုင်ကိုင်နိုင်၍ အဆင်ပြေသောကြောင့် ဿဇာ ရှိကောင်းရှိနိုင်မည်ဖြစ်ပြီးသော်လည်း ၎တို့မှာ များသောအားဖြင့် ဿဇာရှိသူများ၏ ဇနီးများ၊ သားသမီးများနှင့် ဆွေမျိုးသားချင်းများသာ ဖြစ်နေတတ်ကြသည်။

၎နေရာများတွင် အမျိုးသမီးများ ပါဝင်ပတ်သက်နေခြင်းသည် အမျိုးသမီးအများစုကို ကိုယ်စားပြုထားခြင်း မဟုတ်ပေ။ ယောကျ်ား လွှမ်းမိုးရေးကို ကွယ်ပျောက်သွားစေခြင်း၊ အားနည်းသွားစေခြင်း မဟုတ်သလို လျော့နည်းစေရာ လည်းမရောက်ပေ။ ဆိုလိုသည်က လက်သင့်ရာ စားတော်ခေါ်ခြင်းသာဖြစ်သည်။ စနစ်များတွင် ခွဲခြားသည့် ပုံစံမျိုးစုံ တည်ရှိနေပြီး ယင်းစနစ်တည်ရှိမှုကြောင့် အကျိုးအမြတ်ရရှိနေသူများသည် ယင်းစနစ်ကို မပြောင်းလဲလိုကြပေ။ ပြဿနာများဖြစ်ပေါ်နေသည် ဆိုသည်ကို သိပင်သိသော်ငြားလည်း လက်မခံချင်ကြသလို သိအောင်လည်း မကြိုးစား၊ ပြောင်းလဲလိုသည့် ဆန္ဒလည်းရှိဟန်မပေါ်ပေ။

အမျိုးသားကြီးစိုးရေးစနစ် နှစ်ရှည်လများ အောင်မြင်နေခြင်းမှာ ဥပဒေ၊ လူတန်းစားအဆင့်အတန်းများ တည်ရှိမှု၊ လူမျိုးရေး၊ နိုင်ငံရေးနှင့် ငွေစသည်တို့က ပံ့ပိုးပေးနေသောကြောင့်ဖြစ်သည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တားမြစ်ချက်သဖွယ် ဖြစ်နေသည့်ကိစ္စမှာ ပြဋ္ဌာန်းထားသော ဥပဒေများက ပုဂ္ဂလိကကိစ္စများတွင် ဝင်ရောက်စွတ်ဖက်မှု လုပ်ရန် အားမပေးသည့်ပြဋ္ဌာန်းမှုမျိုးဖြစ်သည်။

ဥပမာအားဖြင့် အမျိုးသမီးများသည် ၂၀ ရာစုအစောပိုင်းကာလအထိ မဲပေးခွင့် မရှိခဲ့ခြင်းနှင့် ဝင်ရောက် ရွေးချယ်ပိုင်ခွင့်မရှိခြင်း အပြင်အလုပ်များကိုသာတန်ဖိုး ထားကြခြင်း၊ ယောကျ်ားက မိန်းမကို ရိုက်ခြင်းကို အိမ်တွင်းကိစ္စဟု ရှုမြင်ပြီး အခြားလူတယောက်နှင့် အိမ်အပြင်တွင်ဖြစ်ပွားသောကိစ္စကိုသာ ပြစ်မှုအဖြစ်မှတ်ယူခြင်း၊ လင်နှင့်မယားအကြား မုဒိမ်းကျင့်မှုကို လက်ခံစဉ်းစားမှုမရှိသေးခြင်း စသည့်ဖြစ်စဉ်တို့ ဖြစ်ပေါ်နေခြင်းမှာ ယင်းစနစ် တည်ရှိနေမှုကြောင့်ဖြစ်သည်။ ထို့ပြင် ဥပဒေများတွင် အမျိုးသမီးများသည် တဆင့်နိမ့်လူသားများအဖြစ် ဖော်ပြထားသည့်

အရေးအသား များလည်း ရှိနေသည်။ **ဥပမာအားဖြင့်... အမျိုးသမီးများ သည် လိင်ပိုင်းအရ အားနည်းသည့်အတွက်၊ ကိုယ်ဝန်ဆောင် ရန်လို အပ်သောကြောင့်** ဟူသည့်နိမ့်ကျစေရန် ရေးသားထားသည့် အသုံးအနှုန်းများကို သုံး၍ ဖော်ပြခြင်းမျိုးဖြစ်သည်။

ဥပဒေကို အကောင်အထည်ဖော်ကြိုးစားသူများဖြစ်သည့် ရဲ၊ တရားရေးဝန်ထမ်းများက ဥပဒေမှ ပြဋ္ဌာန်းထားသည့်အတိုင်း မှန်ကန်စွာ၊ လေးနက်စွာလိုက်နာမှုမရှိဘဲ အမျိုးသမီးများအား မထေမဲ့မြင်ပြုခြင်းသည် ဖြစ်ရိုးဖြစ်စဉ်သဖွယ်ဖြစ်နေပြီဖြစ်သည်။ ဥပမာအားဖြင့် အိန္ဒိယတွင် ဇာတ်နိမ့် ဇာတ်မြင့်နှင့် ပတ်သက်၍ ဥပဒေမှတင်းကြပ်စွာ အကာအကွယ် ပြုထားပြီးဖြစ်သော်လည်း အကယ်၍ ဇာတ်နိမ့်ဟု သတ်မှတ်ထားသူများမှ အမျိုးသမီးများသည် ပြဿနာတစုံတရာဖြစ်လာပါက သက်ဆိုင်ရာ အာဏာပိုင်များထံတွင် သွားရောက်တိုင်ကြားသည့်အခါ အရေးတယူမရှိသည့်အပြင် မထေမဲ့မြင်ပြုခြင်းနှင့် စော်ကားခြင်းများပင် ခံကြရသည်။

ဥပဒေကောင်းများကို စာရွက်ပေါ်တွင်ပြဋ္ဌာန်းထားသော်လည်း ယင်းကိုအကောင်အထည်ဖော်သူများက လေးစားလိုက်နာခြင်းမရှိသည့်အတွက် ဥပဒေကိုရေးသားပြဋ္ဌာန်းထားရုံ သက်သက်သာဖြစ်ပြီး ယင်းကို သက်ဝင်ယုံကြည် လာအောင် ပညာပေးဆွေးနွေးမှုများကို အစီစဉ်တကျ ပြုလုပ်မှုမရှိသေးသမျှကာလပတ်လုံး အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်မှုများကြောင့် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် ဖြစ်ပေါ်နေဦးမည် ဖြစ်သည်။ ဥပဒေနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုကိုလည်း ဥပဒေတွင် မကဘဲ အစိုးရ၏ မူဝါဒများတွင်ပါ တပြိုင်တည်းထည့်သွင်း ပြဋ္ဌာန်းရန် လိုအပ်ပေသည်။ သို့မှသာ အကောင်အထည်ဖော်ရာတွင် ရပ်လုံးပေါ်၍ အကျိုးသက်ရောက်မှု ပိုမိုဖြစ်ထွန်းနိုင်ပေမည်။

## အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ မြန်မာ့ဥပဒေများက မည်သို့အကာအကွယ်ပေးထားသနည်း ...



မြန်မာနိုင်ငံတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေဟူ၍ တရားမမှုဆိုင်ရာကိစ္စ ရပ်များတည်ရှိပေသည်။ အိမ်ထောင်ရေးနှင့်ဆိုင်သော ကိစ္စများနှင့် ပတ်သက်၍ အမျိုးသမီးများ အပေါ် မြန်မာ့ဥပဒေများက မျက်နှာသာပေးထားသည်။ အတော်လေး ကောင်းမွန်သည်ဟု အချို့ကဆိုပါသည်။ အမျိုးသမီးများအတွက် မည်သို့ မြန်မာ့ထုံးတမ်းဥပဒေတွင် ပြဋ္ဌာန်းထားသည်ဆိုသည့် ဥပဒေပိုင်းဆိုင်ရာ ပုဒ်မအချို့ကို ကောက်နုတ်တင်ပြပါမည်။

"မတရားသဖြင့် ကာမစပ်ယှက်ခြင်း" ဆိုသည်မှာ တရားဝင်ထိမ်းမြားခြင်းဖြင့်သော်လည်းကောင်း၊ တရားဝင် ထိမ်းမြားခြင်းပင် မမြောက်သော်လည်း သက်ဆိုင်သူတို့၏ မျိုးရိုးဘာသာ ဥပဒေအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ၊ သက်ဆိုင်သူတို့၏ လူမျိုးစုကွဲပြားလျှင် ထိုလူမျိုးစု နှစ်စုတို့၏ မျိုးရိုးဘာသာ ဥပဒေအရဖြစ်စေ၊ ထိမ်းမြားခြင်း မြောက်ဘိသကဲ့သို့ အသိအမှတ်ပြုသော စုံဖက်ခြင်းဖြင့် သို့တည်းမဟုတ် နှောင်ဖွဲ့ခြင်းဖြင့်သော်လည်းကောင်း၊ ပေါင်းဖက်ခြင်း မဟုတ်သော ကာမစပ်ယှက်ခြင်းကို ဆိုလိုသည်။

## ပုဒ်မ (၃၇၆)

မုဒိမ်းမှုကျူးလွန်သူကို တသက်တကျွန်းဖြစ်စေ၊ ဆယ်နှစ်တိတိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှန်နိုင်သည်။ မုဒိမ်းကျင့်ခံရသော မိန်းမသည် မိမိ၏မယားဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မူကား မုဒိမ်းကျင့်သော ထိုလင်ကို ၂ နှစ် အထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## ပုဒ်မ (၃၁၄)

မည်သူမဆို ကိုယ်ဝန်ပျက်စေရန် အကြံဖြင့် ကိုယ်ဝန်ဆောင်မိန်းမသေဆုံးအောင် ပြုလုပ်မှုတခုခုကို ပြုလျှင် ထိုသူကို ၁၀ နှစ်ထိ ထောင်ဒဏ်တမျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ထိုပြုလုပ်မှုကို ကိုယ်ဝန်ဆောင် မိန်းမကသဘောမတူပဲ ပြုလျှင် ထိုသူကို တသက်တကျွန်းဒဏ်ဖြစ်စေ၊ အထက်က ဖော်ပြခဲ့သည့် ပြစ်ဒဏ်မျိုးဖြစ်စေ ချမှတ်ရမည်။

***ရှင်းလင်းချက်။ ။ မိမိပြုသောပြုလုပ်မှုသည် သေစေတန်ရာသည်ဟု ပြစ်မှုကျူးလွန်သူက သိရန်မလို။***

## ပုဒ်မ (၃၅၄)

မည်သူမဆို မိန်းမတဦး၏ ကာယိန္ဒြေကို ပျက်စီးစေရန် အကြံဖြင့်သော်လည်းကောင်း၊ ကာယိန္ဒြေကို ပျက်စီးတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုမိန်းမကို လက်ရောက်မှု ကျူးလွန်လျှင် သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူအား ၂ နှစ်အထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ် ၂ ရပ်လုံးဖြစ်စေချမှတ်ရမည်။

**ပုဒ်မ (၃၅၁)**

မည်သူမဆို၊ မိမိရှေ့မှောက်ရှိ တစ်ဦး တစ်ယောက်သောသူအား မိမိ၏ ကိုယ်အမူအရာဖြင့်၊ သို့တည်းမဟုတ် ပြင်ဆင်မှုဖြင့်၊ ထိုသူအား ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို သုံးစွဲခဲ့သည်ကို စိုးရိမ်လောက်အောင် ထိုကိုယ်အမူအရာဖြင့်၊ သို့တည်းမဟုတ် ထိုပြင်ဆင်မှုဖြင့် ဖြစ်စေမည်ဟု ကြံရွယ်၍သော်လည်းကောင်း၊ ကိုယ်အမူအရာကို၊ သို့တည်းမဟုတ် ပြင်ဆင်မှုကိုပြုလျှင်၊ ထိုသူသည် လက်ရောက်မှုကို ကျူးလွန်သည်မည်၏။

ရှင်းလင်းချက်။ ။ စကားသက်သက် လက်ရောက်မှုမမြောက်၊ သို့ရာတွင် ထိုသူသုံးစွဲသော စကားများသည်။ ထိုသူ၏ ကိုယ်အမူအရာကို၊ သို့တည်းမဟုတ် ပြင်ဆင်မှုကို လက်ရောက်မှုမြောက်သည့် အဓိပ္ပာယ် သက်ရောက်စေနိုင်သည်။

**ပုဒ်မ (၃၅၂)**

မည်သူမဆို၊ ရုတ်တရက် အကြီးအကျယ်ဒေါသထွက်အောင် တစ်ဦး တစ်ယောက်သောသူက ပြုခြင်းကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုသူအား လက်ရောက်မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော လက်ရောက် မှုကျူးလွန်လျှင်၊ သို့တည်းမဟုတ် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကိုပြုလျှင်၊ ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ငါးရာအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ပုဒ်မ (၃၇၅)**

အောက်ဖော်ပြပါအကြောင်းငါးရပ်တွင် သက်ဝင်သော အကြောင်းတရပ်ရပ်ဖြင့် ယောကျာ်းသည် မိန်းမနှင့်ကာမစပ်ယှက်လျှင်၊ ထိုသူသည် “မုဒိမ်းမှု” ကိုကျူးလွန်သည်မည်၏။ မိန်းမကအလိုမတူငြင်းဆန်ခြင်း၊

မိန်းမကခွင့်မပြုခြင်း၊ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုခြင်းမှာ၊ ထိုမိန်းမအားသေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း၊ ကြောက်ရွံ့အောင်ပြု သဖြင့်ခွင့်ပြုရခြင်း၊ မိန်းမက ခွင့်ပြုသော်လည်း၊ ယောကျာ်းက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်း သိသည့်ပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကိုဥပဒေနှင့်အညီလက်ထပ်ထားသော၊ သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျာ်က သိခြင်း၊ မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောင်အရွယ်ရှိသူဖြစ်ခြင်း။

**ရှင်းလင်းချက်။ ။ ယောကျ်ားအင်္ဂါဇာတ်သည် မိန်းမအင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင်၊ မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်။**

**ကင်းလွတ်ချက်။ ။ (ယောကျ်ားသည် အသက်ဆယ့်သုံးနှစ်အောင်မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်။)**

## ပုဒ်မ (၃၇၆)

မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းထောင်ဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ် တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိမယားဖြစ်၍၊ အသက်တစ်ဆယ့်နှစ်နှစ်အောက် မဟုတ်လျှင်မှုကား မုဒိမ်းကျင့်သော ထိုလင်ကို နှစ်နှစ်ထိထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

## ပုဒ်မ (၄၉၈)

မည်သူမဆို၊ လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယားဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်းမိမိယုံ ကြည်

ရန်အကြောင်းရှိသည်လည်းဖြစ်သောမိန်းမကို တစ်ဦးတစ်ယောက်သော သူနှင့် မတရား ကာမစပ်ယှက်ခြင်း ပြုစေရန်အကြံဖြင့် ထိုမိန်းမ၏ လင် ထံမှဖြစ်စေ၊ ထိုလင်ကိုယ်စားထိန်သိမ်းစောင့်ရှောင့်သူထံမှဖြစ်စေဆောင် ယူသွားလျှင်၊ သို့တည်းမဟုတ်ဖြားယောင်းခြင်းအားဖြင့်ထွက်သွားစေ လျှင်၊ သို့တည်းမဟုတ် ထိုအကြံဖြင့် ထိုမိန်းမကို ဝှက်သိမ်းလျှင်၊ သို့တည်း မဟုတ် တားဆီးလျှင်၊ ထိုသူကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

**ပုဒ်မ (၃၁၃)**

ကိုယ်ဝန်လှုပ်ရှားသည်ဖြစ်စေ၊ မလှုပ်ရှားသည်ဖြစ်စေ ကိုယ်ဝန် ဆောင်မိန်းမက သဘောမတူပဲ မည်သူမဆို၊ တဆက်တည်းဖြစ်သော အထက် ပုဒ်မတွင် ဖော်ပြထားသည့် ပြစ်မှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

**ပုဒ်မ (၃၅၀)**

ပြစ်မှုကျူးလွန်ရန်သော်လည်းကောင်း၊ အနိုင်ထက်ပြုမှုကို သုံးစွဲခြင်း ဖြင့် အနိုင်အထက်ပြုခြင်းခံရသူအား နစ်နာခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ်ပြို ခြင်း တခုခုဖြစ်စေရန် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ဖြစ်တန်စေ တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုသူအား ထိုသူ၏ သဘောထားချက်ကိုမရရှိဘဲ တမင်အနိုင်အထက်ပြုလျှင်၊ အနိုင်အထက် ပြုသူသည် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုမှုကို ပြုသည်မည်၏။

**ပုဒ်မ (၄၈၈)**

မည်သူမဆို လုံလောက်သော ဥစ္စာအင်အားရှိလျက်နှင့် မိမိ၏ဇနီး ကိုဖြစ်စေ၊ ကိုယ်တိုင်ရှာဖွေစားသောက်ခြင်း မပြုနိုင်သည့် တရားဝင် (သို့ မဟုတ်) တရားမဝင် သားသမီးကိုဖြစ်စေ ထောက်ပံ့ခြင်းမပြုပဲ ပေါ့လျော့

နေလျှင် (သို့မဟုတ်) ထောက်ပံ့ရန်ငြင်းပယ်လျှင် ခရိုင်ရာဇဝတ်တရားသူကြီး၊ နယ်ပိုင် ရာဇဝတ်တရားသူကြီး၊ (သို့မဟုတ်) ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးတဦးဦးသည် ထိုကဲ့သို့ ပေါ့လျော့မှု (သို့မဟုတ်) ငြင်းပယ်မှုအတွက် ခိုင်လုံသော အထောက်အထား ရရှိသောအခါ အဆိုပါပျက်ကွက်သူသည် သူ၏ဇနီး (သို့မဟုတ်) သားသမီးကို တစ်လလျှင် မိမိသင့်သည် ထင်မြင်သည့်အတိုင်း ကျပ်တစ်ရာထက်မပိုသော လစဉ်ထောက်ပံ့ ကြေးပေးရန်နှင့် ရာဇဝတ်တရားသူကြီးက အခါအားလျော်စွာ ညွှန်းကြားသည့်အတိုင်း အဆိုပါသူသို့ပေးရန် အမိန့်ချမှတ်နိုင်သည်။ အဆိုပါထောက်ပံ့ကြေးကို အမိန့်ချမှတ်သည့်နေ့မှ စတင်၍ဖြစ်စေ၊ အမိန့်တွင် ထောက်ပံ့ကြေး လျှောက်လွှာတင်သည့်နေ့မှ စတင်ပေးရန်ပါရှိလျှင် ထိုအတိုင်းဖြစ်စေ ပေးစေရမည်။

ယင်းသို့ အမိန့်ချမှတ်ခံရသူ မည်သူမဆို အမိန့်ကိုလိုက်နာရန် လုံလောက်သောအကြောင်းမရှိဘဲ ပျက်ကွက်ပါက ယင်းသို့ အမိန့်ကို ဖောက်ဖျက်သည့်အခါတိုင်းအတွက် ကျသင့်သော ငွေကြေးကို ကောက်ခံရန် အထက်က ငွေဒဏ်များ ကောက်ခံရန်အတွက် ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း ဝရမ်းထုတ်နိုင်သည်။ ထို့ပြင် ဝရမ်းအတည်ပြုပြီးနောက် ပေးသွင်းရန် ကျန်ရှိနေသော လစဉ် ထောက်ပံ့ကြေး အားလုံးအတွက်ဖြစ်စေ၊ အချို့တဝက်အတွက်ဖြစ်စေ ထိုသူကို တစ်လအထိထောင်ဒဏ်ဖြစ်စေ၊ တစ်လမတိုင်မီပေးလျှင် ထိုသို့မပေးဘဲနေသည့် အချိန်ကာလအထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။

သို့ရာတွင် မိမိ၏ဇနီးသည် မိမိနှင့်အတူနေရန် စည်းကမ်းချက်ဖြင့် ကမ်းလှမ်းပါလျှက်နှင့် ဇနီးဖြစ်သူက ၎င်းနှင့် အတူနေရန် ငြင်းပယ်လျှင် အဆိုပါရာဇဝတ်တရားသူကြီးသည် ထိုဇနီးက အတူမနေလိုကြောင်း ငြင်းပယ်ရသည့် အကြောင်းပြချက်ကို စဉ်းစား၍ ခင်ပွန်းဖြစ်သူက အဆိုပါ ကမ်းလှမ်းချက်ကို ပြုလုပ်သည့်တိုင်အောင် ဇနီးဖြစ်သူမှာ အတူမနေနိုင်ခြင်းအတွက် တရားနည်းလမ်းမှန်သော အကြောင်းပြချက်ရှိသည်ဟု ကျေနပ်ပါက ဤပုဒ်မအရ အမိန့် ချမှတ်နိုင်သည်။ ထို့ပြင်လည်း ဤပုဒ်မအရ

ရသင့်သည့်ငွေကို ကောက်ခံပေးရန်၊ ငွေပေးရန် အချိန်ကာလစေ့ရောက်သည့်နေ့မှတစ်နှစ်အတွင်း သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားခြင်း မပြု ပါက ယင်းငွေတောင်းခံရန်အတွက် ဝရမ်းစာမထုတ်ရ။

ဤပုဒ်မအရ ခင်ပွန်းဖြစ်သူထံမှ ထောက်ပံ့ကြေး ရထိုက်သောမည်သည့် ဇနီးမဆို အခြားယောကျ်ား တဦးနှင့် ဖောက်ပြန်နေလျှင် သို့မဟုတ် လုံလောက်သော အကြောင်းတစုံတရာမရှိဘဲ သူ၏ခင်ပွန်းဖြစ်သူနှင့် အတူ နေထိုင်ရန်ငြင်းပယ်လျှင် သို့မဟုတ် ၎တို့သည် နှစ်ဦးသဘောတူညီချက်အရ တကွဲတပြား နေထိုင်ကြလျှင် ထောက်ပံ့ကြေး ရထိုက်ခွင့် မရှိစေရ။

ဤပုဒ်မအရ ရရန်အမိန့်တရပ်ချမှတ်ထားသော မည်သည့်ဇနီးမဆို အခြားယောကျ်ားတဦးနှင့် ဖောက်ပြန်နေကြောင်း သို့မဟုတ် လုံလောက်သော အကြောင်းမရှိဘဲ သူ၏ခင်ပွန်းနှင့်အတူ နေထိုင်ရန် ငြင်းပယ်ကြောင်း သို့မဟုတ် သူတို့သည် နှစ်ဦးသဘောတူညီချက်အရ တကွဲတပြား နေထိုင်ကြကြောင်းသက်သေခံ အထောက်အထား ပေါ်ပေါက်လျှင် ရာဇဝတ်တရားသူကြီးသည် အမိန့်ကိုပယ်ဖျက်ရမည်။

ဤအခန်းအရ သက်သေခံချက်အားလုံးကို သက်ဆိုင်ရာခင်ပွန်း သို့မဟုတ် ဖခင်၏ ရှေ့မှောက်တွင် သို့မဟုတ် ထိုသူ၏ လာရောက်ခြင်းကို ခွင့်လွှတ်ထားပါက ၎၏ရှေ့နေရှေ့မှောက်တွင် ရယူရမည်။ ထို့ပြင် အဆိုပါ သက်သေခံချက်ကို သာမာန်အမှုများအတွက် သတ်မှတ်ထားသော နည်း လမ်းအတိုင်း ရေးမှတ်ရမည်။ သို့ရာတွင် ထိုသူသည် သမာန်စာကို လက်မခံရအောင် တမင်ရှောင်တိမ်းနေကြောင်း သို့မဟုတ် တရားရုံးသို့ လာရောက်ရန် တမင်ပေါ့ လျော့ကြောင်း ရာဇဝတ်တရားသူကြီးသည် ကျေနပ် လက်ခံလျှင် ထိုရာဇဝတ်တရားသူကြီးသည် အမှုကို တဖက်သတ် ကြားနာ ဆုံးဖြတ်နိုင်သည်။ ထိုအမိန့်ချမှတ်သည့်နေ့ရက်မှ သုံးလအတွင်း လျှောက်ထားရန် ခိုင်လုံသော အကြောင်းပြ ချက် တင်ပြနိုင်ပါက ချမှတ်သည့်မည်သည့်အမိန့်ကိုမဆို ပယ်ဖျက်ပေးနိုင်သည်။

ဤပုဒ်မအရ လျှောက်လွှာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာ၌ တရားရုံးသည် မျှတသော တရားရုံး စရိတ်များကို ပေးစေရန် အမိန့်ချမှတ်နိုင်သည့် အာဏာရှိစေရမည်။ မည်သူကိုမဆို ၎င်းနေထိုင်ရာ သို့မဟုတ် ၎င်းသည် ဇနီးနှင့်အတူ နောက်ဆုံးနေထိုင်ရာ သို့မဟုတ် သက်ဆိုင်ရာ တရားမဝင်သော သားသမီး၏ မိခင်နှင့်အတူ နောက်ဆုံး နေထိုင်ခဲ့ရာ ခရိုင်အတွင်း၌ ဤပုဒ်မအရ မှုခင်းကိစ္စများကို အရေးယူဆောင်ရွက်နိုင်သည်။

၁၉၅၄ ခုနှစ်တွင် "ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို မြန်မာနိုင်ငံ အစိုးရက ပြဋ္ဌာန်းပေးခဲ့လေသည်။ ၁၉၅၄ ခုနှစ် အက်ဥပဒေအမှတ် (၃၂) ဖြစ်သည်။ ၎င်းအက်ဥပဒေ၏ အနှစ်သာရမှာ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားတဦးနှင့် ဗုဒ္ဓဘာသာဝင် မိန်းမတဦးတို့ ပေါင်းစပ်နေ ထိုပြုမူကြပုံသည် အကယ်၍ ထိုနှစ်ဦးလုံး ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာရောက်မည့် ပေါင်းစပ်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်၊ ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင်ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်အပြင် ထိုသူတို့သည် ထိုအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်ဖြစ်သည်။

ထိုကဲ့သို့မှတ်ယူသည်နှင့် တပြိုင်နက် ဗုဒ္ဓဘာသာဝင် အမျိုးသမီးသည် ဤအက်ဥပဒေအရ အပ်နှင်းထားသော အခွင့်အရေးအားလုံးကို အပြည့်အဝ ခံစားခွင့်ရမည်ဖြစ်ပေသည်။ လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီး ထိန်းသိမ်းမှုကိစ္စများတွင် ၎င်းတို့သည် ဗုဒ္ဓဘာသာဓမ္မသတ်များ၏ ပြဋ္ဌာန်းချက်များအရ စီရင်ဆုံးဖြတ်ခြင်းခံရမည်ဖြစ်သည်။

တရားဥပဒေကဲ့သို့ အာဏာရှိသော ဘာသာရေးဓလေ့ထုံးစံတခုခုက ဖြစ်စေ၊ ထိုသို့သော ဘာသာဓလေ့ထုံးစံကို အကျိုးသက်ရောက်စေသည့် တရားဥပဒေတခုခုက ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောက်ျားတဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေထိုင်ခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ထိုယောက်ျားက ထိုမိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်ယောက်ျား

က ထိုမိန်းမကိုကွာရှင်းလိုလျှင်၊ သို့တည်းမဟုတ် စွန့်ခွာလိုလျှင်သို့တည်း မဟုတ် ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ၊ ရက်စက်သည့် အပြုအမူများ အားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် အဆိုပါ ဓလေ့ထုံးစံက သို့တည်းမဟုတ် တရားဥပဒေက မည်သို့ပင်ဆိုစေကာမူ ...

၁။ ထိုယောက်ျားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။
၂။ ဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံးထိန်းသိမ်းခွင့်ကိုရရှိမည်။ ထို့ပြင် ...
၃။ ထိုသူသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင် မဟုတ်ခဲ့ဖူးသော မိန်းမတဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားနှင့် လင်မယားအဖြစ်ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် သူတို့သည် ဤအက်ဥပဒေအရ ထိမ်းမြားကြဘိသကဲ့သို့ မှတ်ယူ၍ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်ဖြစ်သည်။

## ထိုယောကျာ်းက မိန်းမကို ကွာရှင်းလိုလျှင်...

(၁) ဗုဒ္ဓဘာသာသို့ကူးပြောင်း ကိုးကွယ်ခြင်းမပြုမီက၊ ထိုမိန်းမနေထိုင်ရသည့် အတန်းအစား အခြေအနေအောက် မလျော့သော အတန်းအစားအခြေအနေတွင် ဆက်လက်နေထိုင်နိုင်အောင် လုံလောက်သည့် လစာစရိတ်ကို ထိုမိန်းမနောက်ထပ် ထိမ်းမြားခြင်းမပြုသမျှ ကာလပတ်လုံး ထိုယောက်ျားက ထိုမိန်းမအားပေးရမည်။
(၂) ထိုမိန်းမက ဗုဒ္ဓဘာသာသို့ကူးပြောင်း ကိုးကွယ်ခြင်းမပြုမီက၊ ထိုမိန်း

မတဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို ထိုမိန်းမ ရခွင့်ရှိရမည်။ သို့သော်လည်း ထိုသို့ကူးပြောင်း ကိုးကွယ်ခြင်းမပြုမီကထိုယောကျ်ား တဦးတည်း ပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ ထိုမိန်းမရခွင့်မရှိ စေရ။

(၃) ထိုမိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံးကို ထိန်းသိမ်းခွင့်ကိုရရှိမည်။ ထို့ပြင် ...

(၄) ထိုယောကျ်ားသည် အဆိုပါ အရွယ်မရောက်သေးသည့်သားသမီး များအတွက် ကလေးစရိတ်ပေးရမည်ဖြစ်သည်။

**ထိုမိန်းမ ထိုယောကျ်ားကို ကွာရှင်းလိုလျှင် ...**

(၁) ထိုမိန်းမက ဗုဒ္ဓဘာသာသို့ကူးပြောင်း ကိုးကွယ်ခြင်းမပြုမီက ထိုမိန်း မတဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတပါး ထိုယောကျ်ားတဦးတည်း ပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ ထိုမိန်းမရခွင့်မရှိစေရ။

(၂) ထိုမိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံးကို ထိန်းသိမ်းခွင့်ကိုရရှိမည်။

(၃) ထိုယောကျ်ားသည် အဆိုပါ အရွယ်မရောက်သေးသည့် သားသမီး များအတွက် ကလေးစရိတ်ပေးရမည်ဟု ပြဋ္ဌာန်းထားလေသည်။

ဤအက်ဥပဒေပုဒ်မ ၂၆ အရ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ၏ အိမ်ထောင်ရေးအခွင့်အရေးနှင့် ပတ်သက်သော မြန်မာနိုင်ငံတော် တရား လွှတ်တော်၏ ၁၉၅၈ ခု တရားမ ပထမ အယူခံအမှတ် ၃၆ တွင် ဖော်ပြ ထားသည်မှာ ...

"နိုင်ငံခြားသားများနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက် ဆံကြသော ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီး တို့၏ အခွင့်အရေးများကို ဆုံးရှုံးနစ်နာစေရန် မဖန်တီးနိုင်"ဟု ဖြစ်သည်။ ဤအစီရင်ထုံးကို နိုင်ငံတော် တရားရုံးချုပ်၏ ၁၁/၈/၆၅ နေ့စွဲပါ အထွေထွေညွှန်ကြား ချက် အမှတ် ၁၀ တွင်လည်း ဖော်ပြထား၍ ပြည်ထောင် စုမြန်မာနိုင်ငံ တဝှမ်းလုံးရှိ တရားရုံးများက လိုက်နာကျင့်သုံးကြရန် ထပ်မံရည်ညွှန်း

ထားလေသည်။ ဖော်ပြပါ စီရင် ထုံးတွင် ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ် စာမျက်နှာ ၁၃၃–၁၃၈ ကိုလည်း ရည်ညွှန်းထားသည်။)

နိုင်ငံတော် တရားရုံးချုပ်၏ ၁၉၆၅ ခုနှစ် တရားမ အထွေထွေအအမှတ် ၁၄/၃၁ တွင်လည်း ကွယ်လွန်သူ မွတ်ဆလင်ဘာသာဝင် လင်ယောကျ်ားတဦး၏အမွေကို ၎င်း၏ဖခင်ကိုယ်စား၊ ဗုဒ္ဓဘာသာဝင်ဇနီးကသာလျှင် ရရှိခံစား ထိုက်ကြောင်း စီရင်ဆုံးဖြတ်ခဲ့လေသည်။ ၎င်းအစီရင်ထုံးတွင် (၁၈၉၇–၁၉၀၁) အထက် မြန်မာပြည်အစီရင်ထုံး၊ အတွဲ ၂ ၏စာမျက်နှာ ၁၄၆ နှင့် အောက်မြန်မာနိုင်ငံ စီရင်ထုံး၊ အတွဲ ၄၊ စာမျက်နှာ ၁၉၃ တို့ကို ကိုးကားဖော်ပြထားသည်။

ယနေ့ပြည်ထောင်စု မြန်မာနိုင်ငံသည် ဆိုရှယ်လစ် လူဘောင်သို့ လှမ်းတက်လျက်ရှိရာ၊ အမျိုးသမီးများသည် ယောကျ်ားများနှင့် တန်းတူ အဖက်ဖက်မှ လုပ်အားပေးကူညီ၍ တာဝန်များအသီးသီး ထမ်းဆောင်လျှက် ရှိနေကြလေ ပြီ၊ တိုင်းပြည်အနေနှင့်လည်းကောင်း၊ လုပ်သားပြည်သူများအနေနှင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများအနေနှင့်လည်းကောင်း၊ တရားရုံးများအနေနှင့်လည်းကောင်း၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို အပ်နှင်းအကာကွယ်ပြုပေးရန် တာဝန်ရှိကြပေသည်။

အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ ၁၉၆၃၊ ရာဇဝတ်အယူခံမှုအမှတ် (၅၀) တွင်လည်း ဖော်ပြထားသည်မှာ ...

"ကျူးလွန်ခြင်းခံရသော မိန်းကလေးသည် ကလေးရွယ်မျှသာဖြစ်သည်။ ဘဝလုံခြုံမှု တည်ဆောက်နေသော သာယာဝပြောသော လောကကြီး၏ လက္ခဏာရပ်ဖြစ်သည်။ လူမမယ် ကလေးများအပေါ်တွင် ရိုင်းပြစွာ စော်ကားခြင်းသည် ကြီးလေးသောပြစ်မှုဖြစ်သည်"ဟု မှတ်ချက်ချ၍ စီရင်ဆုံးဖြတ်ထားခြင်းကို ထောက်ရှုခြင်းဖြင့် တရားရုံးများ အနေနှင့်လည်း အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို မည်မျှအထိ အကာအကွယ်ပေးထားကြောင်း ထင်ရှားစွာ သိသာနိုင်ပေသည်ဟု ဖော်ပြထားသည်။

**လင်နှင့်မယားကြား လင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရှိ/မရှိ နှင့် ဥပဒေ အရ ဆွေးနွေးချက်များ ...**

မြန်မာ့အသိုင်းအဝိုင်းတွင် အိမ်ထောင်သည်များအကြားလင်က မယားအပေါ် အတင်းအဓမ္မ လိင်ဆက်ဆံ ခြင်းကိစ္စကို မုဒိမ်းမှုဟူ၍ ပြော လေ့မရှိပေ။ လုံးဝမရှိသလောက်ဟုပြော၍ ရနိုင်သည်။ မုဒိမ်းမှုမြောက် သည်ဆိုသည်မှာ ကာမပိုင်လင်မဟုတ်သည့် သူဟုတ်သည်ဖြစ်စေ မဟုတ် သည်ဖြစ်စေ (မည်သူမဆို) ကျူးလွန်ပါက မုဒိမ်းမှုမြောက်သည်ဆိုသည် ကို တရားဥပဒေမှဆိုကြောင်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သို့ သော် အရပ်ထဲတွင် လင်မှ မယားဖြစ်သူ အား မုဒိမ်းကျင့်သည်ဟူသည့် အပြောမျိုးမပြောဆိုကြပေ။

သို့သော် မကြာခဏဆိုသလိုပင် မယားဖြစ်သူ၏ ညည်းညူသံကို ကြားရတတ်သည်။ ဥပမာအားဖြင့် သူမသည် တနေကုန်အလုပ်လုပ်ရင်း မောပန်းနေသော်လည်း လင်ဖြစ်သူက လင်မယားသဘာဝ ဆန္ဒရှိသည့်အ ခါမျိုးတွင် သူမအနေ ဖြင့် ငြင်းဆိုရအခက် ဖြစ်နေတတ်သည်။ လိုက်လျော သည့်အခါတွင်လည်း သူမအနေဖြင့် စိတ်မပါသည့်အတွက် ယောကျ်ားဖြစ် သူ၏ ငြူစူကြိမ်းမောင်းခြင်းကို ခံရတတ်သည်။ အချို့အမျိုးသမီးများသည် ရိုက်မောင်းခြိမ်းခြောက်သည်အထိ ခံရသည်လည်းရှိသည်။ အချို့မှာမူ ယခု မုဒိမ်းကျင့်သည်ဟု ပြောသည့်အနေအထားမျိုး ရောက်သည့်ပုံစံအထိ စိတ်ကြိုက် ပြုမူခြင်းခံရပြီး သူတို့အလိုဆန္ဒပြည့်ပါက ဥပက္ခာပြုထားသွား ခြင်း မျိုးလည်း မရေတွက်နိုင်အောင်ပင် များပြား လှသည်။ ဤသည်ကိုပင် လင်နှင့်မယားဖြစ်သော်လည်း ဇနီးဖြစ်သူ၏ ဆန္ဒမပါဘဲ လင်ယောကျ်ားက အတင်းအဓမ္မပြုမူဆက်ဆံခြင်းကို မုဒိမ်းမှုဖြစ်သည်ဟု နိုင်ငံတကာရှိ အမျိုး သမီးရေး လှုပ်ရှားသူများကပြောဆိုနေကြသည်။

မြန်မာနိုင်ငံတွင်လည်း အလားတူပြဿနာများစွာ ရှိနေသည်ကို ကယန်းအမျိုးသမီးတဦးက ... "ကျမနေထိုင်ခဲ့ တဲ့ ရွာမှာဆိုရင်ယောကျ်ား က မိန်းမကို အတင်းအဓမ္မလိင်ဆက်ဆံတာတွေရှိကြပါတယ်။ ကျမတို့ အမျိုးသမီးတွေ ဘယ်သူ့ကိုမှ ပြောမပြရဲဘူး၊ ကိုယ့်အချင်းချင်းပဲတယောက်

အကြောင်းတယောက်ပြောပြကြပါတယ်။ အမှန်ပြောရမယ်ဆိုရင်ကျမကိုယ်တိုင်လည်း ဒီအဖြစ်အပျက်ကို ကြုံဖူးပါတယ်။ ကျမက အိမ်မှာ အခိက ပိုက်ဆံရှာရသူပါ။ ကျမယောကျ်ားက ဘာမှပင်ပင်ပန်းပန်းမလုပ်ချင်ဘူး၊ ကျမတို့မှာ ခလေးကလည်း ၂ ယောက်ရှိတယ်။ ကျမ တရွာနဲ့တရွာလှည့်လည်ပြီး ငြုပ်သီးရောင်းရတယ်။ ကျမတို့မှာ တရွာနဲ့တရွာဆိုတာအရမ်းဝေးတယ်။ ပြီးတော့လမ်းဆိုတာကလည်း တောင်တွေကြီးပဲ။ ကျမဆိုအရမ်းပင်ပန်းတယ်။ လိုက်လှည့်ရောင်းလို့ ပြန်လာပြီဆိုရင် ကလေးတွေအတွက် လုပ်ပေးရသေးတယ်။ ပြီးတော့ချက်ရပြုတ်ရသေးတယ်။ အားလုံးပြီးသွားရင် ကျမဆိုသိပ်မောသွားပြီ။ မောမောနဲ့ဆိုတော့တခါတည်း ထိုးအိပ် ပစ်လိုက်ချင်တယ်။ ကျမယောကျ်ားက အတူတူအိပ်ဖို့ကြုးစားတယ်၊ ကျမက စိတ်မပါဘူး၊ ငြင်းလို့လည်းမရဘူး၊ အတင်း အတူတူအိပ်တော့တာပဲ။ ကျမဆို အရမ်းစိတ်ညစ်တယ်။ ကျမတို့မှာ ဒါတွေအတွက် အချိန်မပေးနိုင်တော့ဘူး။ အိမ်မှာ စားဖို့ သောက်ဖို့အတွက်က အမြဲရှာနေရတာကိုး။”

သူမက အခြားအမျိုးသမီးများမှ သူမကဲ့သို့ ကြုံတွေ့နေရသော အခြေအနေများကို ဆက်လက်ပြောပြခဲ့သည်။

“ကျမသူငယ်ချင်းတယောက်က ဒီလိုကိစ္စနဲ့ပတ်သက်လို့ သူ့မိဘတွေရဲ့အကြောင်း ပြောပြဖူးတယ်။ သူ့အဖေက အရမ်းကို တဏှာကြီးတယ်။ သူ့အမေထမင်းချက်နေတဲ့အချိန်၊ ဆန်ဖွတ်နေတဲ့အချိန် တခြားအလုပ်လုပ်တဲ့ အချိန်တွေ လည်းမရှောင်ဘူး၊ သူ့အဖေက စိတ်ပါလာရင်သူ့အမေကိုခေါ်ပြီး အတူတူနေလိုက်တာပဲ။ ဒီလိုပဲ သူ့အဖေလုပ်လာတာကြာပြီ။ သားသမီးတွေသိမှာတောင် မကြောက်ဘူး၊ ခေါ်အိပ်လိုက်တာပဲ။”[၂၆]

မဟာဖိုဝါဒကြောင့် ဖြစ်ပေါ်လာသော ဓလေ့ထုံးတမ်း အတွေးအခေါ်များအရ မယားကို အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ “မယား” ဆိုသည်မှာ လင်မှ ကာမပိုင်သည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်က လင်အနေဖြင့်သူရယူ

---

[၂၆] Interview 7

ထားသော အမျိုးသမီးကို ပိုင်ဆိုင်သည်။ မိန်းမအနေဖြင့် ယောကျ်ား၏ အပိုင်ဖြစ်ပြီး ယောကျ်ားစိတ်ချမ်းသာရေးအတွက် အချိန်မရွေး သူ့ဆန္ဒများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ ယောကျ်ားသည် ငါလုပ်လျှင်ရသည်။ ငါအချိန်မရွေး ပြုချင်၍ရသည်ဟူသည့် သဘောမျိုးထားခြင်းဖြင့် မယားကိုကိုယ့်အမြင်ကိုယ့်အတွေး "ငါ" တခုတည်းဖြင့် ဆုံးဖြတ်ချက်ချကာ နိုင်ထက်စီးနင်းပြုမှုသည့် အပြုအမူကို ပြုလုပ်ခြင်းကြောင့်ပင် ဤကြောင်းအရာစတင်၍ ဆွေးနွေး ငြင်းခုန်လာရခြင်းဖြစ်သည်။

လင်မှမယားကို မုဒိမ်းကျင့်သည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်ပြောဆိုခြင်းမရှိသေးသော်လည်း အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဤအကြောင်းအရာကို အမျိုးသမီးရေး လှုပ်ရှားသူများက စတင်ပြောဆိုနေကြပြီး မုဒိမ်းမှုမြောက်မမြောက်ကိစ္စကို အငြင်းပွားလျက်ရှိသည်။ "လင်နှင့်မယားကြား မုဒိန်းပြုကျင့်မှုနှင့် ပတ်သက်၍ ပြဿနာ ဖြစ်နေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မုဒိန်းမှုဟု သတ်မှတ်ရာတွင် မိမိ၏မယားမဟုတ်သော အမျိုးသမီးတဦးကို အလိုမတူပဲ သားမယားပြုကျင့်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော ကြောင့်ဖြစ်သည်။"[၂၇]

အမှန်တကယ်တွင် အမျိုးသမီးများသည် သက်ရှိလူသားတဦးဖြစ်သည့်အားလျော်စွာ သူမ၏ ဆန္ဒသဘောထား သည်လည်း အရေးပါသည်ဆိုသည်ကို နားလည်လက်ခံသင့်သည်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေတွင်လည်း လင်နှင့်မယား ကြားတွင် ဖြစ်ပေါ်နေသော "လင်နှင့်အတူနေရန်ငြင်းဆိုမှု" ဥပဒေတွင် ဤသို့ပြဋ္ဌာန်းထားသည်။ "အကြင်လင်မယားသည် အတူတကွ နေထိုင်ပေါင်းသင်းရန် မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၍ သီးခြားခွဲနေထိုင်ရန် မလွှဲမရှောင်သာသော အကြောင်းများရှိပါက ယင်းကဲ့သို့ သီးခြားနေခြင်းအားဖြင့် မိမိသဘောအလျောက် နေထိုင်သည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၈ အရ မယူဆနိုင်ပေ။"

---

[၂၇] မြန်မာ့အမျိုးသမီးသမဂ္ဂ – ချိုးလင်းပြာ အမှတ် ၁၊ ၂၀၀၃

## အိမ်တွင်းအကြမ်းဖက်မှုသည် ပြစ်မှုမြောက် မမြောက် ...

အိမ်တွင်းအကြမ်းဖက်မှုပြဿနာကို ပြဿနာတရပ်အဖြစ်ပင် မိမိတို့ အသိုင်းအဝန်းတွင် ပြောဆိုမှုနည်းပါးသည်။ အိမ်တွင်းပြဿနာကို အိမ်ပြင်မသယ်ကောင်းဟူ၍ ပြောဆိုမှုများကသာလျှင် ဖုံးလွှမ်းထားသည့်အတွက် ယင်းပြဿနာ တရပ်ကို ရုံးရောက်၊ ဂတ်ရောက်ယူဆောင်ဖြေရှင်းရန်မှာမူ တော်ရုံတန်ရုံ သတ္တိဖြင့် မရနိုင်သလို၊ ငွေ၊ အချိန်၊ လူပင်ပန်းခံ၍ မည်သူကမျှ တိုင်ကြားလိုခြင်းမရှိကြချေ။ လူ့အခွင့်အရေးကို သင်ကြားလေ့လာနေရသည့် အသိုင်းအဝိုင်းတွင်ပင် အမျိုးသမီးတယောက် နံရိုး ၃ ချောင်း ကျိုးသည်အထိ အရိုက်ခံရသည်ကို... "တခါက ဒုက္ခသည်စခန်းမှာဆိုရင် ယောကျ်ားက မိန်းမကိုရိုက်လိုက်တာ နံရိုး ၃ ချောင်း ကျိုးသွားတယ်ဆိုဘဲ။ ဒီတော့ ယောကျ်ားလေးတွေဖက်က တာဝန်ရှိသူအချို့ကပြောတယ်၊ ကောင်မလေးက ရှူးရှူးပေါ်ပေါ်လေးဆိုပြီး ဘာမှမဖြစ်လောက်ပါဘူးလို့ပြောတယ်၊ နံရိုး ၃ ချောင်း ကျိုးသွားတာကို ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး ပြောပေးနိုင်တာကိုက အားပေးမှုတခုဖြစ်နေတယ်။"[၂၈]

တရားဥပဒေအရ ပြစ်မှုဖြစ်သည် မဖြစ်သည်ထားဦး၊ လူတယောက်ကို ဒဏ်ရာအနာတရဖြင့် စော်ကား ရက်စက်နေခြင်းကို သာမန်ကိစ္စသဖွယ် လစ်လျူရှုထားခြင်းသည် မှားယွင်းနေသော အခြေအနေတရပ် ဖြစ်သည်။ ပြစ်မှု မြောက်ကျူးလွန်သည်အထိ ဖြစ်လာသည်ကိုပင် ပြဿနာမဖြစ်ပါဟူ၍ ပြောနေခြင်းသည် မှန်ကန်သည့် လက်ခံကျင့်သုံးမှု မဟုတ်ပေ။ လင်မယားမဟုတ်သည့် အခြားသူစိမ်းတယောက်အား ထိုသို့အကြမ်းဖက်မှုမျိုး ဖြစ်ပါကရုံးရောက်၊ ဂတ်ရောက်ဖြင့် တရားစွဲသည်အထိ ဖြစ်ကြသော်လည်း ဇနီးမယားအပေါ် ပြုမူခြင်းကို ခွင့်လွှတ်နေခြင်းသည် လူဖြစ်ပါလျက် လူ့အသိ တရားနိမ့်ကျနေကြခြင်းဖြစ်သည်။ အမှန်တကယ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင်လည်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်၍ အမျိုးသမီးကို ဆံပင်ဆွဲခြင်းသည်ပင်လျှင် အပြစ်ရှိသည်ဟု ဆိုထားသည်။

---

[၂၈] အိမ်တွင်းအကြမ်းဖက်မှုဆွေးနွေးပွဲမှ

မြန်မာနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ တရား ဥပဒေအရ ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းထား သော်လည်း ယင်းကိုလူထုအကြား သိနားလည်လာအောင် လုပ်ဆောင်မှုမျိုး မရှိသေးသည့်အတွက် အမျိုးသမီးများသည် အိမ်တွင်းတွင်ချောင်ပိတ်၍ အခြားလူတဦး၏ ပြုချင်တိုင်း ပြုကျင့်မှုကိုခံနေရပြီး ပြေးပေါက်လည်း ပိတ်နေရသည်။ ပြေးပေါက်ပိတ်နေသည့်အချိန်တွင် ဘယ်ယောကျ်ားမှလည်း အော်ဟစ် အကူညီ တောင်းဆိုခြင်းကို ကြိုက်မှာမဟုတ်သလို တောင်းရန်လည်းခက်လှ၏။

တခါတရံတွင် အမျိုးသမီးများသည် ရိုက်မောင်းပုတ်မောင်းလုပ်နေစဉ်အတွင်းတွင် အော်ဟစ်အကူညီမတောင်းဘဲ ကြိတ်၍သာခံနေခြင်းမှာ သေရင်လည်းပြီးတာပဲဟု သဘောထားခြင်းကြောင့်လည်းဖြစ်သည်။ အခြားသူတဦးက ဝင်ရောက် ဖြေရှင်းပေးရန်မှာလည်း ခက်ခဲနေသည့်အတွက် ဤသို့လူတဦးအား ရက်စက်စွာပြုကျင့်နေသည်ကို တင်းကြပ်သော ဥပဒေများ ပြဋ္ဌာန်းရန်လိုနေသလို ထိရောက်သော အရေးယူဆောင်ရွက်မှု၊ လက်တွေ့ကျင့်သုံး အကောင်အထည် ဖော်မှုများလည်း လိုအပ်နေပေပြီ။

ပြစ်မှုဆိုသည်မှာ တစိမ်းတယောက်က ကိုယ်ထိလက်ရောက် ပြုလုပ်မှသာ ပြစ်မှုမြောက်သည်မဟုတ်၊ နံရံလေး ဖက်ကြားတွင် အတူနေသူမှလည်း အချိန်မရွေးကြမ်းတမ်းရက်စက်မှုမျိုး ပြုလုပ်နေသည့် လူမဆန်သည့် ဖြစ်ရပ်မျိုးကိုလည်း ဥပဒေကြောင်းအရကို ပြစ်မှုမြောက်သည်ဟု ခေါ်ဆိုနိုင်ပြီး အခြားနည်းအရလည်း ဤလုပ်ရပ်အပြုအမူမှာ ခွင့်လွှတ်စရာ အပြုအမူ မဟုတ်ဆိုသည်ကို သိမြင်အောင်ပြုရမည်မှာ လူတိုင်း၏ တာဝန်ဖြစ်သည်။

### *ရည်ညွှန်းကိုးကားချက်များ ...*

- မြန်မာ့ဥပဒေနည်းနာနှင့် ဥပဒေများမှ ကောက်နုတ်ချက်
- ခေတ် ၄ ခေတ်– မြန်မာ့တရားဥပဒေ (ဦးအောင်ဆန်းထွန်း)
- မဟာဝိဇ္ဇာ– တရားရုံးချုပ်ရှေ့နေ ၁၉၆၈ ခုနှစ်ဒီဇင်ဘာ

# အခန်း(၉)

## ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာ ညီလာခံများ ...








ကမ္ဘာ့အမျိုးသမီးညီလာခံများကို ၁၉၇၅ ခုနှစ်မှစ၍ ပြုလုပ်ကျင်းပခဲ့သည်။ ပထမဦးဆုံးသော ကမ္ဘာ့အမျိုးသမီး ညီလာခံကို ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုမြို့၌ ဇွန်လအတွင်း ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် ကမ္ဘာ့အမျိုး

သမီးညီလာခံကို ဒိန်းမတ်နိုင်ငံ၊ ကိုဘေဟင်ဂင်မြို့၌ ဇူလိုင်လတွင် ကျင်းပခဲ့သည်။ ဒုတိယအကြိမ်ပြုလုပ်သော ညီလာခံတွင် ပထမဦးဆုံး အကြိမ် အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ ပြည့်စုံစွာရှင်းလင်းဖော်ပြထား သည့် မှတ်တမ်းများဖြင့် တင်ပြထားပေသည်။ မှတ်တမ်းများတွင် ယင်း ပြဿနာနှင့်ပတ်သက်၍ အကြိမ်ပေါင်းများစွာလည်း ထည့်သွင်းရေး သားထားသည်ကို တွေ့ ရသည်။ တရားဝင်ဖြစ်စေမှုနှင့် ပတ်သက်၍လည်း ယခုလိုပြဋ္ဌာန်းထားသည်။

"တရားဝင်ဖြစ်စေမှုသည် အိမ်တွင်းအကြမ်းဖက်မှုနှင့် မတူကွဲပြားမှု အပေါ် အကြမ်းဖက်စော်ကားခြင်းခံနေရသော အမျိုးသမီးများကို အကာ ကွယ်ပေးရန်ဖြစ်ပြီး ဥပဒေပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ပြုလုပ်သင့်သည်။ သင့်တင့်လျောက်ပတ်သော လုပ်ဆောင်ချက်များဖြစ် သည့် ဥပဒေပြုမှုအပါအဝင် ပြစ်မှုဆိုင်ရာအရ အပြစ်ကျူးသူများကိုလည်း လုပ်ထုံးလုပ်နည်းအရ တရားမျှတစွာ ဖြစ်စေမှုရှိစေရမည်ဖြစ်သည်"ဟု ဆိုထားပါသည်။

ဒုတိယအကြိမ်ကို ၁၉၈၅ ခုနှစ်၊ ဒိန်းမတ်နိုင်ငံ ၊ကိုဘေဟောဂင်တွင် ပြုလုပ်ခဲ့ပြီး၊ တတိယအကြိမ်ကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီတွင်ပြုလုပ်ခဲ့ကာ အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍အလေးအနက်ထားခဲ့ကြသည် ကိုတွေ့ရသည်။ ၁၉၉၅ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ပီကင်းတွင် စတုတ္ထအ ကြိမ်အမျိုးသမီးညီလာခံကို ကျင်းပခဲ့ရာတွင် အိမ်တွင်းအကြမ်းဖက်မှု ကိစ္စသည် အလေးအနက်ထားကြရသော အကြောင်းအရာတခုအဖြစ် ဆက်လက်ပါဝင်ခဲ့သည်။

အချုပ်ဆိုရသော် ကမ္ဘာ့ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသော အမျိုး သမီးညီလာခံတိုင်းတွင် အမျိုးသမီးများ အကြမ်းဖက်ခံရခြင်း အခြေအနေ အောက်တွင် အိမ်တွင်းအကြမ်းဖက်မှုနှင့် သက်ဆိုင်သော ပြဿနာသည် စိုးရိမ်ဖွယ်ရှိသည့် အလေးမထား၍ မဖြစ်သည့် ပြဿနာ တခုဖြစ်ကြောင်း အစဉ်ပြောကြားခဲ့သည်သာဖြစ်သည်။

## အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်...

အမျိုးသမီးများအပေါ် ဖိနှိပ်ခွဲခြားထားမှုများ မဖြစ်ပေါ်စေရေးအတွက် နိုင်ငံတကာရှိ အစိုးရများလေးစားလိုက်နာပြီး လုပ်ဆောင်ရန် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးဆိုင်ရာသဘောတူညီစာချုပ်ကို ကုလသမဂ္ဂမှ အတည်ပြုထားခဲ့ပြီးဖြစ်သည်။ ၂၀၁၀ ခုနှစ်စာရင်းအရ စာချုပ်ကို နိုင်ငံပေါင်း ၁၈၆ နိုင်ငံမှ လက်မှတ်ရေးထိုး သဘောတူထားကြသည်။ စာချုပ်တွင်လေးစားလိုက်နာရမည့်အပိုဒ်ပေါင်း ၃၀ ပါရှိပြီး အပိုဒ် ၁ မှ ၁၆ အထိကို အစိုးရမှ လိုက်နာအကောင်အထည်ဖော်ရန်ဖြစ်သည်။ အထူးသဖြင့် အပိုဒ် ၁ မှ ၅ တွင် ဓလေ့ထုံးတမ်းများကြောင့် ဖြစ်ပေါ်နေသော လိင်ကွဲပြားမှုအပေါ်အခြေခံသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ပပျောက်အောင်ပြုလုပ်ရန်လည်း ပြောဆို ထားသည်။ ထို့အပြင် အပိုဒ် ၁၇ မှ ၃၀ အထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေး သဘောတူစာချုပ် ကော်မတီ၏ လုပ်ပိုင်ခွင့်များ၊ လိုက်နာရမည့် စည်းကမ်းများနှင့် ကော်မတီ၏ လုပ်ဆောင်မှုများကို ဖော်ပြထားသည်။

အချုပ်တွင် အကြမ်းဖက်မှုဟု တိုက်ရိုက်ပြောဆိုထားခြင်း မရှိသော်လည်း ပထမအပိုဒ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖော်ပြထားသော ခွဲခြားဖိနှိပ်မှုဆိုသည်မှာ လိင်အပေါ်တွင် အခြေပြုသော အကြမ်းဖက်မှုမှန်သမျှကိုဆိုလိုပြီး ယင်းအကြမ်းဖက်မှုသည် "အမျိုးသမီးဖြစ်ခြင်း" ကြောင့် အကြမ်း ဖက်မှုကို ပြုလုပ်ခံရခြင်းဖြစ်သည်ကို ပြောဆိုထားပေသည်။ ယင်းအကြမ်းဖက်မှုမှ ရရှိခံစားရသော စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာ စသည်ဖြင့် အခြေအနေအားလုံးကို ဆိုလိုခြင်း လည်းဖြစ်သည်။

စီဒေါကော်မတီမှ စာချုပ်နှင့်ပတ်သက်၍ အစိုးရများနှင့်ပါတ်သက်၍ အစိုးရများအနေဖြင့် နောက်ဆက်တွဲ အကြံပေးချက်တွင် အိမ်တွင်း အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြထားရာတွင် ...

- အဖွဲ့ဝင်နိုင်ငံများမှ ပေးပို့သော အစီရင်ခံစာများအားလုံးတွင် လိင်

ကွဲပြားမှုအပေါ်အခြေခံ၍ ဖြစ်ပွားနေသော အကြမ်းဖက်မှုနှင့် ခွဲခြားမှုများကို ထင်ဟပ်သောတင်ပြချက်များ မပါရှိကြောင်းကို ဖော်ပြထား ပြီး အစိုးရများ အနေဖြင့် စာချုပ်ကို အကောင်အထည်ဖော်ရာတွင် အမျိုးသမီးအများအပေါ် အကြမ်းဖက်မှုအားလုံး ကိုဖယ်ရှားနိုင်ရေးအတွက် အခြေအနေကောင်းတရပ် ဖြစ်ပေါ်လာမည့် အဆင့်အထိ လိုအပ်ကြောင်း ဖော်ပြထားသည်။

- အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိသားစုအတွင်းဖြစ်ပေါ်နေသောအကြမ်းဖက်မှု အပါအဝင် အခြားသောကိစ္စများကိုပါ ဥပဒေများဖြင့် အမျိုးသမီးများအပေါ် လေးစားမှုပေးနိုင်ပြီး အကာကွယ်ပေးခြင်းကိုလည်း သေချာအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြထားသည်။
- လက်ရှိ လက်တွေ့ကျင့်သုံးနေမှုများနှင့် သဘောထားများကို ထိရောက်သော လုပ်ဆောင်မှုများဖြင့် ပပျောက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး အစိုးရနေဖြင့် အမျိုးသမီးများ၏ တန်းတူညီမျှမှုဆိုင်ရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရာတွင် ပုံသေဆန်သည့် သဘောထားယူဆချက်များ ပပျောက်အောင် ကျယ်ပြန့်သော ပညာပေးမှုများကို လုပ်ဆောင်ရမည်ဖြစ်သည်။ စီဒေါကော်မတီမှလည်း အစိုးရများကို ဤသို့အကြံပြုထားသည်။

"အစိုးရအနေဖြင့် အမျိုးသမီးများ၏အခွင့်အရေးကို ကျူးလွန်ဖေါက်ဖျက်သူများအပေါ် အရေးယူဆောင် ရွက်ပေးရန်နှင့် လူ့အခွင့်အရေးပညာပေးရေး၊ လိင်ခွဲပြားမှုကြောင့်ဖြစ်ပေါ်နေသော အကြမ်းဖက်မှုနှင့် အဓိက သက်ဆိုင်သော သင်တန်းများကိုလည်း စစ်တပ်များတွင် အထူးပို့ချပေးရန်လိုကြောင်း ပြောဆိုထားပေသည်။"

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်း ...

၁၉၉၃ ခုနှစ် ဒီဇင်ဘာလတွင်ပြုလုပ်သော ကမ္ဘာ့ကုလသမဂ္ဂ၏ အထွေထွေညီလာခံတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများ

ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းကို ရေးဆွဲအတည်ပြုခဲ့ကြသည်။ ဎစာတမ်းမှာ ကုလသမဂ္ဂ အောက်ရှိ အမျိုးသမီးရေးရာကော်မရှင်နှင့် စီးပွားရေးနှင့်လူမှုရေးကောင်စီတို့၏ ကြိုးစားအားထုတ်မှုကြောင့်ဖြစ်သည်။ ကြေညာစာတမ်းသည် စီဒေါကဲ့သို့ တရားဥပဒေအရ လုပ်ပိုင်ခွင့်မျိုးမရှိသော်လည်း နိုင်ငံတကာအသိုင်းအဝန်းအတွက် အမျိုးသမီးများနှင့်ပတ်သက်၍ အင်မတန်အားကောင်းသော စာတမ်းမျိုးဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုနှင့်ပတ်သက်၍ အမျိုးသမီးများအပေါ် ဖိနှိပ်မှုများအပေါ် ဤစာတမ်းတွင် "အမျိုးသမီး များအပေါ်အကြမ်းဖက်မှုသည် သမိုင်းအစဉ်အလာအရ ဖြစ်ပေါ်နေသော ယောကျ်ားနှင့် မိန်းမ အကြားထားရှိသော မူဝါဒများကြောင့်ဖြစ်ပြီး ယင်းသည် အမျိုးသားများက အမျိုးသမီးများအပေါ် လွှမ်းမိုးမှုနှင့် ခွဲခြားမှုများကို ဖြစ်ပေါ်စေခြင်းဖြစ်သည်" ထို့အပြင် အကြမ်းဖက်မှုသည် နေရာတိုင်း (အိမ်တွင်း၊ အိမ်ပြင်) နှစ်နေရာလုံးတွင်ဖြစ်ပေါ်နေသည်။ စာတမ်းတွင် အိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်သူကို အပြစ်ပေးရန်နှင့် တရားဥပဒေ၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာတို့တွင် ယင်းကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဖွံ့ဖြိုးတိုးတက်မှုရှိရန်လည်း လိုအပ်ကြောင်းတင်ပြထားသည်။

## ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများ အကြမ်းဖက်ခံရခြင်းနှင့် ပတ်သက်သော အထူးစုံစမ်းစစ်ဆေးရေးအရာရှိ ...

ကမ္ဘာ့ကုလသမဂ္ဂ အမျိုးသမီးရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိသည် ကုလသမဂ္ဂမှ ကြီးမှူးကျင်းပသော အစည်းအဝေးများတွင် အမျိုးသမီးနှင့် ပတ်သက်သော အခြေအနေဖြစ်ပေါ်တိုးတက်မှု ၊ ဆုတ်ယုတ်မှုများကို နှစ်စဉ်တင်ပြ လေ့ရှိသည်။ သူမ၏ အစီရင်ခံစာများထဲတွင် အချို့ကိုပြန်လည်တင်ပြလိုပါသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ပပျောက်အောင်လုပ်ဆောင်ရာတွင် အစိုးရများအနေဖြင့် တာဝန်ယူလုပ် ဆောင်မှုမရှိပဲ လင်နှင့်မယားအကြား မုဒိမ်းကျင့်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် ယဉ်ကျေးမှု

များအပေါ်အခြေခံ၍ ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများကို ပြစ်မှုဆိုင်ရာ ဥပဒေများဖြင့်လည်း အရေးယူဆောင်ရွက်ပေးခြင်းမရှိသလို အချို့သော ပြစ်မှု ဆိုင်ရာ အကြမ်းဖက်မှုများသည်ပင် ဥပဒေအရ ထိရောက်စွာ အရေးယူမှုမရှိကြောင်း တင်ပြဆွေးနွေးထားသည်။

**မြန်မာအစိုးရ၏ အမျိုးသမီးရေးရာ ဆောင်ရွက်မှုအခြေအနေကို အထူး စုံစမ်းစစ်ဆေးရေးအရာရှိမှ တင်ပြသုံးသပ်ခြင်း ...**

လုပ်ဆောင်မှုများ ... ၁၉၉၇ ခုနှစ် အမျိုးသမီးရေးရာနှင့်ပတ်သက် သော လုပ်ဆောင်မှုများတွင် အမျိုးသမီးများ အကြမ်းဖက်မှုကြောင့်ဖြစ် ပေါ်နေသော ကိစ္စရပ်များကို ထည့်သွင်းရန်ပြောကြားခဲ့သော်လည်း အိမ် တွင်း အကြမ်းဖက်မှုနှင့် ပတ်သက်၍ ထည့်သွင်းရေးသားထားခြင်းမရှိ သောကြောင့် အထူးစုံစမ်းစစ်ဆေးရေး အရာရှိအနေဖြင့် အထူးစိတ်မ ကောင်း ဖြစ်ရသည်ဟု ဖော်ပြထားပါသည်။

အစိုးရသည် အမျိုးသမီးများ အကြမ်းဖက်မှုခံနေရသည့် ပြဿနာ အပေါ် ပြဿနာတရပ်အဖြစ် ရှုမြင်သုံးသပ်မှုများလည်း ဖော်ပြထားမှု မရှိသည့်အပြင် ယင်းပြဿနာနှင့် ပတ်သက်သော အသေးစိတ်လုပ်ကိုင် နေမှုများကိုလည်း ဖော်ပြထားမှုမရှိပေ။ ယင်းသို့ အစိုးရအနေဖြင့် ပြဿ နာတည်ရှိမှုကို ငြင်းဆန်ထားမှုကြောင့် ပြဿနာနှင့်ပတ်သက်သော အစီ ရင်ခံမှုမျိုးကို အကြမ်းဖက်ခံနေရသည့် အမျိုးသမီးအနေဖြင့် ပေးပို့ရာတွင် အဟန့်အတားတခုအဖြစ် ဖြစ်စေနိုင်သည်။ အစိုးရအနေဖြင့် အစီရင်ခံ စာမရှိသည့်အပြင် တိကျသော စာရင်းဇယားအရ ဖော်ပြမှုမျိုးလည်း မရှိ ခြင်းကိုလည်း ထောက်ပြ ပြောဆိုထားသည်။

အကြမ်းဖက်မှုနှင့်ပတ်သက်သော သင်တန်းများကိုပေးရာတွင် အိမ် တွင်းအကြမ်းဖက်မှုဆိုင်ရာနှင့် ပတ်သက်သော သင်တန်းများကိုလည်း ပေးရမည်ကို ပြောဆိုထားသည်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်၏ အမျိုးသားရေး စီမံကိန်းအဖြစ် အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ ကိုလည်း သင်တန်းများပေးသင့်သည်ကို အားပေး ပြောဆိုထားသည်။

အထူးစုံစမ်းစစ်ဆေးရေးအရာရှိအနေဖြင့် ၂၀၀၀ ခုနှစ်စီမံကိန်းတွင် အမျိုးသမီးများအတွက် ကူညီစောင့်ရှောက်ရေးဂေဟာ ထားရှိရန် ပြဋ္ဌာန်းချက်အပေါ် ချီးကျူးလိုက်ပြီး သူမအနေဖြင့် မိသားစုအတွင်း အကြမ်းဖက်ခံရသူများကိုလည်း ကူညီမှုများပေးရန် လိုသည့်အတွက် အစိုးရအနေဖြင့် သေချာစွာ လုပ်ဆောင်ရန် အားပေးတိုက်တွန်းထားပေသည်။

**ရည်ညွှန်း––– ကုလသမဂ္ဂ ဆိုင်ရာမှတ်တမ်းများမှ**

# အခန်း(၁၀)

## စာရေးဆရာ မောင်ညိုပြာနှင့် တွေ့ဆုံမေးမြန်ချက်



အိမ်ထောင်ရေးမှာတင်မဟုတ်ဘူး၊ ဘယ်နေရာမဆို ဒေါသမရှိလေ ကောင်းလေပဲ။ ဒါပေမဲ့ အဲဒီလိုတော့လည်း ဖြစ်မလာဘူး။ လောဘကြီး တဲ့သူတွေကြောင့် ဒေါသဖြစ်လာရတယ်။ မှားနေတဲ့လူတွေအတွက် အမှန်ကိုထောက်ပြရမယ်။ ဒေါသဖြစ်စရာဝန်းကျင်ကြောင့် ဒေါသဖြစ်စရာ ကောင်းလာတာကို မြိုသိပ်ထားနိုင်ရင်တော့ ကြိုက်တဲ့သူ အများကြီး ရှိတယ်။ ကျွန်တော်တယောက်တည်းရဲ့ နေ့စဉ်အိမ်ထောင်ရေးဘဝစံနဲ့ ပြောရရင် ဒေါသဖြစ်စရာရှိရင်ဖြစ်မိတာပဲ။ ထစ်ခနဲ့ရှိရင် ဖြစ်တဲ့ ဒေါသမျိုး တော့မဟုတ်ပါဘူး။ များပြားစွာစုဆောင်းမိတဲ့အခါမျိုးကျမှပါ။

ဒေါသဖြစ်စရာ အသေအချာရှိလို့ ဒေါသဖြစ်တာ လူသားဆန်ပါ တယ်။ ဒီလို ဒေါသမျိုးမရှိဘဲနဲ့တော့ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ လွတ်လပ် ရေးရမှာမဟုတ်ဘူး။ ချစ်လို့ပေါင်းသင်းခဲ့တဲ့ လင်နဲ့မယားမှာတော့ ဒေါသ မရှိရင် အကောင်းဆုံးပဲ။ ဒေါသဟာ သူ့အိုးနဲ့သူ့ဆန် တော်ရုံပဲကောင်းပါ

တယ်။ အချိုးညီညီပဲ ဖြစ်ဖို့ကောင်းပါတယ်။ တချို့ဒေါသဟာ သေးနေတတ်ပြီး တချို့ဒေါသကျ သိပ်ကြီးနေပြန်ရော။ မေ့ပျောက်ပစ်နိုင်တဲ့ကိစ္စ၊ ခွင့်လွှတ်စာနာနိုင်တဲ့ကိစ္စတွေမှာ မလိုအပ်ဘဲ ဒေါသကြီး လွန်တဲ့ ဘဝအဖော်တွေဟာ သိပ်စိတ်ပျက်စရာကောင်းတာပဲ။ သဝန်ကြောင်တတ်သူတွေက လည်း အသားလွှတ်ပေါက်ကွဲ ရမ်းကားတတ်တယ်။

ဒီလိုနဲ့ အထူးသဖြင့် မိန်းမသားအိမ်ရှင်မတွေရဲ့ မျက်ရည်စက်တွေဟာ တနေ့တနေ့တစ်ကမ္ဘာလုံး အတိုင်း အတာနဲ့ပြောရရင် မျက်ရည်ချောင်းစီးနေတော့တာပဲ။ ပြီးတော့မှ ချစ်လို့သဝန်ကြောင်ပါတယ်ဆိုတဲ့ လက်သုံးတော် ဂါထာကို ရွတ်ကြပြန်တယ်။

ဒေါသဖြစ်အောင်မဆွကြပါနှင့်၊ ဒေါသတွေ ချစ်အိမ်ထောင်ကြားမှာ မပေါ်ပေါက်ပါစေနဲ့လို့ ဆုတောင်းပါတယ်ဗျာ။ ဒီလိုမဖြစ်အောင် အချစ်တေးကို မှန်မှန်သီဆိုပြီး နာနာတီးမှုတ် ကခုန်ကြပါစို့ရဲ့ခင်ဗျား။

**မေး။ ရေရှည်တည်တံ့တဲ့ အိမ်ထောင်ရေးဘဝဖြစ်ဖို့ အဓိက ဘာတွေလိုအပ်မလဲ။ ခင်ပွန်းသည်ဖက်ကရော၊ ဇနီးသည် ဖက်ကရော ဘာတွေဖြည့်ဆည်းပေးရမလဲ။ မဖြည့်ဆည်းနိုင်တဲ့ အနေအထားမျိုးမှာ တဘက်ဘက်ကရှိနေမယ်ဆိုရင် နောက်ဆက်တွဲအကျိုးဆက်တွေက ဘာတွေဖြစ်လာနိုင်မလဲ။ ဆရာရေ ကျယ်ကျယ်ပြန့်ပြန့်လေး ဖြေပါအုံး။**

**ဖြေ။** ရေရှည်တည်တံ့တဲ့ အိမ်ထောင်ရေးဘဝဖြစ်ဖို့ကတော့ လွမ်းစရာတွေများများတွေးပါ။ နာစရာတွေ လျှော့ထားပါ။ ခွင့်လွှတ်နိုင်တဲ့အပြစ်တွေကို လျှော်ပစ်ပါ။ ညားခါစ အလှပဆုံးနေ့များဆီ မကြာခဏအလည်သွားပါ။ တယောက်စီရဲ့ မမျှော်လင့်တဲ့ အားနည်းချက်တွေကို တွေ့လာရတဲ့အခါ အလျင်အမြန်မြန်ပြေးပြီး နမ်းရှုံ့ပါ။ ကုသိုလ်ပဲလေလို့ တရားရှိလာပါ။ အတွေးအခေါ်ရင့်ကျက်မယ့် စာပေတွေများများဖတ်ပါ။ ကိုယ့်အချစ် လမ်းကြောင်းပေါ်က အခက်အခဲကို ကိုယ့်နည်းကိုယ့် ဟန်နဲ့ရှင်းပါ။ လင်မယား ၂ ယောက် ညစဉ် မအိပ်မီ ၁၅ မိနစ်လောက် မျက်နှာစေ့စေ့

ကြည့်ပြီး စကားပြောဖြစ်အောင်ပြောပါ။ အကျိုးရှိလာစေရမယ်။ ငါဟာ အလုပ်ကြီး အကိုင်ကြီးသမားဆိုပြီး၊ အလုပ်ဖိလုပ်မနေကြပါနဲ့။ ငါဟာ စာရေးဆရာ ဆိုပြီး ငုံ့ချည်းရေးမနေပါနဲ့။ လွန်သွားရင် ဘာမှမတတ်နိုင်ဘူး။ တစ်ဦးကိုတစ်ဦးလေးနက်ပါနော်။

**မေး။ ဆရာရဲ့လက်ရှိ အိမ်ထောင်ရေးဘဝကို ဘယ်လိုပဲ့ကိုင်နေလဲ၊ ဘယ်လိုထိန်းကျောင်းနေလဲ၊ ဆရာပုံသွင်းယူလိုက်တဲ့ အတိုင်းရော လိုက်ပါဆောင်ရွက်မှုရှိရဲ့လား။ ဆရာ့ရဲ့အတွင်းရေးကို "နှိုက်" နေတာမဟုတ်ဘူးနော်။ ထင်လွယ်မြင်လွယ်ရှိ အောင်ပမာဆောင်ပြီး မေးလိုက် ဖြစ်တာပါ။ နောက်ဆုံးမေးခွန်း ၁၀ ခုအပေါ် ဆရာ့သဘောထားအယူအဆအမြင်တွေ ကျွန်တော် တိတိပပတင်ပြခွင့်ရရင်ပဲ ကျေနပ်ပါပြီ ဆရာရေ။**

**ဖြေ။** ကျနော်စိတ်ရှည်ရှည်ထားပြီး အိမ်ထောင်ရေးကို ပဲ့ကိုင်နေပါ တယ်။ တချို့ဟာတွေ သူ့သဘောမပေါက်သေးလို့ ဖြစ်မှာပါဆိုပြီး တချို့ကိစ္စတွေမှာ ကြည့်ဖြူယူရတာမျိုးရှိတယ်။ ဒီလိုအခါမျိုးကလွဲရင် ကျန်အချိန်တွေမှာ သူတို့လိုပဲ သာမန်တွေး၊ လူထုစကားကို ရိုးရိုးပြောပြီးတော့ ရောရောနှောနှောနေတယ်။ တကယ်လည်းကိုယ်က စာနည်းနည်းပါးပါး ရေးတာကလွဲရင် ဘာမှကြီးကျယ်တာမှမဟုတ်ပဲ။ အိမ်ထောင်ရေးမှာ ကိုယ့်ကိုယ်ကို အခွင့်ထူးခံလို့ ထင်ထားရင်တော့ အဆင်ပြေတော့မှာ မဟုတ်ဘူး။ ရိုသေလေးစားမှုကို သိပ်ခံချင်တယ်ဆိုရင် တော်ရုံတန် ရုံအပြုအမူတွေမှာလည်း မလေးမစား လုပ်တယ်ချည်း ထင်နေမှာ။ ဒါမျိုးရှောင်တယ်။

တန်းတူရည်တူ ဆက်ဆံရေးအစဉ်အလာ ထူထောင်ထားတယ်။ တချို့ဟာတွေ ကိုယ်ကတောင် ချိုနေလိုက်သေးတယ်။ မမျှော်လင့်တဲ့ စိတ်ဝမ်းကွဲမှုတွေ ကြုံကြိုက်လာတဲ့အခါ သားသမီးတွေကလည်း အားကိုးရတာပါပဲ။ မိဘ ၂ ဦးကြားမှာ သားသမီးတွေဟာ အကောင်းဆုံးအောင်သွယ်တော်တွေပါ။ သားသမီးမရှိသေးဘူးဆိုရင် ရှိအောင်လုပ်၊ ဘယ်လိုမှ မရှိတော့ ဘူးဆိုတဲ့အခါ ကိုယ်ကိုတိုင် အောင်သွယ်လုပ်ရမှာနော်။ ကျနော်

ကတော့ သားသမီးတွေ အောင်သွယ်လုပ်တာ အားမရသေးတာနဲ့ ကိုယ်ကိုတိုင် အောင်သွယ်လုပ်တယ်။

နားလည်မှု၊ သည်းခံမှု၊ မျှော်လင့်စောင့်ဆိုင်းမှုတွေနဲ့ အိမ်ထောင်ရေးတခု လှလှပပမဟုတ်တာတောင်မှ အရုပ်ဆိုးမသွားအောင် ချိန်ခွင်လျှာမထွက်အောင် အပေးအယူမျိုးနဲ့ သွားနေတာပေ့ါဗျာ။ အစတုန်းက ကြုံသလို သွားနေတယ်လို့ ထင် ထားခဲ့တာ။ အခုခင်ဗျာမေးတော့မှ ပြန်စဉ်းစားတွေးခေါ်ပြီး ကျွန်တော်သုံးသပ်မိတာပါ။ ရင်ပေါင်တန်းအချစ်ပေ့ါဗျာ။ သူတို့ကို နောက်မှာထားတဲ့ခေတ်ကို သူတို့က ကုန်ဆုံးပြီလို့ထင်တာကြာပြီဗျ။ ရူပဗေဒ သိပ္ပံပညာရှင် အိုင်စတိုင်းက သူ့အိမ်ထောင်ရေးမှာ အရေးကြီးတာတွေကို သူကဆုံးဖြတ်ပြီး အရေးမကြီးတာတွေကို သူ့မိန်းမကဆုံးဖြတ်တယ်တဲ့။ ဒါပေမယ့် ဒီနေ့အထိ သူ့အိမ်မှာ အရေးကြီးကိစ္စမပေါ်သေးဘူးတဲ့။

ဆိုလိုတာက သူ့အနေနဲ့ တစ်ခါမှ ဆုံးဖြတ်ခွင့်မယူခဲ့တဲ့ သဘောပေ့ါ။ ကျွန်တော်ကတော့ အဲဒီလိုခွဲထားဖို့ အချိန်မရပါဘူး။ မင်းဘာသာအားလုံးဆုံးဖြတ်ဆိုတဲ့ ဂတိကို လက်ထပ်တဲ့နေ့ကတည်းကပေးထားတာ။ ဘယ်သူမှ မသိစေနဲ့ဟေ့။ အလကားနောက်ပြောတာပါ။ ညီတူမျှတူပေ့ါ။ သူနဲ့အဆက်အစပ်ရှိတဲ့ကိစ္စကို သူ့ကိုဦးစားပေး ဆုံးဖြတ်ခိုင်း၊ ကိုယ်နဲ့ရင်း နှီးတဲ့ကိစ္စအဝဝအတွက် ကိုယ်က တာဝန်ယူဖြေရှင်း၊ အမှားအယွင်းတွေရှောင်၊ အမှန်အကန်တွေကိုဆောင်၊ ပြီးတော့ အိမ်ရှေ့တခါးဝကနေ ဟေ့ ငါတို့အချစ်က (ရင်ပေါင်တန်းအချစ်) လို့ ၃ ကြိမ် ၃ ခါ နေ့စဉ်အော်ဟစ်လိုက်ပေတော့။ အရေးကြီးတာက ကြူးကို မှန်မှန်ညှိဖို့ပဲ။ တစ်ချက်လွတ်အမိန့်ဆိုတာ ကိုယ့်သားသမီးကိုသာကျင့်သုံးလို့ရမှာ။ မိန်းမကိုတော့ သွားမသုံးနဲ့။ အေးအေးဆေးဆေး ဆွေးဆွေးနွေးနွေး နွေးနွေးထွေးထွေး။ ဒီအလင်္ကာကို မမေ့ပါနဲ့။ အနိုင်ယူဖို့ မချောင်းမြောင်းပါနဲ့။ ချစ်တယ်ဆိုတဲ့စကားကို အကွက်ဝင်အောင်စောင့်ပြီး တလတကြိမ် (အနည်းဆုံး) ပြောဖြစ်အောင်ပြောပါ။

# အနိုင်စက်ခံ အိမ်ထောင်ရေးဘဝထဲက ခါးသီးလှတဲ့ အမှန်တရားများ

အတ္တကျော်



တော်ပြီ သည်ယောက်ျားနဲ့ မပေါင်းတော့ဘူး။ သူကျမကို ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်တာ ခံရပေါင်းများ လှပါပြီရှင်၊ တော်ပါပြီ။ သူနဲ့ဆက်ပေါင်းနေလို့ကတော့ အရိုက်ခံနေရတဲ့ ဝဋ်က ကျွတ်တော့မှာမဟုတ်ဘူးရှင့်။

သည်စကားကို ဘယ်လိုအချိန်မျိုးမှာ အိမ်ထောင်သည် မိန်းမသားတွေ ပြောဖြစ်တတ်ကြတယ်လို့ ထင်ပါသလဲ။

ဘယ်လိုအချိန်ကျတော့မှ လင်သားတို့ရဲ့ အညာအဝါးအဖြီးအဖြန်းကိုပုံပြီး ယုံနေတဲ့အယုံတွေရပ်တန်းက ရပ်တော့မှာတဲ့လဲ။

အမှန်ကိုအမှန်တိုင်း ၊အရှိကိုအရှိတိုင်း ပြက်ပြက်ထင်ထင်၊ ရှင်းရှင်းလင်းလင်းမြင်လာတဲ့တနေ့မှာ သည်စကားကို ပြောဖြစ်တော့မှာဖြစ်သလို အညာအဝါး အဖြီးအဖြန်းတွေကို မယုံတော့တဲ့နေ့ကို တကယ်တမ်းရောက်ပြီဟေ့ ဆိုရင်လည်း အမှန်ကိုကွင်းကွင်းမြင်လာတတ်စမြဲပါပဲ။

အိမ်ထောင်သည်တွေရဲ့ပြဿနာတွေကို နားထောင်ပေးပြီး အခမဲ့

ဆွေးနွေးပေးနေတဲ့ ကျွန်တော့်ရဲ့ဆက်ဆံရေး အတိုင်ပင်ခံ သက်တမ်းလေး အထိုက်အလျောက် ရင့်မာလာသည်နှင့်မျှ ကျွန်တော့်ဆီကိုရောက်ရောက် လာတဲ့ အိမ်ထောင်ရေးဒုက္ခသည်တွေထဲမှာ လင်သားကရိုက်နှက်နှိပ် စက်လို့ ရောက်လာရသူတွေလည်း မကြာခဏ တွေ့ရတတ်ပါတယ်။ တချို့ဆို လင်မယားဘဝတောင် မရောက်သေးဘူး သမီးရည်းစားဘဝ မှာတင်ပဲ အရိုက်အနှက်ခံရတဲ့ မိန်းမတွေကို တွေ့ရတဲ့အခါ ခံရတဲ့ မိန်း ကလေးတွေကို အံ့သြမိသလိုပဲ၊ အားနွဲ့သူ မိန်းမသားတွေအပေါ်မှာ နိုင် ထက်စီးနင်း လုပ်နိုင်အားတဲ့ နှလုံးသားမျိုးနဲ့ အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားတွေကိုလည်း သြချမိပါရဲ့။

ပြောမယ်သာပြောရတယ်။ ကျနော်ကိုယ်တိုင်လည်း များပြားလှ သော ကျနော့်ရည်းစားများထဲမှ ပထမဦးဆုံး တယောက်အလှည့်မှာ စိတ် တိုတိုနဲ့ သူပေါင်ကို ဖျန်းခနဲ့တချက်ရိုက်ခဲ့ဖူးပါတယ်။ စိတ်ကိုမထိန်းနိုင်၊ မထိန်းတတ်၊ ထိန်းရကောင်းမှန်းမသိတဲ့ အသက် ၂၀ မပြည့်ခင်အရွယ်ကပါ။ ထားပါတော့။ ပြောလက်စကိုပြန်ဆက်ရရင် အိမ်တွင်းညှဉ်းပန်းနှိပ်စက်မှု များရဲ့ သားကောင်များဖြစ်နေကြတဲ့ အိမ်ထောင်သည် အမျိုးသမီးများက ကျနော့်ကိုပြောလာကြတဲ့ စကားအများစုကို ဘုံထုတ်ယူရင် ဟောသလို ရပါလိမ့်မယ်။

"ကျမက အလုပ်လုပ်ပြီး ပိုက်ဆံရှာပါတယ်ဆရာရယ်။ (ဒါမှမဟုတ် လည်း အလုပ်မလုပ်ပါဘူးပေါ့)၊ ဒါပေမယ့် သူကငွေကိုင်တယ်ဆရာ။ အား လုံးသူ့လက်သူ့ခြေပဲ။ ကျွန်မထွက်ပြေးဖို့စဉ်းစားနေတာကြာပြီ ဆရာရဲ့။ ဒါပေမယ့်သူက တစ်နေ့လုံးအိမ်မှာရှိနေတော့ မလစ်သေးဘူးဖြစ်နေတယ် ရှင့်။ ကျမပစ္စည်းလေးတွေ အားလုံးတော့ အပါသယ်ချင်ဖြစ်နေ တယ်ဆို တာမျိုးပါ။ ကျနော်လည်းပြန်ပြောမိပါတယ်။"

"ခင်ဗျာဘာသာ ရှာတဲ့ငွေဆိုရင် ဘာလို့သူ့ကိုအပ်ရတာတုန်းဗျာ၊ ကိုယ့်ဘာသာ သပ်သပ်သိမ်းထားလိုက်ပေါ့။"

"အို … အဲလိုဆိုရင် သူကစိတ်ဆိုးပြီး ကျမကိုရိုက်ဦးမှာ ပေါ့ဆရာ ရယ်။"

အဲသလိုမျိုးကိုကြားရတဲ့အခါ ကျနော့်မှာငိုအားထက် ရယ်အား သန်။ "နို့ ခင်ဗျာပိုက်ဆံမအပ်ဘူးဆိုရင် ခင်ဗျားကို ရိုက်နေတာပဲဆို အပ်လည်းရိုက်၊ မအပ်လည်းရိုက်၊ မအပ်ရင်လည်း ရိုက်မယ့်အတူတူ ဘာထူးလို့တုန်းမမရဲ့။"

"အချိန်တော့ယူရမယ်ပေ့ါ ဆရာရယ်။"

"ဒါနဲ့နေစမ်းပါအုံး။ ခင်ဗျားသူ့နဲ့ပေါင်းလာတာ ဘယ်လောက်ကြာပြီလဲ။ သူကခင်ဗျားကို ရိုက်လာတာကော ဘယ်လောက်ရှိပြီတုန်း ..."

"အိမ်ထောင်သက်တမ်း ၁၅ နှစ်ရှိပါပြီဆရာ။ အိမ်ထောင်ဦးကတည်းက ရိုက်လာတယ်ဆိုတော့ အရိုက်ခံလာရတာ ၁၅ နှစ်ရှိပြီပေ့ါဆရာရယ်။"

"၁၅ နှစ်တောင်...ဟာဗျာ ဒါဆိုခင်ဗျား အချိန်ဘယ်လောက်ထိယူဖို့လိုသေးလဲဗျ။ တကယ်တော့ ခင်ဗျားကအချိန် မယူခဲ့တာ။ ပြင်ဆင်စမ်းပါလေ့။ ကြံစမ်းပါလေ့၊ ၁၅ နှစ်အတွင်းမှာ ခင်ဗျာတွေဝေနေတာပဲ။ သည်အိမ်ထောင်ရေးကနေ ဘာတွေများအကျိုးရှိလာမယ် မှန်းထားလို့ ၁၅ နှစ်လုံးလုံး အောင့်ပေါင်းနေရတာလဲဗျာ။"

တဖက်ကဘာသံမှ ထွက်မလာတော့ဘူး။ စကားမေးမရတော့ဘူး။ အခြေအနေဆိုး တခုခုကနေ ထွက်ပြေးလွတ်မြောက်နိုင်ဖို့ဆိုတာ တင်ကူးပြင်ဆင်မှုမရှိပဲနဲ့ ဘယ်လိုနည်းနဲ့မှမဖြစ်နိုင်ပါဘူး။ ၁ နှစ်ကြာချင်ကြာမယ်၊ ၂ နှစ်ကြာချင်ကြာမယ်။ တင်ကူးပြင်ဆင်ထားဖို့တော့လိုတာချည်းပဲ။ အထူးသဖြင့် ရိုက်နှက်နှိပ်စက်ကလူပြုနေတဲ့ ယောကျ်ားတယောက်နဲ့ အဆင်ပြေအောင်ဘယ်လို ဆက်ပေါင်းမလဲဆိုတာထက် သူ့ကိုဘယ်လိုစွန့်ခွာမလဲဆိုတာကို ပိုပြီးစဉ်းစား ပြင်ဆင်သင့်ပါတယ်။

နှစ်ပေါင်းများစွာ ရိုက်နှက်လာတဲ့ ခင်ပွန်းသည်ဟာ ရိုက်လို့ဝသွားတဲ့ တနေ့ကျရင်တော့ အရိုက်ရပ်သွားပြီး သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေး တရပ်ကို တည်ဆောက်နိုင်မယ်လို့ လုံးလုံးမယုံကြည်တော့တဲ့တနေ့ကို ရောက်လာပြီ ဆိုရင်တော့ အမှန်ကိုအမှန်တိုင်း ပြက်ပြက်ထင်ထင်မြင်ရပြီ၊ မြင်တတ်ပြီလို့ပြောနိုင်ပါလိမ့်မယ်။

ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်တတ်တဲ့ လင်သားတယောက် အနေနဲ့ သူ့အကျင့်ကိုသူ့သဘောနဲ့ သူအလိုလိုပြင်ဖို့ ရိုက်နှက်နှိပ်စက်မှု ကို ရပ်တန်းကရပ်ပစ်ဖို့ ဘာအကြောင်းမှမရှိပါဘူး။ တကယ်တော့လည်း သူ့အကျင့်ကို ပြင်ဖို့လည်းလိုကိုမလိုပါဘူး။ တစ်ခါရိုက်ပြီးသွားတိုင်း "မောင်နောက်ကို အဲသလို မလုပ်တော့ပါဘူးခင်ရဲ့"ဆိုပြီး ကတိပေးလွှယ် ကြသူချည်းပါပဲ။ ပြီးတော့လည်းခွေးမြီးကောက် ကျည်တောက်စွပ် သည် တော့ကာ အခုတချီကျတော့မှ သူတကယ်ပြင်မယ်လို့ ယုံတယ်ဆိုရင်ယုံ တဲ့ သူက မိုက်မဲရာ ရူးနှမ်းရာကျပါတယ်။

***အဲတော့ကော...တနေ့တော့သူဘာသာ ပြင်သွားလိမ့်မယ်ဆိုတဲ့အ တွေး၊ အထင်ဟာလွဲနေပါတယ်။ အမှန်တော့ သူဘယ်တော့မှ ပြင်လာမှာ မဟုတ်ဘူးဆိုတာကို အမှန်တရားအနေနဲ့ယုံလိုက်ဖို့ပါပဲ။***

အကြမ်းဖက်မှုကို အရိုးစွဲနေတဲ့ယောကျ်ားတယောက်ဟာ ထစ်ခနဲ ရှိ လက်ပါတဲ့ အကျင့်ကိုပြင်ချင်တဲ့စိတ် နှစ်ပြားဖို့မှမရှိပါဘူး။ ပြင်ဖို့လည်း မလိုဘူးလို့ သူစိတ်ထဲမှာ အသေမှတ်ထားပြီးသားလည်းဖြစ်ပါတယ်။ သည်အထဲမှာ ဇနီးသည်ရဲ့ လုပ်ရပ်တွေက နှိပ်စက်ကလူတတ်တဲ့ သူအ ကျင့်အတိုင်း ဆက်ဖြစ်နေအောင် သူ့ကိုအားပေးအားမြှောက် လုပ်သလို ပဲ ရှိနေပါတယ်။

"နောက်တစ်ခါ ရှင်ကျမအသားကိုထိရင် ကျမရှင့်ကို မပေါင်းတော့ ဘူး" ဆိုတဲ့ ခြိမ်းခြောက်စကားတွေက တကယ်ပြောတာ မဟုတ်မှန်းသူ သိနေပြီလေ။ အရိုက်ခံရတဲ့ကြားကပဲ သူ့ကိုဆက်ပေါင်းနေသေးတာဟာ "အရိုးကွဲအောင် ရိုက်မှ အသည်းစွဲအောင်ချစ်" ဆိုတဲ့ တလွဲဆိုရိုးစကားကို သက်သေပြသလိုဖြစ်နေခဲ့ပြီးကို။ ဒါမှမဟုတ် အရိုက်ခံရပြီး နောက်အိမ်ပေါ် ကဆင်းသွား၊ သူကပြန်လိုက်ခေါ်တဲ့အခါ စိတ်ပြေပြီး ပြန်လိုက်လာ မိတာ ကလည်း သူနှိပ်စက်ချင်တိုင်း နှိပ်စက်သမျှခံဖို့ အသင့်ပါပဲရှင့်လို့ နှုတ်က ထုတ်မပြောပေမယ့် ပြောသလိုကြီးမို့ ဆက်အနှိပ်စက်ခံဖို့ ပြန်လာတယ်လို့ သာ သူဘက်က ကောက်ယူမှတ်သားထားမှာပါ။

"ရှင်ကျမကို နောက်တခါရိုက်ရင် ရှင့်ကိုကွာမယ်။ မိခင်နဲ့ကလေး

စောင့်ရှောက်ရေးအသင်းနဲ့တိုင်မယ်။ ပြင်းထန်စွာ နာကျင်စေမှုနဲ့ ရဲတိုင်၊ အမှုဖွင့် တရားစွဲပြီးရှင့်ကိုထောင်ထဲ ထည့်ပစ်မယ်'' စသဖြင့် အနှိပ်စက်ခံ မိန်းမသားများဟာ သူတို့လင်သားတွေကို ကြုံးဝါးပြတတ်ကြပါတယ်။ ယောကျ်ားကလည်း အဲသည်စကားတွေ ကြားကပဲ မယားကို ဆက်ရိုက်၊ မယားကလည်း သည်ကြုံးဝါးသံတွေကိုပဲ ထပ်ပြန်တလဲလဲပေး၊ ပါးစပ်နဲ့သာ ပြောပြီး တကယ်မလုပ်မှန်းသိတော့ ကိုရွှေယောကျ်ားများ ရောင့်တက်ချင် တိုင်းရောင့်တက်ကြတာ နည်းတောင်နည်းသေးလို့သာ ပြောလိုက်ချင်ပါ တယ်။ နောက်တချက်က...

**သူမရှိရင်မဖြစ်ဘူး၊ တံခွန်မရှိတဲ့ ဘုရား၊ အလံမရှိတဲ့ ရထား၊ လင်မရှိ တဲ့မယား ဘယ်ဟာမှ မတင့်တယ်ဘူး၊ ငါ့ဘဝမှာ သူမရှိရင် မဖြစ်ဘူးဆိုတဲ့ အတွေးကလည်း အခုခေတ်မှာတော့ အလွဲကြီးလွဲနေပါပြီ။ အရိုက်ခံရတဲ့ ဘဝ အဆဲအဆိုခံနေရတဲ့ ဘဝဟာ လူသားတစ်ယောက်အတွက် လမ်း ဆုံးမဖြစ်သင့်ပါဘူး။**

သာမာန်အားဖြင့် နှိပ်စက်တတ်သူ ယောကျ်ားများဟာမယားလုပ် သူ ရှာတတ်ဖွေတတ်သွားမှာ အလွန်စိုးရိမ်တတ်ပါတယ်။ မရှာတတ်မ ဖွေတတ် မလုပ်တတ်မကိုင်တတ်တဲ့ အိမ်တွင်းပုန်း မိန်းမသားများအနေနဲ့ သူ့ကိုအားကိုးနေရတာမို့ သူပြုသမျှနုရမယ်ဆိုတဲ့အတွေးနဲ့ ဇနီးသည်က မူလက အလုပ်ရှိရင်တောင် အလုပ်ထွက်ခိုင်းတတ်ပါသေးတယ်။ (မယုံမရှိ ပါနဲ့၊ ကျတော့်အမေ ကျောင်းဆရာမဟာ အလုပ်ကထွက်ရပြီး အဲသလို နည်းနဲ့ နှစ်ပေါင်း ၂၀ ကျော် အနှိပ်စက်ခံရတာပါ)။

စားဝတ်နေရေးအတွက် ရှာဖွေရှန်းကန်ရတယ်ဆိုတာ လက်တွေ့ မှာလည်း မလွယ်လှပါဘူး။ ဒါပေမယ့် ရေထဲကို ကန်ချလိုက်ရင် အလိုလို ရေကူးတတ်သွားကြသလိုပါပဲ။ မဖြစ်မနေရုန်းကန်ရပြီဆိုတာနဲ့ တဖြည်း ဖြည်းနဲ့ အလိုလို ရပ်တည်သွားနိုင်သူချည်းပါပဲ။ အိမ်ထောင်ပျက်ခါစမှာ တော့ သူကိုယ့်ကိုယ်တိုင်၊ တငိုငိုတရယ်ရယ်နဲ့၊ မအိပ်နိုင်မစားနိုင်ဖြစ်ကြ မှာလည်း သဘာဝပဲ၊ သေတောင်သေချင်တယ်ဆိုတဲ့အချိန်ဟာ သည်လို အချိန်မျိုးပဲ ဖြစ်နေမှာပါ။

ဒါပေမယ့် သတိမမေ့ဖို့က စားဝတ်နေရေးအတွက် ပူပင်နေရ ရုန်းကန်နေရပြီး၊ အဆင်မပြေဖြစ်နေတဲ့ ကိုယ့်ကို ကြည့်ပြီး၊ ကိုယ့်သတင်းကို နားစွင့်နေပြီး နှိပ်စက်တတ်သူကိုယ့်လင်သားက ဘယ်လောက်ထိတောင် ဝမ်းသာနေမလဲဆိုတာကိုပါ။

"ငါတကောကောပြီး ငါ့ကိုခြေစုံကန်သွားတဲ့ဟာမ၊ နေစမ်းပါစေ ငတ်တော့ငါ့ဆီ ပြန်လာလိမ့်မယ်။ အဲတော့ကျမှ နှစ်ဆတိုးပြီးတောင် နှိပ်စက်လိုက်ဦးမယ်လို့ တွေးနေဖို့ကလည်း သေချာသလောက်ပါပဲ။ ဘာပဲဖြစ်ဖြစ် ငတ်သေတဲ့မသာဆိုတာ မြန်မာပြည်မှာမရှိဘူးဆိုသလိုပဲ ထမင်းတလုပ်ဟင်းတဆုတ်အတွက်က ကြိုးစားမယ်ဆိုရင် သူ့ဟာနဲ့သူ အဆင်ပြေသွားနိုင်စရာ အများကြီးရှိတယ်ဆိုတာကို မမေ့ကြစေချင်ဘူး။ ပဲပြုတ်ရောင်းသူတွေ၊ အကြော်ရောင်းသူတွေ၊ ဈေးထဲက သားငါးသီးနှံရောင်းသူတွေက အစ စတိုးဆိုင်တွေမှာ ကြော့ကြော့လေးဝတ်ပြီး တည်ခင်းရောင်းချနေသူများအလယ် အမျိုးသမီးစွမ်းဆောင်ရှင်များထဲမှာ ပါဝင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများအဆုံး အားလုံးသော အမျိုးသမီးများဟာ ယနေ့ကာလမှာ ခမ္မိယလဒ၊ စင်ကြယ်သော အသက်မွေးမှုနဲ့ ကောင်းကောင်းကြီး လုပ်ကိုင်ရှာဖွေနိုင်ကြပါပြီ။

**သည်ဘဝက ဘယ်လိုနည်းနဲ့မှ လွတ်မယ်မထင်ဘူးဆိုတဲ့အတွေးကလည်း အလွဲပါပဲခင်ဗျား။**

ကိုယ့်အိမ်ထဲမှာကိုယ် အကျဉ်းစံနေရသလို ချောင်ပိတ်မိနေတယ်။ ထွက်ပေါက်မရှိဘူး။ အလုပ်လည်းမသွားရ၊ ပိုက်ဆံလည်းမကိုင်ရ၊ လင်လုပ်တဲ့သူကရိုက်နှက်နှိပ်စက်သမျှကိုပဲ လှိမ့်ခံနေရတယ်ဆိုတယ်ဆိုပါစို့။

ယနေ့ကာလမှာ မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းက မြို့နယ်တိုင်းမှာရှိပါတယ်။ တစ်နည်းနည်းနဲ့ အသင်းကို ဆက်သွယ်နိုင်ကြပြီဖြစ်သလို အသင်းကတာဝန်ရှိသူတွေနဲ့တွေ့မိလို့ လင်က ငြူးပြီးသေအောင်ရိုက်ဦးမယ်ဆိုတာတောင် အသင်းက ကာကွယ်ဆောင်ရွက်ပေးနိုင်နေပါပြီ။ အသင်းနဲ့တွေ့ဆုံလို့ အရိုက်မခံရရုံတင်မကပါဘူး၊ ကိုယ့်ဘဝအတွက် လိုအပ်တဲ့ အကြံဉာဏ်ကောင်းတွေကို အသင်းကပေးနိုင်တဲ့အပြင်၊ အနာ

ဂတ်အတွက် အစီအစဉ်တွေကိုလည်း ရေးဆွဲပေးနိုင်ပါသေးတယ်။ ကိုယ်လိုအပ်ရင် အသင်းရန်ပုံငွေထဲကနေ ကူညီပံ့ပိုးမှုများလည်း ရယူနိုင်နေကြပါပြီ။ တနည်းအားဖြင့် အနှိပ်စက်ခံ အိမ်ထောင်သည်ဘဝက ကွင်းလုံးကျွတ်လွတ်မြောက်ပြီး ဘဝသစ်တခုကို ထူထောင်နိုင်အောင် အသင်းအနေနဲ့ ကူညီပံ့ပိုးပေးနိုင်ပါတယ်။

အဲ ... ကိုယ့်မှာအလုပ်လည်းရှိ၊ ကိုယ်ပိုင်ဝင်ငွေလည်းရှိတယ်။ လင်သားက ရိုက်တော့မရိုက်ဘူး၊ တစ်ချိန်လုံးဆဲဆိုနေ။ အော်ဟစ်ကြိမ်းမောင်းနေပြီး ကိုယ့်ပိုက်ဆံကို ချယ်လှယ်ပြီး သူ့ကိုယ်ကျိုးအတွက်ပဲ သုံးစွဲနေတယ်ဆိုရင်လည်း မိခင်နဲ့ ကလေးစောင့်ရှောက်ရေးအသင်းကိုပဲ တိုင်ကြားပြီး လိုအပ်တဲ့အကြံဉာဏ်များ ရယူနိုင်ပါသေးတယ်။

နှုတ်ကြမ်းတဲ့ ယောကျာ်းတချို့တလေကတော့ ဇနီးသည်ဖက်ကဒါကိုလုံးဝသည်းမခံနိုင်တော့မှန်း သိလာတဲ့အခါမှာ ပြင်သွားတတ်ကြတာမျိုးတော့ရှိပါတယ်။ သည်အတွက် အနီးဆုံးဥပမာက စာရေးသူ ကျနော်ပါ။ ကျတော်ဟာ ခဏခဏရေးပြဖူးတဲ့အတိုင်း အင်မတန်အဆဲသန်လှပါတယ်။ နှုတ်ကြမ်းလွန်းပါတယ်။ ကျတော့်အိမ်သူက အဲသလို ဆဲတာကို တစ်စက်ကလေးမှ မခံနိုင်မှန်း သတိထားမိလာတဲ့အခါမှာတော့ ကျနော့်ဘာသာ၊ ကျတော်သဘောနဲ့ ကျနော်အတတ်နိုင်ဆုံး ပြုပြင်ယူရပါတယ်။

အဲ ... ဒါပေမယ့် ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်တတ်တဲ့ ယောကျာ်းသားများကတော့ လူမှုရေး အတိုင်ပင်ခံတွေ ပေါများလှတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများမှာပင်လျှင် အတိုင်ပင်ခံနဲ့ တိုင်ပင်ဆွေးနွေးပြီးတဲ့နောက်ကုသလို့ (ဝါ) ပြုပြင်လို့ရသွားတဲ့ ရာခိုင်နှုန်းဟာ ၂၀ ရာခိုင်နှုန်းမျှသာရှိပါတယ်။ ကျတော်တို့ဆီမှာလို ကိုယ်ရေးကိုယ်တာပြဿနာကို လူမှုရေးအတိုင်ပင်ခံဆီသွားဆွေးနွေးတဲ့ အလေ့အထမျိုးလုံးလုံးမရှိတဲ့ နေရာမရှိတဲ့ နေရာမှာတော့ လက်ပါတတ်တဲ့ ယောကျာ်းတွေဖက်က အလိုလိုပြင်နိုင်ခြေ ရာခိုင်နှုန်းဟာ သုညအောက်ကိုတောင် ရောက်နေလောက်ပါတယ်။

စကားစပ်လို့ပြောရရင် သရဖူကတဆင့် လူမှုရေးပြဿနာတွေကို ကျနော်နဲ့အခမဲ့ ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့တာ ၁ နှစ်ကျော်ပါပြီ။ သည်ကာလအတွင်း အမျိုးသမီးပေါင်း ၁၀၀ ကျော်လာရောက်ဆွေးနွေးခဲ့ကြပေမယ့် အမျိုးသားဆိုလို့ သည် ၁ နှစ်ကျော်အတွင်းမှာ ၂ ယောက်သာကြုံပါသေးတယ်။ ဆိုလိုတာက ယောကျ်ားသား တွေအနေနဲ့က ဒါမျိုး ဆွေးနွေးအပ်တဲ့ကိစ္စမျိုးလို့ ယူဆပုံ သိပ်မရပါဘူး။ သင်းက ဘာကောင်မို့လို့ ငါတို့အိမ်ထောင် ရေးပြဿနာကို အဖြေရှာပေးနိုင်ရမှာလဲ၊ ငါ့နည်း ငါ့ဟန်နဲ့ စခန်းသွားတော့ကော ဘာဖြစ်လဲဆိုတဲ့ ဘဝင်လေးဟာ ယောကျ်ားတိုင်းမှာ စွဲနေတာလည်း တကယ်တော့သဘာဝကျပါတယ်။

အဲတော့ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်ခံနေရသူ မိန်းမသားတွေထဲက ဘယ်မိန်းမသားကိုမှ အဲဒီယောကျ်ားနဲ့ နူနူဝဲဝဲကျိုးကျိုးကန်းကန်း ဆက်ပေါင်းပါလို့အားမပေးရက်သလို အားလည်းမပေးထိုက်ပါဘူး။ သူတို့ဘက်က သေသည့်တိုင် ရိုက်နှက်သွားဦးမှာ သေချာနေတာမို့ ကိုယ်ရောစိတ်ပါ အဆင်းရဲခံနေရတဲ့ဘဝမှာ ဘယ်အမျိုးသမီးကိုမှ မနေစေချင်ပါဘူး။ သေသည့်တိုင်ဆိုတဲ့ စကားဟာလည်း အမှန်ပါ။ ကျနော့်ဦးကြီးဟာ အသက် ၈၀ အရွယ်မှာ ကွယ်လွန် ပါတယ်။ မနက်လင်းအားကြီးမှာ ကွယ်လွန်သွားတာပါ။ မကွယ်လွန်ခင်ညမှာတင် သူနဲ့နှစ်ပေါင်းများစွာပေါင်းသင်းခဲ့သူ ၇၆ နှစ်အရွယ် ဇနီးသည်ကို ပါးတစ်ချက်ရိုက်သွားတယ်ခင်ဗျား။ ဒါလည်းဖြစ်ရပ်မှန်ပါ။

**ငါလိုမိန်းမမျိုး အရိုက်ခံရတာ နည်းတောင်နည်းသေးတယ်။ အဲသည်လို ရိုက်နှက်နှိပ်စက်တတ်တဲ့ ယောကျ်ားမျိုးနဲ့မှ ငါနဲ့တန်တာဆိုတဲ့ အတွေးကလည်း လွဲနေပါတယ်။**

သရဖူထဲကနေ စစ်တမ်းထုတ်တဲ့ ကာလကတည်းက ကျနော်ဆက်တိုက်တင်ပြနေခဲ့သလိုပဲ၊ လောကမှာလူဝေးစွ အဘယ်သက်ရှိသတ္တဝါမှ အရိုက်မခံထိုက်ပါဘူး။ ဒါပေမယ့် ကျတော့်အမေအပါအဝင် မိန်းမသားများဟာ သူတို့ကိုကိုယ်ထိလက်ရောက် နှိပ်စက်ကလူပြုတတ်တဲ့ ယောကျ်ားများနဲ့ အနေကြာလာတဲ့အခါမှာတော့ အရိုက်ခံရခြင်း၊ အနှိပ်စက်ခံ

နေရခြင်းကိုပါ အလိုလိုယဉ်ပါးသလို ဖြစ်လာကြပြီး ငါ့ထိုက်နဲ့ငါ့ကံ ခံရလေခြင်းလို့ပဲ တွေးဖြစ်သွားတတ်ကြပါတယ်။ လင်သားဆီက ရိုက်နှက်ခြင်းမှတပါး အခြားမျှော်လင့်လို့ မရနိုင်တော့ဘူး။ ဒါပဲရတော့မယ်လို့ တွေးထားတတ်ကြပါတယ်။

ဒါတင်မကဘူး၊ မယားအပေါ်ကြင်နာ၊ ညှာတာ၊ စာနာပြီးကောင်းကောင်းမွန်မွန် ဆက်ဆံတတ်တဲ့ယောကျ်ားမျိုးနဲ့ ကိုယ်နဲ့မထိုက်တန်ဘူးလို့ တောင်တွေးမိသွားတတ်ကြသေးတယ်။ တနည်းအားဖြင့် အနှိပ်စက်ခံဘဝမှာ ဆက်လက် ရှင်သန်နိုင်ဖို့ ပြေရာပြေကြောင်းတွေးမိကုန်ကြတာပါပဲ။

အမှန်ကတော့ နှိပ်စက်တတ်သူလင်သားများနဲ့ ညားကုန်ကြတဲ့မိန်းမသားများဟာ တဖက်ကလည်း အသွင်တူ လို့ အိမ်သူဖြစ်ကုန်ကြတာလို့ ဆိုနိုင်ပါတယ်။ ဆိုကြပါစို့၊ အိမ်ထောင်မကျခင် ကိုယ်နဲ့ဆုံတဲ့ယောကျ်ား တဒါဇင်ရှိတယ်။ အဲသည့် တစ်ဒါဇင်ထဲမှာ ၁၁ ယောက်က သဘောထားပြည့်ပြည့်နဲ့ စိတ်ရင်းကောင်းကောင်း၊ သိမ်သိမ်မွေ့မွေ့ ကြင်ကြင်နာနာသမားတွေ၊ ဒါပေမယ့် အနှိပ်စက်ခံဖို့မှ သက်သက်ရွေးဖြစ်နေတဲ့ မိန်းမကျတော့ အဲသည် ၁၁ ယောက်ကို မရွေးပဲ စိတ်ကြမ်းကိုယ်ကြမ်းနဲ့ နောက်ပိတ်ဆုံးကျန်နေတဲ့တယောက်ကိုမှ ရွေးဖြစ်သွားတတ်ကြပါတယ်။

အမှန်တော့လူတိုင်းလူတိုင်းရဲ့ စိတ်အာရုံမှာ ကိုယ့်ကိုကိုယ် စက်ဆုပ်တဲ့စိတ်တစိတ်ကလေးရှိတတ်စမြဲပါ။ အဲသလို မိမိကိုယ်ကို စက်ဆုပ်မုန်းတီးနေတဲ့ ဆန့်ကျင်ဖက်လိင်ကို အလိုလိုရွေးဖြစ်သွားတတ်ပါတယ်။ ဒါဟာလည်း ရတနာရှိရာ ရတနာစုဆိုတဲ့ လောကတံထွာမွေတာပါပဲ။ ကိုယ့်မှာရှိတဲ့ အလိုမကျမှုတွေက သူ့မှာရှိတဲ့ အလိုမကျမှုတွေကို ကြုဆိုဖြစ်နေသလို သူ့အလိုမကျမှုတွေကိုလည်း အလိုလိုမြင်မိလျက်သားဖြစ်နေတတ်တာကိုး။

ကိုယ့်ကိုယ်ကို အရိုက်ခံသင့်တဲ့လူသားလို့ ထင်နေမိပါတယ်ဆိုရင် အဖေအမေကရောကိုယ့်ကို အခု ကိုယ့်လင် သားရိုက်သလို အရင်ကရော ရိုက်နှက်နှိပ်စက်ခဲ့ဖူးလားဆိုတာ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်စေချင်ပါတယ်။ အဲသလောက်တော့ ကျွဲရိုက်၊ နွားရိုက် အရိုက်မခံခဲ့ရပေါင်ရှင်၊ ဒါမှ

မဟုတ်လည်း အဖေအမေက ကျမကိုလက်ဖျားနဲ့ တောင်မတို့ဖူးပါဘူး ရှင်လို့များ ဖြေမိမယ်ဆိုရင် ကိုယ့်ကိုယ်ကို အရိုက်ခံသင့်တယ်လို့ ထင်နေတဲ့အတွေးဟာ အလွဲကြီးဆိုတာ သေချာနေပါပြီနော်။

ကိုယ့်ကိုယ်နှိပ်စက်နေတဲ့ ကိုယ့်လင်သားနဲ့ ရင်ဆိုင်ရတဲ့အခါမှာရော ငယ်ငယ်တုန်းကလိုပဲ တုန့်ပြန်မိနေသလား၊ သူစိတ်ဆိုးနေတဲ့အချိန်မှာ သူ့အလိုကိုလိုက်၊ သူ့အကြိုက်ဆောင်ရင်း ကျိုးနွံနေမိသေးလားဆိုတာတွေကိုလည်း ကိုယ့်ဘာသာ ပြန်မေးသင့်ပါတယ်။ အဖေအမေတုန်းက ကလေးဘဝမှာရော၊ အရွယ်ရောက်ချိန်မှာပါ အဲသလို ကျိုးနွံခဲ့တဲ့ အကျင့်ကို လင်သားအပေါ်မှာပါ ဆက်လက်ကျင့်သုံးနေမိဆဲပဲလားဆိုတာကိုလည်း ဆင်ခြင်ကြည့်ကြစေချင်ပါတယ်။

အရိုက်ခံရတဲ့အခါ၊ အကန်ခံရတဲ့အခါ၊ လည်ပင်းအညှစ်ခံရတဲ့အခါ၊ ကိုယ့်လင်သားက ကိုယ့်ကိုအလိုမတူပဲ အဓမ္မကျင့်တဲ့အခါမျိုးတွေမှာရော ဘယ်လိုခံစားရလဲ။ ရှက်ခြင်း၊ ကြောက်ခြင်း၊ အားငယ်ခြင်းတွေကို ခံစားရသလား၊ ဒါမှမဟုတ် အဲဒါတွေအားလုံးကို တပြိုင်နက်တည်းစုပြုံခံစားနေရတတ်သလား။ အမှန်က သူကကိုယ်အဲသလို ခံစားစေချင်လို့ကို လုပ်နေတာပါ။ အဲဒီတော့ သူ့ဆင်ကွက် ထောင်ချောက်ထဲမှာ ကိုယ်မိနေတာပဲ။ သူ့အတွက်ဘယ်လောက်နိုပ်သလဲ။ ကိုယ့်အတွက်ရော အဲသလိုခံစားနေရတာဟာ နိမ့်လို့လား။ နိပ်တယ်ဆိုရင် အဲသည်ယောက်ျားနဲ့ သေတပန်သက်တဆုံးသာ ပေါင်းလိုက်ပေ့ါဗျာ။ ဒါပဲရှိတာပဲ။

**ယောက်ျားတွေအားလုံး စိတ်ပျက်စရာကြီးပဲဆိုတဲ့ အတွေးကလည်း လွဲနေပြန်ပါသေးသဗျား။**

အမှန်ကတော့ ကိုယ်ကြုက်မိတဲ့ ယောက်ျားကိုက လွဲနေတာ၊ စိတ်ပျက်စရာကောင်းနေတာပါ။ ပြီးတော့လည်း ကိုယ့်အကျောကို သူက ကောင်းကောင်းသိသွားပြီး ကိုယ့်ကို ဒုက္ခပေးတတ်တဲ့ယောက်ျားနဲ့ တွေ့ရတဲ့ သဘောလည်း ရှိပါတယ်။ ကိုယ့်အားနည်းချက်ကြောင့် သူက ကိုယ့်ကို ကိုယ်ထိလက်ရောက် နှိပ်စက်အနိုင်ကျင့်နေတယ်ဆိုတာကိုလည်း မမေ့သင့်ပါဘူး။

**သူ့ကိုချစ်လို့ သည်းခံပေါင်းနေတာဆိုတဲ့ အတွေးကလည်း မှားပါတယ်။**

အချစ်ဆိုတဲ့ အနက်အဓိပ္ပာယ်ကို သေချာဖွင့်ဆိုကြည့်တော်မူကြစမ်းပါ။ ကိုယ့်ရင်ထဲမှာရှိနေတဲ့ ခံစားချက်ဟာ အချစ်မဟုတ်ပါဘူး။ ထိတ်လန့်မှုနဲ့ ငြိတွယ်မှုသက်သက်သာဖြစ်ပါတယ်။ တဖက်ကလည်း ကိုယ့်ကိုယ်ကို အသနားပိုတဲ့ ခံစားချက်ကလည်း ရှိနေနိုင်ပြန်ပါသေးတယ်။ အဲသည့်မိမိကိုယ်ကို သနားစရာသတ္တဝါ အဖြစ်မြင်နေရတာလေး အပေါ်မှာတင်ပဲ မသိစိတ်ကသာယာပြီး သူ့ကိုဆက်ပေါင်းနေတာမျိုးလည်း ဖြစ်နိုင်နေတာကို တွေးကြည့်ဖြစ်ကြစေချင်ပါတယ်။ အသေချာဆုံးကတော့ အဲဒါဟာ အချစ်မဟုတ်ပါဘူး။

ဒါပေမဲ့ အဲဒါကိုအချစ်လို့သတ်မှတ်ပြီး အမှန်ကိုလက်ခံဖို့ငြင်းပယ်နေကြတာဟာလည်း မိန်းမသားအများစုရဲ့ သဘာဝပါပဲ။ တနည်းပြောရရင် ဆင်ခြေဆင်လက်ရှာပြီး ကိုယ့်ကိုကိုယ် ခွင့်လွှတ်ယူရတာဟာ ကိုယ့်ရဲ့အကျင့်ဆိုးကိုပြင်ဖို့၊ ဖျောက်ဖို့ထက်သာပြီးလွယ်နေတာမို့ အဲသလို ဖြေတွေးတွေးဖြစ်နေကြတာပဲ ဖြစ်ပါတယ်။

**အနှိပ်စက်ခံရတယ်လို့မမြင်ဘဲ တကယ်တော့သူကကိုယ့်ကိုချစ်ပါတယ်လေဆိုတဲ့ အတွေးကလည်းလွဲမှားတဲ့ အတွေးပါပဲ။ အမှန်ကိုအမှန်တိုင်းမကြည့်ရင် အရာရာဟာ ပြောင်းလဲသွားမှာမဟုတ်ပါဘူး။**

ကိုယ့်ကိုယ်ကို သနားတဲ့အရသာလေးကို စိတ်ထဲမှာတိတ်တိတ်လေး သဘောကျနေမိသလား ဆိုတာကိုလည်း ကိုယ့်အတွက် တစ်ကွက်မှမချန်ပဲ တွေးကြည့်စေချင်ပါတယ်။

ဝန်ခံလိုက်စမ်းပါဗျာ ... ကိုယ့်ကိုယ်ကိုသနားနေရတာလေးကိုပဲ အရသာတွေ့နေတယ်ဆိုတာ။ သူရိုက်ထားလို့ ကိုယ့်မှာစွဲနေတဲ့ အညိုအမဲတွေကြားကပဲ ကိုယ့်အပေါ် သူကယုယုယယပြန်ဆက်ဆံတဲ့အခါ မျက်ရည်လည်ရွဲနဲ့ သူရင်ခွင်ထဲမှာ ခိုဝင်တွဲမှီနေတာလေးကို ကြည်နူးနေမိသလား။ အဲသလိုသာဆိုရင်တော့ ခင်ဗျားဟာ စိတ်ပိုင်းဆိုင်ရာမကျန်းမာတော့ဘူး (ဝါ) စိတ်ခါတ်မူမမှန်တော့ဘူးဆိုတာကို ပြဆိုရာရောက်နေ

ပြီလို့သာ မှတ်လိုက်ပါတော့။

အညိုအမဲတွေ မပေါ်ပေါ်အောင် အင်္ကျီလက်ပြတ်တွေဝတ်ပြီး အိမ်ထဲမှာ လမ်းသလားနေမိတာဟာ သူ့လက်ချက် ကိုသူကိုယ်တိုင် မျက်ဝါးထင်ထင်မြင်စေချင်လို့မဟုတ်ဘူးလား။ လိုသည်ထက် ပိုပြီး ထော့နဲ့ထော့နဲ့ လျှောက်ပြတာကရော သူဆော်ထားလို့နာနေတာကို ပိုပိုသာသာလေးပြလိုက်တာပဲ မဟုတ်လား။

ဝန်ခံလိုက်စမ်းပါဗျား ... တကယ်တော့ ဒါရှက်စရာ မဟုတ်ပါဘူးလေ၊ ရိုက်နှက်နှိပ်စက်တတ်တဲ့ယောကျ်ားနဲ့ အနှိပ်စက်ခံ မိန်းမသားတွေရဲ့ အိမ်ထောင်ရေးတွေမှာ ဒါတွေဟာ တကယ်တော့လည်း ဖြစ်မြဲဓမ္မတာသာ ဖြစ်ပါတယ်။ သူလုပ်ထားတာနဲ့ ပတ်သက်လို့ သူနောင်တရစေချင်တယ်။ သူ့ဟာသူရှက်သွားစေချင်တယ်၊ အဲသလိုမဟုတ်ဘူးလား။

ပြဿနာကတခုတည်းရယ်။ သူကတော့ ကိုယ်ဖြစ်စေချင်သလို နောင်တလည်းတစက်မှမရ ရှက်လည်းနည်းနည်းမှ ရှက်မှာလည်းမဟုတ်ဘူးဆိုတာပဲခင်ဗျ။ တကယ်သာနောင်တလည်းရ၊ ရှက်လည်းရှက်ရကောင်းမှန်းသိမယ်ဆိုရင်လား၊ ဟား ... ကိုယ့်ကိုယ် ဘယ်ရိုက်နှက်နှိပ်စက်ဦးတော့မှာတဲ့လဲ။ အမှန်ကိုရဲရဲမြင်ကြစေချင်ပါတယ်။ အဲတော့ ဘယ်သူ့ကို ကိုယ့်အရှုံးလုပ်မိနေတာလဲ။ သိတယ်နော်...ကိုယ့်ကိုယ် ကိုယ်အရှုံးလုပ်နေတာ သက်သက်ပါခင်ဗျ။

**သူ့ကိုနောင်ကြဉ်အောင် ခဏပစ်ထားခဲ့ရင် ကိုယ်တကယ်သည်းမခံ နိုင်တော့မှန်း သူသိသွားပြီး ကိုယ့်ကို ကိုယ်ထိလက်ရောက် နှိပ်စက်တော့မှာ မဟုတ်ဘူးဆိုတဲ့ အတွေးကလည်း လွဲပါသေးတယ်ခင်ဗျ။**

အိမ်ပေါ်ကဆင်းသွား၊ မိဘဆွေမျိုးအိမ် ခဏပြန်လိုက်ရုံနဲ့ ကိုယ်ထိလက်ရောက်နှိပ်စက်တတ်တဲ့ မောင်မင်းကြီးသားများ နောင်ကြဉ်မည်တဲ့လား၊ ဟား ... ဝေးပါသေးရဲ့။ ဘယ်ပြင်လိမ့်မလဲ၊ ကြဉ်လိမ့်မလဲ၊ အချိန်တန်တော့လည်း ကိုယ်က သူ့အိမ်ပေါ်ပြန်ရောက်တာကိုး၊ သူ့ဆီပဲပြန်ရောက်လာတာကိုး။ သူ့ဆီပဲပြန်ရောက်လာပြီဆိုကတည်းက သူပြုသမျှခံဖို့ရောက်လာတယ်လို့သာ သူကအပိုင်တွက်တော့မှာသေချာပါတယ်။

**ကလေးတွေအတွက် အဖေရှိမှဖြစ်မယ်ဆိုတဲ့ အတွေးကလည်း လွဲပြန်ပါတယ်။**

အမှန်အတိုင်းအတည့်မြင်ကြည့်စမ်းပါ။ ကလေးတွေကို ခေါ်းစားခံလုပ်နေတာမဟုတ်ဘူးလား။ မိဘ ၂ ပါးပွဲကြမ်းပြီး သွားတဲ့အခါ ကလေးလေးတွေက အမေကို ကြင်ကြင်နာနာနဲ့ ထွေးထွေးပွေ့ပွေ့ရှိကြမှာသေချာပါတယ်။ မအေဝိုရင် သူတို့ပါ လိုက်ငိုပေးကြဦးမှာလည်း ကေန်ပါပဲ။ ဒါပေမယ့် တဆက်တည်းမှာပဲ သူတို့ဟာ အမေကို စက်ဆုပ်လာပါလိမ့်မယ်။ မအေပေါ်မှာ အထင်ကြီးလေးစားမှုကလည်း နည်းသထက်နည်းလာပါတော့မယ်။

ကိန်းဂဏန်းများအရ အကြမ်းဖက်တတ်တဲ့ ဖခင်နဲ့အတူနေရသူသားတွေဟာ ကြီးလာတဲ့အခါကိုယ်တိုင် အကြမ်းဖက်တတ်သူ ဖြစ်လာနိုင်ခြေက ခုနစ်ဆတိတိပိုပါတယ်။ အလားတူပဲ သမီးဖြစ်နေရင်လည်း ကြီးပြင်းလာတဲ့အခါ အိမ်ထောင်ရေးမှာ အနိုပ်စက်ခံရသူသားကောင်ဖြစ်နိုင်ခြေက သာမန်အကြမ်းမဖက်တတ်သောမိဘက ဆင်းသက်လာတဲ့ သမီးတွေထက် သုံးဆတိတိပိုနေပါတယ်။

ဟုတ်တယ်လေ… အနိုပ်စက်ခံဘဝမှာ ဘယ်လိုကပြ အသုံးတော်ခံရမယ်ဆိုတာကို မအေကိုယ်တိုင်က သမီးကိုသင်ပေးသလို၊ ဘယ်လိုနိုင်လိုမင်းထက် ဆက်ဆံရမယ်ဆိုတာကို ဖအေကသားကို သင်ပေးရာရောက်နေပြီးသားပါပဲ။ ကိုယ့်ကိုနှိပ်စက်သူလင်သားကို ကလေးတွေကလည်း ကိုယ့်ရဲ့လုပ်ရပ်အပေါ်မှာသာ ကောက်ယူမှတ်သားကြပါတယ်။ ပါးစပ်က ဘုရားဘုရား၊ လက်ကကားယားကားယားဆိုရင် ဘယ်သူကမှ လေးစားမှာမဟုတ်သလို ကိုယ်က ဘယ်လောက် ကြီးပြောပြော ပြောသလိုလုပ်မပြနိုင်ရင် ဘယ်သူကမှ ကိုယ့်စကားကို နားဝင်မှာမဟုတ်ဘူးဆိုတာ မမေ့သင့်ဘူး။ ကိုယ့်ကိုယ်ကို ၆ နှစ်သမီးလောက်နေရာမှာ ခဏနေကြည့်လိုက်စမ်းပါ။ အဖေကအမေ့ကို ရိုက်နေတုန်း ချောင်လေးတချောင်မှာ ပုန်းနေရတဲ့ ဘဝကိုလေ။ နာလွန်းလို့အမေအော်တာ၊ ငိုတာကြောက်ပါပြီတော့်လို့ တောင်းတောင်း ပန်ပန်ပြောနေသံတွေ၊ သည်ကြားလေးထဲကပဲ ၆ နှစ်

သမီးတယောက် မကြားသင့်တဲ့ဝေါဟာရတွေကို သုံးစွဲပြီး အဖေက အမေ့ကိုအော်ဟစ်ဆဲဆိုနေတာတွေ ရိုက်နှက်သံတွေ၊ ကန်ကျောက်သံတွေ…

အဲသည်ကလေးနေရာမှာသာဆိုရင် ဘယ်လိုနေမလဲ။ ထွက်ပြေးလို့လည်းမရ၊ ချောင်ပိတ်မိနေတဲ့ဘဝ။ တခြား ရွေးစရာလမ်းကမရှိ၊ သည်ဘဝမှာကိုယ့်သဘောမပါပဲနဲ့ ဖျစ်ညှစ်ပြီးနေနေရတယ်။ အိမ်ကိုသူငယ်ချင်းတွေလာမှာတောင် စိုးတယ်။ မေမေ့မျက်နှာဖူးရောင်လို့၊ ဖေဖေကလည်းအိမ်ပြန်ရောက်တာနဲ့ ဒေါသူပုန်တွေထပြီး အသံကုန်ဟစ်လိုက် ရင်အခက်။ သူငယ်ချင်းတွေသာတွေ့သွားရင် ရှက်စရာကြီး၊ သည်ဘဝ ဘယ်တော့များမှ လွတ်ပါ့မလဲ။

အိမ်တွင်းအကြမ်းဖက်မှုတွေကြားမှာကြီးပြင်ရတဲ့ ကလေးတွေရဲ့ဘဝဟာ ကိုယ်တိုင်ရိုက်နှက်နှိပ်စက်မခံရဘူးဆိုဦးတောင်မှ အိုက်ခံရတာ၊ အနှိပ်စက်ခံရတာထက် အဆများးစွာဆိုးဝါးလှတဲ့ စိတ်ဒဏ်ရာ အနာတရကို ဖြစ်စေပါတယ်။ တနည်းပြောရင် ဖအေကမအေ့ကို ကလေးရှေ့မှာကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်တာဟာလည်း ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှုတမျိုးပါပဲ။

မိတ်ဆွေအပေါင်းသင်းတွေကတော့ ကိုယ့်ကို ကူညီချင်တယ်။ ဒါပေမယ့် မျက်ရည်တွေတွေကျရင်း ပြောပြောပြတဲ့ ကိုယ့်ရဲ့အပ်ကြောင်းထပ်ဇာတ်လမ်းတွေကို သူတို့လည်းစိတ်ပျက်လှပြီ။ သူတို့ဆီကအကြံဉာဏ်တော့တောင်းတယ်။ ဒါပေမယ့်လက်တွေ့မှာတော့ အဲသည့်အကြမ်းဖက်သမားတွေကိုပဲ ဆက်လင်လုပ်နေတော့ စိတ်ကကုန်နေကြပြီ။ တကယ်တော့လည်း ကိုယ်ကသူတို့ဆီက အကြံကိုလိုချင်တာမဟုတ်ပါဘူး။ ရင်ဖွင့်ချင်တာသက်သက်ပါ။

ရင်ဖွင့်တယ်ဆိုတာ ကောင်းတဲ့အလုပ်ပါ။ ရင်ပေါ့တာပေါ့။ ဒါပေမယ့် ပြဿနာတခုကို ထပ်ခါတလဲလဲရင်ဖွင့်နေရုံနဲ့ ပြေလည်သွားမှာတဲ့လား။ သူငယ်ချင်းအပေါင်းသင်းကို ရင်ဖွင့်လိုက်ရုံနဲ့ အိမ်မှာရင်ဆိုင်နေရတဲ့အခြေအနေတွေပြောင်းလဲ ကုန်မှာတဲ့လား။ ကိုယ့်ကိုနှိပ်စက်တဲ့အကြောင်းတွေကို စီကာပတ်ကုံးနဲ့ ထပ်ခါတလဲလဲ ပြောပြတာနဲ့ ဝေဒနာသက်သာ

သွားမှာမဟုတ်ပါဘူး။ ဘာကြောင့်ကိုယ်သူ့ကိုဆက်ပေါင်းနေဖြစ်သလဲဆို တာကို ပြောဖြစ်ပါမှ ဝေဒနာကို အဖြေရှာလို့ရမှာ။

**သူကိုယ့်ကိုရိုက်တာဟာ ကိုယ့်ဒုက္ခ၊ ကိုယ့်ကုသိုလ်ပဲဆိုတဲ့အတွေး ကလည်း သွက်သွက်ခါအောင် မှားပြန်ပါတယ်။**

သူကိုယ့်ကိုရိုက်တာဟာ သူ့ဒုက္ခနဲ့သူ၊ သူ့ကုသိုလ်နဲ့သူပါ။ ကိုယ့် ဒုက္ခ၊ ကိုယ့်အကုသိုလ်က သူ့ကို ဆက်ပေါင်းနေမိခြင်းပါပဲ။ သူ့ကိုဆက် ပေါင်းနေမိခြင်းဟာ ငရဲပါပဲ။ အကုသိုလ်လို့ပဲတွေးမိပြီဆိုတာနဲ့ ကိုယ့်စိတ် ဟာ ကျန်းမာတဲ့စိတ် ဖြစ်လာပါပြီ၊ မှုမှန်တဲ့စိတ်ဖြစ်သွားပါပြီ။

အားလုံးကိုပြန်ချုပ်လိုက်မယ်ဆိုရင် ဝါကျတကြောင်းတည်းနဲ့ ပြီးပါ တယ်။ အဲဒါကတော့ ကိုယ်ထိလက်ရောက် ညှင်းပန်းနှိပ်စက်တတ်တဲ့သူနဲ့ သာဆိုရင်တော့ အရိုက်ခံရတာကို မသာယာဘူးဆိုရင် အမြန်ဆုံးလမ်း ခွဲလိုက်သင့်တယ် ဆိုတဲ့ အချက်ပါပဲ။ သည်နေရာမှာ စိတ်ပညာနဲ့အလှမ်း ဝေးသူများက ဘယ့်နှယ့်အသားနာတာကို သာယာရမှာလဲလို့ မေးစရာ ရှိပါတယ်။

ပုထုဇနော ဥမ္မတ္တကောလို့ဆိုသလိုပဲ၊ ကြမ်းကြုတ်တတ်သူများဟာ တဖက်သားကို အနာတရဖြစ်အောင် လုပ်တဲ့နည်းနဲ့ မိမိရဲ့စိတ်ကိုထွက် ပေါက်ပေးကာ သာယာမှုရှာတတ်တဲ့ စိတ္တဇမျိုးနဲ့ဖြစ်နေတတ်သလိုအ ထက်မှာရေးခဲ့သလို မိမိကိုယ်ကို စက်ဆုပ်တဲ့စိတ်အခံနဲ့ လူတချို့ဟာ လည်း အရိုက်အနှက်ခံလိုက်ရမှ အိပ်ပျော်စားဝင်သွားတတ်တဲ့ စိတ္တဇ မျိုးရှိနေတတ်ပြန်ပါသေးတယ်။ ဒါပေမယ့် ဒါဟာလူတိုင်းတော့မဟုတ် ပါဘူး။

တကယ်တော့ လူတို့ရဲ့မသိစိတ်မှာ ကိန်းနေတဲ့ငယ်ဘဝဒဏ်ချက် များ၊ အဓိကအားဖြင့် မွေးကင်းစမှသည် ၅ နှစ်သားအထိဆက်တိုက် ရင် ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများကနေ စိတ္တဇအသီးသီးကိုဖြစ် ပေါ်စေတာပါပဲ။

ကျနော့်ဆီကိုရောက်လာကြတဲ့ အညှင်းပန်းခံအိမ်ထောင်သည် အ မျိုးသမီးတချို့ဟာ သူတို့ယောကျ်ားတွေကိုပါ ဆွေးနွေးပေးနိုင်မလားလို့

မေးတတ်ကြပါတယ်။ တကယ်တော့ သူတို့ယောကျ်ားတွေမှာ ကျနော်နဲ့ စကားပြောချင်စိတ်၊ ကျွန်တော့်အကူအညီကိုရယူလိုစိတ်များ မရှိကြပါဘူး။ ဒါကိုပဲ အမျိုးသမီးတွေက သူတို့သဘောနဲ့သူတို့၊ သူတို့ရဲ့ အိမ်ထောင်ဘက်တွေအတွက် ကျနော့်အကူညီကို ယူချင်ကြပါတယ်။

ကျနော်ကတော့ တခွန်းပဲပြောပါတယ်။ ယောကျ်ားတွေဖက်က တိုင်ပင်သပဆိုရင် ကျွန်တော့်ဘက်က ငြင်းဆန်ဖို့မရှိကြောင်းပါ။ ဒါပေမယ့် ကိုယ်ကိုယ်တိုင်မှားတယ်လို့ တွေးဖြစ်တဲ့ယောကျ်ားဆိုတာ ပုထုဇဉ်တို့ ကျင်လည်ရာ လောကီမှာ မရှိသလောက်ကို နည်းပါးလှပါတယ်လို့ ဆက်ပြောရပါတယ်။

တကယ်တော့ အမျိုးသမီးတွေသာ အကူညီလိုတာပါ။ သည်ကြားထဲကပဲအကူညီလိုတယ်လို့ ယောင်ပြီးတော့ တောင် မတွေးမိတတ်ကြတဲ့ ခင်ပွန်းသည်အကြမ်းဖက်သမားကို ကယ်ဖို့ကြုးစားနေတာလည်းသည် အမျိုးသမီးတွေပါပဲ။ အမှန်တော့ ကျနော်အထက်ကပြောခဲ့တဲ့ အလွဲတွေကိုသာ ကျကျနနမြင်ဖြစ်မယ်ဆိုရင် ခင်ပွန်းသည်တွေကို ကယ်ဖို့ မလိုပါဘူး။ ကိုယ့်ဘဝကိုသာ အဖတ်ဆယ်ဖို့လိုပါတယ်။

တကယ်ပြုပြင်ပြောင်းလဲချင်တဲ့ ယောကျ်ားသားများရှိ တယ်ဆိုရင်လည်း သူတို့ဘာသာ နည်းလမ်းရှာကြမှာ အသေချာပါပဲ။

စာရှည်မှာစိုးလို့အသေးစိတ်တွေ ပြန်ရေးမပြတော့ပါဘူး။ အတိုချုပ်ပြောရရင် ကျနော်ကိုယ်တိုင်လည်း အိမ်တွင်းညှင်းပန်းနှိပ်စက်မှုရဲ့ အဆိုးရွားဆုံးသားကောင် ဖြစ်ခဲ့ဖူးသလို ကျွန်တော်ကိုယ်တိုင်ကလည်း အိမ်ထောင်သက် ၆ နှစ်လောက်အထိ ဇနီးသည်ကို ကိုယ်ထိလက်ရောက်ရိုက်နှက်ခဲ့ဖူးသူပါ။ ဒါပေမယ့် မိန်းမသားတွေအပေါ်မှာ ခွန်အားသုံးပြီးနိုင်ထက်စီးနင်းဆက်ဆံတဲ့ ယောကျ်ားရင့်မကြီးတယောက်ရဲ့ အပြုအမူဟာ ဘယ်လောက် ရွံရှာစက်ဆုပ်စရာကောင်းမှန်း အဖေ့ကိုကြည့်ပြီး သံဝေဂယူခဲ့မိသမျှ ကိုယ်တိုင်က ကျူးလွန်ဖြစ်နေမှန်း သတိထားမိတဲ့အခါ ကိုယ့်ကိုယ်ကို အလွန့်အလွန်ကို စက်ဆုပ်မုန်းတီးသွားပါတယ်။

အဲသည့်နေ့ အဲသည်အချိန်ကစပြီး ဘယ်သူကမှ သွန်သင်စရာမလို ဘဲ အိမ်ထောင်ရေးမှာ ကျနော်လက်မပါတော့ပဲ ကနေ့ဆိုရင် ၈ နှစ်ကျော် လာခဲ့ပါပြီ။ ပြောချင်တာက ဘယ်သူကဘယ်သူ့ကိုမှ သွန်သင်လို့၊ ပြုပြင် လို့မရတဲ့ သဘောကိုပါပဲ။ မိမိကိုယ်မိမိပြုပြင်မှုရမှာမို့ ကိုယ့်ကိုယ်ကို မှား မှန်း လွဲနေမှန်းသိသူများကသာ နည်းလမ်းရှာဖွေပြုပြင် နိုင်ကြပါလိမ့်မယ်။

# ဗုဒ္ဓါဝါဒနှင့် အိမ်တွင်းအကြမ်းဖက်မှု ကိုယ်တွေ့ဖြတ်သန်းမှုများ

**Ouyporn Khuankaew**



ကျမဟာ ချင်းမိုင်မြို့မြောက်ပိုင်းက ရှေးရိုးဆန်လှတဲ့ ကျေးလက်တောရွာလေးတရွာမှာ မွေးဖွားပြီးကြီးပြင်းလာခဲ့ သူဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀) ကဆိုရင် ခေတ်မီတိုးတက်ပြီး ဖွံ့ဖြိုးမှုနဲ့ပတ်သက်တဲ့ အယူအဆတွေဟာ ကျမတို့ ရွာကို ရောက်ရှိလာခြင်းမရှိသေးပါဘူး။ ဗုဒ္ဓါဝါဒနဲ့ ဒေသန္တရထိုင်းယဉ်ကျေးမှုကဘဲ ကျမတို့ရဲ့နေ့စဉ်ဘ၀ဖြတ်သန်းမှုတွေကို လွှမ်းမိုးလျှက်ရှိပါတယ်။ ကျမတို့ရွာမှာ လျှပ်စစ်မီးမရှိပါဘူး။ ဘုံဘိုင်ပိုက်ခေါင်းကလာတဲ့ရေမရှိဘူး။ ကတ္တရာလမ်းတွေ လည်းရှိပါဘူး။ ဒါပေမယ့် ကျမတို့အသိုင်းဝိုင်းလေးဟာ စီးပွားရေးအရ ဖူလုံအဆင်ပြေနေခဲ့ပါတယ်။ ဘာသာရေးနဲ့ လူမှုဘ၀တွေအတွက် အဓိကဆုံဆည်းရာနေရာလေးကတော့ ဘုန်းကြီးကျောင်းလေးပါပဲ။ ကျောင်းထိုင်ဆရာတော်က ကျမတို့ရွာကပါ။ ဆရာတော်ဟာ ကိုယ်ရင်လေးတွေကို တရားဓမ္မနဲ့ပတ်သက်လို့ သင်ကြားရာမှာရော၊ သူကိုယ်တိုင် ကျင့်ကြံရာမှာရော တော်တော်လေး

လေးနက်နက်ရှိပါတယ်။

ဘယ်အချိန်မှာ ဘယ်သူတွေဖျားနေပါစေ၊ ဆရာတော်ဟာ ကိုယ်တိုင်သွားရောက်ပြီး ဝေဒနာခံစားနေရသူတွေရဲ့ စိတ်သောကတွေ သက်သာပျောက်ကင်းစေဖို့ ဘာသာရေး၊ ဓလေ့ထုံးစံတွေနဲ့အညီ သွားရောက်မေတ္တာပို့ ကုသပေးတတ်ပါတယ်။ ဘုန်းကြီးရဲ့ သွန်သင်ထိန်းကျောင်းမှုတွေကို ပြန်လည်ကျေဇူးပြုခြင်းအားဖြင့် ဘုန်းကြီးကျောင်းရဲ့ လိုအပ်ချက်တွေကိုလည်း ရွာသားတွေက ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးကြပါတယ်။ ကောင်းပေ့ ညွှန့်ပေ့ဆိုတဲ့ အစားအစာတွေကို ဘုန်းကြီး ကျောင်းအတွက် ဦးဦးဖျားဖျားလှူဒါန်းကြတာဟာလည်း အစဉ်အလာတခုဖြစ်ခဲ့ပါတယ်။ ကျမတို့ရဲ့ ဘဝသက်တမ်း အတော်များများမှာ တဦးချင်းစီနဲ့သက်ဆိုင်တဲ့ မွေးဖွားခြင်း၊ နာဖျားမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းတွေအပြင် အများနဲ့ဆိုင်တဲ့ မင်္ဂလာဆောင်တဲ့ကိစ္စ၊ အိမ်တက်မင်္ဂလာ၊ မွေးနေ့ပွဲနဲ့ ပျော်ရွှင်ပွဲတွေအားလုံး ဘုန်းကြီးတွေနဲ့ ဘုန်းကြီးကျောင်းကို ကင်းလို့မရခဲ့ပါဘူး။

ကျမရဲ့အဖေဟာ သက်ဝင်ယုံကြည်မှုလေးနက်တဲ့ ဗုဒ္ဓဘာသာဝင်စစ် စစ်တယောက်ပါ။ တကယ်လို့သူ့မှာ လုပ်ဆောင်နိုင်ဖွယ်ရာ နည်းလမ်းတွေများရှိခဲ့မယ်ဆိုရင် အဖေဟာ ဘုန်းကြီးကျောင်းကိုငွေတွေအများကြီးလှူနိုင်ဖို့ ရွေးချယ်ခဲ့မှာပါ။ အသက်ကြီးလာတာနဲ့အမျှ အဖေဟာ ခြေဦးနဲ့ဒူးဆိုသလို ဘုန်းကြီးကျောင်းသွား ဘုန်းတော်ကြီးနဲ့ အင်မတန်မှ နီးစပ်လှပါတယ်။ အဖေဟာ အရက်သေစာ မသောက်တတ်ပေမယ့် မိန်းမတွေတော့အများကြီးယူခဲ့ပါတယ်။ အဖေဟာ ရက်ရောပြီး စေတနာကောင်းပေမယ့် အကြမ်းဖက်တတ်သူတစ်ဦးဖြစ်ပြီး သားသမီးတွေကိုရော ဇနီးအပေါ်မှာပါ ချုပ်ချယ်ထိန်းချုပ်လေ့ရှိတဲ့ ဖခင်တစ်ဦး၊ ခင်ပွန်းတစ်ဦးဖြစ်ပါတယ်။ အဲဒီတုန်းကအချိန်ကို ပြန်ပြောရရင်တော့လည်း မရှိဆင်းရဲမှုဆိုတာ ရွာသူရွာသားအများစုအတွက် ထူးဆန်းလှတာတော့ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်နီးချင်းတွေနဲ့ ကျမတို့မိသားစု အကြားခြားနားချက်ကတော့ ကျမတို့အိမ်သူအိမ်သားတွေဆီမှာ အကြမ်းဖက်မှုတွေရှိနေ၊ ဖြစ်နေတာပါပဲ။

ဆင်းဆင်းရဲရဲဖြစ်ခဲ့ရတာတွေကို ကျမအနေနဲ့စိတ်ညစ်ခဲ့ရတယ်လို့ ပြန်မမှတ်မိခဲ့ပေမယ့် ကျမရဲ့ကလေးဘဝမှာ အခက်ခဲအကြပ်တည်းဆုံးကတော့ ပြဿနာနဲ့အကြမ်းဖက်မှုတွေ အချိန်မရွေး ပေါ်ပေါက်လာနိုင်တဲ့ကြားမှာ ကြောက် ကြောက်လန့်လန့်နဲ့ နေခဲ့ရတာကိုပဲဖြစ်ပါတယ်။ ဝမ်းစာအတွက် မလောက်မငှဖြစ်တဲ့အခါ အိမ်နီးချင်းတွေဆီမှာ အကူညီတောင်းနိုင်ပေမယ့် အဖေရဲ့ခြိမ်းခြောက်ရိုက်နှက်မှုကို ခံရတဲ့အခါ ကျမတို့မှာ အကူအညီတောင်းစရာနေရာမရှိပါဘူး။ ကျမတို့ကို ကယ်တင်နိုင်မယ့် သူလည်းမရှိပါဘူး။ ကျောင်းထိုင်ဆရာတော်ဘုရားက ဆင်းရဲတဲ့သူတွေ၊ ဖျားနာတဲ့ သူတွေဆီကို သွားရောက်လည်ပတ်နိုင်ပေမယ့် တစုံတယောက်က သူ့ရဲ့မိန်းမနဲ့ ရိုက်နှက်နေတဲ့အခါမျိုးမှာ ဝင်ရောက်စွက်ဖက်တာ မျိုးမရှိခဲ့ပါဘူး။

အသက် (၂၀)ကျော်နောက်ပိုင်း အမျိုးသားများနဲ့တန်းတူအခွင့်အရေးရရှိရေး ဝါဒီတစ်ဦး ဖြစ်လာခဲ့တဲ့အချိန်ကျမှ ကျမကလေးဘဝအဖြစ် အပျက်တွေအပေါ် ပိုပြီးသဘောပေါက်လာခဲ့ပါတယ်။ အိမ်တွင်းအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး ကျမကိုယ်တွေ့ တွေ့ကြုံဖြတ်သန်းခဲ့ရတာတွေက ကျမကို အကြမ်းမဖက်တဲ့ လုပ်ငန်းတွေလုပ်ဖို့နဲ့ အမျိုးသမီးအခွင့်အရေးရရှိဖို့အတွက် ဆောင်ရွက်သူတစ်ဦးဖြစ်အောင် တွန်းအားပေးခဲ့တာပါ။

ကျမအသက် ၃၀ ပိုင်းဝင်လာတဲ့အထိ ဗုဒ္ဓဘာသာကို စိတ်ဝင်စားခဲ့ ခြင်းမရှိပါဘူး။ နောက်ကြောင်းကို ပြန်တွေး ကြည့်တော့ ကျမမြီးကောင်ပေါက်အရွယ် ဆယ်ကျော်သက်လောက်မှာ ဗုဒ္ဓဘာသာကို စိတ်မဝင်စားခဲ့ ခြင်းအကြောင်းက အိမ်တွင်းအကြမ်းဖက်မှုကို နဖူးတွေ့၊ ဒူးတွေ့ကြုံနေချိန်မှာ အစဉ်အလာ ဗုဒ္ဓဘာသာကို ယဉ်ကျေးမှု အရိပ်အာဝါသအောက်မှာ လုံခြုံခိုလှုံရာကို မတွေ့နိုင်ခဲ့တဲ့အကြောင်းနဲ့ အများကြီးသက်ဆိုင်ပါလိမ့်မယ်။

အမျိုးသမီးအခွင့်အရေး ရရှိရေးဝါဒ အသိဉာဏ်လေးရင့်သန်လာတော့ အမျိုးသမီးတွေရဲ့ ဒုက္ခသုက္ခတွေ ပြေပျောက်စေဖို့ ဗုဒ္ဓဝါဒမှာ ဘာတွေကိုပြဌာန်းပေးထားသလဲဆိုတာကို ကျမစတင်ရှာဖွေလေ့လာပါတော့

တယ်။ အဓိကကျတဲ့ ဘာသာရေးအခြေခံသဘောတရား ၂ ချက်က အဲဒီမှာ ကျမကို ခံစားစေပါတယ်။ တချက်က အမျိုးသမီးတွေရော အမျိုးသားတွေရော ထိုးတွင်းသိမြင်နိုင်တဲ့ ဉာဏ်အလင်းကို ရရှိစေနိုင်တယ်ဆိုတဲ့ ဗုဒ္ဓရဲ့ မိန့်ကြားချက်ဖြစ်ပါတယ်။ အဲဒီဟောကြားချက်နဲ့အညီပဲ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂,၅၀၀ ကျော်က အမျိုးသမီးတွေ ရဟန်းဖြစ်ခွင့်ကို ဗုဒ္ဓကခွင့်ပြုပေးခဲ့တာဖြစ်တယ်။ အဲဒီ မိန့်ကြားချက်တွေဟာ အမျိုးသမီးတယောက်ဖြစ်တဲ့ ကျမအတွက်အင်အားတွေ တိုးတက်စေခဲ့သလို လွတ်မြောက်မှုအတွက် အသိဉာဏ်တွေလည်း ဖြစ်ခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒါတွေဟာ တရားမျှတမှု၊ တန်းတူမှု၊ ဟန်ချက်ညီ မှုနဲ့ သဟဇာတဖြစ်ရေးတို့အတွက် တကယ့်လုပ်ဆောင်ချက်တွေဖြစ်လို့ပါဘဲ။

## လုပ်ငန်းအတွေ့အကြုံဖြတ်သန်းမှုများ ...

လွန်ခဲ့တဲ့ ၇ နှစ်ကျော်အတွင်း ကျမရဲ့လုပ်ငန်းတစိတ်တပိုင်းဟာ အမျိုးသမီးတွေ အကြမ်းဖက်ခံရမှုကို လျော့ကျရေး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျမဟာ အရှေ့တောင်နဲ့တောင်အာရှ (မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ) နိုင်ငံတွေက ဗုဒ္ဓဘာသာအစုအဖွဲ့တော်တော်များများနဲ့ လိင်ကွဲပြားမှုအပေါ်ထားရှိတဲ့ သဘောထားအမြင်ကိစ္စ၊ အမျိုးသမီးတွေ အကြမ်းဖက်ခံရခြင်းကိစ္စနဲ့ အမျိုးသမီးခေါင်းဆောင်မှုကိစ္စတွေကို အလုပ်ရုံဆွေးနွေးပွဲတွေမှာ ဆွေးနွေးခဲ့ပါတယ်။

အကြမ်းဖက်မှုတွေထဲက အဖြစ်အများဆုံး အိမ်တွင်းအကြမ်းဖက်မှုကိစ္စကို ကျမတို့ဆွေးနွေးခဲ့ကြပါတယ်။ ကျမလက်တွဲလုပ်ခဲ့တဲ့ ဗုဒ္ဓဘာသာ အဖွဲ့ဝင်အားလုံးလိုလို (ဘုန်းကြီး၊ သီလရှင်၊ ကျေးရွာ အမျိုးသမီးခေါင်းဆောင်၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်း (သို့) အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ အထက်တန်းလွှာ အမျိုးသမီးများ (သို့) ဒုက္ခသည် အမျိုးသမီးတွေဟာ အိမ်တွင်းအကြမ်းဖက်မှုကို လျှာနဲ့သွားပမာ တခုနဲ့တခု မကြာခဏ ခလုတ်တိုက်မိတတ်သလို မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ ပုဂ္ဂလိက အရေးကိစ္စအဖြစ် ရှုမြင်ကြပါတယ်။ ဒီအကြောင်းပြချက်ကြောင့်

အိမ်တွင်းအကြမ်းဖက်မှုရဲ့ ခါးစာခံသားကောင်ဖြစ်ရသူတွေကို ကာကွယ်ဖို့ ဒါမှမဟုတ် ကယ်တင်ဖို့ ဆန္ဒရှိတဲ့ တသီးပုဂ္ဂလ (သို့) အများနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းဆိုတာ အနည်းငယ်လောက်ပဲ ရှိပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားရတဲ့ အရင်းခံအကြောင်းတရားအတော်များများကို ဆွေးနွေးကြတဲ့အခါ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရှေးရိုးစဉ်လာယုံကြည်မှုတွေဟာ အဓိကအရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေတာကို မကြာခဏ ဆိုသလိုပဲ တွေ့ခဲ့ရပါတယ်။ ဗုဒ္ဓကိုယ်တိုင် အမျိုးသမီးတွေရဲ့ စွမ်းအင်ကို အလေးအနက်ယုံကြည်မှုရှိပြီး အမျိုးသမီးတွေနဲ့ ပတ်သက်လို့ ဗုဒ္ဓရဲ့အဆိုအမိန့်၊ တွေးခေါ်ချက်တွေဟာ အတော်လေးလွတ်မြောက်မှု ရှိလှပေမယ့် ဘယ်လိုကြောင့်၊ ဘာကြောင့်မို့လို့ အိမ်တွင်းအကြမ်းဖက်မှုတွေ ဖြစ်နေခဲ့ရတာလဲ။

လောလောလတ်လတ် လူမှုအသိုင်းအဝိုင်းအတွင်းက ဗုဒ္ဓဝါဒနဲ့ သူ့ရဲ့ အခန်းကဏ္ဍကို ပထမကြည့်ရအောင်ပါ။ အိန္ဒိယနိုင်ငံမှအပ အထက်မှာ ဖော်ပြထားတဲ့ နိုင်ငံတိုင်းလိုလိုက ထေရဝါဒ ဗုဒ္ဓဘာသာကို (ပိဋကတ်ကျမ်းအား အခြေခံထား၍ လိုက်နာကျင့်သုံးသည့် သမားရိုးကျ ဗုဒ္ဓဝါဒအဖြစ်) လက်ခံကျင့်သုံးကြောင်း ဖော်ပြထားပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ပရိနိဗ္ဗာန်စံပြီးတဲ့နောက်မှာ ရာစုနှစ်ပေါင်းများစွာအတွင်း ဘုန်းကြီးတွေက ရေးသားခဲ့တဲ့ သင်ကြားမှုတွေကို လိုက်နာကျင့် သုံးခဲ့တဲ့ ရှေးရိုးအစဉ်အလာအဆန်ဆုံး လူကြီးသူမတွေရဲ့ သင်ကြားပို့ချမှုဖြစ်ပါတယ်။ ကျမရဲ့ အမြင်မှာ ‘အစဉ်အလာ’ နဲ့ ‘ရှေးရိုးစွဲ’ လို့ဆိုလိုက်ရင် တခါတလေ အဲဒါဟာ အမျိုးသမီးတွေကို ဖိနှိပ်ချုပ်ချယ်မှု ဖြစ်တယ်လို့ထင်ပါတယ်။

တဦးတယောက်က ရိုးရာအစဉ်အလာကို ထိန်းသိမ်းသင့်တယ်လို့ ဆိုတဲ့အခါမှာ နှစ်ထောင်ပေါင်းများစွာ ကတည်းက ယောကျ်ားကြီးစိုးတဲ့ လူမှုအသိုင်းအဝိုင်းတခုအဖြစ်တည်ရှိနေခဲ့တာမို့ ယောကျ်ားကြီးစိုးမှုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းဖို့ဆိုတဲ့ အဓိပ္ပါယ်ပဲ သက်ရောက်လျက်ရှိဆဲပါ။ အမျိုးသမီးတွေ ရဟန်းပြုပိုင်ခွင့် အပြည့်အဝရရှိရေးကို လောလောဆယ် ပြန်လည်ဖော်ထုတ်နေတဲ့ သီရိလင်္ကာနိုင်ငံကလွဲရင်

အမျိုးသမီးတွေရဟန်းအဖြစ် ပဉ္စင်းဝတ်နေတာကို ဗုဒ္ဓဘာသာနိုင်ငံအနေ တော်တော်များများမှာ မတွေ့ရသေးပါဘူး။ ဒီကိစ္စအပေါ် အကြောင်း ပြပြောဆိုနေကြတာကတော့ အမျိုးသမီးတွေရဟန်းဝတ်တဲ့ ရှေးအစဉ် အလာဟာ ဆုံးရှုံးသွားပြီ၊ ပြန်လည်ထိန်းသိမ်းဖို့မဖြစ်တော့ဘူး၊ ဒါမှ မဟုတ် ဒီအစဉ်အလာဟာ ဘယ်တုန်းကမှ တည်ရှိခဲ့တာမဟုတ်ဘူးဆို တာတွေပဲဖြစ်ပါတယ်။

ဒီတော့ အဖွဲ့အစည်းနဲ့ ဘုန်းတော်ကြီးတွေဟာ အမျိုးသားတွေကြီး စိုးမယ့် လူမှုအသိုင်းအဝိုင်း ဆက်လက် တည်တံ့စေမယ့် ရှေးအစဉ်အလာ အယူအစွဲတွေကို ဘယ်ပုံဘယ်နည်း အသုံးပြုသလဲဆိုတာ ကျမတို့ ရှင်း ရှင်းလင်းလင်းတွေ့ မြင်နိုင်ပါတယ်။ ဒါပေမယ့် ဘာသာရေးကို ထိန်းသိမ်း ဖို့ဆိုပြီး ဒီရှေးရိုးအစဉ်အလာတွေကို လိုက်ပြီးထိန်းသိမ်းဖို့လုပ်နေတဲ့ ပြုမူချက်တွေဟာ ဗုဒ္ဓရဲ့ဆုံးမဩဝါဒ၊ ဆန္ဒ၊ စေတနာ၊ ဆောင်ရွက်ချက်တွေ နဲ့ ရယ်စရာကောင်းလောက်အောင်ကိုပဲ လားလားကြီး ဆန့်ကျင်နေပါ တယ်။

ဗုဒ္ဓဘာသာအစဉ်အလာနဲ့ ယုံကြည်မှုတွေက ဘယ်လိုသက်ရောက် မှုရှိစေသလဲဆိုတာကို အသေးစိတ်တိတိ ကျကျသိတဲ့အခါ အိမ်တွင်း အကြမ်းဖက်မှုနဲ့ အမျိုးသမီးတွေအပေါ် အခြားဖိနှိပ်မှုတွေကို ဥပမာပေး စရာ အတော်များများ တွေ့လာပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဝန်းကျင်မှာ အမျိုးသမီးတွေဟာ ရဟန်းအဖြစ် ဘုန်းကြီးဝတ်ခွင့်မရှိပါဘူး။ အမျိုးသမီး ဘဝအဖြစ် မွေးလာသူတွေကို အတိတ်က အကုသိုလ်ကံအကျိုးဆက် ကြောင့်ဖြစ်တယ်လို့ သံဃာတော်များ မကြာခဏ ဟောကြားလေ့ရှိပါ တယ်။ ဒီအကုသိုလ်ကံတွေ ပြေပျောက်နိုင်ဖို့အတွက် တခုတည်းသော နည်းလမ်းဟာ အမျိုးသမီးတွေ ယခုဘဝမှာ ကောင်းမှုကုသိုလ်တွေကိုပြု ရမယ်။ အဲဒါမှသာ နောက်ဘဝမှာ ယောကျာ်းအဖြစ် မွေးဖွားလာပြီး ရဟန်းဖြစ်ချင်တယ်ဆိုလည်း ဖြစ်နိုင်တာပေါ့တဲ့။ ဒီလိုစဉ်းစားတွေးတောမှု တွေဟာ အမျိုးသမီးတွေကို သူတို့ဟာ နိမ့်ကျသူတွေဖြစ်တယ်လို့ခံစား စေပြီး သူတို့ဘဝရဲ့ကောင်းကျိုးဆိုးပြစ်တွေအပေါ် အပြစ်ပုံဖို့ပဲရှိစေပါ

တယ်။ အမျိုးသမီးအဖြစ်မွေးဖွားလာတာဟာ သူတို့ရဲ့အတိတ်ကုသိုလ်ကံ မကောင်းမှုကြောင့် ဖြစ်တယ်လို့ဆိုမှတော့ အဲဒီရဲ့တိုက်ရိုက် အကျိုးဆက်အဖြစ် အမျိုးသမီးတွေ လိင်ကွဲပြားမှုအပေါ်အခြေခံတဲ့ အကြမ်းဖက်မှုတွေ တွေ့ကြုံနေရတာကို အမျိုးသမီးတွေက ကြည်ကြည်ဖြူဖြူ လက်သင့်ခံရအောင် လုပ်သလိုဖြစ်နေပါတယ်။

အမျိုးသမီးတဦးဟာ သူမရဲ့ယောကျ်ားကြောင့် ဆင်းရဲဒုက္ခခံစားရလို့ (ဥပမာအားဖြင့် သူမအပြင် နောက်ထပ် အမျိုးသမီးတဦးထားရှိခြင်း၊ သူမကိုရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရသမျှပိုက်ဆံကို လောင်းကစား ပြုလုပ်ခြင်း၊ အရက်သေစာသောက်စားခြင်း) သူမအနေနဲ့ ဘယ်ပုံဘယ်နည်း လုပ်ဆောင်ရမလဲလို့ ဦးပဉ္ဇင်းတပါးပါးကို လျှောက်ထားမေးမြန်းမိရင် စိတ်ရှည်သည်းခံပါ၊ မေတ္တာတရားသာထားပါလို့ အဓိကထားပြီး ပြောတတ်ကြပါတယ်။ ဒီလိုဖြစ်ရတာတွေဟာ အဆိုးကံကြောင့်ဖြစ်တယ်လို့ ဦးပဉ္ဇင်းတွေက များသောအားဖြင့် မိန့်တော်မူပါတယ်။ ဒါကြောင့် အမျိုးသမီးတွေအနေနဲ့ ရွေးချယ်စရာလမ်းမရှိဘဲဖြစ်သမျှအကြောင်း အကောင်းချည်လို့သာ လက်ခံပြီးတော့ ခင်ပွန်းသည်အပေါ် စိတ်ရှည်သည်းခံမှုနဲ့ ကြင်ကြင်နာနာနေသွားရင် တနေ့နေ့မှာ ကြမ္မာင်မှုကနေ လျော့ကျသွားပြီး အစစအရာရာ အဆင်ပြေသွားလိမ့်မယ်လို့ ပြောတတ်ပါတယ်။

တကယ်တော့ ဒါဟာ ဘုရားသားတော်များရဲ့ ယုံကြည်မှု သက်သက်သာမဟုတ်တော့ပဲ သူတို့ကိုကိုးကွယ်နေတဲ့ အမျိုးသမီးများ အပါအဝင်ဗုဒ္ဓဘာသာဝင်အကြားတွေမှာပါ ပြန့်ပွားမှုရှိတာကို ကျမတို့သတိထားမိပါတယ်။ ဥပမာအား ဖြင့် ကမ္ဘောဒီယားနိုင်ငံလို အိမ်တွင်းအကြမ်းဖက်မှုအများဆုံးရှိနေတဲ့ နိုင်ငံမှာဆိုရင် ဗုဒ္ဓဘာသာရဲ့ အတိတ်ကံအပေါ် အထက်ကရှင်းပြခဲ့သလို အဓိပ္ပါယ်ဖွင့်ဆိုမှုဟာ နက်နက်ရှိုင်းရှိုင်း ခိုင်မြဲမှုရှိနေတာကိုတွေ့ရပါတယ်။ ဒီအချက်ဟာ အမျိုးသမီးတယောက် အသက်အန္တရာယ်ရှိတဲ့ အခြေအနေမျိုး ကျရောက်နေတာတောင် အိမ်ထောင်မကွဲနိုင်အောင်ဖြစ်စေတဲ့ အိမ်နီးချင်းနဲ့ ရပ်ရွာလူကြီးတွေ ဝင်ရောက်စွက်ဖက်မှုမပြုဘူး

ဆိုတဲ့ ရွေးချယ်မှုကို ဖြစ်စေတဲ့အချက်များထဲက တချက်ဖြစ်ပါတယ်။

ဒီလိုတွေးခေါ်မှုမျိုးဟာ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီတွေးခေါ်မြော်မြင်မှုက အတော့်ကိုကျဉ်းမြောင်းနေပြီး ကံနဲ့ပတ်သက်လာရင် အလွဲလွဲအမှားမှား နားလည်သွားစေလို့ပဲဖြစ်ပါတယ်။ ကံကို တသီးပုဂ္ဂလ သွင်ပြင်လက္ခဏာတရပ်အဖြစ် ရှုမြင်ကြည့်မယ်ဆိုရင် အကြမ်းဖက်တတ်တဲ့ ဘဝဖော်ကိုလက်ထပ်ဖို့ ကံရဲ့လွှမ်းမိုးမှုနဲ့ သူ့ဘာသာသူဆုံးဖြတ်မှုကြောင့် အဲဒီအမျိုးသမီးဟာ ဆင်းရဲ ဒုက္ခခံစားရတာလို့ ပြောနိုင်ပါတယ်။ အမှန် တကယ်တော့ သူမဟာ အိမ်တွင်းအကြမ်းဖက်မှုရဲ့ သားကောင်ဖြစ်ရတာဟာ သူမရဲ့အတိတ်ဘဝကံ အကျိုးဆက်ကြောင့် မဟုတ်ပါဘူး။ တိတိပပပြောရရင် အမျိုးသမီးတွေ အိမ်တွင်းအိမ်ပြင်မှာ အနှိပ်စက်ခံဘဝကို ဖြစ်စေခဲ့တာဟာ ယောကျာ်းသားတွေ ကြီးစိုးတဲ့လူမှုအသိုင်းအဝိုင်းက လွှမ်းမိုးတဲ့စနစ်တည်ဆောက်ထားတဲ့ အကြမ်းဖက်မှုစနစ်ကြောင့် ဖြစ်ပါတယ်။

ကျမတို့ဘဝတွေကို လွှမ်းမိုးထားတဲ့ လူမှုအဆောက်အအုံတိုင်းမှာ အမျိုးသားတွေက အာဏာလက်ကိုင်ထား သူတွေအဖြစ်နဲ့ မိသားစု၊ သတင်းလောက၊ နိုင်ငံရေးလောက၊ ဘာသာရေး၊ ပညာရေး၊ တရားဥပဒေတွေနဲ့ စီးပွားရေး ဆိုင်ရာစနစ်ကြီးတခုလုံးမှာ နေရာရယူထားပါတယ်။ ဒါကြောင့်မို့ လူ့အဖွဲ့အစည်းမှာ ရှိတဲ့ ဆုံးဖြတ်ချက်တွေ၊ စည်းမျဉ်းဥပဒေတွေနဲ့ စံသတ်မှတ်ချက်တွေဟာ သူတို့ရဲ့လိုအပ်ချက်၊ တန်ဖိုး၊ ယုံကြည်မှုတွေအပေါ်မှာပဲ အခြေခံပြီး ပြဋ္ဌာန်းထား ကြတာဖြစ်ပါတယ်။ ဒါကြောင့်အကြမ်းဖက်မှုကို စနစ်တကျ တည်ဆောက်ထားတဲ့ ပုံစံတခုအဖြစ် မြင်တွေ့နေရခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူမှုအသိုင်းအဝိုင်းတိုင်းလိုလိုမှာ လူဦးရေတဝက်ကျော်လောက်ရှိတဲ့ အမျိုးသမီးများဟာ သူတို့ဘဝရှင်သန်မှုအပေါ် အကျိုးသက်ရောက်မှုရှိစေတဲ့ ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ပါဝင် ခွင့်မရကြရှာပါဘူး။ စနစ်တကျတည်ဆောက်ထားတဲ့ အဓိကအရင်းခံ အကြောင်းတရားဖြစ်တယ်လို့ ကျမယုံကြည်ပါတယ်။

ပုံစံခွက်ကံကြမ္မာစနစ် (သို့မဟုတ်) ပုံစံသွင်းပုံဖော်ထားတဲ့ ကံကြမ္မာစနစ် (Structural Karma) ဆိုတာ နောက် ထပ် ကံကြမ္မာအဆင့်တခုဖြစ်ပြီး လူတယောက်ချင်းအနေနဲ့ လူမှုအသိုင်းအဝိုင်းအရ၊ ယဉ်ကျေးမှုအရ ဆက်စပ်နေမှုကြောင့် ဖြစ်ပေါ်လာရတာဖြစ်ပါတယ်။ ဒီကံကြမ္မာဟာ ဘုံလက္ခဏာကို ဆောင်ယူနေပြီး လူ့အဖွဲ့အစည်းထဲမှာရှိတဲ့ လူတယောက်ချင်းစီရဲ့ ပြုမူဆောင်ရွက်ချက်တွေအားလုံးကို စုစည်းထားတဲ့သဘောဖြစ်ပါတယ်။ အဲဒီ ပုံစံခွက်ကံကြမ္မာရဲ့ သဘောက တစ်ဦးချင်းရဲ့ ကံကြမ္မာကို လွှမ်းမိုးတဲ့အစိတ်အပိုင်းဖြစ်လာတာမို့ ပုံစံခွက်ကံကြမ္မာရဲ့ အတွေးအခေါ်ဟာ ပုဂ္ဂလိက ကံကြမ္မာအတွေးအခေါ်ထက်တောင် ပိုအရေးကြီးတဲ့ သဘောဖြစ်ပါတယ်။ အဲဒီ ကံကြမ္မာအကြောင်း ဖွင့်ဆိုမှုနှစ်ခု စလုံးကိုပေါင်းစပ်ခြင်းအားဖြင့် အမျိုးသမီးအပေါ် အကြမ်းဖက်မှုကို လုံးလုံးလျားလျား ရှင်းရှင်းလင်းလင်း နားလည်မှု အဆင့်ကို ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။

အမျိုးသမီးတွေကို ဖိနှိပ်မှုနဲ့ဆက်နွယ်တဲ့ ကံကြမ္မာစနစ်ဟာ ဖြစ်ရတဲ့ အခြေခံအကြောင်းရင်းတွေ အများအပြား ရှိပါတယ်။ ဆင်းရဲမွဲတေမှုနဲ့ စစ်ပွဲတွေပေါ့။ ဒါပေမယ့် တကယ်ဇစ်မြစ်ကတော့ အမျိုးသမီး၊ အမျိုးသားတွေနဲ့ သူတို့ရဲ့အခန်း ကဏ္ဍနဲ့ပတ်သက်လို့ သူတို့ပတ်ဝန်းကျင်မှာထားတဲ့ တန်ဖိုးနဲ့ယုံကြည်မှုစနစ်အပေါ်မှာ တည်ပါတယ်။ လိင်ခွဲခြားမှုအပေါ် အခြေခံတဲ့ အမြင်အသားကျမှုဟာ မိသားစု၊ စာသင်ကျောင်းသတင်းလောက၊ ဘာသာရေးဆိုင်ရာ သင်ကြားမှုတွေကနေ တဆင့် မြဲမြံတည်ရှိလာတာဖြစ်ပါတယ်။ ကျမတို့ အလုပ်ဝင်လုပ်တဲ့နိုင်ငံတိုင်းက ဆွေးနွေးပွဲတိုင်းမှာ ဆွေးနွေးပွဲတက်ရောက် သူတွေကို သူတို့လူမှုအသိုင်းဝိုင်းထဲမှာ အမျိုးသားနဲ့အမျိုးသမီးတွေကို ဘယ်လိုမျိုး ရှုမြင်သုံးသပ်ကြသလဲ၊ ဘယ်လောက် တန်ဖိုးထားကြသလဲလို့ မေးကြည့်တဲ့အခါ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ အောက်ပါအဖြေတွေကို ရရှိပါတယ်။

***"မိန်းမဆိုတာအားနည်းသူတွေ၊ ဒါကြောင့်သူတို့ဘာသာမရပ်တည်နိုင်ဘူး။ သူတို့တွေကို မိဘ (သို့မဟုတ်) လင်ယောကျာ်းဖြစ်သူကကာကွယ်ပေးဖို့၊ လမ်းညွှန်ပေးဖို့လိုတယ်။ မိန်းမဆိုတာ ခင်ပွန်းမိဘတွေရဲ့***

*နောက်လိုက် ကောင်းတွေဖြစ်ပြီး၊ ပြောသမျှကိုလည်း မြေဝယ်မကျနား ထောင်သူတွေဖြစ်တယ်။ အိမ်ထောင်ရှင် ဇနီးတယောက်ဟာ ခင်ပွန်း သည်ရဲ့ ပိုင်ဆိုင်ပစ္စည်းဖြစ်ပြီး ခင်ပွန်းသည်အပေါ် သစ္စာရှိရမယ်။ မုဆိုးမ ဆိုတာကလည်း တန်ဖိုးမဲ့သူအဖြစ် သတ်မှတ်ခြင်းခံရမယ်။ အမျိုးသမီးတွေ ရဲ့အခန်းကဏ္ဍဟာ မိခင်ဘဝနဲ့အိမ်ထောင်ရှင်မဖြစ်တယ်။ သူတို့ဟာ ယဉ်ကျေးမှုအစဉ်အလာတွေကို တည်တန့်ခိုင်မြဲအောင် ထိန်းသိမ်းရမဲ့သူ တွေဖြစ်တယ်။"*

ဒီလို ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်မှုတွေက အမျိုးသမီးတွေကို သူ တို့ရဲ့ခင်ပွန်းသည်တွေ အပေါ် ခယဝပ်တွား အောက်ကျို့ဆက်ဆံတတ်ဖို့ လေ့ကျင့်သင်ကြားပေးတယ်။ ဒီလိုသင်ကြားထားမှုကြောင့် လူ့အဖွဲ့အ စည်းအပြင် အမျိုးသမီးတွေကိုယ်တိုင်က ဥပမာ... အမျိုးသမီးတဦးဟာ နှိပ်စက်ညှင်းပန်းခံရရင်ဘဲ သူမမှာအပြစ်ရှိလို့၊ အိမ်ထောင်ရှင်မကောင်း မပီသလို့ ဆိုတာတွေကိုပဲ ယုံကြည်လာစေဖို့ဖြစ်နေတယ်။ အမျိုးသမီး တွေဟာ သူတို့ဟာသူတို့ လွတ်လွတ် လပ်လပ် မရှင်သန်မရပ်တည်နိုင် ဘူး။ အိမ်ထောင်ရှင် အမျိုးသမီးတွေသာ တန်ဖိုးရှိတယ်။ မုဆိုးမဟာ တန် ဖိုးမရှိဘူး ဆိုတော့ အဲဒါအားလုံးဟာ အမျိုးသမီးတွေအတွက် အိမ်ထောင် ကွဲဖို့ သိပ်ကိုခက်ခဲသွားပြီး မကောင်းလည်းပေါင်း၊ ကောင်းလည်း ပေါင်း အခြေအနေကို တွန်းပို့ခံလိုက်ရတော့တယ်။ ဆွေးနွေးပွဲတွေကို တက် ရောက်လာတဲ့ အိန္ဒိယနဲ့ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးစုတွေပြော တာကတော့ သုခမစံ၊ ဒုက္ခခံနေရလို့ အိမ်ပေါ်က ဆင်းလာတဲ့ သမီးတွေကို တောင် မိဘတွေက သူတို့လင်ယောကျာ်းဆီကို အတင်းအဓမ္မပြန်ခိုင်း တတ်ကြပါတယ်။ ယဉ်ကျေးမှု အစဉ်အလာတွေက အမျိုးသမီးတွေကိုဖိနှိပ် နေသည့်တိုင်အောင် လူတွေက အထူးသဖြင့် အမျိုးသမီးတွေကိုယ်တိုင် ကလည်း ဒီလိုယုံကြည်မှုတွေကို ဆက်လက် ထိန်းသိမ်းထားဖို့ အရေး ကြီးကြောင်းယုံကြည်နေဖို့ဆိုတဲ့ အတွေးအခေါ်ကို ပျိုးထောင်နေရဆဲပဲဖြစ် ပါတယ်။

တဖက်မှာလည်း ကျမတို့အာရှနိုင်ငံတွေမှာ အမျိုးသားတွေကို

ဘယ်လိုတန်ဖိုးထားတယ်၊ ဘယ်လိုရှုမြင်လဲ ဆိုတာကို ကြည့်ကြရအောင်။

*"ယောကျ်ားဆိုတာ အကာအကွယ်ပေးရသူတွေ၊ စွန့်လွှတ်အနစ်နာ ခံသူတွေ၊ လူ့အဖွဲ့အစည်းအတွင်းနဲ့ မိသားစု အတွင်းက ခေါင်းဆောင်တွေ၊ အိမ်ထောင်စုဝင်ငွေရှာပေးတဲ့သူတွေဖြစ်တယ်။ ယောကျ်ားတွေဟာ အိမ်ဦးနတ်တွေ၊ ယုံကြည်စိတ်ချ အားကိုးထိုက်သူတွေ၊ သန်စွမ်းသူ၊ ရဲရင့်သူ၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိသူ၊ ဉာဏ်ပညာရှိသူတွေ ဖြစ်ကြပါတယ်။"*

ဒီယုံကြည်ချက်တွေကြောင့် အမျိုးသမီးတွေထက်စာရင် အမျိုးသားတွေဟာ သူတို့ကိုယ်သူတို့ပိုတော်တယ်၊ ပိုခွန်အားကြီးသူ၊ ပိုတန်းဖိုးရှိသူတွေလို့ ထင်တတ်ကြပါတယ်။ အိမ်ထောင်ရှင်အမျိုးသားတွေဟာ သူတို့ရဲ့ဇနီးနဲ့သားသမီး တွေကို ဦးဆောင်နိုင်ခွင့်၊ ထိန်းချုပ်နိုင်ခွင့်ရှိတယ်လို့ ယုံကြည်ကြပါတယ်။ အဲဒီအကျိုးဆက်အနေနဲ့ မိသားစုဝင်တယောက်ယောက်ရဲ့ ပြုမူမှုဟာ လျော်ကန်သင့်မြတ်မှုမရှိဘူးလို့ ထင်မြင်တဲ့အခါ အဲဒီလူကို ပုံစံတကျပြန်ဖြစ်သွားအောင် အိမ်ဦးနတ်က ရိုက်နှက်ဆုံးမပိုင်ခွင့်ရှိတယ်လို့လက်ခံထားကြပါတယ်။

အလားတူပါပဲ… ကျမတို့တတွေနည်းတူ ရဟန်းသံဃာတွေလည်း ဒီလိုယုံကြည်မှု၊ တန်ဖိုးပုံစံခွက်တွေထဲက ကြီးပြင်းလာခဲ့ကြတာပါဘဲ။ ဒီလိုနားလည်မှုတွေကြောင့်ဘဲ ဇနီးမယားတွေက လင်ယောကျာ်းရဲ့နှိပ်စက်မှုကို ခံရတဲ့အခါမှာ စိတ်ရှည်သည်းခံဖို့၊ မေတ္တာဂရုဏာထားဖို့နဲ့ လက်ခံသင့်ဖို့ သံဃာတော်တွေက မိန့်ဆိုကြတာဖြစ်ပါတယ်။ သံဃာအများစုကလည်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ပတ်သက်ပြီး ဒါဟာကံစနစ်ကြောင့် (သို့) လူတွေက စုစည်းထားတဲ့ ကံအလုပ်ကြောင့်ဖြစ်တယ်ဆိုတာကို သိနားလည်နိုင်ဖို့လိုအပ်တဲ့ ဗဟုသုတကလည်းမရှိလေတော့ ပြဿနာတွေပြေလည်နိုင်မယ့်၊ ထိရောက်တဲ့ အဖြေကို မှန်းဆနိုင်ခြင်း မရှိကြပါဘူး။ ကျမတို့ ပြောနိုင်တာကတော့ ယောကျ်ားတွေ နှိပ်စက်လို့ ဒုက္ခခံစားနေတဲ့ အမျိုးသမီးတွေကို အကြံပေးရာရောက်မယ့် သင့်တင့်လျောက်ပတ်တဲ့ တရားဓမ္မအကြောင်းအရာတွေနဲ့ စပ်လျင်းတဲ့ အရည်အသွေးတွေ သံဃာ

တော်များများမှာမရှိဘူး ဆိုတာပါပဲ။

ဒေသတွင်းမှာရှိတဲ့ အမျိုးသမီးနဲ့ အမျိုးသားအခွင့်အရေးတန်းတူရေးကိုလိုလားတဲ့ အမျိုးသမီးတွေဆီ လှည့်လည်သင်ကြားရင် ကျမနဲ့ကျမတို့အဖွဲ့ဝင်တွေ ကြုံရတာလူတော်တော်များများဟာ(အိမ်တွင်းအကြမ်းဖက်မှုကို ခံစားရသူတွေကို ပညာပေးနေတဲ့စိတ်ပညာရှင်၊ အကြံပေးသူ၊ လူမှုလုပ်သား) တို့ဟာ တခါတရံယုံကြည်မှုစနစ်ရဲ့ ထောင်ချောက်ထဲမှာ ရောက်သွားတတ်ကြခြင်းပဲဖြစ်ပါတယ်။ ကျမတို့ရဲ့အသိစိတ်နဲ့လုပ်ကိုင်ဆောင်ရွက်မှုတွေထဲမှာ ဒီယဉ်ကျေးမှု ဘယ်လောက်အထိ အမြစ်တွယ်အရိုးစွဲနေသလဲဆိုတာ ဖော်ပြနေတာပါ။ ကျမတို့ဟာ ပြဿနာကိုရှင်းရှင်းလင်းလင်း မြင်နိုင်ဖို့လိုအပ်တဲ့၊ မှန်ကန်တဲ့အသိအမြင်၊ အသိတရား မရှိခဲ့ရင် အမျိုးသမီးတွေရဲ့ ဒုက္ခဆင်းရဲမှုတွေ ပြေပျောက်မယ့်အစား ပုဂ္ဂလိကအဆင့်မှာရော စနစ်အဆင့်မှာပါ အမျိုးသမီးများ ဖိနှိပ်ခံရမှုတွေဆက်လက် တည်တံ့ခိုင်မြဲနေတာနဲ့ပဲ အဆုံးသတ်ရမယ့်အဖြစ်မျိုးပါပဲ။

ဒေသထဲမှာ အမျိုးသမီးများ အမျိုးသားများနည်းတူ အခွင့်အရေးရရှိရေး လှုပ်ရှားမှုကိုဆန့်ကျင်တဲ့ အစိတ်အပိုင်း တခုကတော့ အမျိုးသမီးရေးဝါဒဟာ အနောက်တိုင်းနိုင်ငံတွေရဲ့အယူအဆလို့ စွတ်စွဲကြပြီး အာရှယဉ်ကျေးမှုနဲ့ ဘယ်လိုမှ မသင့်တော်ပါဘူးတဲ့။ ဖိနှိပ်ခံနေရတာတွေကို အများသိအောင် ပြောဆိုတာက ရေငုံနှုတ်ပိတ်နေတာကို ရပ်ဆိုင်း လိုက်တာဖြစ်ပြီး၊ လွတ်မြောက်ရေးအတွက် ဦးဆုံးခြေလှမ်းတရပ်ဖြစ်ပါတယ်။ ကျမနည်းတူ ဝမ်းနည်းဖွယ်ကောင်းတဲ့ ယဉ်ကျေးမှုတွေထဲက ကျမတို့ အမျိုးသမီးတွေဟာ နောက်လိုက်ကောင်းတွေဖြစ်ရမယ်။ မြေဝယ်မကျ နားထောင်သူတွေ ဖြစ်ရမယ်ဆိုတဲ့ ကျမတို့ရဲ့ယဉ်ကျေးမှုအပါအဝင် ဒီလို ယဉ်ကျေးမှုထဲမှာ ကန့်သတ်မှုပုံစံခွက်ထဲက ဖောက်ထွက်ဖို့ ရွေးချယ်တဲ့သူတွေကျတော့လည်း မကြာခဏအတိုက်အခိုက်ခံ၊ အဝေဖန်ခံရပြန်ပါတယ်။

ဒီလိုတုန့်ပြန်မှုတွေကိုရင်ဆိုင်ဖို့ ကျမရဲ့နည်းတခုကတော့ မဟာမိတ်အမျိုးသားတွေကို ရှာဖွေခြင်းပါပဲ။ ဒီဖိနှိပ်မှု စနစ်တွေကို ပြန်လည်ပြုပြင်ဖို့ ပါဝင်ကူညီရာမှာ အမျိုးသားတွေဟာ အရေးပါတဲ့ အစိတ်အပိုင်းတရပ်

ဖြစ်ပြီး သူတို့တွေဟာ အဲဒီဖိနှိပ်မှုရဲ့ ကြီးမားတဲ့အစိတ်အပိုင်းလည်းဖြစ်ပါတယ်။ လိင်ကွဲပြားမှုအပေါ်မှာ အကြမ်းဖက်ခံရခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးပွဲတွေလုပ်တဲ့အခါ ကျမတို့ရဲ့အရေးကိုထောက်ခံတဲ့ အမျိုးသား၊ ဘုန်းကြီးတွေနဲ့ပူးတွဲ ရှေ့ဆောင်မှုမျိုးဖြစ်အောင် တတ်နိုင်သမျှ ကျမတို့ ကြိုးစားဆောင်ရွက်ပါတယ်။ သံဃာတော်တွေနဲ့ ပူးတွဲအလုပ်လုပ်ဖြစ်တာကြောင့် မိသားစုဆက်ဆံရေး၊ ဆက်နွယ်မှု အကြောင်းတွေနဲ့ပတ်သက်တဲ့ ဗုဒ္ဓဘာသာတို့ရဲ့ သင်ကြားမှုတွေကို သိရှိခဲ့ရပါတယ်။

ဒီဘာသာရေးတရားထဲမှာဘဲ ခင်ပွန်းသည်က ဇနီးဖြစ်သူကို ဘယ်လိုပြုမူ ဆက်ဆံရမယ်ဆိုတဲ့အကြောင်း၊ လင်မယား ၂ ယောက်အကြားမှာ တန်းတူညီမျှမှုရှိဖို့ရာ ဘယ်လောက်အထိ အရေးကြီးတယ်ဆိုတဲ့အကြောင်းကို ရှင်းရှင်း လင်းလင်း အလေးထားဆွေးနွေးထားပါတယ်။ ဒီအချက်ကို အရင်ကသံဃာတော်များ ဟောကြားခဲ့တာကို တခါမှ ကြားနာခဲ့ရခြင်းမရှိပါဘူး။ ဒါဟာ ဘာသာရေးလောကမှာ ဩဇာအာဏာကိုင်စွဲထားသူတွေဖြစ်တဲ့ သံဃာများအနေနဲ့ ခမ္ဘမိဌာန်မကျတဲ့ တခုလုံးအမြင်ကို ရှေးရှုပြီး ဗုဒ္ဓတရားကိုဖွင့်ဆိုနိုင်သလို ပုထုဇဉ်တွေကို ဘာတွေရွေးချယ်သင်ကြားပေးသင့်တယ်၊ မျှဝေပေးရမယ်ဆိုတာကိုလည်း ရွေးချယ်နိုင်သူတွေဖြစ်စေပါတယ်။

သိပ်အစဉ်အလာကြီးတဲ့ အမျိုးသားကြီးစိုးတဲ့ လူ့အဖွဲ့အစည်းတွေမှာ အမျိုးသားတွေဟာ မိသားစုအတွင်းမှာ ဩဇာအာဏာနဲ့ ထိန်းချုပ်နိုင်မှုတွေကို ကိုင်စွဲထားပြီး သူတို့ရဲ့ ဩဇာအာဏာကို ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေးအတွက် အပြုသဘောဆောင်တဲ့ ပုံစံမျိုးနဲ့ ဘယ်လိုအသုံးပြုမလဲဆိုတာကို ယောကျ်ားတွေကို သင်ကြားပေးဖို့နည်း လမ်းမရှိပါဘူး။ ယေဘုယျအားဖြင့် အမျိုးသားတွေနဲ့ပတ်သက်လိုသံဃာတော်များဟာ အိမ်တွင်းအကြမ်းဖက်မှုကို ပြောဆို ဟောကြားလေ့မရှိပါဘူး။

အမျိုးသမီးတွေအနေနဲ့ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ပေးဖို့ သူတို့ရဲ့ တာဝန်ဖြစ်ကြောင်းနဲ့ သူတို့ရဲ့ခင်ပွန်း သည်တွေအပေါ်မှာ သည်းခံစိတ်ရှည်ဖို့သာ အထူးအလေးပေး ပြောလေ့ရှိပါတယ်။ ကျမတို့ သိထားရ

မှာကလည်း သံဃာတော်များဟာ လောကီရေးရာမှာ မကျင်လည်ခဲ့ရ လေတော့ ကမ္ဘာနဲ့အဝှမ်း ကျယ်ပြန့်တဲ့ဘဝကို သိမြင်မှုမှာ ကန့်သတ်ချက် ရှိနေသလို အိမ်ထောင်စုရေးရာအကြောင်း သိမြင်မှုဟာလည်း နည်းပါး ပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုပြဿနာကို ရှုထောင့်မျိုးစုံကနေ ကိုင်တွယ် ဖြေရှင်းတတ်ဖို့လိုပါတယ်။ ပထမ ကိုယ့်ရဲ့ အမြင်ကော၊ မိတ်ဆွေတွေရဲ့ အမြင်တွေကိုပါ စောင့်ကြည့်သုံးသပ်ဆန်းစစ်ရပါမယ်။ ဒါမှသာ ကျမတို့ ဟာ ကျွမ်းကျွမ်း ကျင်ကျင် အဓိပ္ပါယ်ပြည့်ပြည့်ဝဝနဲ့ အနုတ်လက္ခဏာ ဆောင်တဲ့ကိစ္စတွေကို ကိုင်တွယ်ဆောင်ရွက်နိုင်မှာပါ။ အဓိပ္ပာယ်ကတော့ မသိမသာရင်ထဲရောက်နေတဲ့ ယုံကြည်မှုစနစ်တွေ၊ တန်ဖိုးထားမှုနဲ့ အန္တရာယ်ဖြစ်စေတဲ့ ထင်မြင်ယူဆမှုတွေဆီက ရောင်ပြန်ဟပ်လာတဲ့ပြော ဆိုချက်တွေကို ဖယ်ရှားဖို့ဆိုလိုတာဖြစ်တယ်။

ဥပမာအနေနဲ့ အမျိုးသမီး၊ အမျိုးသားတို့ရဲ့ ခန္ဓာဗေဒကွဲပြားခြား နားမှုကိုပဲ လေ့လာတာမျိုး၊ အိမ်တွင်းအကြမ်း ဖက်မှုကို ပုဂ္ဂလိကအရေး ကိစ္စအဖြစ် ရှုမြင်တာမျိုး၊ အမျိုးသမီးတွေရဲ့ အမှားသာ ဖြစ်တယ်ဆိုတဲ့ အယူအဆ ဆက်လက်ဖြစ် တည်စေတာမျိုးကို ဆိုလိုတာဖြစ်ပါတယ်။

အမျိုးသမီးတွေအပေါ် ဖိနှိပ်မှုတွေ သက်ရောက်စေတဲ့ ပြောဆိုချက် မျိုးစုံကို တုန့်ပြန်ဖို့အတွက် ဆန်းသစ်တဲ့အမြင် ပြောဆိုချက်တွေနဲ့ အစားထိုးပေးနိုင်ဖို့ အရေးကြီးပါတယ်။ ကိုယ့်ကိုယ်ကိုပြောင်းလဲဖို့၊ ကိုယ့် အမြင်တွေပြောင်းလဲဖို့၊ ကြုံစားလုပ်ဆောင်တဲ့အပြင် ကလေးဖြစ်ဖြစ်၊ လူ ကြီးဖြစ်ဖြစ် လူတိုင်းကို ပြောဆိုချက်အမြင် အသစ်တွေဖြန့်ဝေသင့်ပါ တယ်။ တချို့ဥပမာတွေကိုပြောရရင် အိမ်တွင်းအကြမ်းဖက်မှုကို မိသားစု တစု ရဲ့အရေးအရာ အဖြစ်ထက်ကျော်လွန်ပြီး မြင်ကြည့်ရပါမယ်။ မိတ် ဆွေသင်္ဂဟတွေ၊ ရပ်ရွာလူမှုအသိုင်းအဝိုင်းနဲ့ အဖွဲ့အစည်းတွေက ဝင် ရောက်ပတ်သက်ရပါမယ်။ ရုံဖန်ရံခါ ဆိုသလို ဒီလို နှိပ်စက်ညှဉ်းပန်းခံ နေရတဲ့ အမျိုးသမီးဟာ ရှက်တာကြောင့် သူဖာသာ သူအထီးကျန်ဖြစ် အောင်နေတတ်ပါတယ်။ အခြားလူတွေက ဝင်ရောက်ပတ်သက်ဖို့က

လည်း မလွယ်တာမို့ သူမရဲ့ ကောင်းကျိုးချမ်းသာကို ဘယ်သူကမှ ဂရုမစိုက်ဘူး။ ကူညီချင်သူမရှိဘူး စသည်ဖြင့် ခံစားလာရပြီး သူကိုယ်တိုင် အကူညီထွက်တောင်းဖို့ မရဲဘူး ဖြစ်လာပါတော့တယ်။

အမျိုးသမီး၊ အမျိုးသားတွေဟာ ခန္ဓာဗေဒအရပဲ တချို့အရာတွေမှာ ကွာခြားတတ်ကြတာဖြစ်ပါတယ်။ ဥပမာအားဖြင့် အမျိုးသမီးတွေက အမျိုးသားတွေမလုပ်နိုင်တဲ့ ကလေးမွေးခြင်းကို လုပ်နိုင်တာမျိုး၊ အမျိုးသားတွေမှာ မဖြစ်တတ်တဲ့ ရာသီသွေးလာတာမျိုး၊ အမျိုးသားတွေမှာ မရှိတဲ့ နို့ချိုတိုက်ကျွေးနိုင်တဲ့ အရည်အချင်းမျိုးပေါ့။ အမျိုးသမီးနဲ့ အမျိုးသားတွေဟာ အခွင့်အရေးရရှိနိုင်သမျှ ကာလပါတ်လုံး သူတို့ရဲ့ ကျွမ်းကျင်ပိုင်နိုင်ရာကို တိုးတက်အောင်လုပ်နိုင်တဲ့ အလားအလာကောင်း နှစ်ဦးစလုံးမှာ ရှိနေတယ်ဆိုတာကို နားလည်သဘောပေါက်ဖို့ အရေးကြီးပါတယ်။ ဒီလို အရည်အသွေးတွေထဲမှာ စိတ်ရှည်သည်းခံတာ၊ ခေါင်းဆောင်မှုပေးတာမျိုး၊ အိမ်တွင်းလုပ်ငန်းတွေလုပ်နိုင်တဲ့ အရည်အသွေး တွေဖြစ်တဲ့ ဝိုင်းဝန်းချက်ပြုတ်တာမျိုး၊ အိမ်သန့်ရှင်းရေးနဲ့ ကလေးကြည့်ပေးတာမျိုး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိတာမျိုး၊ မေတ္တာဂရုဏာနှင့် အခြားသောစိတ်ပိုင်း၊ ရုပ်ပိုင်း ၂ ခုစလုံးအတွက် အားအင်ဖြစ်စေတာမျိုးတွေ ပါဝင်ပါတယ်။

လောလောဆယ် အရေးတကြီးလိုအပ်နေတာက ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေမှာ အမျိုးသမီးတွေ ဘုန်းကြီး ဝတ်ရေးအတွက် အခွင့်အရေးရှိတာကို ဝိုင်းဝန်းထောက်ခံဖို့လိုပါတယ်။။ တကယ်လို့များ လူမှုပတ်ဝန်းကျင်မှာ အဲဒီလောက် အထိသွားဖို့ အခွင့်မသာသေးဘူးဆိုရင် သီလရှင်များအနေနဲ့ အနည်းဆုံးသူတို့ရဲ့ ပညာသင်ကြားနိုင်ခွင့်နဲ့ တရားဝင်အဆင့်အတန်း သတ်မှတ်ပေးရေးအတွက် အပြည့်အဝ ထောက်ခံမှုမျိုး ရရှိသင့်ပါတယ်။ အဲဒီ သီလရှင်အမျိုးသမီးတွေဟာ စိတ်သောကရောက်ရှိနေတဲ့ အခြား အမျိုးသမီးတွေကို အမျိုးသမီးအချင်းချင်း အကြံပေးကူညီတာတွေလုပ်နိုင်ပါတယ်။ သီလရှင်အများစုဟာ သီလရှင်မဖြစ်ခင်မှာ အိမ်ထောင်ရှင်ဘဝကို ဖြတ်သန်းခဲ့ကြသူတွေဖြစ်ပြီး ဒီလိုပြဿနာရဲ့

အရင်းအမြစ်တွေကို ဘုန်းကြီးတွေထက်သူတို့တွေက ပိုပြီးကျွမ်းဝင်ပြီး သားဖြစ်ပါတယ်။ အကြမ်းဖက်ခံနေရတဲ့ အမျိုးသမီးတွေ အနေနဲ့ကလည်း မိန်းမသားချင်းဖြစ်တဲ့ သီလရှင် ဒါမှမဟုတ် ရဟန်းမတွေဆီကနေ အကူညီ ရယူဖို့ ပိုပြီးလွတ်လပ် လွယ်ကူပါလိမ့်မယ်။ ဒီလိုအကြောင်းအချက်တွေ အပြင် အခြားအကြောင်းကြောင်းတွေကြောင့် ဘာသာရေးဆိုင်ရာ ပညာ ပေးလုပ်ငန်းတွေကို စနစ်တကျ ပြန်လည်ပြုပြင်ဖို့လိုပါလိမ့်မယ်။ ဗုဒ္ဓမြတ်စွာဘုရားပို့ချခဲ့တဲ့ မိသားစုဘဝနဲ့ အပေါင်း လက္ခဏာဆောင်တဲ့ ဘဝ ကြင်ဖော်ပြုမှုအကြောင်းတွေကို ဘုန်းကြီး၊ သီလရှင်တွေအပါအဝင် ပုထုဇဉ်လူသားတွေကိုလည်း သင်ကြားပေးသင့်ပါတယ်။

ရည်ညွှန်း ...

Buddhism and Domestic Violence by Ouyporn Khuankaew Women's Study Center/Chiang Mai University,Faculty of social sciences/ year 2002; volum 1

# ကျေးဇူးတင်စကား

(၁) ဤစာအုပ်အတွက် အချပ်ပိုအဖြစ် ဘာသာပြန်ဖော်ပြခွင့်ပြုခဲ့သော Buddhism and Domestic Violence ဆောင်းပါးအတွက် Ouyporn Khuankaew

(၂) စာရေးသူ၏ ခွင့်ပြုချက်မရယူနိုင်ဘဲ အသုံးပြုခဲ့သော 'ထိမ်းမြားပေါင်းဖက်ရန်ဖြစ်လျက်ပင် ချစ်ကြင်နေနည်း' စာအုပ်မှ 'အနှိပ်စက်ခံ အိမ်ထောင်ရှင်ဘဝထဲက ခါးသီးလှတဲ့ အမှန်တရားများ' ဆောင်းပါးအတွက် စာရေးဆရာ အတ္တကျော်

(၃) မြားနတ်မောင် မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော စာရေးဆရာ မောင်ညိုပြာနှင့် တွေ့ဆုံမေးမြန်းခန်း ကဏ္ဍအတွက် စာရေးဆရာမောင်ညိုပြာနှင့်အတူ သက်ဆိုင်ရာမဂ္ဂဇင်းတာဝန်ခံများအား အထူးကျေးဇူးတင်ရှိပါသည်။